စိတ်ကူးသစ်စာပေ

# ကိုမောင်ဝံသိန်း

(မိုးလပ်ချစ်ရှာ)

## ကံ့ကော်မျက်ရည်
## လွမ်းရှေ့နေ



## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုပို့မိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

NEW IDEA

စိတ်ကူးသစ်စာပေ

# ကိုမောင်ဝံသိန်း (ဗိုလ်ချုပ်ရွာ)

# ကံ့ကော်မျက်ရည်လွှမ်းရှေ့နေ



စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၂၊ နိုဝင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃
မောင်စံသိန်း၊ ကို(ဗိုလ်ချုပ်ရွာ)
ကံ့ကော်မျက်ရည်လွမ်းရှေ့နေ/ ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)။–ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၃၃၃–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) ကံ့ကော်မျက်ရည်လွမ်းရှေ့နေ

## မောင်ညိုဖွိုင်း(သန့်လျှင်)ရဲ့အမှာစာ

အမှန်က အမှာစာ မဟုတ်ချင်ပါဘူး။ အမှာစကားလို့ ပြောချင်တာပါခင်ဗျာ။ သို့သော် စာရွက်စာအုပ်ပေါ် ရေးပြောရတာဆိုတော့ အမှာစာပဲ သုံးကြတာပေါ့။

စာရေးဆရာ ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)ကို အထူးအထွေကြီး စာဖတ်ပရိသတ်နဲ့ မိတ်ဆက်ပေးဖို့ မလိုတော့ဘူးထင်ပါရဲ့။ ဘာကြောင့်လဲဆိုတော့ သူရေးတဲ့ ဝတ္ထုလုံးချင်းစာအုပ် (၅) အုပ် ပရိသတ်ရှေ့မှောက်ကို ရောက်ရှိပြီးဖြစ်လို့ပါပဲ။

သူက တရားလွှတ်တော်ရှေ့နေပါ။ သူ့ပညာ၊ သူ့ဘဝသက်တမ်းဖြတ်သန်းမှု နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အတွေ့အကြုံနှင့် လောကဓံတရား ခံစားချက်များက သူ့ရင်နဲ့ ဦးနှောက်ထဲမှာ ...

ငြိမ်သက်လှိုင်းအိဖြစ်လိုက်၊
လေပင့်လှိုင်းလူး ဂယက်ဝဲဖြစ်လိုက်၊

**စိတ်ကူးသစ်စာပေ**

မုန်တိုင်းသင့် လှိုင်းလုံးကြီးတွေဖြစ်လိုက်၊

ခံစားချက်ရသတွေ နိုးထလှုးကြွလာတော့ ဖွင့်အန်ချလိုက်တယ်။ အဲဒါက ရသစာစုများ။

လွန်ခဲ့သည့်လများစွာ ကြွေကျကျန်ရစ် ရက်လနှစ်များတုန်းက စောစံသိန်း (မြေ) ဆိုပြီး စာပေကလောင်တစ်ခုကို ပျိုးထောင်ခဲ့ဖူးတယ်။ ခု ကလောင်က ဘဝအသစ်ကလောင်။

ရှေ့နေဘဝတုန်းကလည်း ဆင်းရဲနွမ်းပါးသူ သူ့တပည့်အလုပ်သင်ရှေ့နေလေးများကို အောင်မြင်မှုရှိအောင် ပြုစုပျိုးထောင် အနစ်နာခံခဲ့တယ်။ မြှင့်တင်ပေးခဲ့တယ်။

စေတနာ မေတ္တာမှန်ကန်လို့ ရှေ့နေဘဝမှာလည်း ဂုဏ်သတင်းရှိတဲ့ ပညာရှင်အဖြစ် အများရဲ့လေးစားမှု ခံယူရရှိခဲ့တယ်။

ကျွန်တော်နဲ့သူက သမိုင်းစာမျက်နှာပေါ်မှာ အတူရပ်တည်ခဲ့ဖူးတယ်။ ကျွန်တော့်မျက်ရည်ကို သူ့လက်နဲ့ ကြင်နာကြီးစွာ သုတ်ပေးခဲ့ဖူးတယ်။

ကျွန်တော့်ရဲ့ရှိုက်သံကို ...

သူ သံမဏိစေးဖြစ်အောင် စည်းကျဝါးကျ သွေးပေးခဲ့ဖူးတယ်။ ယခု သူ့ရဲ့ကလောင်လက်ဖဝါးပေါ်မှာ ဘဝပန်းခင်း နေရောင်လရောင်နဲ့ သင်းလို့ ခင်းလို့ ...။

ကျေးဇူး၊ မေတ္တာ၊ သစ္စာတရားတို့ရဲ့ အသီးအပွင့်ရနံ့များပေါ့။

ယခု သူရေးလိုက်တဲ့ '**ကဲ့ကော်မျက်ရည် လွမ်းရှေ့နေ**' လုံးချင်းဝတ္ထုကို ကျွန်တော် အရမ်းကြိုက်ပါတယ်။ သူ ဘဝသရုပ်ဖော်အချစ်ဝတ္ထုကို လှလှပပ သန့်သန့်ရှင်းရှင်းလေး ရေးဖွဲ့ပြသွားတယ်။

**စိတ်ကူးသစ်စာပေ**

ကျွန်တော် နှစ်ခြိုက်သလို ကျေးဇူးရှင် စာဖတ်ပရိသတ်များလည်း နှစ်ခြိုက်စွဲလမ်းသွားလိမ့်မယ်လို့ မျှော်လင့်ယုံကြည်မိပါတယ်။

စိတ်ကူးသစ်စာပေက ... စာပေရသမျိုးစုံကို အပ်ထည်သဘောနဲ့ရော၊ နှစ်ခြိုက်သဘောနဲ့ရော ကြိုးစားပမ်းစား အနစ်နာခံထုတ်နေတဲ့တိုက်ပါ။ စာကောင်းများကို တတ်အားသမျှ ညှပ်ပြီး အရှုံးအမြတ်ပဓာနမထားဘဲ ထုတ်ဝေနေတာပါ။

ဘဝ၊ အချစ်၊ ဟာသ၊ ပညာရပ်၊ ဂမ္ဘီရ၊ စုံထောက်၊ အကျဉ်းထောင်၊ ရှေ့နေဘဝ ... စသည့် ရသစုံအောင် စီစဉ်နေပါတယ်။

ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းမှုများ နေရာအသီးသီး ရလာတာကလည်း စာရေးသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ ငှားရမ်းသူ၊ ဖတ်ရှုသူ၊ အားပေးချီးမြှင့်သူ ကျေးဇူးရှင်များရဲ့ စေတနာမေတ္တာများကြောင့်လို့ ခံယူပါတယ်။

ကျေးဇူးပြု၍ ...

ကိုမောင်စံသိန်း (ဗိုလ်ချုပ်ရွာ)ကိုလည်း ချစ်ပရိသတ်များက ရွှေလက်ဖြင့် လှမ်းကြိုကြပါဦးလို့ ပန်ကြားပါရစေ။

မောင်ညီမှိုင်း(သန်လျင်)

[ ၁ ]

❑

"အမေ ..."

ကျောင်းကအပြန် အိမ်ပေါ်လှေကားလုံးထစ်ကို တက်ပြီးသည်နှင့် အမေ့ကို တိုးတိုးညင်သာ အငမ်းမရ ခေါ်လိုက်ပါတယ်။

အမေ မကြားသေးပါ။

အိမ်ပေါ်ကို ဆက်တက်လာခဲ့ပါတယ်။ အိမ်က သိပ်မကျယ်ဝန်းပါ။ သုံးပင်နှစ်ခန်း၊ သစ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး အိမ်ကလေးပါ။ အိမ်ရှေ့ကြမ်းခင်းပျဉ် သုံးပေလောက်ကိုကျော်ပြီး အိမ်ကြမ်းခင်းပျဉ် ပြောင်ပြောင်ချောချောလေးကို သုံးလှမ်းလောက် လှမ်းလိုက်တာနဲ့ အိမ်ရှေ့ခန်းရှိ ကျွန်တော့်စာကြည့်စားပွဲ လုပ်ထားတဲ့ လေးထောက်ယိုင်ယိုင်နဲ့နဲ့ စားပွဲအဟောင်းလေးဆီ ရောက်ပါတယ်။

စားပွဲလေးပေါ်မှာ လွယ်အိတ်ကိုတင်ရင်း အိမ်ရှေ့အလယ် နံရံဘေးမှာရှိတဲ့ အဖေထိုင်နေကျ သစ်သားပက်လက်ကုလားထိုင် အဟောင်းလေးဆီကို မျက်စိကစားလိုက်တော့ အဖေထိုင်မနေပါ။

ပက်လက်ကုလားထိုင်ဘေးက စားပွဲခုံအဟောင်းလေး သုံး ချောင်းထောက်ခုံလေးပေါ်မှာ ဓာတ်ဘူးအဟောင်းလေးတစ်လုံးနဲ့ လက် ဖက်ရည်အကြမ်းသောက်တဲ့ ပန်းကန်လုံးသုံးလုံးသာ သပ်သပ်ရပ်ရပ် ညီလာခံနေတာကို တွေ့ရပါတယ်။

ကျောင်းအင်္ကျီ လုံချည်ကို အိမ်နေရင်းဝတ်တဲ့ ပုဆိုးအဟောင်း လေးနဲ့လဲ ဘေးနားမှာရှိတဲ့ ကြိုးတန်းကလေးပေါ်မှာတင်။ အင်္ကျီကို အိမ်အလယ်တိုင်ရဲ့ အင်္ကျီချိတ်ကလေးမှာချိတ်ပြီး စွပ်ကျယ်အင်္ကျီလေး နဲ့ အမေရှိနိုင်တဲ့ နောက်ဖေးခန်းတစ်ဖက်မှာ အဖီချထားတဲ့ မီးဖိုဘက် ကို ထွက်ခဲ့ပါတယ်။

အမေ ထမင်းဟင်းချက်နေပါတယ်။ မီးဖိုထဲမှာကိုး။

''အမေ ...''

မီးဖိုချောင်ပစ္စည်းဆိုလို့ များများစားစား သိပ်မရှိပါ။ ထမင်း စားပန်းကန် သုံးလေးချပ်၊ ဟင်းခတ်ပန်းကန် အလုံးအပြား လေးငါး ချပ်၊ ဇွန်းလေးငါးချောင်းဟာ သန့်ရှင်းတောက်ပြောင်ပြီးတော့ ပန်းကန် စင်ကလေးပေါ်မှာ သေသေသပ်သပ်ရှိပါတယ်။

**ထမင်းဟင်းချက်တဲ့ ဒန်အိုးကလေးတွေကတော့ အိုးထားတဲ့** စင်တန်းကလေးပေါ်မှာ အကြီးအသေးအလိုက် ညီညာစွာရှိပြီး ညနေ ဆည်းဆာနေအရောင်ကို တန်ပြန်ပြီး တောက်ပနေပါတယ်။

အမေက အသက်ငါးဆယ်ကျော်လာပြီဆိုတော့ ဘဝရဲ့ အထု အထောင်း နှိပ်စက်တဲ့ လောကဓံတွေကို အားမာန်အပြည့် ရင်ဆိုင်





ဖြတ်သန်းလာခဲ့ရသူမို့ နားက ချွတ်ယွင်းနေတာကို သတိရလိုက်ပါတယ် ဒါကြောင့် အသံကလေး နည်းနည်းမြှင့်ပြီး ခေါ်လိုက်ရပါတယ်။

''အမေ ...''

''ဟေ ...''

ဆောင့်ကြောင့်ထိုင်ပြီး ဟင်းအိုးကို မီးထိုးနေရာမှ မီးဖိုခန်း မှာ ရပ်နေတဲ့ ကျွန်တော့်ကို သမင်လည်ပြန် လှည့်ကြည့်ပါတယ်။

''ပြန်လာပြီလား''

စကားကို တိုးညင်းစွာ ပြောပါတယ်။ အသက်ငါးဆယ်ကျေ ပေမယ့် အမေ့မျက်နှာက ဝင်းပနေပါတယ်။ ပါးရေတော့ မတွန့်သေ ပါ။ နားထင်ဘေးစပ်နှစ်ဖက်က ဆံပင်ကလေးတွေ ဖြူနေပြီး အလ ခေါင်မှာလည်း ကွက်ကွက်ကလေးဖြူနေတဲ့ ဆံပင်စကလေးတွေ ငွေရောင်ထနေပါတယ်။

မျက်နှာပြင်အရေလျော့လျော့မှာ အားပျော့စွာ ဖြူဝင်းနေ အသားအရေပေါ်မှာ ထောင်နေတဲ့ မျက်တောင်က ကော့ယောင်ရ် သေးတယ်။ လိမ်းထားတဲ့ သနပ်ခါးက ပါးနှစ်ဖက်ထက်ဝယ်မှာ ကျ သရေ ကြွလှပါတယ်။ နားသာနည်းနည်းလေးပေမယ့် သွားတွေကငေ မကျိုးသေးပါ။ ညီညာစွာ ဖြူတန်းလျက်ရှိပါတယ်။

ပေါ်လွင်တဲ့နှာတံအောက်မှာ ဖျော့တော့တဲ့ နှုတ်ခမ်းရဲရဲ က ကြာပန်းဖတ်အနွမ်းကလေး လန်ကျနေတဲ့ ပုံဟန်ပါ။ ဒီကြာဖ အလန်လေးကို သွယ်တန်းတဲ့ မေးရိုးကလေးက ထမ်းပိုးထားပါတ

''အဖေရော ဘယ့်နှယ့်နေသေးလဲ အမေ''

''ခါတိုင်းလိုပါပဲကွယ်။ ဆေးသောက်ပြီး အခန်းထဲမှာ လှဲ တယ်ထင်ပါရဲ့''

"ကျွန်တော် ရေသွားထမ်းဦးမယ် အမေ"

"အေး ... အေး ..."

တစ်ခန်းတည်းရှိတဲ့ အိပ်ခန်းရဲ့ သရက်ထည်ခန်းဆီးလိုက်ကာလေးကို လှစ်ကြည့်လိုက်တယ်ဆိုရင်ပဲ မွေ့ရာခင်းဖြူ၊ ခေါင်းအုံးဖြူပေါ်မှာ ပိန်လျှော့စွာ မှိန်းနေတဲ့ အဖေ့ကို တွေ့ပါတယ်။

ညိုရောင်ရောင်ရှိတဲ့ အသားအရေက မွဲခြောက်ခြောက်ရှိနေပါတယ်။ ဆံပင်ကလေးတိုတိုဖြစ်ပေမယ့် ဖြူဖွေးလို့နေပါတယ်။ အရောင်ဖျော့နေတဲ့ မျက်ခုံးထောင့်အောက်က မျက်လုံးအစုံက မှိတ်စက်ထားပါတယ်။

နားထင်လေး နည်းနည်းကျပြီး ပါးချောင်ကလေးလည်း နည်းနည်းချိုင့်နေပါတယ်။ တောင့်တင်းတဲ့ လက်အစုံဟာလည်း အားပျော့လို့နေပါတယ်။ အင်အားချည့်နဲ့နေတဲ့ ခြေထောက်ကလေးက ယိုင်နဲ့ကာ ခွေခွေလေးထားပြီး အနားယူနေပါတယ်။

တစ်ချိန်က မာကျောတောင့်တင်းလှတဲ့ အဖေဟာ အခုတီဘီရောဂါဝေဒနာ ခံစားနေရတဲ့သူတစ်ယောက်ပါ။ အေးဆေးစွာ အနားယူပါစေ။

လေးထောင့်သံပုံးနှစ်ပုံး၊ ရေထမ်းပိုး၊ ရေခပ်ဖို့ကြိုးတပ်ထားတဲ့ ပုံးကလေးကိုယူပြီး ပုံးနှစ်ပုံးထမ်းကာ ရွာထဲက ရေတွင်းဆီကို ထွက်ခဲ့ပါတယ်။ ရေတွင်းက အိမ်နဲ့ ကိုက်ငါးရာလောက်ပဲဝေးပါတယ်။

အိမ်ရှေ့က ရေစည်ပိုင်း၊ ရာဝင်အိုးတစ်လုံးမှာ လျော့နေတဲ့ ရေတွေ ဖြည့်ပါတယ်။ နောက်ဖေးမီးဖိုချောင်က ငါးဆယ်ဝင်စဉ့်အိုးနှစ်လုံးထဲ ရေအပြည့်ထမ်းထည့်ပြီး အိမ်သာက ရေအိုးလေးတစ်လုံးလည်း ရေဖြည့်ရပါတယ်။ နောက် သောက်ရေနဲ့ ဘုရားရေအိုးလဲဖို့





လေးထောင့်သံပုံးတစ်ပုံး ရေအပြည့်တင်။ အိမ်ရှေ့ကြမ်းပြင်မှာ တင်ထားပေးပါတယ်။

နောက် ရေမိုးချိုးပြီး အိမ်ပေါ်ပြန်တက်လာတော့ အဖေက အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ကျွန်တော့်ကို စူးရှတဲ့ မျက်လုံးတွေနဲ့ ကြည့်နေပါတယ်။ အဖေ့အကြည့်က အားလျော့နေတဲ့ အကြည့်နဲ့ပါ။

"အဖေ ... ဒီနေ့ သက်သာလား။ ကျွန်တော် ဘာလုပ်ပေးရဦးမလဲ"

"ရပါတယ်ကွာ။ နေပါစေ"

အဖေက ရိုးရိုးအေးအေးနဲ့ စကားနည်းသူပါ။

အလုပ်ကို ကြိုးစားအားထုတ်တဲ့သူပါ။ သူကျွမ်းကျင်တဲ့ 'ဂျိုင်း' သံဂဟေဆော်တဲ့အလုပ်ကို လုပ်လာတဲ့ ဂျိုင်းဆရာကြီးတစ်ယောက်ပါ။ ဂျိုင်းဆော်ရင်း ပွင့်ပန်းထွက်လာတဲ့ သံရည်ပူ၊ မီးပွားပူပူရဲရဲလေးတွေကြားမှာ ပျော်ပျော်ပါးပါး ဆော့ကစားခဲ့တဲ့သူပါ။

အဖေတို့ခေတ်က ခေတ်မမီမှု၊ မတိုးတက်မှုတို့ကြောင့် ဝတ်ဆင်သင့်တဲ့ အကာအကွယ်ဝတ်စုံကို မဝတ်စားဘဲ ဂျိုင်းဆော်ခဲ့မိတဲ့အတွက် ရင်ဘတ်မှာ မီးပူကပ်ခံရပါတယ်။ ရောဂါအမြစ်တွယ်ပြီး တီဘီရောဂါရခဲ့တယ်လို့ ထင်ပါတယ်။ ပြော် .. မီးနဲ့ကစားပြီး အသက်ကိုနှင်းလို့ မိသားစုကို လုပ်ကျွေးခဲ့တဲ့ ကျေးဇူးရှင်ပါ။

မိသားစုဆိုလို့လည်း ရှားရှားပါးပါး သုံးယောက်ပဲရှိပါတယ်။ အဖေရယ်၊ အမေရယ်၊ သားအကြီးဆုံးနဲ့ အငယ်ဆုံး ကျွန်တော်ရယ်ပေါ့။ ဒီတော့ မိသားစုရဲ့ ချစ်ခင်တွယ်တာမှုတွေဟာလည်း တစ်ဦးနဲ့တစ်ဦး နက်နက်ရှိုင်းရှိုင်းရှိပါတယ်။

အမေက ပြေပြေပြစ်ပြစ်၊ ယဉ်ယဉ်ကျေးကျေး၊ သေသေသပ်သပ် ရုပ်ရည်ပြေပြစ်ချောမောပြီး အဖေက တည်တည်တန့်တန့် ခန့်ခန့် ရုပ်ရည်ပိုင်ဆိုင်သူတွေ ဖြစ်ခဲ့ပါလိမ့်မယ်။ အမေကစကားကို ယဉ်ယဉ်ကျေးကျေးနဲ့ ဖြည်းညင်းစွာ အေးအေးဆေးဆေး လူတစ်ယောက် နားဝင်အောင် ပြောဆိုတတ်ပြီး အဖေက တည်တည်တန့်တန့်နဲ့ ဆိုခဲစေမြဲစေဆိုတဲ့စကားမျိုး ပြောတတ်သူပါ။ နှစ်ဦးလုံးပြောတဲ့ စကားတွေဟာလည်း မေတ္တာအပြည့်ရှိကြပါတယ်။

အဖေက သန်လျင်ဘီအိုစီ(ယခင်က ဗြိတိသျှအစိုးရပိုင် ရေနံချက်စက်ရုံ၊ ယခု မြန်မာ့ရေနံချက်စက်ရုံ)က ဂျိုင်းဆရာတစ်ဦးပါ။ အမေက တောရွာတစ်ရွာက လှစက်သူဌေးတစ်ဦးရဲ့ သမီးပါ။ အဖေ အလုပ်ကြိုးစားပြီး ဝင်ငွေကောင်းတဲ့အချိန်က မိသားစုတင့်တောင့်တင့်တယ် နေထိုင်ခဲ့ရပေမယ့် အခု အဖေရောဂါစွဲကပ်တော့ ဆေးဖိုးဝါးခတွေ ကုန်ပြီး အိမ်အကြီးကြီးကို ရောင်းပြီး ကျွန်တော်အရွယ်ရောက်လာတော့ အိမ်သေးသေးလေးနဲ့။ ဘယ်သူ့ကိုမှ မျက်နှာသာမပေးတတ်တဲ့ လောကဓံတရားရဲ့ အစီအမံတွေပါလားလို့ ကျွန်တော် မသိခဲ့သေးပါဘူး။

''သားခြံထဲသွားရင် မင်းဘကြီး အစ်ကိုဘခက်ဖို့ ဟင်းလေးယူသွားဦး''

တစ်လုံးချိုင့် ပြောင်ပြောင်လက်လက်ကလေးကို ဆွဲပြီး မီးဖိုထဲက ထွက်လာတဲ့ အမေက ချိုင့်ကလေးကို ကျွန်တော့်စားပွဲလေးပေါ်မှာ တင်ရင်း ပြောပါတယ်။ တစ်ဆက်တည်းပဲ ...

''ကိုစော ... ထမင်းစားတော့မလား''

''နာရီဝက်လောက်မှ စားမယ်ကွာ''





ကျွန်တော်က စားပွဲပေါ်မှ စာအုပ်တွေကို လွယ်အိတ်ထဲထည့်နေပါတယ်။ ညနေ ကျောင်းကပြန်လာပြီး အိမ်မှာလုပ်စရာရှိတဲ့ အလုပ်တွေလုပ်ပြီးရင် ဟိုရွာတောင်ပိုင်းက ဘကြီးခြံထဲမှာ သွားအိပ်ပါတယ်။ အဲဒီကိုသွားဖို့ ပြင်နေတာပါ။

''စောငယ် ...''

နောက်က အဖေက ကျွန်တော့်ကို ခေါ်လိုက်ပါတယ်။ ကျွန်တော်က ချာခနဲလှည့်ပြီး အဖေ့ကုလားထိုင်နားမှာ သွားထိုင်လိုက်ပါတယ်။

''စာလိုက်နိုင်ရဲ့လား''

''လိုက်နိုင်ပါတယ် အဖေ''

''အေး ... စာကို ကြိုးစားကွာ''

''ဟုတ်ကဲ့ပါ အဖေ''

အဖေက အိမ်ရှေ့ဘုရားစင်ရှေ့မှာ ဘုရားသောက်တော်ရေကပ်နေတဲ့ အမေ့ကို ကြည့်နေပါတယ်။ အဖေ့ဆီက အသံထပ်ထွက်မလာပါ။

အဖေ့မိန့်ခွန်းက ဒါပါပဲ။ စကားရှည်ရှည် မပြောတတ်ပါ။ ကျွန်တော်လည်း သိပါတယ်။

ခဏငြိမ်နေတုန်း ...

''မင်းဘကြီး ဘခက်ကိုလည်း အရက်တွေ သိပ်မသောက်နဲ့လို့ ပြောဦး။ သားလည်း သူ့ဆီက အတုတွေမခိုးနဲ့။ အမေတို့ မိသား မှာလည်း သူတစ်ယောက်ပဲ မိုက်တွင်းနက်နေတာ။ ပြောလိုက်ရင်လည် သူသိသူတတ်။ ငါက ညီမ။ အငယ်ဆိုတော့ သူ့ကို ပြန်မပြောရဲဘူး အစက မသောက်တတ်ဘူး။ စစ်ထဲက ပြန်လာပြီးမှ ရိုင်းစိုင်းလာတယ်

ကိုယ်က အသက်ကြီးပြီ။ ဘာသာရေးလေး ဘာလေး လုပ်ရမှန်းမသိဘူး''

အမေက စကားကို ရှည်ရှည်လေးပြောပြီး အိမ်ရှေ့ကြမ်းပြင်မှာ ရေထည့်နေပါတယ်။

''သူလည်း လုပဲကွာ။ သူ့ဟာသူ သိပါတယ် မငယ်ရယ်''

အဖေက အပြုံးလေးသန်းပြီး ဝင်ပြောတယ်။

''ကိုစောက သူ့ယောက်ဖဘက်က အမြဲပါတယ်။ သူလည်း တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပဲ''

''ဟဲ . . ဟဲ . . .''

အဖေက ပြုံးရုံလေးပြုံးပါတယ်။

ဒါ . . အဖေနဲ့အမေ တော်တော်လေး စကားများလိုက်ကြတာ။ သူတို့လင်မယား တစ်ခါမှ စကားများရန်ဖြစ်တာ ကျွန်တော် တစ်သက် မတွေ့ဖူးပါဘူး။ အကြင်နာဖက်ကြပါတယ်။

''ဟုတ်ကဲ့ပါ အမေ''

ကျွန်တော်က အမေ့စကားကို အလေးထား၊ အသိအမှတ်ပြုပြီး ဘကြီးဘခက်ခြံဘက်သွားဖို့ အိမ်က ထွက်ခဲ့ပါတယ်။

✿ ✿ ✿

[ ၂ ]

❑

ရွာလယ်လမ်းက တောင်ဘက်ကို လျှောက်ခဲ့ပါတယ်။ ကျွန်တော်နေတဲ့ တောင်ပိုင်းက အိမ်ခြေ တစ်ရာကျော်ကျော်လောက်ရှိပါတယ်။ ကျွန်တော်တို့အိမ်က လမ်းအလယ်ပိုင်းလောက်မှာရှိပြီး အိမ်တွေက မျက်နှာချင်းဆိုင် ကိုယ့်ခြံနဲ့ကိုယ် ဆောက်ထားကြပါတယ်။ အိမ်ခြေ တောင်ဘက် အဆုံးနားရောက်လာတော့ . . .

''အေးမောင်ရေ . . .''

အေးမောင်တို့ ခြံရှေ့ကနေပြီး ကျွန်တော် လှမ်းခေါ်လိုက်ပါတယ်။

''လာပြီကွ''

အေးမောင်က သူ့အိမ်ထဲကနေ ပြန်ထူးပါတယ်။

အေးမောင်ဆိုတာက ကျွန်တော်နဲ့ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းကြီးဖက်။ ဟိုး ... သူငယ်တန်းကတည်းက သူငယ်ချင်းပါ။ အတူသွား အတူလာ၊ တပူးတွဲတွဲ၊ ဆဲဆဲဆိုဆို၊ ပြောမနာဆိုမနာပါ။

အခုလည်း ကျွန်တော်နဲ့အတူ ဘကြီးခက်တဲမှာ ညတိုင်းလိုက်အိပ်ပြီး စာအတူကျက်နေတဲ့သူပါ။

အေးမောင်က လွယ်အိတ်ကလေးလွယ်ပြီး ထွက်လာပါတယ်။ သူငယ်ချင်းနှစ်ယောက် တောင်ဘက်ကို ဆက်လျှောက်လာခဲ့ပါတယ်။ အိမ်ခြေလေးငါးအိမ်လောက် လျှောက်ပြီးတော့ ကျွန်တော်တို့တောင်ပိုင်းက ဆုံးပါတယ်။

ဟိုး ... အင်္ဂလိပ်ခေတ်တုန်းက သန်လျင်ရေနံချက်စက်ရုံနဲ့ သီလဝါ ရေနံဂိုဒေါင်သိုလှောင်ရုံတွေဆီကို ဖောက်ထားတဲ့ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်တဲ့ ကတ္တရာလမ်းဟောင်းပေါ်ကို တက်ခဲ့ပါတယ်။ ဒီလမ်းက ရွာနောက်ကျောဘက်က ကပ်ပြီးဖောက်ထားတဲ့လမ်း။

ကတ္တရာလမ်းဆိုပေမယ့် ခင်းထားတဲ့ ကျောက်ခဲတွေသာ ဟိုနေရာတစ်ကွက်၊ ဒီနေရာတစ်ကွက်ရှိပြီး မြေလမ်းသက်သက်လောက်ဖြစ်နေပါပြီ။ မြဲကြီးသုံးခြံလောက် ကျော်မိတော့ အဘခက်နေတဲ့ခြံကို ရောက်ပါတယ်။

ခြံဝကို မဝင်ခင် ကျွန်တော်နဲ့အေးမောင် တုံ့ခနဲ ရပ်သွားပါတယ်။

ပျံ့လွင့်လာတဲ့ တယောသံ၊ နွဲ့ပြီး လှိုင်းထကာ ဆွဲဆောင်မှုအားအပြည့်ရှိတဲ့ တယောသံကြောင့် ဖြစ်ပါတယ်။





လမ်းဆက်မလျှောက်နိုင်ကြပါ။ တယောသံက ညို့ယူဖမ်းစားထားခြင်းကို ခံနေရပါတယ်။

'နှံ့သာနီတောင်' နိဗ္ဗိန္ဒပတ်ပျိုးရဲ့ နောက်ဆုံးပိုင်း ရောက်နေပါပြီ။ တယောသံက ထီးရိုးလေးပေါက်အောက်ပြန်အသံနဲ့ တီးရမယ့်အစား သံမှန်ပုလဲသံနဲ့ ထိုးနေတဲ့အတွက်ကြောင့် တယောသံဟာ ပိုမိုမြူးကြွပြီး ဆို့နစ်အောင် ဆွဲဆောင်နေပါတယ်။ တစ်ခါတစ်ရံ တယောသံက တုန်ခါပြီး ဝေ့ဝိုက်နေပါတယ်။

ကျွန်တော်က တယောသံကို နားစိုက်ရင်း သီချင်းအလိုက်ကိုလိုက်ဆိုနေမိစဉ်မှာ အေးမောင်က ကျွန်တော့်ပခုံးပေါ်ကို လက်ကလေးတင်ပြီး လက်က စည်းလိုက်နေပါတယ်။

"စုံခြေတောပြား ××× ကျင့်တရား ××× ပတ္တမြားနှင်းဆီခြံ စကားပွင့်သင်းပြည့်လျှံ ××× ရွှေဝတ်ဆံ တ,တိုင်းမွေး ××× ကြေညွတ်ဟန်ညှာကိုင်းကွေး ××× စံပယ်လေချမ်းအေး ××× မြတ်လေးနှင့်ကံ့ကော်ပန်းစုံတဲ့ ဟေဝန်မော် ××× ပန်းစွယ်တော်ခွာဇလပ်ကယ်နှင့် ××× လှမ်းမယ်နော်ကြာပြာသာဒ်ကို ××× ဝါတော်မြတ်ဆောက်တည်ရာ ××× မြိုင်သတင်း ××× ကြိုင်သင်းလေ ××× ပါလှ ပါလှ ××× ပန်းစုကာတဲ့ ××× လှမ်းမူရာ ××× တရားသုံး ××× ကျင့်ဦးမယ်တဲ့ ××× ကွယ်ရာ ××× ထိုဂန္ဓယသို့သာ ××× ပျော်ရှာတဲ့ မြိုင်ဟေမာ ×××"

"ကောင်းလိုက်တာကွာ"

အေးမောင်က ပြောတယ်။

"အေးကွယ်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျွန်တော်က ထောက်ခံတယ်။

တယောအသံ မချခင် သဖြန်ကို စပါတယ်။

''ပုလင်းကိုထောင် ××× ဒင်းမောင်ဝါသနာမို့ ××× ခါတစ်ရာ ပွား ××× ''

အေးမောင်က ပြုံးဖြဲဖြဲနှင့် သဖြန်ကို ဖျက်ဆိုပါတယ်။

''ဟော့ကောင် ... သလင်းတောင် ××× မယွင်းအောင် ဘာဝနာနှင့် ××× ခါတစ်ရာပွားပါကွာ ××× ''

နောက် ... သူက ဆက်ဆိုတယ်။

''အမြည်းကိုရှာ ××× ရှောက်သီးသံပုရာနှင့် ××× ကံ့ကော်မြိုင် ဒီခြံကြီးမှာ ××× သောက်ပေါ့တအား ××× ''

''ဟော့ကောင် ... သစ်သီးကိုရှာ ××× ပုတီးဖန်ဝါဝါနဲ့ ××× ဂန္ဓမာမြိုင်ညိုကြီးမှာ ××× မှီးရတရား ××× ပါကွာ။ မင်းကလည်း ဖောက်စရာမရှိ ဖောက်တော့မယ်''

ကျွန်တော်က အေးမောင်ကို သဘောကျစွာ ပြောလိုက်မိတယ်။ နောက် ... တယောသံက တယျေတယျာ သတ်နေပါတယ်။

''ကံ့ကော်မြိုင်''

သစ်သားတံခါးခြံထိပ်မှာ 'ကံ့ကော်မြိုင်' ဆိုတဲ့ဆိုင်းဘုတ်ကို သစ်သားပြားလေးပေါ်မှာ ထုံးနဲ့ရေးပြီး ချိတ်ထားပါတယ်။

မိုရှယ်ဒိုင်ယား၊ ဟစ်တလာ၊ မိုဆိုလိုနီတို့က ကျွန်တော်တို့ကို ခြံဝက ဆီးကြိုနေပါတယ်။

လူရင်းတွေမို့သာပေါ့။ မဟုတ်ရင် ဖဝါးနဲ့တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေးရမယ်။ သူတို့က ဘကြီးဘခက်ရဲ့ အနီးကပ်





လုံခြုံရေးတပ်သားတွေ။ သူတို့ကို ဘကြီးဘခက်က အမည်တွေ ပေးထားတာ။

''အဘခက်တော့ ရေချိန်ကိုက်နေပြီနဲ့ တူတယ်ကွ''

အေးမောင်က ပြောတယ်။

''သူက နေ့တိုင်း ရေချိန်ကိုက်နေတာကွ။ အဆန်းလုပ်လို့''

ပြောပြောဆိုဆို ခြံတံခါးလေးတွန်းဖွင့်ပြီး ဝင်လာခဲ့တယ်။

ခြံဝင်လမ်းဘေး တစ်ဖက်တစ်ချက်အကွက်မှာ မုန်လာနဲ့ စပါးလင်ပင်တွေရှိပါတယ်။ ရုံးပတီသီးပင်တွေကလည်း ဆယ်တန်းလောက်ရှိပါတယ်။ ရှေ့ဆက်လျှောက်တော့ ဘူးစင်နဲ့ ပဲတောင့်ရှည် မြောင်းကလေးတွေပါ။ ငါးကန်လေးထဲမှာ ဘဲဆယ့်လေးငါးကောင် ရေကူးနေပါတယ်။

ကန်ဘောင်ပေါ်မှာ ငှက်ပျော၊ အုန်းနဲ့ ဒန့်သလွန်ပင်တွေရှိသလို ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းနဲ့ ပူစီနံအပင်လေးတွေက ကန်ဘောင်အပြည့် နေရာယူထားပါတယ်။ ကန်ဘောင်တစ်ဖက်ခြမ်းမှာက နှင်းဆီ၊ စံပယ်နဲ့ ဂန္ဓမာ၊ ဂမုန်း .. စသည့် အလှည့်ကျပန်းခင်း။

ကန်ဘောင်တစ်ဖက် ခပ်လှမ်းလှမ်းမှာ ကံ့ကော်ပင်ကြီးတစ်ပင်။ ကံ့ကော်ပင်အောက်မှာ ဘကြီးဘခက်ရဲ့ မြေစိုက်တဲကလေး။ တဲရဲ့အနောက်မှာ ကွမ်းခြံက နောက်ခံကားအနေနဲ့ နေရာယူထားပါတယ်။

ကံ့ကော်ပင်အောက်က ဝါးကွပ်ပျစ်ကလေးပေါ်မှာ စံပယ်နေတဲ့ သူကတော့ တယောအိုကလေးတစ်လက်ကို ကိုင်ထားတဲ့ ဘကြီးဘခက်။ ဘေးမှာကတော့ အရက်ပုလင်း၊ လက်ဖက်ရည်အကြမ်းပန်းကန်သုံးလုံးနဲ့ အမြည်းပန်းကန်ကလေးက အတိုင်ပင်ခံဝန်ကြီးအဖြစ် ညီလာခံနေပါတယ်။

ကျွန်တော်တို့နှစ်ယောက် ကွပ်ပျစ်ခြေရင်းပိုင်းကလေးမှာ ဝင်ထိုင်လိုက်ပါတယ်။

"အဘခက် တယောသံက ကောင်းလိုက်တာဗျာ"

အေးမောင်က စကားစတယ်။

"ကောင်းမှာပေါ့ကွ။ ကောင်းအောင်ထိုးတာကိုး"

ဟော ... စကတည်းက ဘုတောပြီ။

အေးမောင် ဘာဆက်ပြောရမှန်းမသိ။ ကျွန်တော်ကတော့ ငြိမ်နေလိုက်တယ်။

"စောငယ် ..."

"ဗျာ ..."

"စောနိုင်နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ...။ ဒီနေ့ နည်းနည်းသက်သာသလိုပဲ အဘခက်"

"အေးကွာ ... ငါ စစ်ထဲကပြန်လာတော့မှ ဒီကောင်နဲ့အတူ တွဲသောက်မယ်လို့ မျှော်လင့်ထားတာ။ ခုတော့ ဒီကောင် ရောဂါရနေတာနဲ့ တွဲမသောက်ရတော့ဘူး"

"အမေကမှာလိုက်ပါတယ် အဘခက်"

"ဘာလဲကွ"

"မင်းအဘခက်ကို ပြောတဲ့။ အရက်တွေ သိပ်မသောက်စေနဲ့တဲ့"

"ဟား ... ဟား ... ဟား ... အဲဒါ သူမသောက်ဖူးလို့ ပြောတာပါကွာ။ အရက်က ခွေးသောက်တာမှ မဟုတ်ဘဲ။ လူသောက်တဲ့ ဥစ္စာ။ ဒီကောင်မ ဘာမှမသိဘဲနဲ့ လျှောက်ပြောနေတာ။ ငြိမ်းငယ် ... ငြိမ်းငယ် ..."





သူ့ညီမနာမည်ကို သူက ရေရွတ်နေပြန်ပါတယ်။

သူပြောတော့လည်း ဟုတ်သား ...။

"မင်းအဖေ စောနိုင်က လူအေးကွ။ လူရိုးလူဖြောင့်။ ဖဲမရိုက်ဘူး။ အပျော်အပါးမလိုက်ဘူး။ အေး ... အရက်တော့ သောက်တယ်။ ဒါက သူကြိုက်တာကိုး။ အဲဒါကို ဟိုကောင်မ ငါ့ညီမ ငြိမ်းငယ်က ဗျစ်တောက်ဗျစ်တောက်လုပ်တယ်"

"အမေကလည်း စိုးရိမ်လို့ စေတနာနဲ့ ပြောတာနေမှာပေါ့ အဘခက်ရာ"

"စေတနာနဲ့ပြောပေမယ့် သိမှပြောရတယ်ကွ။ သူမသိဘဲနဲ့ ပြောတော့ မခက်ဘူးလား"

"အခု အဖေလည်း ရောဂါရနေပြီမဟုတ်လား ဘကြီးခက်ရဲ့"

"ဒါက မင်းအဖေက အရက်သောက်ပြီးတော့ အစားကျတော့ စားတာနည်းတယ်ကွ။ သူ အစားကို အစကတည်းက သိပ်မစားဘူး။ အခု ငါ့ကိုကြည့်။ အသားငါး စားတယ်။ လတ်ဆတ်တဲ့ ငါ့ခြံထဲက ထွက်တဲ့ ဟင်းသီးဟင်းရွက် လတ်လတ်ဆပ်ဆတ်တွေ အမြဲစားတယ်။ မင်းတို့မမြင်ဘူးလား"

အေးမောင်နဲ့ ကျွန်တော်က တစ်ယောက်ကိုတစ်ယောက် မျက်လုံးအပြူးသားနဲ့ ကြည့်လိုက်ကြတယ်။ သူ့ဆင်ခြေနှင့်သူဟော့ ဟုတ်လို့။ ရေပက်လို့ကို မဝင်ဘူး။

"ဟော့ ... ဒါနဲ့ မင်းအဖေက အဆိုတော့ အဆိုကောင်းကွ။ သူ့အသံက ဩန်ကျတယ်။ ငါနဲ့တွဲနေတုန်းက မူးလာရင် သူက သီချင်းဆိုတယ်။ ငါက မတောက်တခေါက်နဲ့ စည်းလိုက်တယ်"

"အဘခက် တယောမထိုးဘူးလား"

အေးမောင်က ဝင်မေးတယ်။

"အဲဒီတုန်းက ငါတယောမထိုးတတ်သေးဘူးကွ။ စစ်ထဲဝင်ပြီးတော့မှ တတ်တာ"

သူ့စကားက ပြောင်းပြန်။ စစ်ထဲဝင်ပြီးရင် ပစ်တာခတ်တာ၊ တိုက်တာခိုက်တာတွေ တတ်လာရမယ့်အစား တယောထိုးတတ်လာတယ်တဲ့။

"ဘာလဲ ... မင်းက အံ့ဩလို့လား။ တယောသင်တာတောင်မှ ရှမ်းပြည်ကိုရောက်တုန်း တယောအတော်ကျွမ်းကျင်တဲ့ ရှမ်းဆရာကြီးတစ်ယောက်နဲ့တွေ့ပြီး သင်ခဲ့တာ"

မြန်မာ့ဂီတကို ရှမ်းဆရာကြီးဆီမှာ သင်တယ်တဲ့။

"အဆိုကိုတော့ ရခိုင်ပြည်နယ် ကျောက်ဖြူကိုရောက်တုန်း ရခိုင်ဆရာကြီးဆီမှာ သင်ခဲ့တာ"

ကဲ ... ကောင်းရော။

"ကဲ ... ကဲ ... မင်းတို့ ထမင်းဆာနေမယ်ဦးမယ်။ သွားစားကြတော့"

"အဘခက် မစားသေးဘူးလား။ အမေက အဘခက်ဖို့ ဟင်းပေးလိုက်တယ်"

"ဟေအေး ... မစားသေးဘူး။ မင်းတို့စားနှင့်ကြ။ ငါ့လက်ကျန်လေး ရှင်းလိုက်ဦးမယ်"

ကျွန်တော်တို့နှစ်ယောက် ကွပ်ပျစ်ပေါ်ကထပြီး တဲထဲကို ဝင်ခဲ့ပါတယ်။

✿ ✿ ✿

[ ၃ ]

❑

ဘကြီးခက်စံမြန်းနေတဲ့ နန်းတော်ကြီးက သစ်သားတိုင်၊ သစ်သားတန်း၊ ထရံကာ၊ ဓနိမိုးနဲ့ တင့်တယ်စွာ ဆောက်ထားပါတယ်။ အခိုင်အမာ မြေသားခင်းထားပြီး အခန်းငယ်က တစ်ခန်း၊ အခန်းကျယ်ကြီး တစ်ခန်းနဲ့ မီးဖိုခန်းတစ်ခန်းသာ ရှိပါတယ်။

အရှေ့အခန်းကျယ်ကြီးထဲမှာ ဘကြီးဘခက်အိပ်တဲ့ သစ်သားကွပ်ပျစ်တစ်လုံးနဲ့ ဝါးပက်လက်ကုလားထိုင် အဟောင်းတစ်လုံး၊ ခေါင်းရင်းမှာ ပြတင်းတံခါးတစ်ခု၊ ၎င်းပြတင်းပေါက်ဘောင်အပေါ်မှာ ဘကြီးဘခက်ရဲ့ စာအုပ်စင်ကလေး။

အဲဒီအပေါ်မှာ ရေဒီယိုအဟောင်း လေးတစ်လုံး။ ဒီဘက်ကတစ်ခန်းမှာ ကျွန်တော်နဲ့အေးမောင်အိပ်တဲ့ သစ်သားကွပ်ပျစ်တစ်လုံး။

ဘေးနားမှာ စားပွဲဟောင်းတစ်လုံးနဲ့ သစ်သားကုလားထိုင်အကျိုးနဲ့ အဟောင်းလေးနှစ်လုံး။

ခေါင်းရင်းဘက်စားပွဲထိပ်မှာ တစ်ပေသာသာပြတင်း။ ပြတင်းပေါက်ဘောင်ပေါ်မှာက ဝါးနဲ့လုပ်ထားတဲ့ သပ်သပ်ရပ်ရပ် ဘုရားစင်တစ်ခု။ ဘုရားစင်ပေါ်မှာက မြတ်စွာဘုရား။ စင်ပေါ်က ပလ္လင်လေးတစ်ခုပေါ်မှာ ခန့်ထည်စွာ စံမြန်းနေတယ်။

ကျောက်သလင်းအဖြူနဲ့ ထုလုပ်ထားတဲ့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည့် ဘုရားတစ်ဆူရှေ့မှာ အမြဲတမ်း ခြံထွက်ပန်းတွေထိုးထားတဲ့ မညိုးတဲ့ ပန်းအိုးတစ်လုံး။ ပန်းအိုးရှေ့မှာ သောက်တော်ရေအောက်ခံ ပန်းကန်ပြားလေးနဲ့ ရေအပြည့်အလျှံကပ်ထားတဲ့ ဖန်ခွက်ကလေးတစ်လုံး။

ရှေ့နားမှာ ဆီမီးဖယောင်းတိုင်ထွန်းတဲ့ မြေခွက်ကလေးတစ်ခု။ ဘုရားစင်ဟာ အမြဲသန့်ရှင်းသပ်ရပ်ပြီး မညိုးသောပန်းနဲ့ ပြည့်လျှံနေတဲ့ သောက်တော်ရေခွက်သာ သူ့နေရာနဲ့သူ ထားတဲ့အတွက် ရှင်းလင်းပြီး တင့်တယ်သပ္ပာယ်လျက် ရှိပါတယ်။

ကျွန်တော်နဲ့အေးမောင် မီးဖိုခန်းထဲကို ဝင်ခဲ့ပါတယ်။ သစ်သားနဲ့ လုပ်ထားတဲ့ ပန်းကန်စင်ကလေးပေါ်မှာ ပန်းကန်အလုံးအပြား လေးငါးလုံးနဲ့ ဇွန်းများ သပ်ရပ်စွာရှိပါတယ်။ မြေမီးဖိုဘေးမှာလည်း အိုးလေးငါးလုံးထားတဲ့ စင်ကလေးရှိပါတယ်။

အပြင်ကိုထွက်တဲ့ မီးဖိုရဲ့ တစ်ခုတည်းသော တံခါးပေါက်အတွင်းဘက်မှာ ငါးဆယ်ဝင် စဉ့်အိုးတစ်လုံးနဲ့ အိုးခွက်ပန်းကန်ဆေးတဲ့ နေရာလေးပါ။ မန်ကျည်းသားစဉ့်နီတုံး ကြီးကြီးလေးတစ်တုံးနဲ့ သားငါးခုတ်တဲ့ ဓားတစ်ချောင်းက နံဘေးမှာ ထောင်ထားလျက်ရှိပါတယ်။





ပန်းကန်စင်ပေါ်မှာ ဘကြီးဘခက်အတွက် ကျွန်တော်ယူလာတဲ့ ဟင်းချိုင့်လေးကို တင်ထားပြီး မီးဖိုခန်းရဲ့တစ်ဖက်ထိပ် ပြတင်းပေါက်နားမှာရှိတဲ့ ထမင်းစားပွဲမှာ ကျွန်တော်တို့ ထမင်းစားဖို့ ပြင်ကြပါတယ်။

"ဘကြီးခက်က ပဲစပါယ်ရှယ်လစ်ပဲကွ။ ပဲချဉ်ရည်က အနံ့ရတာနဲ့တင် သွားရည်ကျနေပြီ"

အေးမောင်က ထမင်းပွဲပြင်ရင်း ပြောတယ်။

ဆန်ကြမ်းကြမ်းနဲ့ ချက်ထားတဲ့ ထမင်း။ ဟင်းက ပဲချဉ်ရည်၊ ငါးခြောက်သေးသေးလေးတွေ ကြော်ထားတာနဲ့ အလယ်ကောင်မှာ ငါးပိရည်ပန်းကန်ကြီးနဲ့ ခြံထွက်ဟင်းသီးဟင်းရွက် တို့စရာ အပြုတ်၊ အစိမ်းတွေက နေရာယူထားပါတယ်။

"ပဲစားရင် အသားလုတယ်။ အားပြည့်တယ်လို့ ဘကြီးခက်က အမိန့်ရှိထားတယ် မဟုတ်လား"

ကျွန်တော်က ပြောတယ်။

"ဒါ ... စစ်သားစကား ပြောတာပါ"

အေးမောင်က တိုးတိုးပြန်ပြောတယ်။ ဟိုက ကြားသွားရင် အကန်ခံရဦးမယ်။ ထမင်းစားရင်း ...

"တို့ကိုလည်း စစ်သားလို ထရိန်နင် (Trainnee) ပေးနေတာကွ"

သူက ဆက်ပြောတယ်။

"သူ့ခြံထဲမှာ သစ်ပင်တွေစိုက်ရတယ်။ အမှိုက်ကောက်ရတယ်။ မြက်ရှင်းရတယ်။ စနေ၊ တနင်္ဂနွေနေ့တွေမှာ ကိုယ်ခံပညာ သိုင်းသင်ပေးတယ်"

"တယောနဲ့အဆို သင်ပေးတာလည်း ပြောဦး"

ကျွန်တော်က ဝင်ပြောတယ်။

"အေးကွ ... သူ့ဟာက အကြမ်းရော၊ အနုရော ... စကား ပြောတော့လည်း ဘုကြီးပဲ။ လူက နုတယ်ပြောရတာလည်းခက်၊ ကြမ်း တယ်လို့ ပြောလို့ကလည်း မရ။ ဟိုထဲကလို ဖြစ်နေပြီ"

အေးမောင်က ဘကြီးခက်အတင်းပြောရင်း ဝမ်းပိုချောင်သွား လို့လားမသိ။ ထမင်းတစ်ပန်းကန် ထပ်ထည့်တယ်။ ကျွန်တော်လည်း ငါးပိရည်နဲ့ တို့စရာကပဲ ဆွဲလို့လား၊ ပဲဟင်းကပဲ ကောင်းလို့လားမသိ။ ခံတွင်းတွေ့တာနဲ့ နောက်ထပ်တစ်ပန်းကန် ထပ်ထည့်တယ်။

"ဘယ်ထဲကလဲကွ"

သူ့ကို ထမင်းပလုပ်ပလောင်းနဲ့ မေးလိုက်တယ်။

"မဟာဂီတကို ပြုစုတဲ့ ဦးပြုံးချိုလေကွာ။ လူက ဖြူဖြူတုတ် တုတ် ဝဝ။ စိတ်အလွန်တိုတတ်ပြီး အစားအသောက်လည်း လုပ်တတ် တယ်။ ဒါကြောင့် ဘိုကလေးနဲ့ ဖျာပုံနယ်တစ်ဝိုက်က သဘင်ပညာသည် များ၊ ကာလသားကြီးတွေက ဦးပြုံးချိုနဲ့ ထိပ်တိုက်မတိုးရဲကြဘူး။ ဒီ တော့ သူတို့က ဦးပြုံးချိုကို စာပြောင်ချိုးကြတယ်။

"ဆိုပါဦး"

"အမိုက်ကယ်လည်၊ ဆရာစီသား၊ နာမည် ပြုံးချိုမှည့်တယ်၊ သင်းကို ပေါက်ကြီး ... တဲ့"

"ဟား ... ဟား ... ဟား"

ကျွန်တော်တို့နှစ်ယောက် သံပြိုင်ရယ်ကြပါတယ်။

ထမင်းကလည်း ပိုဝင်ပါတယ်။

ထမင်းစားသောက်ပြီးတော့ တဲရှေ့ ကံ့ကော်ပင်အောက်က





ဝါးကွပ်ပျစ်ဆီကို ပြန်လာကြပါတယ်။

ဘကြီးဘခက်က ကွပ်ပျစ်ဘေးရှိ ဝါးပက်လက်ကုလားထိုင် လေးပေါ်မှာ မှိန်းနေပါပြီ။ သူ့ဘေးက မြေကြီးပေါ်မှာ သူ့ရဲ့တပ်မှူး တွေဖြစ်တဲ့ မိုရှယ်ဒိုင်းယား၊ ဟစ်တလာနဲ့ မိုဆိုလိုနီတို့ ဝပ်နေကြပါ တယ်။

ဒီကွပ်ပျစ်ပေါ်မှာပဲ ဘကြီးဘခက်နဲ့ စကားနည်းနည်းပါးပါး ပြောလေ့ရှိပါတယ်။

ဘကြီးဘခက် စကားသိပ်မပြောနိုင်ရင်တော့ ကျွန်တော်တို့ နှစ်ယောက် တစ်အောင့်လောက် ထိုင်ချင်ထိုင်ကြပါတယ်။ ခြံထဲကအပင် တွေ လျှောက်ကြည့်ကြပါတယ်။ အေးမောင်က ဘဲတွေသိမ်းပါတယ်။

တစ်ညတစ်လေလည်း ဘကြီးခက်အရှိန်တက်နေရင် သူက တယောထိုးပြီး ကျွန်တော်တို့က သီချင်းဆိုကြတယ်။ နောက် ... တဲထဲ ဝင်ပြီး ကျွန်တော်တို့စားပွဲမှာ မှန်အိမ်တစ်လုံးစီနဲ့ စာဖတ်၊ စာရေးကြ ပါတယ်။

ဘုရားမီးပူဇော်၊ သောက်တော်ရေလဲ၊ ဘကြီးဘခက်စားပွဲမှာ မှန်အိမ်လေးတစ်လုံးကို မှိန်မှိန်လေးမီးချပြီး ထွန်းပေးထားရပါတယ်။ ဘကြီးဘခက်အတွက် အိပ်ရာခင်း၊ ခြင်ထောင်ထောင် ပြင်ပေးထားရ တယ်။ တစ်ခါတစ်ရံ ဘကြီးဘခက်က အရင်ဝင်အိပ်ပြီ တစ်ခါတစ်ရံ ညဉ့်နက်မှ ဘကြီးဘခက်ကို ဝါးပက်လက်ကုလားထိုင်ပေါ်က နှိုးပြီး ဝင်အိပ်ခိုင်းရပါတယ်။

ကျွန်တော်တို့ကတော့ စာဖတ်ပြီးရင် ကျွန်တော်တို့အိပ်တဲ့ ဝါး ကွပ်ပျစ်ပေါ်မှာ အိပ်ရာခင်း၊ ခြင်ထောင်တစ်လုံးစီထောင်ပြီး အိပ်စက် ကြပါတယ်။

ညလုံခြုံရေးတာဝန်ကိုတော့ မိုရှယ်ဒိုင်းယား၊ ဟစ်တလာနဲ့ မိုဆိုလိုနီတို့က ခြံတွင်းလုံခြုံရေးတာဝန်ကို ယူကြပါတယ်။

ဘကြီးဘခက်အိပ်ပြီဆိုရင် သူ့ခြင်ထောင် ခြေရင်းဘေးမှာ မိဖြူက ထိုင်ချင်ထိုင်နေပါတယ်။ အိပ်ချင်အိပ်နေပါတယ်။

မိဖြူဆိုတာ ဘကြီးဘခက်မွေးထားတဲ့ ဖြူဖြူဖွေးဖွေး ကြောင်မလေးပါ။ သူက အိမ်တွင်းလုံခြုံရေးကို တာဝန်ယူပါတယ်။

လသာတဲ့ညမှာဆိုရင် ဆမ်းနေတဲ့လရောင်ကိုခံစားရင်း လှပတဲ့ အတွေးအိပ်မက်တွေ ကိုယ်စီမက်နေကြပါတယ်။

တစ်ခါတစ်ရံ ဘကြီးဘခက်ရဲ့ တခေါခေါဟောက်သံကြောင့် အိပ်မက်ကလေးတွေ ပျက်စီးသွားရတဲ့ ညတွေလည်း မနည်းလှပါဘူး။

✿ ✿ ✿

# [ ၄ ]

❑

ကျွန်တော်က သူများတွေလို ကျူရှင်တွေဘာတွေ မတက်နိုင်ပါဘူး။ အင်္ဂလိပ်စာ တစ်ဘာသာကိုသာ အဖေ့ရဲ့ညီ ဦးလေးကိုမောင်လှ သင်ပေးနေတဲ့ ကျူရှင်လေးမှာ အခမဲ့တက်ရပါတယ်။

''ဟော့ကောင် ... စောငယ် ... နောက်ဖေးက ထိုင်ခုံတစ်လုံး သွားယူပေးလိုက်စမ်း''

စာသင်နေတုန်း အချိန်နောက်ကျမှ ရောက်လာတဲ့ စန္ဒာမိုးအတွက် ထိုင်ခုံနေရာ မရှိပါဘူး။ ကျောင်းသူကျောင်းသား တစ်ဆယ့်လေးငါးယောက်လောက် ရှိပါတယ်။

''ဟုတ်ကဲ့''

ကျွန်တော် နောက်ဖေးခန်းကို ထသွားပါတယ်။

ဦးလေးကိုမောင်လှက ဟိုး . . . ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းက ခရစ်ယာန်မက်သဒစ်ကျောင်းက ခုနစ်တန်းအောင်ခဲ့တယ်လို့ ဆိုပါတယ်။ ဗြိတိသျှပိုင် သန်လျင်ဘီအိုစီရေနံကုမ္ပဏီမှာ စာရေးကြီးအဖြစ် ဝင်လုပ်ခဲ့တယ်။ အခုပင်စင်ယူပြီး အနီးပတ်ဝန်းကျင်က ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းကလေးတွေကို အင်္ဂလိပ်စာကျူရှင်ပေးနေတာပါ။

သူက ဘိုဆန်ပါတယ်။ ပင်စင်ယူပြီးနောက် ကျွန်းနဲ့ ပျဉ်ထောင်သွပ်မိုးအိမ်ကြီး အကြီးကြီးတစ်လုံးဆောက်ပြီး နောက်ဖေးမီးဖိုခန်း၊ အိမ်သာ၊ ရေချိုးခန်းတို့ လှေကားအဆင့်နဲ့ တွဲပေးထားပြီး အုတ်အင်္ဂတေတွေနဲ့ ဆောက်ထားပါတယ်။ အိမ်ထောင်ပရိဘောဂလည်း အပြည့်အစုံနဲ့။

စားပွဲ၊ ကုလားထိုင်တွေက ကျွန်းရောင်တဖိတ်ဖိတ်ထနေသလို အိမ်ရှေ့က ပျဉ်းကတိုးလှျာထိုးကလည်း ပြောင်လက်ချောမွေ့နေပါတယ်။ အဲဒီအိမ်ရှေ့ခန်းမှာ ကျွန်းစားပွဲအရှည်လေးတွေချပြီး စာသင်တာပါ။ ထိုင်ခုံကလည်း ခုံတန်းအရှည်လေးတွေပါ။

နောက်ဆုံးခုံတန်းမှာတော့ သူ့မီးဖိုခန်းက လေးဘက်ထောက်ကုလားထိုင်လေးတွေ ချထားပါတယ်။ အခု နောက်ကျနေတဲ့ စန္ဒာမိုးအတွက် ထိုင်ခုံလိုနေတဲ့အတွက် တူဖြစ်တဲ့ အလကားစာသင်ပေးနေရတဲ့ ကျွန်တော့်ကို ခိုင်းလိုက်ခြင်းဖြစ်ပါတယ်။

စန္ဒာမိုးဆိုတာ ကျွန်တော်နဲ့ သူငယ်တန်းကတည်းက စပြီးကျောင်းအတူတူတက်လာတဲ့သူ ဖြစ်ပါတယ်။

အတန်းထဲမှာ သူက တစ်ချိတ်ရင် ကျွန်တော်က နှစ်ချိတ်ပါတယ်။ ကျွန်တော်က တစ်ချိတ်ရင် သူက နှစ်ချိတ်ပါတယ်။





အခု ဆယ်တန်းအထိ အတူတူပါပဲ။

သူက ကျွန်တော်တို့ရွာထဲက ကုန်စုံဆိုင်ပိုင်ရှင် သူဌေးတစ်ယောက်ရဲ့ သမီးပါ။ သူ့အဖေက တရုတ်စပ်သလို သူ့အမေက ရှမ်းစပ်ပါတယ်။

ကျွန်တော်ကတော့ သူ့ကို ဘာဖြစ်လို့မှန်းမသိ အကြောသိပ်မတည့်ပါ။ သူဘယ်လောက်လှလှ ကြည့်လို့မရပါ။

ခုံကို နောက်ဖေးခန်းက သွားယူလာပြီး သူထိုင်ဖို့ ချပေးလိုက်ရပါတယ်။

''ကျေးဇူးတင်ပါတယ်''

''မလိုပါဘူး''

ကျွန်တော်နဲ့စန္ဒာမိုး တိုးတိုးလေး ပြောလိုက်တဲ့စကားကို အနောက်တန်းရဲ့ အရှေ့တန်းထောင့်မှာ ထိုင်နေတဲ့ အေးမောင်က ကြားသွားပြီး ကျွန်တော့်ကို သူ့မျက်ခုံးထူထူကြီးအောက်က မျက်လုံးပြူးပြူးကြီးနဲ့ စောင်းငဲ့ပြီး ကြည့်လိုက်ပါတယ်။

ကျွန်တော်က နောက်ဆုံးတန်း အေးမောင်ရဲ့ ညာဘက်ဘေးမှာ ပြန်ထိုင်ပြီး ဦးလေးကိုမောင်လှရှင်းပြနေတဲ့ အင်္ဂလိပ်စာဂရမ်မာကို ဆက်ပြီး အာရုံစိုက်နားထောင်နေပါတယ်။

ဒီကိစ္စက ဒီမှာတင် မပြီး။ ညာဘက်ကျတော့ ကံ့ကော်မြိုင်ကွပ်ပျစ်ပေါ်မှာ ထိုင်မိကြတော့ အေးမောင်က စကားစပါတယ်။ ဘကြီးဘခက်က သူ့အရှိန်နဲ့သူ ကွပ်ပျစ်ဘေးက ဝါးကုလားထိုင်မှာ မှိန်းနေပါတယ်။

''ဟိုက ကျေးဇူးတင်ပါတယ်လို့ပြောတာ မင်းက ဘာဖြစ်လို့ မလိုပါဘူးလို့ ပြန်ပြောရတာလဲ''

"ငါက မလိုလို့ မလိုဘူးလို့ ပြောတာပေါ့ကွ"

အေးမောင်က အံ့အားသင့်သလို ပြန်ပြောတယ်။

"မင်း စန္ဒာမိုးကို သေသေချာချာ မကြည့်မိဘူးလား"

"မကြည့်မိဘူး။ တစ်ခါမှလည်း မကြည့်ဘူး။ နောက်လ ကြည့်မှာမဟုတ်ဘူး"

"ဟဲ ... ဟဲ ... မင်းတို့ကလည်း အတန်းထဲမှာ စာပြိုင်ဖ တွေဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ကြည့်မရကြတာ။ မင်း ဒီတ သေသေချာချာ ကြည့်ကြည့်"

"ကြည့်တော့ ဘာဖြစ်သလဲ"

"ဟ ... စန္ဒာမိုးက ချောပါတယ်ကွ။ စင်ရော်တောင် တင်နေတဲ့ သူ့မျက်ခုံးကလေးက သန်းမှောင်နေပြီး မျက်လုံးကလေ ကလည်း ကြယ်ညီနောင်လို တောက်ပြောင်နေတယ်။ မျက်တောင်ကလေ ကလည်း ကော့ရွန်းပြီးအသားကလည်း ဝင်းပနေတယ်။ အပြစ်ခြော ပါးလွတ်ကင်းနေတဲ့ မျက်နှာလေး"

"ဟော့ကောင် .. တော်တော့ ...။ မင်း ငါ့ကို ပပဝင်းဝ သီချင်း လာဆိုပြမနေနဲ့"

ဒါတောင် သူက ဆက်သေး။

"မနက်က မင်းကို သူပြောတုန်းက မျက်နှာကလေးက ချို တကယ်လိုက်လိုက်လှဲလှဲ ကျေးဇူးတင်တဲ့ စကားသံလေး။ မြွက်ကြ သံကလည်း ချိုချိုလေး။

"ဟား ... ဟား ... ဟား ..."

ဘကြီးဘခက် မှိန်းရာက နိုးလာပြီး ရယ်သံထွက်လာပါတယ

"အေးမောင် ..."





"ဗျာ ... အဘခက်"

"မနက်က ဘာဖြစ်လဲ"

"ဒီကောင် စောငယ်ပေါ့။ ဟို ... စန္ဒာမိုးက ကျေးဇူးတင်ပါတယ်လို့ ပြောတာကို မလိုပါဘူးလို့ ဘုဆတ်ဆတ် ပြန်ပြောတယ်"

သူက စကားစပြီး ဘကြီးဘခက်ကို မနက်က ကျူရှင်မှာ ဖြစ်ပုံလေးကို အတိုချုပ်ပြီး ပြန်ပြောပြတယ်။

"အေး ... ချစ်ခြင်းဆိုတာ အဲဒီက စတာပဲကွ"

ဘကြီးဘခက်က ကျွန်တော့်ကို ပြုံးသလိုလို ကြည့်ပြီး မှတ်ချက်ချသလိုလို ပြောတယ်။

"ဟာ ... အဘခက်ကလည်း ကျွန်တော်မှ ကြည့်မရတာကို"

"ဟ ... အချစ်ဆိုတာ အမုန်းက စတာပဲကွ။ အမုန်းတွေ ဆုံးသွားတဲ့အချိန်မှာ အချစ်တွေ စလာလိမ့်မယ်။ စောငယ် ... မင်း ငယ်ပါသေးတယ်"

သူက သူ့အဘိဓမ္မာကို တည်တည်ကြီး ပြောနေတော့လည်း ကျွန်တော်တို့က ပြန်မပြောရဲ။

"နို့ ... မောင်လှကရော ဘာမှမပြောဘူးလား"

"ဆရာလှက မကြားဘူး ဘကြီးခက်ရဲ့"

အေးမောင်က ဝင်ပြောတယ်။

"အေး ... ဒီကောင်တွေ ညီအစ်ကိုကလည်း တစ်ယူသန်တွေကွ။ သူတို့အာရုံစိုက်ရာကိုပဲ အာရုံစူးစိုက်ကြတယ်"

"သူ့မှာ ညီအစ်ကိုရှိလို့လား"

အေးမောင်က စပ်စုတယ်။

"သူ့မှာ အစ်ကိုတစ်ယောက်ရှိတယ်။ သူက သခင်ဘ။ မင်းတို့ ဘယ်မှီလိုက်မလဲ။ သူ တောခိုသွားတာကြာလှပြီ။ စောနိုင်နဲ့ မောင်ဘ တို့က ညီအစ်ကို တစ်ဝမ်းကွဲတွေ"

"ရွာကို သူပြန်လာတာ တစ်ခါမှ မတွေ့ပါဘူး။ သခင်ဘဆို တာတော့ နာမည် ကြားဖူးသလိုလိုပဲ"

အေးမောင်က ဝင်ထောက်တယ်။

"သူက အစကတည်းက တော်လှန်ရေးသမားကွ။ လွတ်လပ် ရေးရပြီးတော့ မကြာပါဘူး။ တောခိုသွားခဲ့တာ။ ငါနဲ့တော့ ရှမ်းပြည် ဘက်မှာ တစ်ခါတွေ့တယ်"

"ဟာ ... အဘခက်က တောခိုလို့လား"

"ဘယ်ထောခိုရမှာလဲ။ ငါက စစ်ထဲမှာကွ"

"တွေ့တော့ တစ်ယောက်နဲ့တစ်ယောက် ပစ်ကြခတ်ကြရော လား"

"ဘယ်ဟုတ်ပါ့မလဲ။ အဲဒီတုန်းက ဗကပနဲ့ ငြိမ်းချမ်းရေး ဆွေး နွေးနေတဲ့အချိန်ကွ။ သူနဲ့ငါနဲ့ လားရှိုးမှာတွေ့တော့ တို့နှစ်ယောက် အရက် အတူတူသောက်ခဲ့ကြတယ်"

"ဟင် ... အဘခက်ဟာကလည်း တစ်မျိုးကြီးပါလား"

"ဟ ... တို့က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ ကွာ"

"ဩော် ..."

အေးမောင်နဲ့ ကျွန်တော် အံ့သြရပြန်တယ်။

"ဟော့ ... ဒါနဲ့ မင်းတို့ အခုနပြောပြနေတဲ့ စန္ဒာမိုးဆိုတာက ဟိုရွာထဲက ဝေမိုးရဲ့သမီးမဟုတ်လား"

စိတ်ကူးသစ်စာပေ



"ဟုတ်တယ် အဘရဲ့"

"ဝေမိုးက တရုတ်မဟုတ်ဘူး။ ရှမ်းပျက်ပါကွာ။ သူ့အမေက အေးစန္ဒာ မွန်မ"

"ဒါကြောင့် သူ့သမီးက ချောတာကိုး အဘခက်ရဲ့"

"မင်းချောတာက အရေးမကြီးဘူး။ စောငယ်ကြည့်မရတာ က ခက်တယ်။ ဟား ... ဟား ... ဟား ..."

အဘခက်က ပြောပြီး အားရပါးရ ရယ်တယ်။ အေးမောင် ကလည်း လိုက်ရယ်တယ်။ ကျွန်တော်ကတော့ အဘခက် ဘာရည်ရွယ် ချက်နဲ့ ပြောနေတယ်ဆိုတာ ကျွန်တော် စဉ်းစားနေတယ်။

မခက်ဘူးလား၊ သူ့အဘိဓမ္မာက။ မျိုးရိုးရာဇဝင်ကိုလည်း သူ အကုန်သိတယ်။ ပြောလိုက်ရင်လည်း အတွေးအခေါ်ဆန်တယ်။ လုပ် လိုက်ရင်လည် ဇောက်ထိုးကြီးပဲ။ အသိရခက်တယ်။

ဩော် ... နာမည်နဲ့လိုက်အောင် သူ့ကို ခန့်မှန်းရတာ ခက် ပါလား ... အဘခက်ရယ်။

✿ ✿ ✿

[ ၅ ]

□

အဘခက်ဟာ စစ်ပြန်စစ်မှုထမ်းဟောင်းတစ်ယောက်မှန်းလား မသိ။ စည်းကမ်းကြီးတယ်။ အခုအသက်အရွယ်အထိ ကြံ့ခိုင်တယ်။ ဘယ်အလုပ်ပဲလုပ်လုပ် စနစ်ကျကျလုပ်တတ်တယ်။ အချိန်အတိအကျ သတ်မှတ်ပြီး လုပ်တတ်ပါတယ်။

သူငယ်ငယ်က စစ်ဘေးစစ်ဒဏ်ကြောင့် ကျောင်းကောင်း ကောင်းမနေခဲ့ရဖူးလို့ အမေက ပြောဖူးတယ်။ အတန်းပညာခုနစ်တန်း အထိလောက်တော့ သင်ဖူးတယ်တဲ့။ အောင်တော့ သူ မအောင်ခဲ့ဘူး ဆိုပဲ။

''ဘခက်က စာတော့ အတော်ဖတ်တယ်ကွ။ မောင်ဘတို့၊ ‌မောင်လှတို့နဲ့က ကျောင်းနေဖက်၊ ကျောင်းပြေးဖက်တွေပေါ့။ ကွန်မြူနစ်





ဒ်လို၊ ဘာလိုလိုနဲ့ စကားပြောရင် ခွတီးခွကျ။ သူထင်တာ သူလုပ်တတ် ာယ်။ မောင်ဘက တောခိုသွားတယ်။ ဘခက်က စစ်ထဲဝင်သွားတယ်။

ဘခက်စစ်ထဲဝင်တာ ဗိုလ်ချုပ်အောင်ဆန်းကို အားကျလို့လို့ တော့ ပြောဖူးတယ်။ ဒီကောင်တွေနဲ့ ငါနဲ့က သူငယ်ချင်းတွေလို ပေါင်း ာလေ။ ဒီကောင်က သေသေချာချာပေါင်းကြည့်ရင် စိတ်ရင်းကောင်း ာယ်ကွ''

အဖေက ပြောဖူးတယ်။

ဟုတ်တယ် . . . ။ အဘခက်က မနက်အစောကြီး လေးနာရီခွဲ လာက်ထတယ်။ မျက်နှာသစ်ပြီးရင် ဘုရားမီးထွန်း၊ သောက်တော်ရေ ာပ်ပြီးရင် ဘုရားကို ဆယ်မိနစ်လောက်ရှိခိုးတယ်။ ပြီးရင် ရေနွေးအိုး ာည်၊ ထမင်းကြမ်းကြော်တယ်။ မနက်ပိုင်းမှာ ငါးခြောက်သေးသေး လးတွေ၊ ဒါမှမဟုတ် ခြံထွက်ဘဲဥ ကြော်တယ်။

တစ်ခါတလေ ပဲပြုတ်သည်ကို ခေါ်ပြီးဝယ်တယ်။

ကျွန်တော်တို့လည်း ထရပြီပေါ့။ အဘခက်နဲ့ ဝိုင်းကူလုပ်ကြ ာယ်။ နောက် . . . ရေနွေးကြမ်းနဲ့ ထမင်းကြော်စားကြတယ်။

ဆယ်မိနစ်လောက်နားပြီးတာနဲ့ အဘခက်က ဓားတစ်လက်၊ ပေါက်တူးတစ်လက်ကိုင်ပြီး ခြံထဲဆင်းတယ်။

ကျွန်တော်တို့ကလည်း စာအုပ်တွေ၊ လွယ်အိတ်တွေပြင်ပြီး ဘုရှင်တက်ဖို့၊ ကျောင်းတက်ဖို့ အိမ်ကိုပြန်ကြတယ်။

ဒါက နေ့စဉ်လုပ်နေကျအလုပ်။

ကျွန်တော်နဲ့ အေးမောင်က ခုနစ်တန်းလောက်ကစပြီး ဘဘ က်ခြံထဲကို ရောက်လာကြတဲ့သူတွေပါ။ မပြတ်ဘူး။ ရာသီအလိုက် ီးနှံတွေကလည်း အမြဲလန်းဆန်းနေတယ်။ ကျွန်တော်နဲ့အေးမောင်

က ကျောင်းအားရင် အားသလို ဝိုင်းကူလုပ်ရပါတယ်။

"ဘကြီးဘခက်"

"ပြော ..."

"ငှက်ပျောသီးနဲ့ အုန်းသီးလေး ရောင်းပါရှင်"

"ဘာလုပ်ဖို့တုံး"

"နတ်ဆက်သဖို့ပါ"

"မရောင်းဘူး"

ရွာထဲကလူတွေ သူ့ဆီက ခြံထွက်ပစ္စည်းလာဝယ်ရင် ဆက်ဆံပုံပါ။

"ဘကြီးဘခက်"

"ပြော ..."

"အုန်းသီးနဲ့ ငှက်ပျောသီးလေး ရောင်းပါ"

"ဘာလုပ်ဖို့တုံး"

"ကျွန်မအိမ်မှာ ဆွမ်းကပ်လို့ တရားပွဲလေး လုပ်ချင်လို့ပါ"

"အေး ... အေး ..."

ဝယ်သူလိုချင်တဲ့ ငှက်ပျောသီးကို တန်ရာတန်ဈေးနဲ့ ရောင်းပါတယ်။

"ဘခက်ရေ ..."

"ဟေ ..."

"ငှက်ပျောသီးနဲ့ အုန်းသီး လိုချင်လို့ကွာ"

"ဘာလုပ်ဖို့တုံး"

"ငါ့သားလေးကွာ ... မင်းမသိဘူးလား။ ဆုံးသွားပြီကွ။ သူ့ရက်လည် သပိတ်သွတ်ဖို့"





"အလကားယူသွား"

အဲဒါ ဘကြီးဘခက် သူ့ခြံထွက်ပစ္စည်းတွေရောင်းပုံ။

ဒါပေမဲ့ ကြီးလေးတဲ့စည်းကမ်း သတ်မှတ်ထားတာက 'ကံ့ကော်မြိုင်' လို့ သူ့ခြံကို နာမည်တပ်ထားပေမယ့် ခြံထဲမှာကံ့ကော်ပင်က ကျွန်တော်တို့ တက္ကသိုလ်နယ်မြေရိပ်ဖြစ်တဲ့ ကံ့ကော်ပင်ကြီးတစ်ပင်တည်း ရှိပါတယ်။

ကံ့ကော်ပင်ကြီးက ကံ့ကော်ပန်းတွေ ဖွေးနေအောင်ပွင့်ရင် ရွာထဲကလူတွေ လာပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေ များတယ်။

"ဘကြီးဘခက်"

"ပြော ..."

"ကံ့ကော်ပန်းလေးတွေ ရောင်းပါ"

"ဘာလုပ်ဖို့တုံး"

"ပန်မလို့ပါ"

"မရောင်းဘူး"

ကဲ .. ပြတ်ရော။ ဟိုကလာဝယ်သူ မျက်နှာပျက်သွားသလား၊ ရှက်သွားသလား သူ အရေးမစိုက်။

"ဘကြီးဘခက်"

"ပြော ..."

"ကံ့ကော်ပန်းဝယ်ချင်လို့"

"ဘာလုပ်ဖို့လဲ"

"ဘုရားတင်ဖို့"

"အလကားယူသွား။ ဟော့ကောင် ... အေးမောင် ... လိုချင်သလောက် တက်ခူးပေးလိုက်"

အဲဒီအခါကျရင် ကျွန်တော်ဖြစ်ဖြစ်၊ အေးမောင်ဖြစ်ဖြစ် တက်ခူးပေးရတယ်။ ကျွန်တော်တို့မရှိရင် သူကိုယ်တိုင် တံချူနဲ့ ဆွတ်ခူးပေးတယ်။

"ဟော့ကောင်တွေ ... ကံ့ကော်ပန်းလာဝယ်ရင် ဘုရားတင်ဖို့ဆို ခူးပေးလိုက်။ ပိုက်ဆံမယူနဲ့။ ဒီပန်းကို ရောင်းမစားရဘူး"

အဲဒါ ဘကြီးခက်ရဲ့အမိန့်။

ဒီတော့ မခက်ဘူးလား။ ဒါကြောင့် ရွာထဲက လူတွေက ပြောကြတယ်။ အဘခက်က လူ့ခွစာကြီးတဲ့။ တချို့ကလည်း ဘခက်က စိတ်ရင်းကောင်းပါတယ်တဲ့။

ပြောကြတော့မှာပေါ့။

အင်း ... အဘခက်ကလည်း အဘခက်ပဲလေ။

✿ ✿ ✿

## [ ၆ ]

❑

ကျွန်တော်တို့က သန်လျင် အမှတ်(၁)အထက်တန်းကျောင်းကို တက်ရတယ်။ အချိန်က နေ့ (၁၁:၃၀) နာရီကနေ ညနေ (၄:၃၀) နာရီအထိ ဖြစ်ပါတယ်။

ညနေ ကျောင်းကပြန်တော့ ရွာကို ပြန်ဖို့က သန်လျင်ရဲစခန်း လမ်းကြားလေးကနေ မြက်ခင်းပြင်လေးကို လျှောက်လိုက်ရင် ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ 'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' ဆိုတဲ့ ဝတ္ထုထဲမှာ ရေးထားတဲ့ ရာဘာတန်းလမ်းကလေးကို ရောက်တယ်။

အဲဒီ လွှမ်းမောဖွယ် ရာဘာလမ်းကလေးမှာ စိမ်းစိုတဲ့ ရာဘာပင်လေးတွေကတော့ သိပ်မရှိတော့ပါဘူး။ တစ်ပင်စ နှစ်ပင်စ ရာဘာပင် ငုတ်တိုကလေးတွေနဲ့ အပင်အို၊ ကိုင်းကျိုး၊ ကိုင်းပြတ် ခန္ဓာကိုယ် မစုံလင်တဲ့ ဇရာထောင်းနေတဲ့ ရာဘာပင်ဟောင်းလေးတွေတော့ တစ်ပင်စ နှစ်ပင်စ တွေ့တယ်။

ကျွန်တော်နဲ့အေးမောင် ရဲစခန်း လမ်းကျဉ်းကျဉ်းကလေးက ထွက်လိုက်ရင်ပဲ အရှေ့က မြက်ခင်းပြင်လမ်းကလေးပေါ်မှာ ကျောင်းသူ တစ်ယောက်နဲ့ ကျောင်းသားတစ်ယောက် နှစ်ယောက်တွဲလျှောက်သွား တာ တွေ့တယ်။

ဘာတွေပြောနေမှန်းတော့ မသိဘူး။ ကျောင်းသားက ဘေး လွယ်အိတ်ထဲက စာကလေးတစ်စောင်ကို ထုတ်ပြီး ဘေးကကျောင်းသူ ကို ပေးနေတာခင်ဗျ။

ကျောင်းသူကလည်း ဘာတွေ ပြန်ပြောနေမှန်းတော့မသိ။ နောက် ... ကျောင်းသူက သူ့လက်ထဲမှာပါလာတဲ့ ထီးနဲ့ရိုက်လိုက်တာ တွေ့လိုက်ရတယ်။ ကျောင်းသားက သုတ်သုတ်သုတ်သုတ်နဲ့ ရှေ့ကို ပြေးထွက်သွားတာ တွေ့လိုက်တယ်။ သရဖူပိုက်ပြန်သလား၊အုတ်ပူပိုက် ပြန်သလားမသိဘူး။

အဲဒီအချိန်မှာ ကျွန်တော်နဲ့ အေးမောင်လည်း အဲဒီကျောင်းသူ နောက်ကို ရောက်သွားပါပြီ။

ကျောင်းသူက ခါးထောက်ပြီး ကျွန်တော်တို့နှစ်ယောက်ဘက် ကို မျက်နှာမူ လှည့်ရပ်ပြီး ခါးထောက်ကြည့်နေတယ်။

"ဟဲ့ကောင် ... စောငယ် ... နင်တို့က တစ်ရွာတည်းသား တွေဖြစ်ပြီး ဘာအားကိုးရလဲ။ နင်တို့ ဒီအတိုင်းကြည့်နေရလား။ ဘာ လဲ ... နင်တို့ယောက်ဖကို နင်တို့မြှောက်ပေးတာလား"

စန္ဒာမိုးက ကျွန်တော့်နာမည်ကိုခေါ်ပြီး တိုက်ရိုက်စော်ကား တဲ့အတွက် ကျွန်တော် သူ့မျက်နှာကို တင်းတင်းကြည့်လိုက်တယ်။

သူ့မျက်လုံးက မီးတောက်နေတဲ့အတိုင်း ဝင်းလက်ရဲလို့။





"ငါနဲ့ ဘာဆိုင်လို့လဲဟ"

ကျွန်တော် ဒေါသနဲ့ ပြန်ပက်လိုက်တယ်။

"ဩော် ... မဆိုင်ဘူး။ ဟုတ်လား ..."

'ဩော်'ဆိုတဲ့အသံမှာ အံ့ဩသံပါပြီး မာကျောနေတယ်ခင်ဗျ။

'မဆိုင်ဘူး' ဆိုတဲ့အသံမှာ အသံအား နည်းနည်းပျော့သွား သလိုရှိပြီး တိုးညင်းသွားတယ်လို့ ထင်ပါတယ်။

'ဟုတ်လား' ဆိုတဲ့ အသံကတော့ ဝမ်းနည်းသံလိုလို ပါနေ ပါတယ်။

သူ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ ...

တောက်ပတဲ့ သမင်မမျက်လုံးအနက်ရဲ့ မျက်ခမ်းဝန်းကျင် မှာ ရီဝေတဲ့၊ ကြည်လင်တဲ့ မျက်ရည်တွေဗိုင်းနေတာ တွေ့ရပြီး ကြည့် နေတဲ့အကြည့်က အရင်လို မီးတောက်မီးလျှံ မျက်ဝန်းမဟုတ်ဘူး။ ဆည်း ဆာရောင်ခြည်လို ဖျော့တော့နေတယ်။ လက်ကလည်း ခါးမထောက် ထားတော့ပါ။ သွယ်ပိုက်တဲ့ ခါးသေးလေးတစ်ဖက်တစ်ချက်စီ တန်းလန်း ညီညာစွာ ကျလို့ရယ်။

ဒီမြင်ကွင်း၊ ဒီအသံရဲ့ ရိုက်ခတ်မှုကြောင့် ကျွန်တော့်ရင်ထဲမှာ ချက်ချင်း ရုတ်တရက် ပြောင်းလဲသွားပါတယ်။

ဒီတော့ ကျွန်တော့်အကြည့်ကတည်းက စောစောက အကြည့် မျိုးမဟုတ်ဘဲ မာကျောတင်းတဲ့ မျက်နှာကြောတွေ လျော့ကျသွားပြီး ကရုဏာနဲ့ ကြည့်တဲ့အကြည့်နဲ့ ငေးကြည့်နေမိတယ်။

ဒီအချိန်မှာ ဘေးနားကပါလာတဲ့ အေးမောင်က လီမွှာပါးနပ် စွာ ...

"တို့လည်း ဒီလိုဖြစ်မယ်လို့ မသိလို့ပါ ... စန္ဒာမိုးရယ်။ နင်
တို့ အေးအေးဆေးဆေး စကားပြောနေကြတယ် ထင်လို့ပါ။ ဒီလိုမှန်
သိရင် ငါနဲ့စောငယ် ပြေးလာပြီး ဝင်းဖေကို ထိုးပစ်တာပေါ့။ ဒီကောင့်
ကို ငါလည်း သိပ်ကြည့်လို့ရတာ မဟုတ်ဘူး။ နင်ထီးနဲ့ရိုက်ထုတ်လိုက်
တာ ကောင်းတယ်။ တို့နည်းနည်း နောက်ကျသွားလို့။ နို့မို့ဆို ...
ဒီကောင် မလွယ်ဘူး။ ဗိုလ်ချုပ်ရွာသားတွေပဲဟာ။ သွေးက မနည်းပါ
ဘူး"

အေးမောင်ရဲ့ ငြိမ်းချမ်းရေးစကားကြောင့် စန္ဒာမိုးဒေါသတွေ
လျော့ကျသွားတယ် ထင်ပါတယ်။ ကျွန်တော်တို့သုံးယောက် အတူတူ
ဆက်လျှောက်လာခဲ့ကြတယ်။

"တကယ့်ကို အရေးရယ်၊ အကြောင်းရယ်ဆိုရင် တို့မှာလည်း
တာဝန်ရှိပါတယ်ဟာ။ ဒီလိုဖြစ်မှန်း တကယ်မသိလိုက်လို့ပါ နော် စန္ဒာ"

ကျွန်တော်ကပါ တောင်းပန်စကား ထပ်ပြောမိလိုက်ပါတယ်။

"အေးပါဟာ ... ထားပါတော့"

သူ့ဆီက ကျေနပ်ခွင့်လွှတ်တဲ့အသံ ထွက်လာတယ်။

အေးမောင်ဝင်ထိန်းလို့ တော်သေးတယ်။ မထိန်းရင် ရန်ဆက်ဖြစ်ကြမှာ။

နဂါးနဲ့ ဂဠုန်၊

ဆင်နဲ့ ကျား။

ကျွန်တော်တို့သုံးယောက် ရွာအထိ စကားတပြောပြောနဲ့ လျှောက်လာခဲ့ကြတယ်။

ရွာထဲရောက်တော့ သူနေတဲ့ ရွာလယ်လမ်းကို ချမ်းခွဲသွားပြီး





ကျွန်တော်တို့က ကျွန်တော်တို့နေတဲ့ တောင်ပိုင်းကို ဆက်လျှောက်လာကြတယ်။

"တော်သေးကွာ ... မင်းဝင်ထိန်းလို့။ မထိန်းရင် သူနဲ့ငါနဲ့ ရန်ဖြစ်ပြီးသားပဲ။ ဆင်နဲ့ကျား တွေ့ကြမှာ"

ကျွန်တော်က အိမ်ရောက်ခါနီး ပြောလိုက်တယ်။

"ဘယ်က ဆင်နဲ့ကျားရမှာလဲ။ ချဉ်သီးနဲ့ ဆားပါကွာ။ ဟား ဟား ... ဟား ..."

အေးမောင်က ရယ်ပြီး ဆက်လျှောက်သွားတယ်။

ဩော် ... ချဉ်သီးနဲ့ ဆား ... တဲ့။

ပြောလည်း ပြောတတ်တဲ့ကောင်။

❁ ❁ ❁

## [ ၇ ]

❑

တနင်္ဂနွေ၊ စနေနဲ့ ကျောင်းပိတ်ရက်တွေမှာဆိုရင် ဘကြီးဘခက်က ကျွန်တော်တို့ကို နေ့ခင်းဘက်မှာ မြန်မာ့ရိုးရာဂီတပညာ သင်ပေးဖို့ အချိန်ပေးပါတယ်။ ညနေပိုင်းကျရင် မြန်မာ့ရိုးရာကိုယ်ခံ သိုင်းပညာကို သင်ဖို့ အချိန်ပေးပါတယ်။

ဂီတကို စသင်တော့ အသံသဘောကို နားလည်အောင် အဆိုကို စသင်တယ်။ သူက ဒီပညာကို ရခိုင်ဆရာကြီးတစ်ယောက်ဆီက တတ်လာတယ်လို့ ဆိုတာကိုး။ တယောကိုတော့ ရှမ်းဆရာကြီးတစ်ယောက်ဆီက သင်ယူလာတယ်လို့ ဆိုတယ်။

သိုင်းပညာကိုတော့ တပ်ထဲက ဆရာတွေနဲ့ ရှမ်းပြည်က ဆရာကြီးတစ်ယောက်ဆီမှာ သင်ယူခဲ့တယ်လို့ ပြောတယ်။ တိုက်ပွဲမှာ ကျည်





သင့်လို့ ထော့နဲ့ထော့နဲ့ဖြစ်နေတဲ့ ဘယ်ဘက်ခြေထောက်ကြီးနဲ့ သိုင်းကွက်ကို မှန်အောင်ကြိုးစားပြီး နင်းပြရင်းနဲ့ သင်ပေးနိုင်တုန်းခင်ဗျ''

အဆိုကိုသင်တော့ သူက အသံသဘောကို နားလည်အောင် တယောလေးတစ်လက်နဲ့ စရှင်းပြတယ်။ ကုံကော်ပင်အောက်က ကွပ်ပစ်ပေါ်မှာပါ။

''သီချင်းတစ်ခုကို ဆိုဖို့က ကီစွလေးခုရှိတယ်ကွ။ ပထမကီစွက သီချင်းကို အက္ခရာကာရန် မှန်မှန် ရေးကူးကျက်မှတ်ရတယ်ကွ။ ဒုတိယကီစွက အဲဒီသီချင်းရဲ့ အကြောင်းအရာ အတ္ထုပ္ပတ္တိနဲ့ အဓိပ္ပာယ်ကိုသိအောင် မေးမြန်းမှတ်သားရတယ်ကွ။ တတိယကီစွက ကိုယ်ရထားတဲ့သီချင်းကို အတော၊ အဆိုင်း၊ အပိုင်းအဖြတ်၊ စည်းဝါး၊ အဝင်အထွက်၊ သေသေချာချာ နားလည်အောင် သင်ရတယ်ကွ။ စတုတ္ထကီစွကဆိုတဲ့အခါမှာ သာယာနာပျော်ဖွယ်ဖြစ်အောင် လေယဉ်လေနွဲ့၊ အရှုံအရှိုက်၊ လေယူလေသိမ်း စတဲ့အမှုအရာကို သင်ကြားရတယ်ကွ''

''ဟုတ်ကဲ့ အဘခက်''

ကျွန်တော်နဲ့ အေးမောင်က နားစိုက်ထောက်ခံပါတယ်။ ဘကြီးဘခက်က မြေရေနွေးခရာအိုးမည်းမည်းကြီးထဲက ငှဲ့ထည့်ထားတဲ့ ရေနွေးကြမ်းပန်းကန်ထဲက ရေနွေးနီနီရဲရဲလေးကို တစ်ကျိုက်သောက်ရင်း အာရှင်းလိုက်ပါတယ်။

''ဥပမာကွာ ...အခု ရေဒီယိုမှာလာနေတဲ့ မေရှင်ဆိုထားတဲ့ ချစ်ရေစင်သီချင်းကို ကောင်မလေးတစ်ယောက်က 'အခုတော့ဖြင့် မစိုပြေ နဂိုရည်ပျက်ပြုန်း ရွှေပိတုံးတွေရယ် အစာဝလို့ ဌာနပျံလေတယ်ဆိုတဲ့ အပိုဒ်မှာ ဆိုတဲ့ကောင်မလေးက အသံစီစီလေးနဲ့ သွက်သွက်

လက်လက်လေး ပြုံးပြီး နှဲပြီးဆိုရင် သီချင်းရဲ့ရသမြောက်ပါ့မလား။ အဲဒီသီချင်းဟာ ပျက်ရော။ သဘောပေါက်လား''

''ဟဲ ... ဟဲ ...''

အေးမောင်က ရယ်တယ်။

''မရယ်နဲ့ကွ။ အဲဒါက လေးနက်တယ်။ အဓိပ္ပာယ်ရှိတယ်။ အသံကိုနားထောင်ပြီး လူရဲ့အတွင်းစိတ်ကို ဖမ်းလို့ရတယ်။ အမူအရာကိုကြည့်ပြီး လူ့ရဲ့ဘဝကို သရုပ်ဖော်လို့ရတယ်။ သီချင်းအဓိပ္ပာယ်က ယောကျ်ားနဲ့တူတဲ့ ပျားပိတုန်းတွေက ပန်းဝတ်ရည်ကိုစုပ်ယူပြီး ပျံသွားကြလို့ သူ့ရဲ့အပျိုရည်ဟာ ပျက်စီးဆုံးရှုံးပြီး ကျန်ခဲ့ရပါပြီလို့ ပြောတာ။

ဒါ ... အသံစီစီလွင်လွင်နဲ့ ဆိုရမှာလား။ ဝမ်းနည်းတဲ့အသံနဲ့ လေးလေးနက်နက် ဆိုရမှာလား။ အမူအရာကလည်း ဝမ်းသာအားရနဲ့ ပျံတန်တန်နန့်တန့်တန့် ဆိုရမှာလား၊ ကြေကွဲဆို့နစ်စွာ ဆိုရမှာလား မင်းစဉ်းစား။ ရသဆိုတာ ဒါကိုပြောတာ''

''ဟုတ်ကဲ့ပါ ဘကြီးခက်''

မခက်ပါလား။ ဘကြီးဘခက်ကို လူကြမ်းကြီးလို့ ဆိုရက်စရာရှိသေးလား။ နုတော့လည်း ဖယောင်းထက်တောင် အရည်ပျော်နေသေးတယ်။

''ကြိုး၊ ဘွဲ့၊ သီချင်းခန့်များမှာကျတော့ စောင်းမှာ ခုနစ်သံ၊ ဒါမှမဟုတ် ညှင်းလုံးလို့ခေါ်တဲ့ အသံအပေါက်ကို ညှိပြီး သီဆိုရတယ်''

အဘခက်က တယောလေးကောက်ကိုင်ပြီး အသံညှိပြီးတော့ ခုနစ်သံ သံရိုးလို့ခေါ်တဲ့အသံကို စမ်းပြီးတော့ပြတယ်။

''ပတ်ပျိုး၊ သဂီသံ၊ လောကနတ်သံ (၃၇)ချင်း နတ်ချင်းလေးတွေ၊ သံကာပ်တွေကို လေးပေါက်အောက်ပြန်ဆိုတဲ့အသံနဲ့ ညှိဆိုရ





တယ်''

အဘခက်က တယောလေးနဲ့ လေးပေါက်အောက်ပြန်အသံကို ပြတယ်။

ယိုးဒယားအမျိုးမျိုး၊ တလိုင်းချင်း၊ ဘောလယ်တို့ကို ပုလဲပေါက်လို့ခေါ်တဲ့ သံမှန်ကိုညှိပြီး ဆိုရတယ်''

ထုံးစံအတိုင်း တယောသံနဲ့ ခေါ်ပြတယ်။

''တေးထပ်ရှစ်ဆယ်ပေါ်၊ ဒိန်းသံ၊ ရေကင်းသံ၊ ကရင်ဩသံတွေကို မြင်းစိုင်းလို့ခေါ်တဲ့ ငါးပေါက်နဲ့ ဆိုရတယ်။ ဒါပေမဲ့ တစ်ခါတလေ ပညာရှင်တွေက ပတ်ပျိုးကို သံမှန်ပုလဲနဲ့လည်း သီဆိုကြတယ်''

''မလွယ်ပါလား''

အေးမောင်က ပြောတယ်။

''အေးကွ ... တကယ့်လေ့လာရင် မလွယ်ဘူး။ နောက် သဖြန်ကို ငါးပေါက်၊ ခွန်းထောက်ကို ပုလဲကွက်နဲ့ ဆိုရတယ်။ တစ်ခါတလေ ဘောလယ်ကို သံမှန်နဲ့ဆိုကြတယ်။ အဲဒါကို သံမှန်ဘောလယ်၊ ငါးပေါက်ဘောလယ်၊ ဘောလယ်ကြောင်လို့လည်း ခေါ်ကြတယ်''

''အသံအနေအထားက တော်တော်အရေးကြီးတာပဲနော် ... အဘခက်''

''ကြီးတာပေါ့။ စောငယ်နဲ့ အေးမောင် ... မင်းတို့ တဖြည်းဖြည်း နားယဉ်လာလိမ့်မယ်။ ချက်ချင်းကြီးတော့ နားမစွဲဘူးပေါ့ကွာ''

''ဒါကြောင့် ဘကြီးဘခက် သူ့တဲထဲမှာ ဝါးပက်လက်ကုလားထိုင်ကလေးပေါ်မှာ မှိန်းပြီးတော့ စင်ပေါ်က ရေဒီယိုသီချင်းသံကို ပက်လက်ကုလားထိုင်လက်ရန်းကလေးပေါ်မှာ လက်ညှိုးလေးနဲ့ စည်းချက်လိုက်ရင်း ဂီတအရသာကို ခံစားနေနိုင်တာကိုး။

ရေနွေးကြမ်းတစ်ခွက်ကို ကောက်မော့ရင်း ဘကြီးဘခက်က စကားဆက်တယ်။

" ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုးဆိုတာတွေက မြန်မာသီချင်းသက်သက်တွေကွ။ ယိုးဒယားတွေကျတော့ ယိုးဒယားဘာသာနဲ့ သီဆိုတဲ့ တီးကွက်တွေကို မြန်မာပညာရှိတွေက မြန်မာဘာသာနဲ့ယူပြီး ဆိုကြ၊ တီးခဲ့ကြတာ။ အစောဆုံး မြန်မာဘာသာနဲ့ မြန်မာမှုပြုတာက ပြင်စည်မင်းသားကြီးလို့ ဆိုကြတယ်။ သူရေးခဲ့တဲ့ ယိုးဒယားရှစ်မျိုးကတော့"

ဘကြီးဘခက်က သူ့ဘေးနားက တယောလေးကို ကောက်ကိုင်လိုက်တယ်။

ခွေထားတဲ့ ညာဘက်ခြေထောက်ပေါ်ကို မသန်တဲ့ ဘယ်ဘက်ခြေထောက်လေး ချိတ်ပြီး တင်လိုက်တယ်။ ဒါက ဘကြီးဘခက် တယောထိုးတဲ့ပုံစံ။

ရွှေညာ ... အစချီတဲ့ မရန်တင်ယိုးဒယား ...။

တယောသံလေးခေါ်ပြီး သီချင်းလေးကို နည်းနည်းစမ်းပြီး ဆိုပြတယ်။

နောက် ... နှင်းယွန်းဟေမန်၊ ခက်မွန်ယိုးဒယား ...။

အဆိုနဲ့ တယောသံပါ တစ်ခါတည်းဆက်လာတယ်။

"တောင်တောင်စွယ်အစချီတဲ့ ခမိန်ယိုးဒယား၊ တောမြိုင်ခြေလမ်း ရဂုံသာဘွေ အစချီတဲ့ တနောက်ယိုးဒယား၊ ပန်းမြိုင်လယ် အစချီတဲ့ ဖိန်းချားကြီးယိုးဒယား။ ခိုင်ပန်းစုံ အစချီတဲ့ ထပ်တွန့်ယိုးဒယား၊ မှော်ရုံဟေဝန်အစချီတဲ့ ချွတ်ချံယိုးဒယား၊ မှိုင်းမှုန်ပြာညို့ရီ မှောင်ဝေ အစချီတဲ့ ငုငစ်ယိုးဒယားဆိုပြီး ယိုးဒယားရှစ်မျိုးရှိတယ်ကွ"





ယိုးဒယားသီချင်းတိုင်း တယောလေးနဲ့ တစ်ပိုဒ်နှစ်ပိုဒ် ဆိုပြပါတယ်။ ကျွန်တော်တို့နှစ်ယောက်က ပါးစပ်အဟောင်းသားနဲ့ အဘခက်ကို ငေးကြည့်နေမိပါတယ်။

"အေး ... ဒါကြောင့်မို့ ရွှေနှင်းတောမြိုင်၊ ပန်းခိုင်မှော်မှိုင်း၊ ခြားပိုင်းရှစ်သံ၊ ဖရန်ကင်ညွန့်၊ ခက်မွန်ခမိန်၊ တနောက်ချိန်သား၊ ဖိန်းချားထပ်တွန့်၊ ချွတ်ချံ ငုငစ်၊ အသံရှစ်၊ မှတ်လစ်စဉ်အလာ ...လို့ ရှေးဆရာတွေက ဆိုထားတာပေါ့ကွာ"

ရေနွေးတစ်ခွက် မော့ပါတယ်။

ကျွန်တော်နဲ့အေးမောင် အဲဒီကစပြီး အဆိုကို စတက်ခဲ့ရတယ်။

ဆိုတော့လည်း ကျွန်တော်နဲ့အေးမောင် တစ်ယောက်တစ်လှည့် စည်းနဲ့ဝါးကို ကိုင်ဆိုရတယ်။ အဘခက်က တယောသံနဲ့ ဖသံပြပါတယ်။

ကြိုးထဲက သုံးပုဒ်လောက်၊ ဘွဲ့ထဲက နှစ်ပုဒ်လောက်၊ သီချင်းခံ့ထဲက သုံးပုဒ်လောက်၊ ပတ်ပျိုးထဲက ငါးပုဒ်လောက်၊ ယိုးဒယားထဲက ငါးပုဒ်လောက်၊ ဘောလယ်ထဲက သုံးပုဒ်လောက် စသည်ဖြင့် တဖြည်းဖြည်းချင်း ကျောင်းအားတဲ့ရက်တွေမှာ သင်ပေးခဲ့ပါတယ်။

'ချစ်သမျှကို' ပတ်ပျိုး အဆုံးတက်တုန်းက မှတ်မှတ်ရရ ကလေးတစ်ခု ရှိပါတယ်။

ကျွန်တော်နဲ့ အေးမောင်က ပတ်ပျိုးကို ဆိုကောင်းကောင်းနဲ့ အသံကုန် ဟစ်နေကြတာက ...

"သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်၊ ဆုထူးငယ်ာန် ချွေသွန်း၊ ချစ်လို့ငယ်မကုန်၊ ဝသုန်ဤမြေ သိကြားစေသက်သေညွှန်း၊

ပုံ့မွှန်မွှေးလှိုင်၊ ကျူလေတည့်မှ၊ သုံးလူ့ထွဋ်မှတ်ကျူ၊ မတူလေပြိုင်နှုန်းကင်း''

ကျွန်တော်တို့နှစ်ယောက်က အဲဒီအပိုဒ်အထိ အသံကို တက်သံနဲ့ မြှင့်ပြီးဆိုထားပါတယ်။ နောက် … ဆက်ပြီး အသံချရတော့မယ့် ခြောက်ဖျာစုံရောင်မျိုးငယ်လင်း ဆိုတဲ့အပိုဒ်မှာ အသံမချနိုင်တော့ပါဘူး။

အေးမောင်က အဲဒီအပိုဒ်မှာ …

'ခြောက်၊ ဖျာစုံ ၊ ရောင်မျိုးလင်း' ကို ဆောင့်ပြီး တစ်လုံးချင်းချလိုက်ပါတယ်။

ကျွန်တော်က အသံကို ပြန်မချနိုင်တဲ့အတွက် …

''ခြောက်ဖျာစုံ ရောင်မျိုးလင်း''

လို့ အသံကို အနိမ့်အမြင့်မမှန်ဘဲ ရောပြီး အမြန်ချလိုက်ပါတယ်။

''ဘုန်း …''

''ဘုန်း …''

ဆိုတဲ့ အသံနှစ်သံထွက်လာပြီး ကျွန်တော်တို့နှစ်ယောက် ပက်လက်လဲသွားပါတယ်။

ဘကြီးဘခက်ရဲ့ ညာဘက်ပေါင်ပေါ်မှာ ချိတ်ထားတဲ့ ဘယ်ဘက်ခြေထောက်လေးက ဆန့်ထွက်လာပြီး ကျွန်တော်တို့နှစ်ယောက် ရင်ဘတ်အစုံကို တစ်ချက်စီ ခတ်လိုက်တဲ့အသံပါ။

''ငါလခွေးမှ … မင်းတို့ကို မသင်တော့ဘူး''

ဘကြီးဘခက် ဒေါထသွားပါတယ်။





''သွားကြ … သွားကြ။ မင်းတို့နှစ်ကောင် ငါ့ခြံထဲမှာ မနေကြနဲ့။ ငါ ထရိုက်မိမယ်''

ကျွန်တော်တို့က ကိုယ့်အပြစ်ကိုယ်သိလို့ ဝမ်းထဲက ကိုယ်စီကျိတ်ပြီး ရယ်နေကြပေမယ့် သူ့ရှေ့မှာ မရယ်ရဲ။ မျက်နှာငယ်ကလေးတွေနဲ့ ထိုင်နေကြတယ်။

''ဒါ … အနုပညာကွ။ မင်းအမေလင်များ အောက်မေ့လို့လား။ ခွေးသံ၊ ဝက်သံနဲ့ လာဆိုနေတယ်။ ဒါကြောင့် တို့အနုပညာတွေပျက်ကုန်တာ''

သူ အတော်ဒေါသထွက်နေပါတယ်။

မခက်ဘူးလား။ မြန်မာ့အနုပညာနဲ့ ပတ်သက်ပြီးတော့လည်း နည်းနည်းမှ အပျက်အစီး အတိမ်းအစောင်းမခံ။ လူပုံကသာ ကြမ်းတယ် နူးညံ့လိုက်တဲ့ နှလုံးသား။ နည်းနည်းလေးမှ အတို့အထိမခံနိုင်။ မြန်မာ့အနုပညာကို တန်ဖိုးထားလွန်းတဲ့ သူ့ရဲ့အသည်းနှလုံး။

နေလေးကလည်း နည်းနည်းစောင်းလာပါပြီ။ ဒီတော့ သူ့အချိန်ကျပြီပေါ့။

''ဟော့ကောင် … အေးမောင် …''

''ဗျာ … အဘခက်''

''ငါ့ပုလင်းနဲ့ အမြည်းသွားယူ''

''ဟုတ်ကဲ့''

ကျွန်တော်နဲ့အေးမောင် တဲထဲကို သုတ်သုတ်လေး ဝင်ခဲ့ပါတယ်။ ပန်းကန်ခွက်၊ ရေချိုင့်တစ်ချိုင့်၊ အေးမောင်က ခြံထွက်သံပရာသီးလေးတွေ စိတ်ပြီး၊ ငါးခြောက်ပန်းကန်ကိုင်ပြီး သုတ်သုတ်လေးထွက်

လာကာ ကိုယ်တော်ကြီးကို မြန်မြန်ဆက်သရပါတယ်။ သူ့ဒေါသတွေ ပြေသွားအောင်ပေါ့။

အဲဒီကတည်းက ကျွန်တော်တို့ အဘခက်နဲ့လုပ်ရင် ပေါ့ပေါ့ဆဆ လုပ်လို့မရဘူး။ သေသေချာချာ စနစ်တကျလုပ်မှ ရမယ်ဆိုတဲ့ သင်ခန်းစာတွေ ပွေ့ပိုက်ခဲ့ရပါတယ်။

✿ ✿ ✿

[ ၈ ]

❑

ကျောင်းသွားဖော်တစ်ယောက် တိုးလာတယ်။

"စန္ဒာမိုး"

ဟိုတစ်ရနေ့က ဝင်းဖေ စာလိုက်ပေးပြီးနောက် ကျွန်တော်တို့နဲ့အတူ ကျောင်းသွားကျောင်းပြန် ဖြစ်လာတာပါ။

စန္ဒာမိုးရဲ့ မိဘတွေက ရွာမှာဆိုရင် စီးပွားရေးကောင်းတယ်။ တစ်ရွာလုံးက ဝယ်စားနေရတဲ့ ကုန်စုံဆိုင်အကြီးကြီးနဲ့ သူ့အဖေက တရုတ်ပီပီ ဒိုပြင်စီးပွားရေးလုပ်ငန်းတွေလည်း ရှိပါတယ်။ သူ့အမေက ငွေတိုးချေး။ အပေါင်ခံတယ်လို့ အကြမ်းဖျင်းသိတယ်။

အိမ်ကြီးကလည်း အကြီးကြီး။ ဘေးပတ်လည်မှာ အုတ်တံတိုင်းအပြည့်ခတ်ထားပြီး စည်းရိုးသံတံခါးတွေ အနိုင်အမာ ပိတ်ထားတာပါ။

သမီးကလည်း စန္ဒာမိုးတစ်ယောက်တည်း။ စန္ဒာမိုးက ရွှေတွဲလဲ ငွေတွဲလဲနဲ့ ကျောင်းတက်နိုင်သူ။

သူတို့မောင်နှမတွေ ရွှေတွဲလဲ ငွေတွဲလဲနဲ့ ကျောင်းမှာ သုံးနိုင်စွဲနိုင်တယ်။ သမီးတစ်ယောက်၊ သားတစ်ယောက်ဆိုတော့ အလိုလိုက်ထားမှာပေါ့။

ကျွန်တော်နဲ့အေးမောင်က အမြဲ ဘိုင်ပြတ်နေသူတွေလေ။

ကျောင်းတက်ရင် စန္ဒာမိုးက လွယ်အိတ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ခေါင်းစည်းအမျိုးမျိုး၊ ဆံညှပ်အမျိုးမျိုးနဲ့ တက်နိုင်ပေမယ့် ...

ကျွန်တော်ကတော့ လွယ်အိတ်တစ်ပတ်နွမ်း၊ ကျောင်းယူနီဖောင်း အစိမ်းရောင်လုံချည် ခပ်နွမ်းနွမ်းနဲ့ အကျီအရောင်ဖျော့နေတဲ့ ကျောင်းအကျီလက်တို၊ သားရေဖိနပ်ပြတ်လုဆဲနဲ့ အားခဲပြီး သွားနေပါတယ်။

"ဒီအပတ် နင်ဘယ်လောက်ချိတ်လဲ"

စန္ဒာမိုးက ကျွန်တော့်ကို မေးပါတယ်။ ဒါ ... သိလျက်သားနဲ့ ကြွားချင်လို့မေးမှန်း ကျွန်တော်သိလိုက်ပါတယ်။ ခါတိုင်းဆိုရင် ဘုပြန်တောလိုက်ရုံသာရှိပေမယ့် ဩော် ... အခု သူငယ်ချင်းလို ဖြစ်နေပြီလေဆိုတဲ့ အသိနဲ့ ...

"နှစ်ချိတ်တယ်ဟာ။ နင်ကလည်း သိလျက်သားနဲ့"

"ဟိုတစ်ပတ်က နင် တစ်ချိတ်ထားတယ်လေ"

"အေးလေ ... အခုအပတ် နင်က တစ်"

ကျွန်တော်က ရှဲ့တဲ့တဲ့ ပြန်ပြောလိုက်တယ်။

"အောင်မယ် ... လေးမှတ်ပဲ ကွာတယ်နော်"





"မင်းတို့ကလည်းကွာ ... မင်းတို့ပဲ တစ်ယောက်နဲ့တစ်ယောက် သူတော်တယ်။ ငါတော်တယ်နဲ့ အပြန်အလှန် ချီးမွမ်းနေကြတယ်။ ငါ့ကျတော့ မချီးမွမ်းကြဘူး"

ဘေးကပါလာတဲ့ အေးမောင်က ဖောက်တယ်။

"မင်းကို ဘာချီးမွမ်းရမှာလဲ"

"ငါလည်း အတန်းထဲမှာ ငါးနဲ့ခြောက်ကို မကျအောင် တစ်လှည့်စီ လှည့်ထိန်းထားတာ။ မချီးကျူးလောက်ဘူးလား"

"အေး ... ချီးကျူးထိုက်တယ်။ ဘွဲ့လည်း ပေးထိုက်တယ်"

"ဘာဘွဲ့လဲဟ"

စန္ဒာမိုးက ဝင်ထောက်တယ်။

"ငါးခြောက်ဘွဲ့"

"ဟား ... ဟား ... ဟား ..."

သုံးယောက်သား ဝိုင်းရယ်ကြတယ်။

"စောငယ်က အပြောလည်း ကျတယ်နော်"

လမ်းသွားရင်း သွယ်သွယ်ပျောင်းပျောင်းလေး ကျွန်တော့်ဘက်ကို လှည့်စောင်းပြီးတော့ မျက်စောင်းလေးထိုးကြည့်ပြီးတော့ စန္ဒာမိုးက ပြောတယ်။

"အောင်မာ ... နင်ကပါ ပင့်နေပြန်ပြီ။ အလိုတူအလိုပါ"

အေးမောင်က တွန်းသလိုလို၊ ပို့သလိုလို ပြောတယ်။

"ပြောပါစေ ... စန္ဒာမိုးရယ်။ ဒီငါးခြောက်ကို ည ဘကြီးဘခက်တဲရောက်မှ ဖုတ်မယ်"

"ဟား ... ဟား ... ဟား ..."

သုံးယောက်သား ရယ်ပြန်ပါတယ်။

"ဒါနဲ့ နေဦးဟဲ့ ... စောငယ်။ နင့်ဘကြီးဘခက်က လူ့ခွစာကြီးဆို။ ရွာထဲက လူတွေပြောတာ ငါကြားဖူးတယ်"

"ဘယ်ကဟုတ်ရမှာလဲ။ လူ့ပညာကြီးဟ"

"ဘာ ... လူ့ပညာကြီး ... ဟုတ်လား"

"ဟုတ်တယ်ဟ ...။ သူ့မှာ ဘဝပညာတွေ အများကြီးရှိတယ်"

စန္ဒာမိုးက ငေးငေးလေး စဉ်းစားသွားပုံရတယ်။

"ဘာပညာလဲ ... သိလား စန္ဒာမိုး"

အေးမောင်က ဖောက်တယ်။

"ပြော ..."

"ကန်တဲ့ပညာဟေ့ ... ကန်တဲ့ပညာ။ ငါနဲ့ဒီကောင် ခဏခဏ အကန်ခံရတယ်"

"ဟယ် ... နင်တို့ဟာကလည်း"

စကားတပြောပြောနဲ့ ရွာကို ရောက်ခဲ့ပါတယ်။

✿ ✿ ✿

[ ၉ ]

❑

ကျွန်တော်တို့နှစ်ယောက် အဘခက်ထံမှာ ဂီတပညာ ဆည်းပူးခဲ့ရစဉ်က ...

အေးမောင်က တယောထိုးရင် ကျွန်တော်က စည်းနဲ့ဝါးကိုင်တယ်။ ကျွန်တော့်အလှည့်ဆိုရင်တော့ အေးမောင်က စည်းဝါးကိုင်ပေါ့။ အဘခက်တယောထိုးရင်တော့ အေးမောင်နဲ့ ကျွန်တော် တစ်ယောက်တစ်လှည့် စည်းကိုင်တယ်ပေါ့။

အဘခက်ကိုယ်တိုင်က ချိတ်ပြီးတင်ထားတဲ့ ဘယ်ဘက်ခြေဖျားလေးက တလှုပ်လှုပ်လိုက်နေတဲ့ စည်းချက်ကိုကြည့်ပြီး လိုက်ရတာ။ မှားလို့ကတော့လား ...။ မသန်တဲ့ အဘခက်ရဲ့ ဘယ်ခြေလေးက ခြေပြန် ကျွန်တော်တို့ဆီကို မိတ်ဆက်ပြီသာမှတ်။

ဂီတဆည်းပူးတဲ့နေရာကတော့ ကုံကော်ပင်အောက်က ပန်တျာကျောင်းစတိတ်ရှိုးစင် ကွပ်ပျစ်ပေါ်မှာပါ။

ပထမဦးဆုံး ...

"စည်းနဲ့ဝါး ××× စည်းနဲ့ဝါး ××× စည်းနဲ့ဝါး ××× စည်းနဲ့ဝါးလေး ××× စည်းနဲ့ဝါး ××× "က စပြီးတက်ရပါတယ်။ တယောထိုးတဲ့သူက ထိုး၊ စည်းကိုင်တဲ့သူက ကိုင်ရတဲ့အပြင် ပါးစပ်ကလည်း နှစ်ယောက် လိုက်ဆိုရပါတယ်။ အချိုးကျတော့မှ ...

"တံတျာ ××× တေရှင် ××× တေရှင် ××× တျန့် ××× တျန့်တံတျာတေရှင် ××× ဒလုဒလု ××× ထုံးတျန့်တျန့်တောပင် ××× တောလုံးနှံ့ပါလို့လေး"

ပုစဉ်းတောင်သံ ကြိုးကိုစတက်ရပါတယ်။ အဝင်အထွက် စည်းချက်နရီ ကိုက်ဆိုပြီဆိုတော့မှ ကြိုးသီချင်းထဲက သီတာသာယာ ပုံပမာဆိုတဲ့ ကလပ်ငယ်ကြိုး၊ ကလပ်ကြီးကြိုး၊ ထွန့်တက်သံသာကြိုး၊ သီကြားမင်း ခရုသင်းသံကြိုးတို့ကို တက်ပေးပါတယ်။

ကြိုးတွေတက်ပြီးတည်းက ကျွန်တော်နဲ့အေးမောင် တော်တော်အပိုးကျိုးနေပါပြီ။ ဘကြီးဘခက်ရဲ့ အသားမာတက် ဘယ်ခြေပြန်ကန်ချက်ကြောင့် ကျွန်တော်တို့ ပေါင်၊ ခါး၊ လည်ပင်း၊ ရင်ညွန့်တွေလည်း အတော်လည်း အထိနာနေခဲ့ရပါပြီ။

ကျွန်တော်တို့ ခုနစ်တန်းလောက်ကတည်းက စခဲ့တာဆိုတာဆိုတော့ တော်တော်လည်း ထရိန်နင်နာ အရည်ထူနေခဲ့ပါပြီ။

ကြိုးတက်တုန်းက မှတ်မိပါသေးတယ်။

ဒေဝဒူတအလိုက် စောင်းဘွဲ့ကြိုးကို တက်တုန်းက သီချင်းထဲမှာပါတာက ...





"လက်သံ ××× လက်သံ ××× လက်သံ ××× လက်သံရှိန်ပြင်းသာတည့် ××× သာဘိခြင်းငယ်နဲ့ ××× "လို့ပါပါတယ်။ ဒါကို အေးမောင်က ဘကြီးဘခက် တဲထဲဝင်သွားတုန်း ...

"ခြေသံ ××× ခြေသံ ××× ခြေသံ ××× ခြေသံရှိန်ပြင်းသာတည့် ××× သာဘိခြင်းငယ်နဲ့ ××× "

လို့ တိုးတိုးလေးရွဲ့ဆိုပြီး နှစ်ယောက်သား တယောဆက်မထိုးနိုင်ဘဲ ကြိတ်ရယ်ခဲ့ကြပါတယ်။ စိတ်ဝင်စားစရာကောင်းသလို ပျော်လည်း ပျော်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကလည်း ဘကြီးဘခက်ရဲ့ ဘယ်ခြေထောက်က ထိန်းထားပေလို့သာပေါ့။ နို့မို့ဆို ... ဗမာ့ဂီတတွေ ပျက်ကုန်မှာပါ။

ကြိုးပြီးတော့ ဘွဲ့သီချင်းများ တက်ပေးပါတယ်။ ဥကင်ဘုံမြင့်၊ အတိုင်းမသိ မဂ်လာကျက်သရေ၊ ဂန္ဓမာတောင်၊ နန်းရဝေမြင့်၊ မန္တလာဘုံ၊ မြရည်နန္ဒ၊ သည်ဆောင်းဟေမာန်၊ ဟေမဝန်ချာ စတဲ့ ဘွဲ့သီချင်းတွေ တက်ရပါတယ်။

စည်းဝါးအဝင်အထွက် ဆိုပေါက်ဆိုကွက်တွေ အတော်အပိုးကျိုးနေကြပါပြီ။ တစ်နည်းပြောရရင်တော့ ဘကြီးခက်ရဲ့ အကန်နည်းနည်း သက်သာနေပါပြီ။

ပြီးတော့ သီချင်းခံကြီး သုံးလေးပုဒ်လောက် တက်ရပါတယ်။ စုံနံ့သာမြိုင်လယ်၊ ဇမ္ဗူကျွန်းထုံး၊ ဖေယျာရွှေမြေ၊ ထူးမခြားနား၊ တောင်ရောင်နေကသာ၊ ပန်းကြာဝန်မှုန် ... စသည်စသည်ပေါ့လေ။

ဘုန်းမိုးသွန်းလောင်းသီချင်းခံ့တက်တုန်းက သီချင်းတက်ပြီးကွပ်ပျစ်ပေါ်က ပုလင်းတွေ၊ အမြည်းပန်းကန်တွေ သိမ်းနေတုန်း အေးမောင်က ...

"သိမ်း ××× သိမ်း ××× မြန်မြန်သိမ်းပါ ××× ဟိုမှာ ××× မှုုးနေတဲ့ဟာ ××× အာကာခြေဖဝါးမိုးလို့သာ ××× " ဆိုသဖြင့် ကျွန်တော်က ...

"မောရတဲ့အထဲမှာ ... အေးမောင်ရာ။ သီချင်းမှာ ပါတာက "တိုင်းပြုပြည်ရွာ ××× သိမ်း ××× သိမ်း ××× မြန်မြန်ရဲကာ ××× ခံရာထူးထွေလာ ××× အာဏာခေါင်ချာ ××× မိုးလို့ဝေသာ ××× " ပါကွာ။ မင်းကလည်း ... ဟဲ ... ဟဲ"

ဘကြီးဘခက်မကြားလို့ သက်သာတာပေါ့။

ပတ်ပျိုးတွေတက်တော့ ဘကြီးဘခက်ရဲ့ သင်ပြတဲ့ တယောသံက သွယ်သွယ်မောမောလေးနဲ့ တုန်ခါနေပါတယ်။ အသံကလည်း ဆွေးမြည့်တမ်းတနေယောင် ပေါ်နေပါတယ်။

တယောကြိုးပေါ်က အဘခက်ရဲ့ လက်ချောင်းကလေးတွေကလည်း တုန်ခါနေတယ်။ တယောဘိုးတံလည်း အစအဆုံး ပြေးဆွဲနေပါတယ်။

သီချင်းတွေက အောင်မြေသာစံ၊ ကြုံလေဘုံဘွေ၊ ချစ်သမျှကို၊ စိန်ကြောင်နီလာ၊ စက်လည်းမရှင်၊ ညဥ့်သုံးယံခါ လေပြေလာ၊ နံ့သာ နီတောင်၊ ပပငယ်လေဝင်းဝင်း၊ ပန်းတသင်းသင်း၊ ပြေလည်းမပြေ၊ ဘုံပျံနေနန်း၊ မဲဇာတောင်ခြေ၊ ယမုံနာသီတာသောင်ခြေ၊ ရှစ်စုံရွှက်ကြာ၊ ရွှေယင်ပေါင် ငွေယင်ပေါင် ... စသည် စသည်တို့ပေါ့။

'ပပငယ်လေဝင်းဝင်း' ပတ်ပျိုးဟာ အေးမောင်အာအတွေ့ဆုံး၊ လက်သံအပြောင်ဆုံး သီချင်းဖြစ်သလို ဘယ်လက်ချောင်းကလေးလေးချောင်းကလည်း အတုန်ခါဆုံး၊ အရွှေ့လျား အလျင်မြန်ဆုံးဖြစ်





ပါတယ်။ တယောသံကလည်း ဟိုတံငါလှေလေးလို လေနဲ့ ရေမှာမျောပြီး ချောနေပါတယ်။

"မင်းတယောသံက နားထဲမှာ ငြိတယ်ကွ၊ ရင်ထဲမှာလည်း စွဲတယ်"

အဲဒီလို အဘ ဘခက်က နှလုံးသားနဲ့ ဆုံးဖြတ်ပြီး မှတ်ချက်ပေးပါတယ်။

ယိုးဒယားသီချင်းတွေကိုတော့ တော်တော်လေး သင်ပေးပါတယ်။ စုံပန်းစုံ၊ မှုန်မာလာ၊ စက်လည်းပျော်ပါနိုင်၊ စိန်ခြယ်ခြူးသန်း၊ နန်းဘုံသီတာဘွေ၊ ပန်းမြိုင်လယ်၊ ပန်းဟေဝန်ခုနစ်ထွေ၊ ဖော်ကွာဝေးသူမို့၊ မန်းတောင်လျှာ၊ မှိုင်းမှုန်ပြာညို၊ ရီမှောင်ဝေ၊ ကောင်းခြင်းသခ်ီ၊ အောင်ဇေယျတု သဗ္ဗမင်္ဂလာ၊ တေဘုမ္မာ ... စတဲ့ သီချင်းတွေပါ။

မန်းတောင်လက်ျာသီချင်းကတော့ အေးမောင်မကြာခဏ အော်တတ်ပါတယ်။ သူဆိုရင် ...

"နေသို့ဖြာရောင်ထွန်း ××× ရွှန်းတေဇာ ××× နန္ဒာရေ ဝန်းညာက ××× ပတ်လည်ကာ ××× ရွှေမန်းတောင်တော်သာ ××× အို ××× ဆန်းပါပေ့ ××× ဝတီ စံပျော်က ××× အိုလေ ××× စံမျှော်မြန်းတယ် မန်းလေးဌာနီ ××× တိုင်းလေးရွှေပြည် ××× ဟိုမဝေးဘူး ××× ရောက်လုပါပြီ ××× "

အဲဒီနေရာမှာ ကျွန်တော်က ...

"သချိုင်းကို ... သချိုင်းကို ..."

လို့ အမြဲဝင်ဖောက်ပါတယ်။

"ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့နှစ်ယောက်လုံး ဟားကြပါတယ်။

"တေဘုမ္မာရေးတဲ့ ဆရာဦးပြုံးချိုဟာ အတော်တော်တဲ့ ပညာ ရှင်ကွ။ ဆရာသုခ ပြောဖူးတယ်။ တေဘုမ္မာကို သူငယ်ငယ်က ဘုန်းကြီး ကျောင်းအောက်ကနေ သူအော်ဆိုတော့ ကျောင်းပေါ်က ကျောင်းထိုင် ဘုန်းကြီးက 'ဟေ့ ... ဒီသီချင်းကို ဘယ်သူရေးတာလဲကွ' လို့ မေ တယ်တဲ့"

တစ်နေ့ ကျွန်တော်တို့ကို တေဘုမ္မာသင်ရင်း အဘခက်က ပြောပြဖူးပါတယ်။

"ဆရာသုခက 'ဦးပြုံးချို ရေးတာပါဘုရား' လို့ပြန်လျှောက် တော့ ဆရာတော်က 'အေး ... အဲဒီကောင်မိုက်ရင် ဆုံးမလို့မရဘူး' လို့ ပြန်ပြောတယ်တဲ့ကွ"

ဘကြီးဘခက်က ရေနွေးကြမ်းတစ်ကျိုက် ကျိုက်လိုက်ပြီး ..

"အင်း .. ဟုတ်တယ်လေကွာ။ သီချင်းထဲမှာ ပါတဲ့အတိုင်း သခ်ီရတွေ ... သခ်ီရတွေ ... သခ်ီရတွေပါပဲကွာ"

သူက လေးလေးနက်နက် တရားသဘောကို ခေါင်းလေး တညိတ်ညိတ်နဲ့ ပြောတယ်။

တရားကို သီချင်းနဲ့ သဘောပေါက်ရတယ်လို့။

မခက်ဘူးလား ...။

✿ ✿ ✿

[ ၁၀ ]

❑

တစ်နေ့ ခြံထဲက ကံ့ကော်ပင်အောက်မှာ တယောသင်မလို့ ဝိုင်းဖွဲ့နေကြတုန်း အဘခက်က ကံ့ကော်ပင်ထက်ကို အကြာကြီး မော့ ကြည့်နေတယ်။

ကျွန်တော်နဲ့အေးမောင် ဘေးကနေ ကြောင်ပြီး ငေးကြည့်နေ မိတယ်။

"ဩော် ... ကံ့ကော် ... ကံ့ကော် ..."

အဘဘခက်ဆီက ကိုယ့်ဟာကိုယ် ညည်းသလိုလို၊ ပြောသလို လို အမှတ်မထင် ကြားလိုက်ရတယ်။ ကျွန်တော်တို့နှစ်ယောက် ငြိမ်ပြီး နားထောင်နေကြတယ်။

"စောငယ် ..."

"ဗျာ ... အဘခက်"

"ကံ့ကော်တွေ ဘယ်အချိန်ပွင့်လဲကွ"

"တပို့တွဲမှာ တစ်ခါပွင့်ပြီး တန်ခူးမှာလည်း ပွင့်တတ်ပါတယ် အဘခက်"

ကျွန်တော်ကလည်း ကံ့ကော်နဲ့ရင်းနှီးပြီးသားမို့ မဆိုင်းမတွ ပြောလိုက်ပါတယ်။

"အေး ... ဒီအပင်က ငါကိုယ်တိုင်စိုက်ခဲ့တဲ့ အပင်ကွ"

အဘအသံက လေးနက်ပြီး ကြည်တယ်။ ကျွန်တော်တို့နှစ်ယောက်ကလည်း နားထောင်နေကြတယ်။ ကျွန်တော်တို့ကိုကြည့်ပြီး ...

"ကံ့ကော်ပင်တွေကို အဝေးက မြင်ရရင် အုံ့ဆိုင်းပြီး စိမ်းညို့ရောင်နဲ့ စုစည်းပြီး အရိပ်က အေးမြနေတဲ့သဘော ရှိတယ်ကွ။ အနီးက ကြည့်ရင်တော့ သူ့အရိပ်မှာ ခိုနားချင်စိတ်၊ အပန်းဖြေချင်စိတ်၊ တတ်နိုင်ရင် အရိပ်အောက်မှာ ပက်လက်လှန်အိပ်ပြီး စိတ်ကူးယဉ်စရာကောင်းတယ်ကွ"

"ဟုတ်ကဲ့"

အဘခက်က ကံ့ကော်ပင်ကြီးကိုကြည့်ပြီး ကံ့ကော်ရဲ့အဘိဓမ္မာကို ဖွင့်နေတယ်လေ။

"ကံ့ကော်ရဲ့ အကိုင်းအခက်၊ အပွင့်အလက်တွေကို သင့်ရာကကြည့်ရင် အနံ့ရော၊ အဆင်းပါ သင်းသင်းလေးနဲ့ ကဗျာဆန်တယ်ကွ။ ကံ့ကော်ရဲ့အပွင့်က အကြမ်းဖျင်းအားဖြင့် ပွင့်ဖတ်က အဖြူရောင်၊ အထဲက ဝတ်ဆံက အဝါရောင်ကွ။ အသေးစိတ်ပြောရရင် အဝါဖျော့၊ အဝါနုရောင်တွေ တွေ့ရတယ်ကွ။ သူ့အနံ့က ရှူလိုက်ရင် နှစ်မြို့က်စရာ





ရန့်ကွ။ သူ့ရန့်ကို ရှူလိုက်ပြီးရင် ကြည်လင်သွားပြီး ထပ်တလဲလဲ မွှေးနေချင်တယ်ကွ"

"ဟုတ်ကဲ့"

အေးမောင်က ဟုတ်ကဲ့လိုက်ရင်း ဘကြီးခက်အလစ်မှာ ကျွန်တော့်ကို မျက်လုံးပြူးပြီး ကြည့်တယ်။ ရော် ... ခက်ချေပြီဆိုတဲ့ သဘောပေါ့။

"ကံ့ကော်ရဲ့ ဝတ်ဆံလေးတွေကို ကြည့်စမ်း ဖိပြီး နမ်းလိုက်တိုင်း ပိပြားသွားသလိုရှိပေမယ့် ဖိပြီးနမ်းလိုက်တိုင်း ခေါင်းဖော်ပြီး ကြွကြွခံနေတယ်။ ဖျတ်ခနဲကြည့်လိုက်တော့ ပြုံးပြပြီး စိန်ပြန်ခေါ်နေသလိုပဲ။ ဟဲ ... ဟဲ ..."

"ဟုတ်ကဲ့"

သူ့ဟာသူပြောပြီး သူ့ဟာသူ သဘောကျနေတဲ့ပုံ။

"ကံ့ကော်ပန်းရဲ့ ညှာတံကလေးတွေက နုမလိုလိုနဲ့ ခိုင်လှတယ်ကွ။ ပန်းပွင့်လေး အဖိအနှိပ်ခံရတိုင်း ကြွေကျမသွားအောင် နွမ်းမသွားတဲ့အထိ သမီးလှကလေး မွေးထားတဲ့မိခင်လို အမြဲလိုက်ပါစောင့်ရှောက်နေတယ်။ ပန်းလေးတွေ လမ်းမှာကျနေလို့ တွေ့လိုက်သူတိုင်းက နုမြောတသမိကြတယ်။ ကံ့ကော်ပန်းကြွေ မြေခပေမယ့် မဲ့မသွားဘူး။ ပြုံးပြနေသလိုပဲ။ ရိုးတံကမာ၊ ရွက်ပြင်ကပြန့်၊ အနံ့က မပြယ်ဘဲ လောကခံကို ကြံ့ကြံ့ခံဝံ့ကြောင်း သက်သေပြနေတယ်။

"ဟုတ်ကဲ့"

တကယ့် အဘခက်ပါလား။

"အေး ... မင်းတို့မှတ်ထား။ ကံ့ကော်ကို အင်္ဂလိပ်လို (cobra's saffron) ကို ဘာရာစပ်ဖရွှန်လို့ခေါ်တယ်။ ကချင်လို (Matting)မက်တင်း

လို့ခေါ်တယ်။ ကရင်လို (Kaw-Ta-Nok) ကော်တာနော့လို့ခေါ်တယ်။ မွန်လို (Ar Ganui:Jai:Noal) အာဂင်နူးဂျေနော်လို့ ခေါ်တယ်။ ရှမ်းလို Kam-ka-mai) ကမ်ကမ်မေလို့ခေါ်တယ်ကွ။ ငါ နယ်တွေရောက်လို့ လေ့လာခဲ့တာ''

''ဟာ ... အဘက စုံလှချည်လား''

အေးမောင်က တအံ့တသြပြောတယ်။

''အေး ... ကံ့ကော်က အမြဲစိမ်း အပင်ကြီးမျိုးကွ။ ရွက်လွှဲထွက်တယ်။ အရွက်က ရှည်မျောမျောနဲ့ ရွက်ထိပ်က ချွန်ပြီး ရွက်ရင်းပိုင်း ဝိုင်းတယ်။ အရွက်နုတဲ့အခါမှာ နီပြီး ရင့်တဲ့အခါမှာ စိမ်းတယ်ကွ။ ရွက်နားညီတယ်။ ရွက်ညှာတိုပြီး ရွက်ပြားမာတယ်ကွ''

''ဟုတ်ကဲ့''

''နောက် ... ကဆုန်နဲ့နယုန်လတွေမှာ သီးတတ်တယ်ကွ။ အသီးလေးတွေက ထိပ်ချွန်တယ်။ လုံးလုံးဝိုင်းဝိုင်း ကိုယ်ထည်လေးနဲ့။ အသီးနဲ့အခြေကို ပွင့်ဖတ်နဲ့ ဝန်းရံထားတယ်။ အစေ့လေးက အညိုရင့်ရောင်ရှိတယ်ကွ''

''ဟာ ... အဘခက်က သေချာလှချည်လား''

အေးမောင်က ဝင်ထောက်တယ်။

''အေး ... ငါကြိုက်တဲ့ပန်း၊ ငါမြတ်နိုးတဲ့ပန်းကို ငါတန်ဖိုးထားပြီး လေ့လာထားတာပေါ့ကွ။ တကယ်လေ့လာကြည့်တော့ လောကမှာ ဘယ်ပညာရှိမှ လာလတ္တံ့သော အချိန်ကာလ အနာဂတ်အကြောင်းကို တကယ်တိတိကျကျ မသိကြပါဘူး။ ဖြစ်လာမယ့် အနာဂတ်ကို မျှော်လင့်ကြခြင်းသာ ရှိကြတယ်ကွ။ အေး ... ကံ့ကော်ဟာ မျှော်လင့်ခြင်းရဲ့ သရုပ်လက္ခဏာကွ''





''ဟုတ်ကဲ့''

အဘခက်ရဲ့ ကံ့ကော်ပန်းအဘိဓမ္မာက တဖြည်းဖြည်း မြင့်တက်လာလေတော့ ကျွန်တော်ရော၊ အေးမောင်ပါ လိုက်လို့မမီကြ။ ပါးစပ်အဟောင်းသားနဲ့သာ နားထောင်နေကြရပါတယ်။

''လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က လူသားတို့မျှော်လင့်နေတဲ့ အလင်းရောင်ဟာ ဗောဓိညောင်ပင်ရင်းမှာ ထွန်းဝင်းခဲ့တယ်။ ဒီအလင်းရောင်ဟာ မပျောက်ကွယ်သေးဘူး။ လူတွေရဲ့ အဝိဇ္ဇာတိမ်သလ္လာဖုံးလွှမ်းနေလို့သာ မမြင်ကြရတာရှိတယ်။

အဲဒီအလင်းရောင်ဟာ လူတွေရဲ့ တိမ်သလ္လာဖုံးနေတဲ့ မျက်လုံးတွေ အကြည်ဓာတ်ရဖို့ ကံ့ကော်ရင်းမှာ ထွန်းလင်းလေဦးမယ်လို့ အဆိုရှိတယ်ကွ။ ဒါကြောင့် ကံ့ကော်ဟာ မျှော်လင့်ခြင်းရဲ့ သရုပ်လက္ခဏာလို့ ပညာရှိတွေက ယူဆကြတယ်''

''ဟုတ်ကဲ့ အဘခက်''

ဒီတစ်ခါ ကျွန်တော်တို့နှစ်ယောက်လုံး ပြိုင်တူဟုတ်ကဲ့ လိုက်မိတယ်။

''အေး ... အဲဒီလိုမျှော်လင့်ကြတဲ့ အလင်းရောင်ကို ပညာလို့ ခေါ်တယ်ကွ။ ဒါကြောင့် ကံ့ကော်ဟာ ပညာနဲ့လည်း တွဲဖက်လျက်တည်ရှိတယ်''

''ဟာ ... လေးနက်လိုက်တာ အဘခက်ရယ်''

အေးမောင်က လေးလေးနက်နက် ပြောတယ်။

ကျွန်တော်က ဝမ်းမြောက်ကြည်နူးစွာ နားထောင်နေတယ်။

''ဒါတင် ဘယ်ကမလဲကွ။ ကံ့ကော်ဟာ လူတွေအတွက်လည်း အများကြီး အကျိုးပြုတယ်။ မြန်မာ့ဆေးကျမ်းတွေမှာဆိုရင် အစာကို

ကြေစေတယ်။ အရောင်အဆင်းကို ဖြစ်စေတယ်။ သွေးဖောက်ပြန်ခြင်း၊ နှလုံးနာကျင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း၊ ရော ရမ်းခြင်း စတာတွေကို ပျောက်ကင်းစေပြီး အားကြွစေတယ်''

''ဩော် . . . ဟုတ်လား အဘခက်''

ဒီတစ်ခါ ကျွန်တော်က ကျွန်တော် မြတ်နိုးတွယ်တာ တန်ဖိုး ထားတဲ့ပန်းမို့လို့ လူသားတွေကို အကျိုးပြုတယ်ဆိုတော့ စိတ်ဝင်တစား မေးလိုက်မိတယ်။

''အေးပေါ့ကွ . . . စောငယ်ရဲ့။ အပွင့်ကို ထောပတ်၊ သကြား တွေနဲ့ ရောစပ်ပြီးစားရင် အပူရောဂါတွေနဲ့ ဒူလာသွေးကျရောဂါတွေ ပျောက်တယ်။ အဆိပ်ကို ပြေစေတယ်။ အဆိပ်သင့်တဲ့ရောဂါတွေ၊ ကုထုံး တွေမှာ ထည့်ပြီး သုံးစွဲတယ်။ အပွင့်ခြောက်တွေကို အစာအိမ်မကောင်း တာ၊ ချွေးထွက်လွန်တာ၊ ချောင်းဆိုးသလိပ်များတာ စတဲ့ရောဂါတွေ အတွက် အသုံးပြုတယ်''

''တယ်အားကိုးရတဲ့ ပန်းပါလား အဘခက်''

အေးမောင်က ဗဟုသုတတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပြော တယ်။

''အဲဒါ အပွင့်က အကျိုးပြုတာကွ . . . အေးမောင်ရဲ့။ ဝတ်ဆံ ကျတော့ သိပ်ပြင်းပြင်းတက်တဲ့အခါ ဦးခေါင်းထဲ သွေးဝင်တဲ့အခါ၊ မီး ယပ်သွေးလျှံတဲ့အခါ၊ ထိတ်လန့်ပြီး ရူးသွပ်တဲ့အခါ ကုသရာမှာ ဖော်စပ် တဲ့ ဆေးတွေမှာ ထည့်သုံးရတယ်။

သကြားခဲနဲ့ ကံ့ကော်ဝတ်ဆံ ရောကြိတ်ပြီး ဆီဦးနဲ့ တေစား လို့ရှိရင် ခြေပူ၊ ခြေကွဲနာ၊ ဒူလာသွေးကျရောဂါ ပျောက်တယ်။ အဲ . . နောက်ပြီး မီးယပ်သွေးဆေးဖော်ရာမှာလည်း အဲဒီကံ့ကော်ဝတ်ဆံကို





ထည့်သုံးရတယ်ကွ။ အရေပြားပေါ်မှာပေါက်တဲ့ အပူဖုတွေ၊ ယားနာတွေ ကို သနပ်ခါးနဲ့ကြိတ်ပြီး သွေးလိမ်းရင် အဲဒီအနာတွေ ပျောက်တယ်''

''ဩော် . . . ဒါကြောင့် ကောက်စိုက်တဲ့ ကောင်မလေးတွေ ကံ့ကော်ဝတ်ဆံကို စုထားပြီး သနပ်ခါးနဲ့ ညက်နေအောင်သွေးပြီး ပါး ကွက်ထူထူ လိမ်းကြတာကိုး။ သူတို့မျက်နှာလေးတွေဟာ နေပူခံရပေ မယ့် ဝင်းလဲ့ပြီး ညက်ညောနေတယ်''

အေးမောင်က သူ့အတွေ့အကြုံနဲ့ သဘောပေါက်ပြီး ထောက် ခံတယ်။

''အေးပေါ့ကွ . . . အေးမောင်ရဲ့။ ဒါကြောင့် ကံ့ကော်ဟာ တို့ ဆင်းရဲသားတွေကို အကျိုးပြုတဲ့ပန်းကွ။ ဆင်းရဲသားပန်း ဆိုပါတော့ ကွာ''

ဆင်းရဲသားပန်း . . . ဆင်းရဲသားပန်းတဲ့။ အဘခက်ပေးတဲ့ နာမည်က ကျွန်တော့်ရင်ထဲကို စူးနစ်သွားပါတယ်။ တကယ်တော့ ဆင်းရဲ သားလူတန်းစားကို အများကြီး အကျိုးပြုတဲ့ ပန်းပါလား။

''ဩော် . . . ကံ့ကော်ရယ်''

ကျွန်တော့်ရင်ထဲမှာ ပွဲတင်ထပ်နေပါတယ်။

ကျွန်တော်ဖတ်ဖူးတဲ့ ကျွန်တော့်ရင်ထဲမှာ ကြေကြေညက်ညက် အလွတ်ရနေတဲ့ ကဗျာ့ပါရဂူ ဆရာကြီးမင်းသုဝဏ်ရဲ့ 'ဝက်ပါ' ဆိုတဲ့ ကဗျာလေးက ကျွန်တော့်ခေါင်းထဲကို အပြေးအလွှား ရောက်လာပါ တယ်။

''အေးရိပ်သာတဲ့ ပြည်ညောင်ညို
ဉညတွန်သံချို၊
ဒီပကိုစီးတဲ့ နဒီတွင်း

သမင်ရေသောက်ဆင်း။
မြက်ခင်းလဲ့လဲ့ မြေညီညီ
ကံ့ကော်ဝတ်မှုန်စီ၊
ဇာလီပျော့်တဲ့ ကျောင်းသခ်မ်း
လူလေးသွားချင်စမ်း'' ... တဲ့။

အောင်မလေး ... ဆရာရယ်။ တက္ကသိုလ်နယ်မြေက ကံ့ကော်တန်းမှာ လျှောက်လှမ်းနေတဲ့ ဆရာမင်းသုဝဏ်က ကံ့ကော်ဝတ်မှုန်ကလေးတွေကို ဝေသန္တရာမင်းကြီးရဲ့ ရင်နှစ်သည်းချာ ဂဏှာနဲ့ဇာလီတို့ ဆော့ကစားမယ့် မြက်ခင်းလေးတွေပေါ်မှာ ဖြန့်ခင်းပြထားလိုက်တာ လှပသာမောနေပြီးတော့ မယ်တော်မဒ္ဒီဒေဝီဟာလည်း သစ်သီးရှာရာကအပြန်မှာ ကံ့ကော်ဝတ်မှုန်ကလေးတွေ ခင်းထားတဲ့ မြက်ခင်းပေါ်ကနေ ဆီးကြိုနေမယ့် သားနဲ့သမီးကို တွေ့လိုက်ရတော့ ကံ့ကော်ရနံ့လေးတွေ သင်းပျံ့ပြီး ဘယ်လောက်အမောပြေပြီး မေတ္တာတွေဝေနေလိမ့်မလဲလို့လည်း တွေးမိပါတယ်။

ကံ့ကော်ဟာ မေတ္တာကိုလည်း ပက်ဖျန်းဖော်ဆောင်နေပါလား။

''ဟော့ကောင် ... စောငယ် ... ဘာငိုင်နေတာလဲ။ ကံ့ကော်ရဲ့အမြစ်နဲ့အခေါက်က သွေးပြီးတော့တိုက်ရင် အားရှိတယ်ကွ။ မင်းအဖေ စောနိုင်ကို သွေးတိုက်။ အားရှိတယ်ကွ။ ကြားလား ..''

''ဟုတ်ကဲ့ အဘခက်''

သူ့စကားက မဆုံးသေး။

''နောက် ... ကံ့ကော်အစေ့က ရတဲ့အဆီကို အဆစ်အမြစ်ရောင်ရောဂါ၊ ဝဲယားနာ စတဲ့ရောဂါတွေမှာ လိမ်းပေးရင် ပျောက်တယ်ကွ။ အနာတွေဘာတွေ ရောင်ရမ်းနေရင်လည်း လိမ်းပေးလို့ရတယ်''





''ဟာ ... အတော်အားထားရတာပဲနော် အဘခက်''

''အေးပေါ့ကွ ...။ ဒါကြောင့် ဒီပန်းဟာ နေရာတကာမှာ ရရှိနိုင်တာမို့ တို့တောသူတောင်သား ဆင်းရဲသားတွေကို အကျိုးအများကြီးပြုပါတယ်လို့ ပြောတာပေါ့''

အဘခက်က တယောသင်မလို့လုပ်တုန်း ကံ့ကော်ပင်ကြီးကို ကြည့်ပြီး ကံ့ကော်အဘိဓမ္မာကို ကျယ်ပြန့်စွာ ဖွင့်ခဲ့ပါတယ်။

ကျွန်တော်ကတော့ ကံ့ကော်ဟာ ကျွန်တော့်ဘဝ၊ ကျွန်တော့်နယ်မြေ၊ ကျွန်တော့်ဘဝတက္ကသိုလ်၊ ကျွန်တော့်ရင်ထဲမှာ ထာဝစဉ် စွဲငြိနေတဲ့ပန်း၊ ကျွန်တော်မြတ်နိုးတဲ့ပန်း၊ ကျွန်တော်တန်ဖိုးထားတဲ့ပန်း၊ အချစ်ဆုံးပန်း၊ ကျွန်တော်ကိုးကွယ်တဲ့ပန်းမို့ အဘခက်ဖွင့်ဆိုချက်တွေကို ရင်ထဲ၊ နှလုံးထဲက စွဲမြဲအောင် လိုက်မှတ်နေမိပါတော့တယ်။

✿ ✿ ✿

## [ ၁၁ ]

❑

တစ်နေ့ညနေ ကျောင်းက သုံးယောက်အတူ ပြန်လာကြတယ်။

သန်လျင်ရဲစခန်းဘေးက လမ်းကျဉ်းကျဉ်းလေးကို ဖြတ်ပြီး မြင်ခင်းပြင်လေးထိပ်ရောက်တော့ ကျွန်တော်နဲ့ အေးမောင်က သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ ရပ်ပြီး ခဏစကားပြောနေလိုက်တယ်။ စန္ဒာမိုးက ရှေ့ဆက်ပြီး မြက်ခင်းလမ်းကလေးပေါ်ကို ခေါင်းကလေးငိုက်ပြီး ဆက်လျှောက်သွားတယ်။

ကျွန်တော်နဲ့အေးမောင် ရာဘာတန်းကလေးကိုဖြတ်ပြီး ပြည်တော်သာလမ်းလို့ခေါ်တဲ့ ပေတစ်ရာလမ်းလေးပေါ်ကို တက်မည်ပြုစဉ်မှာ စန္ဒာမိုးတစ်ယောက် ပေတစ်ရာလမ်းအစပ်ကို ရောက်နေပါပြီ။

အဲဒီအချိန်မှာ တောင်ဘက်ကနေ မြောက်ဘက်ကို မောင်းလာတဲ့ ဂျစ်ကားလေးတစ်စီးက အရှိန်နဲ့ လာနေတယ်။





ကျွန်တော် လှမ်းကြည့်လိုက်တော့ ဂျစ်ကားက စန္ဒာမိုးအနားဆီ ရောက်နေပြီ။ စန္ဒာမိုးက ခေါင်းကလေးငုံ့လျက် ပေတစ်ရာလမ်းကို ဖြတ်ကူးနေတုန်းမှာပဲ ...

"အား .."

"ဖုန်း .."

"ဘိုင်း .."

"ဂျီ ..."

ဆိုတဲ့အသံတွေ တစ်ပြိုင်တည်းလိုလို ထွက်လာပြီး စန္ဒာမိုးက 'အား' ဟု အော်ပြီး ပေတစ်ရာလမ်း ဟိုဘက်အစပ်မှာ လဲနေပါရောခင်ဗျာ။

ကျွန်တော်က အတင်းပြေးပြီး စန္ဒာမိုးကျောကုန်းလေးကို တွန်းထုတ်လိုက်လို့ 'ဖုန်း'ဆိုဆဲ့ အသံယဲ့ယဲ့လေး မြည်သွားတယ်။

'ဘိုင်း' ဆိုတာက ကျွန်တော်ရော၊ စန္ဒာမိုးပါ လဲကျသွားတဲ့အသံပါ။ စန္ဒာမိုးက ပေတစ်ရာဟိုဘက်လေးမှာ မှောက်လျက်လဲနေပြီး ကျွန်တော်က ကားလမ်းဘေးမှာ ပက်လက်ကလေး လဲနေတယ်။

ဂျစ်ကားက ဘရိတ်ကိုတအားဖမ်းလိုက်သဖြင့် 'ဂျီ'ခနဲမြည်ပြီး ရပ်သွားတယ်။

ဒါပေမဲ့ ကားက ကျွန်တော့် ဘယ်ဘက်ခြေထောက်အဖျားကို နည်းနည်း တိုက်မိသွားတယ်လေ။

ကျွန်တော့်မျက်လုံး ပြာခနဲ ဖြစ်သွားတယ်။ သတိရလို့ ကြည့်လိုက်တော့ ...

"စောငယ် ... ဘာဖြစ်သွားလဲဟင်"

ဘေးတစ်ဖက်က စန္ဒာမိုးရဲ့အသံကို အရင်ကြားရပါတယ်။

"စောငယ် ... ဘာဖြစ်သွားလဲ၊ ထနိုင်ရဲ့လား"

ဘေးတစ်ဖက်က အေးမောင်ရဲ့အသံကိုလည်း ကြားနေရပါတယ်။

သူတို့နှစ်ယောက် ဘေးတစ်ဖက်တစ်ချက်စီက ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ဆွဲထိုင်ပေးခဲ့တယ်။

ကားမောင်းတဲ့လူလည်း ဆင်းလာပြီး ကျွန်တော့်ကို စန္ဒာမိုးဘက်ကနေ ဝိုင်းဆွဲမ,ထူပေးတယ်။

ကျောင်းသားကျောင်းသူ လေးငါးဆယ်ယောက်လောက်လည်း မြင်ရကြားရလို့ ဝိုင်းအုံလာပါတယ်။

အချို့က ကားမောင်းသူကို ထိုးမယ်နက်မယ်အထိ ဖြစ်လာတယ်။

"မျက်စိကန်းနေလား"

"လူဖြတ်လာကာ မမြင်ဘူးလား"

"ကားကို အရမ်းမောင်းရလား"

"ချကွာ"

တစ်ယောက်တစ်ပေါက် ပြောလာကြရော။

"ဘာဖြစ်သွားလဲ"

"ဘယ်ထိသွားသေးလဲ"

ကျွန်တော့်ကို ဝိုင်းထူကြလို့ ကျွန်တော် မတ်တတ်ရပ်နိုင်ပါတယ်။

"ကျွန်တော် ရုတ်တရက်ဖြတ်ကူးလိုက်တာ မြင်လိုက်လို့ ဘရိတ်ဖမ်းလိုက်တာပါဗျာ"





ကားသမားက ကျောင်းသားတွေကို တောင်းပန်နေပါတယ်။

"ရုတ်တရက် ဖြတ်မကူးဘူး အောက်မေ့လို့ပါဗျာ"

ကားဆရာက အထပ်ထပ် တောင်းပန်နေရှာတယ်။

"ဟုတ်ပါတယ် ... ကျွန်မငေးပြီး ဖြတ်ကူးမိတာပါ။ ကားလာတာ သတိမထားလိုက်မိလို့ပါ"

စန္ဒာမိုးက ကျောင်းသားတွေကို တောင်းပန်တယ်။

"စောငယ် ... ဘာဖြစ်သွားလဲ။ နည်းနည်းလျှောက်ကြည့်စမ်း"

အေးမောင်နဲ့ စန္ဒာမိုးက ကျွန်တော့်ကိုတွဲပြီး လေးငါးလှမ်းလောက် လျှောက်ကြည့်စေတယ်။

ကားတိုက်ခံရတဲ့ ခြေချင်းဝတ်အောက်နားက နည်းနည်းနာနေတာကလွဲလို့ လမ်းလျှောက်လို့ ရပါတယ်။

"ခြေထောက် နည်းနည်းနာနေတာကလွဲလို့ ဘာမှမဖြစ်ပါဘူး။ စန္ဒာမိုးရော ဘာဖြစ်သွားသေးလဲ"

ဘယ်ဘက်က စန္ဒာမိုးကိုကြည့်ပြီး မေးလိုက်မိတယ်။

"ငါ ဘာမှမဖြစ်ပါဘူး။ လဲသွားလို့ ဒူးလေးနည်းနည်းနာတာပဲ ရှိပါတယ်။ နင့်ကိုပူတာ"

"ငါလည်း နင့်ကိုပူတာ"

ကျွန်တော် ကောင်းသွားမှန်းသိကြလို့ ကျောင်းသားတွေလည်း နည်းနည်းရှဲသွားကြတယ်။

"ကျွန်တော် လိုက်ပို့ရမလားဗျာ"

ကားဆရာက တောင်းပန်တဲ့လေသံနဲ့ ပြောပါတယ်။

အေးမောင်က ကျွန်တော့်ကို လှမ်းကြည့်လိုက်ပါတယ်။ သူ့မျက်နှာက တင်းမာနေတုန်းပဲ။

"နေပါစေဗျာ။ ကျွန်တော် လျှောက်လို့ရပါတယ်"

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဗျာ"

"ရပါတယ်"

ကျွန်တော်က ပြတ်ပြတ်လေးပဲ ပြောလိုက်တယ်။

ကျွန်တော်တို့သုံးယောက် ဖြည်းဖြည်းချင်း လျှောက်လာကြတယ်။

"တော်သေးတယ်ဟယ်၊ ငါက နင့်ကိုပူနေတာ"

စန္ဒာမိုးက မျက်နှာငယ်လေးနဲ့ ပြောပါတယ်။

"နင်ကလည်း ကားလာတာတောင် မမြင်ဘူးလားဟ"

အေးမောင်က အခုမှ ဒေါသနဲ့ ပြောပါရောဗျာ။

"ငါလည်း စာလေးတစ်ခု စဉ်းစားမိသွားတာနဲ့ သတိလစ်သွားတာပါဟာ"

"သတိလစ်တာ အရေးမကြီးဘူး။ သေသွားနိုင်တယ်"

"ဒီကောင်ကလည်း ... မြန်လိုက်တာ။ နင့်ကိုပြေးပြီး တွန်းထုတ်လိုက်လို့"

အေးမောင်က ကရုဏာဒေါသနဲ့ ဆက်ပြောတယ်။

"အေးဟာ ... အခုမှ ပိုပြီးကြက်သီးထမိတယ်။ စောငယ်ရယ် နင်ကယ်လိုက်လို့။ ကျေးဇူးတင်ပါတယ်ဟာ"

"ရပါတယ်ဟာ သူငယ်ချင်းတွေပဲ။ အရေးရယ် အကြောင်းရယ်ဆိုရင် ကူညီရမှာပေါ့"

ကျွန်တော်က လေအေးအေးနဲ့ ပြန်ပြောလိုက်မိတယ်။





"တော်သေးတာပေါ့ဟာ။ မလိုပါဘူးလို့ နင်ပြန်ပြောလိုက်ရင် ငါဒီလမ်းပေါ်မှာ အခု ထိုင်ငိုမိမှာပဲ"

"ဟာ ... နင်ကလည်းဟာ"

"အခု သက်သာရဲ့လားဟင် ဘာဖြစ်သေးလဲ"

ဒီမေးခွန်းကို စန္ဒာမိုးက အခါတစ်ရာလောက် မေးတယ်လေ။

ဒါပေမဲ့ ကျွန်တော်တို့သုံးယောက် ဖြည်းဖြည်းပဲ လျှောက်လာကြပါတယ်။

"လျှောက်နိုင်လို့ပဲ ရှာရောက်နေပြီဟာ"

အေးမောင်က ရွဲ့ပြောတယ်။

"ဒါဆို ငါစိတ်ချမယ်နော်"

လမ်းခွဲခါနီး စန္ဒာမိုးက စိတ်လိုလက်ရကို ပြောသွားတာ။

ကျွန်တော်နဲ့အေးမောင် ခေါင်းညိတ်ပြီး အတူဆက်လျှောက်လာကြတယ်။

"ဟေ့ကောင် ... အေးမောင်"

"ဘာလဲကွ"

"ငါ့ခြေထောက်က နည်းနည်းနာတယ်ကွ"

အေးမောင် မျက်လုံးပြူးသွားတယ်။

"ဟာ ... မင်းကလည်း ဟိုကမေးနေတုန်းက ဘာမှမဖြစ်ပါဘူး ... ဘာမှမဖြစ်ပါဘူးနဲ့ ငါက တကယ်မှတ်လို့။ အခု ဘယ်လိုနေလဲ"

"နည်းနည်းနာနေတယ်ကွ။ လျှောက်ရတာ မကောင်းဘူး"

"ဒါဆို ငါ့ကိုတွဲကွာ"

အေးမောင်ကိုတွဲပြီး ကျွန်တော်တို့အပိုင်းထဲ ထော့နင်းထော့နင်း လျှောက်လာရတယ်။

"ခုန သွေးပူနေတုန်းမို့လို့လား မသိပါဘူးကွာ။ ဟော့ကောင် ဆေးခန်းပြရင် ကောင်းမလား"

"ဒီလောက်လည်း ဖြစ်မယ် မထင်ပါဘူးကွာ"

"မပေါ့တော့ မပေါ့နဲ့ကွာ"

"အေးပါကွာ ..မျ။ အေးမောင် ... အိမ်နားရောက်ရင် မတွဲနဲ့ကွာ။ ငါ ဖြည်းဖြည်းချင်း လျှောက်မယ်။ အမေ စိတ်ပူနေဦးမယ်၊ အဖေက အရေးကြီးတယ်ကွ။ နေကောင်းတာမဟုတ်ဘူး"

"အေးပါကွာ ... မင်း ဒီနေ့ ရေမထမ်းနဲ့ကွာ။ ငါလာထမ်းပေးမယ်"

"အေး ..."

ကျွန်တော် ထော့နဲ့ထော့နဲ့နဲ့ အိမ်ထဲဝင်မလို့လုပ်တုန်း အမေ ဘယ်အချိန်ကစပြီး ဘယ်နေရာက စောင့်ကြည့်နေလဲမသိပါ။ အိမ်ရှေ့ကို သွက်သွက်လေးဆင်းလာပြီး ကျွန်တော့်ကို လာတွဲပါတယ်။

"သား ... ဘာဖြစ်တာလဲဟင်"

စိုးရိမ်တကြီး မေးလိုက်တယ်။ ဒါပေမဲ့ အသံက သိပ်မကျယ်ပါ။ အသံခပ်အုပ်အုပ်ကလေး ဖြစ်ပါတယ်။

"ဘာမှမဖြစ်ပါဘူး အမေ။ ခြေထောက်နည်းနည်း နာသွားလို့ပါ"

ကျွန်တော့်ကိုတွဲပြီး ရပ်လိုက်တယ်။

"အေး ... အဲဒါ ဘာဖြစ်တာလဲလို့ မေးတာ"

အမေ့နားနားကို ကပ်ပြီး အတိုချုပ်လေး ရှင်းပြလိုက်တယ်။





"ဟယ် ... မသေကောင်းမပျောက်ကောင်း။ တော်သေးတာပေါ့။ လာ ... လာ ... နင့်အဖေ အိပ်နေတယ်။ သူကြားသွားရင် သိပ်စိတ်ပူနေဦးမယ်"

ကျွန်တော်တို့သားအမိ စကားပြောနေစဉ်မှာ အေးမောင်မရှိတော့ပါ။ သူ့အိမ်ကို တန်းပြီး ပြန်သွားပြီ။

ကျွန်တော် လွယ်အိတ်ထားပြီး အမေနဲ့ မီးဖိုချောင်ထဲမှာ။ မီးဖိုတံခါးဝမှာ အေးမောင်ရောက်လာတယ်။ သူက အခြေအနေကိုကြည့်ပြီး ဘာမှမပြောပါ။ ရေပုံးနဲ့ ထမ်းပိုးယူပြီး ရေတွင်းကို ထွက်သွားတယ်။

အမေက ကျွန်တော့်ခြေထောက်ကို သေသေချာချာ စစ်ဆေးပါတယ်။

"နာသေးလား"

"နည်းနည်းနာသေးတယ် အမေ"

"နည်းနည်းလေးတော့ ရောင်နေသလိုပဲ"

ဆိုပြီး ပရုပ်ဆီလေး လိမ်းပေးတယ်။

"ပတ်တီးစည်းထားရင် ကောင်းမယ်"

"ရပါတယ် အမေရယ်"

"ကောင်မလေးကော ဘာဖြစ်သွားသေးလဲ"

"သူလည်း နည်းနည်းတော့ လက်တွေ၊ တံတောင်ဆစ်တွေ ပွန်းပဲ့သွားတာပေါ့"

"တော်သေးတာပေါ့ကွယ်"

ကျွန်တော်နဲ့ အမေက အသံခပ်အုပ်အုပ်လေးနဲ့ ပြောနေကြတယ်။

"ဟော့ကောင် ... ရေချိုးလို့ရပြီ"

အေးမောင်က မီးဖိုချောင်တံခါးပေါက်ဝက လာပြောတယ်။

"အဒေါ် ... သောက်တော်ရေလဲဖို့ အိမ်ရှေ့မှာ ရေတစ်ထမ်း တင်ထားပြီးပြီ"

ကျွန်တော် ရေချိုးမလို့ မီးဖိုချောင်တံခါးကပဲ ဆင်းပြီး အိမ်ရှေ့မှာ ရေချိုးတယ်။ အေးမောင်က ဘေးကနေ ဖေးမကူတွဲပေးတယ်။

ရေချိုးပြီး အိမ်ပေါ်ကို တင်ပေးပြီးတော့ ...

"ငါသွားမယ်။ အိမ်မှာ ရေပြန်ထမ်းဦးမယ်"

"အေး ..."

"တစ်အောင့်နေ ငါလာခဲ့မယ်"

"အေး ..."

အေးမောင် အိမ်ရှေ့ခြံပေါက်ကနေ ထွက်သွားတယ်။

ကျွန်တော် အိမ်ပေါ်မှာပဲ ဖြည်းဖြည်း ထော့နဲ့ထော့နဲ့နဲ့ လျှောက်ပြီး အဝတ်အစားလဲရင်း ကျန်ရစ်ခဲ့တယ်။

အမေက ကျွန်တော့်အရိပ်အခြည်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေတယ်။

အမေစိတ်ပူမှာပေါ့ ...။

❀ ❀ ❀

[ ၁၂ ]

❑

ခဏလောက်ကြာတော့ အေးမောင်လာခဲ့တယ်။

"အမေ ... ခြံထဲသွားဦးမယ်"

"နင်လျှောက်နိုင်ရဲ့လား။ အိမ်မှာပဲ နားပါလား"

"ရပါတယ် အမေရယ်"

"အေးမောင် ..."

"ဗျာ ... အဒေါ်"

"ကိုဘခက်ဖို့ ဟင်းယူသွားဦး"

ဆိုပြီး ဟင်းချိုင့်လေး လှမ်းပေးတယ်။

အေးမောင်က ကျွန်တော့်ကို ဖေးကူတွဲရင်း ကံ့ကော်မြိုင်ကို ထွက်ခဲ့တယ်။

ကဲ့ကော်မြိုင်ခြံ ကဲ့ကော်ပင်အောက် ကွပ်ပျစ်ပေါ်ရောက်တော့-

"ဘာဖြစ်တာလဲကွ"

ဘကြီးဘခက် တဲထဲက ထွက်လာပါတယ်။

အေးမောင်က ...

"အဘခက် ... ဒီကောင် သွားပြီမှတ်တာ။ ကျွန်တော်လည်း မျက်လုံးကို ပြာသွားတာပဲ။ ရှေ့မှာ စန္ဒာမိုးကို ကားနဲ့တိုက်မိတော့မယ့် အခြေအနေမှာ သူကပြေးပြီး စန္ဒာမိုးကို နောက်ကနေ တွန်းလိုက်တယ်၊ စန္ဒာမိုး လမ်းဘေးမှာ လဲကျသွားပေမယ့် သူ့ကိုတော့ ကားနဲ့တိုက်ခံလိုက်ရတယ်"

အဘခက်က ခြေထောက်လေးဆင်းထားတဲ့ ကျွန်တော့်နားကို အပြေးလေးရောက်လာပြီး ကားနဲ့တိုက်မိတဲ့ ခြေထောက်ကို သေသေချာချာ ကိုင်ကြည့်နေတယ်။

ဘကြီးခက်က ခြေထောက်ကို သေသေချာချာ စစ်ဆေးကြည့်ရှုပြီးတော့ ...

"အရိုးတော့ ထိမသွားပါဘူး"

"အေးမောင် ..."

"ဗျာ ..."

"တို့လိမ်းနေကျ နင်လမင်ကို သေသေချာချာလိမ်းပြီးတော့ ပတ်တီးစည်းထားပေးလိုက်"

"ဟုတ်ကဲ့ အဘ"

"ဒါနဲ့ နေပါဦး ...။ မင်းက ဘာဖြစ်လို့ ကောင်မလေးကို သွားပြီးတွန်းရတာလဲ"

စိတ်ကူးသစ်စာပေ



"ကားနဲ့တိုက်မိတော့မလို ဖြစ်နေလို့ အဘရဲ့"

"သူ့ဟာသူ တိုက်တိုက်သေသေပေါ့ကွာ။ မင်းရော ကားတိုက်ခံရရင် သေမသွားနိုင်ဘူးလား"

အေးမောင်က နင်လမင်လိမ်းပေးရင်း ကျွန်တော့်ကို ကြည့်လိုက်တယ်။ အဘခက်ကတော့ ဘုတောပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့။

"အင်း ... အဲဒါလည်း မသိစိတ်ကပဲပေါ့ကွာ"

အဘခက်က ညည်းသလိုလို အပြစ်ပြောသလိုလိုနဲ့ ပြောရင်း ပေါက်တူးယူပြီး ခြံထဲကို ဆင်းသွားတယ်။

သူပြောတဲ့အဓိပ္ပာယ်ကို ကျွန်တော်တို့ မသိတာသိနဲ့ ကျန်နေခဲ့ကြတယ်။

✿ ✿ ✿

[ ၁၃ ]

❑

ကျွန်တော်တော့ ခြေထောက်အခြေအနေကြောင့် မနက်ကျ
တော့ လမ်းကောင်းကောင်း မလျှောက်နိုင်ပါ။ ဒါကြောင့် ကြာသပတေး
သောကြာနေ့ ကျောင်းမတက်နိုင်ပါ။ စနေနေ့မှာလည်း ဦးလေးကို
မောင်လှကျူရှင် မတက်နိုင်ပါ။ ဘကြီးဘခက်ရဲ့ ဩဝါဒအရ သူ့ခြံထဲ
မှာ အနားယူနေရပါတယ်။

တနင်္ဂနွေနေ့ နေ့လယ်ပိုင်းမှာ ဘကြီးဘခက်က ခြံတံခါးဝ
နားမှာ အလုပ်လုပ်နေတယ်။ အေးမောင်လည်း မရောက်သေးဘူး။
ကျွန်တော်လည်း ပျင်းပျင်းရှိတာနဲ့ တယောလေးကောက်ကိုင်ပြီး ကွပ်
ပျစ်ပေါ်မှာ ဘကြီးဘခက်ထိုင်တဲ့ပုံစံအတိုင်း ထိုင်ပြီး တယောကို အသံ
စမ်းပြီး သီချင်းဟိုတစ်စဒီတစ်စ ကူးခတ်ရင်းနဲ့ 'ပပဝင်းဝင်း' ပတ်ပျိုး
ကိုကောက်တော့ အသံပါ လိုက်ဆိုလာမိပါတယ်။





"တင်ကာသွင်မျက်ခုန်း ××× ခြယ်မင်မသုံးသည်နှင့် ×××
သမ်းကာမှော်င ××× မျက်လုံးတော်အရောင် ××× သောက်ရှူးကြယ်
ညီနောင် ××× မြမျက်တောင်မင်ကော့ရွှမ်း ××× ကေသီမှာ ××× ဒေဝီ
ကျမ်းစာဝင် ××× မျက်နှာပြင်စံလွှတ်ကျွန်း ××× ငွေလဝန်းပေါ်သည့်
သွင်လေးတဲ့မှ ××× ခြောက်ပါးငယ် ပြစ်လွတ်စင် ×××"

အဲဒီအချိန်မှာ ကျွန်တော့်နှာခေါင်းထဲကို မွှေးမြသင်းပျံ့တဲ့ ရနံ့
လေးတစ်ခုက တိုးဝှေ့ဝင်ရောက်လာတယ်။ ကံ့ကော်ပန်းနံ့မဟုတ်ဘူး။
ကျွန်တော့်ခေါင်းပေါ်က ကံ့ကော်ပင်ကြီး မပွင့်သေးဘူး။

ထူးဆန်းသလိုရှိတာနဲ့ ဖက်ကလေးကို ငဲ့စောင်းပြီး ပတ်ဝန်း
ကျင်ကိုကြည့်လိုက်တော့ ...

ကော့ရွှန်းတဲ့မျက်တောင်အောက်က မျက်တောင်ကော့လေး
လန်ပြီး ဝိုင်းစက်ကြည်လင်တဲ့ မျက်လုံးကလေး။ သွယ်လျဖြူဝင်းတဲ့
မျက်နှာပြင်ပေါ်မှာ အံ့ဩစူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေတဲ့ လှပကျော့
ရှင်းတဲ့ မျက်နှာကလေးကို အမှတ်မထင် တွေ့လိုက်ရပါတယ်။

"စ ... န္ဒာ ... မိုး"

ကျွန်တော် မတိုးမကျယ် တစ်လုံးချင်း ယောင်ယမ်းခေါ်မိပါ
တယ်။

"စောငယ် ... နင် တယောထိုးတတ်တယ်"

"အေး ..."

"နားထောင်လို့ ကောင်းလိုက်တာဟယ်။ အသံလည်းကောင်း
တယ်။ နားထဲကို စွဲနေတာပဲ"

"ဟာ ... နင်ကလည်း"

"အဟုတ်ပြောတာပါ။ နင်တယောထိုးနေတာ ရုတ်ရက်တွေ့လိုက်ရတော့ ငါ အံ့သြဝမ်းသာသွားတယ်"

"တော်ပါတော့ဟာ။ နင် ဘာလာလုပ်တာလဲ မလာစဖူး"

"ဩော် ... နင်ကလည်းဟယ်။ နင်ကျောင်းမတက်နိုင်လို့ အေးမောင်ကို မေးကြည့်တော့ ခြေထောက်က နည်းနည်းနာနေလို့လို့ ပြောတယ်။ မနေ့က ကျူရှင်ကိုပါ မလာတော့ ငါစိတ်ပူသွားတယ်။ ခု ဘယ့်နှဲ့နေသေးလဲဟင်။ နင့်ကို ငါလာကြည့်တာပါ"

"ဩော် ... လာလေ ... ထိုင်"

ကွပ်ပျစ်ကလေးပေါ်မှာ သူထိုင်ဖို့နေရာကို လက်ကလေးနဲ့ ကပျာကယာပွတ်တိုက်ပြီး နေရာပေးလိုက်တယ်။

သူက ရုတ်တရက် မထိုင်သေး။ သူ့လက်ထဲမှာ ပါလာတဲ့ ကော်ပီစာအုပ်လေးကို ကျွန်တော့်ကို လှမ်းပေးတယ်။

"ရော့ ... ဒီမှာ နင်ကျောင်းမတက်တဲ့နေ့တွေက သင်တဲ့ စာတွေ ငါကူးထားတာ။ ကဲ ... ခြေထောက်ဒဏ်ရာကို ပြပါဦး"

ကျွန်တော်က စာအုပ်ကလေးကိုယူရင်း ပတ်တီးစည်းထားတဲ့ ခြေထောက်လေးကို ဆန့်တန်းပြီးပြတယ်။

သူက ကွပ်ပျစ်ဘေးမှာရပ်ပြီး သေသေချာချာ ကိုင်ကြည့်တယ်။

"သိပ်နာနေသလားဟင်"

"ခုတော့ နည်းနည်းသက်သာလာပါပြီ"

"ဟိုနေ့က နင်လမ်းဆက်လျှောက်လာတော့ ငါက ဒီလောက်ဖြစ်မယ် မထင်လိုက်ဘူး"

"အဲဒီတုန်းက သွေးပူနေလို့နဲ့ တူပါတယ်ဟာ။ အိမ်လည်းရောက်ရော နာလာရော"





"စိတ်ပူလိုက်ရတာ ... စောငယ်ရယ်"

သူနဲ့ကျွန်တော် မျက်လုံးချင်း ဆုံမိကြတယ်။

"ငါ နင့်ကို ကိုယ်တိုင်လာကြည့်ချင်တာနဲ့ လာခဲ့တာ။ မနေ့ကလည်း ကျူရှင်ကို နင်မလာတော့ ပိုစိတ်ပူသွားတယ်။ အခု လမ်းလျှောက်လို့ ရပြီလားဟင်"

"အေး ..."

"တကယ်တော့ နင်ကယ်လိုက်လို့သာပေါ့ဟာ"

"ပြီးတာတွေ ထားလိုက်ပါတော့ဟာ"

"မပြီးနိုင်ဘူး စောငယ်ရယ်။ ငါလေ နင့်ကို တကယ်ကျေးဇူးတင်တယ်လို့ ပြောရုံလောက်နဲ့တင် မလုံလောက်ပါဘူးဟာ။ ငါဘာလုပ်ပေးရမလဲ"

"ဟာ ... နင်ကလည်း အခု ကောင်းသွားပါပြီဆိုနေမှ"

"နင်ကျောင်းမတက်နိုင်တဲ့ရက်တွေမှာ သင်တဲ့စာတွေ ငါကူးထားတာ။ အဲဒီစာအုပ်ထဲမှာ အကုန်ပဲ"

နောက် ... သူ ကွပ်ပျစ်လေးပေါ်တက်ပြီး ပုဆစ်တုပ်လေးထိုင်တယ်။

"အေး ... ကျေးဇူးတင်တယ်"

"မလိုပါဘူးလို့ ငါက ပြောရမှာပါဟာ။ နင် ငါ့ကို ပြောခဲ့သလို"

"နင်က ငါ့ကို ကလဲ့စားပြန်ချေတာပေါ့"

"မဟုတ်ပါဘူးဟာ။ ဒါနဲ့တင် မလုံလောက်သေးဘူးလို့ ငါထင်လို့ ပြောတာပါဟာ။ နင့်အပေါ်မှာ ငါကလဲ့စားဆိုတာ မရှိတော့ပါဘူးဟာ။ နောက်ဆို ရှိလည်းရှိတော့မှာ မဟုတ်ပါဘူး"

"နင်ပြောတဲ့အတိုင်းဆိုရင် အရင်ကတော့ ရှိခဲ့တယ်ပေါ့"

"အောင်မယ် ... သူတော်တော် စကားပြောလည်တယ်။ ရှေ့နေလုပ်ဖို့ကောင်းတယ်။ အထအနကောက်တတ်တယ်။ အေး ... ငါအမှန်ဝန်ခံရရင် အရင်ကတော့ ရှိသလိုလိုပဲ"

"ဘာဖြစ်လို့ ..."

"အတန်းထဲမှာ ငါက တစ်ဆိုရင် နင်က နှစ်။ နင်က တစ်ဆိုရင် ငါကနှစ်ဆိုတော့ ငါ မခံချင်စိတ်ဖြစ်တာပါဟာ။ စာနဲ့ပတ်သက်ပြီး ဖြစ်တာလို့ ငါထင်ပါတယ်"

"ဖြစ်သင့်ပါတယ် စန္ဒာမိုးရယ်။ တကယ်တော့ နင်က အစစအရာရာမှာ ငါ့ထက်သာပါတယ်။ ဒါကလည်း နင့်အကျိုးပေးပဲလေ။ ငါက ပိုကြိုးစားရမှာပေါ့"

"တော်ပါတော့ဟာ။ နင့်အပေါ်မှာ ဘယ်တော့မှ အာဃာတမထားတော့ဘူး။ ကဲ ... ကျေနပ်ပြီလား"

ဆီးနှင်းမြူတိမ် သူရိန်မိုးခိုးဆိုတဲ့ လရဲ့ ရန်သူမျိုးတွေ ကင်းစင်သွားတဲ့ ရွှေလမင်းလို သူ့ရင်တွင်းနဲ့ ကျွန်တော့်ရင်တွင်းမှာ အာဃာတစိတ်တွေ ကင်းစင်သွားသလို ခံစားလိုက်ရပါတယ်။

"နင် တကယ်သက်သာရဲ့လားဟင်"

သူက အကြင်နာမျက်ဝန်းလေးဝေ့ပြီး မေးပါတယ်။

"အေး ... သက်သာလာပါပြီဟာ။ ဘာမှမပူနဲ့တော့"

"ခုမှ ငါ ရင်အေးရတယ်ဟယ်။ ငါ့မှာ ပူလိုက်ရတာ"

ဒီလောက်တောင်ပဲလား စန္ဒာမိုးရယ်ဆိုတဲ့စကားက ကျွန်တော့်ရင်တွင်းက စကားပါ။





သူ ခြံထဲကို မျက်စိလေးတစ်ချက်ဝေ့ပြီး လိုက်ကြည့်တယ်။

ကံ့ကော်ပင်ကြီးက ကောင်းလိုက်တာဟယ်။ ပန်းတွေပွင့်ရင် သိပ်လှမှာပဲနော်"

"အေး ..."

"ဒါ ... နင်တို့နေတဲ့ တဲလား"

"အေး ... ဟုတ်တယ်။ ငါနဲ့အေးမောင်ရဲ့ ဗိမာန်။ နင်တို့လို တိုက်ကြီးတာကြီးနဲ့ ဝင်းနံရံနဲ့တော့ မဟုတ်ဘူးပေါ့ဟာ။ အင်ဖက်ကိုမိုး၊ ကျူရိုးတိုင်ထူပြီး ဆူးခက်ကိုကာ ..."

"နင် ဘယ်စာထဲကဟာတွေ လျှောက်ရွတ်နေတာလဲ"

"ငါ့ဘဝအခြေအနေအမှန်ကို ပြောပြနေတာပါ"

"တော်ပါတော့ဟာ ... တို့တွေ ငယ်ပါသေးတယ်။ ကြိုးစားကြရမှာပေါ့။ မဟုတ်ဘူးလား စောငယ်"

"အေးပေါ့ဟာ ... ငါကြိုးစားရမှာပေါ့။ ပိုကြိုးစားရမှာပေါ့ စန္ဒာမိုးရယ်။ ရုန်းကန်ရမယ့် ဘဝအခြေအနေပေးလာမှတော့ ရုန်းကန်ရမှာ ငါမကြောက်ပါဘူး စန္ဒာမိုးရယ်"

ညှိုးငယ်တဲ့မျက်နှာထားနဲ့ ကျွန်တော် ကြုံးဝါးနေတာကို သူ ငေးကြည့်နေပါတယ်။ နောက်မှ သူက စကားလွှဲပြောတဲ့အနေနဲ့ ...

"ငါအလာတုန်းက နင့်အိမ်ကို ဝင်မေးခဲ့သေးတယ်"

"ဟင် ... ဟုတ်လား။ ဘယ်သူနဲ့ တွေ့ခဲ့လဲ"

"အမေနဲ့ တွေ့ခဲ့တယ်"

သူ့နှုတ်ကခေါ်လိုက်တဲ့ အမေဆိုတဲ့အသံဟာ ကျွန်တော့်ရင်ကို တုန်ခါသွားစေပါတယ်။ သူ့အသံက လေးလေးနက်နက်ခေါ်လိုက်တဲ့ အသံပါ။

"အမေက ချောတယ်နော်။ စကားပြောတာလည်း ညင်သာပြီး မေတ္တာအပြည့်ပါတယ်။ ငါက စောငယ်ရှိသလားလို့မေးတော့ သမီးက ဘယ်သူလဲတဲ့။ သူ့ငါ့ကို ခြေဆုံးခေါင်းဖျား အကဲခတ်ပြီးတော့ ပြန်မေးတယ်။ သူကြည့်လိုက်တဲ့အကြည့် သူမေးလိုက်တဲ့အသံဟာ ဘာဖြစ်လို့မှန်း မသိဘူးဟယ် ငါ့ရင်ထဲကို အေးမြသွားသလိုပဲ"

"အဖေနဲ့ကော တွေ့ခဲ့သေးလား"

ကျွန်တော်က စိုးရိမ်စိတ်နဲ့ မေးလိုက်ပါတယ်။

"မတွေ့ခဲ့ဘူးဟ။ အမေ့ကိုပဲ တွေ့ခဲ့တယ်။ နင်ခြံထဲရောက်နေတယ်။ သုံးရက်လောက်ရှိပြီ ပြန်မလာဘူးဆိုတော့ ငါ့ရင်ထဲမှာ ပိုပြီးပူသွားတယ်။ ဒါနဲ့ ခြံထဲကို ဘယ်လိုသွားလဲလို့ အမေ့ကိုမေးပြီး ကျွန်မလိုက်သွားဦးမယ်အမေလို့ ခပ်မြန်မြန်နှုတ်ဆက်ပြီး ထွက်လာခဲ့တာ"

"အဖေက ကျန်းမာရေး သိပ်မကောင်းဘူးဟ။ အိပ်ခန်းထဲမှာ အိပ်နေတယ်နဲ့တူတယ်။ သက်သာရဲ့လားမသိဘူး"

"အေးဟယ် ... ငါ ဒီလိုမှန်းမသိလို့ပါ။ ငါ အဖေ့ကိုပါသတင်းမေးသင့်တာပေါ့"

"ဒါကတော့ နင်မှမသိတာဟာ ကိစ္စမရှိပါဘူး"

"စောငယ် ... နင်သက်သာတယ်ဆိုရင် ငါပြန်မယ်။ အချိန်တောင် နှောင်းတော့မယ်"

သူခြေထောက်ကလေးကို ကွပ်ပျစ်ပေါ်က တန်းလန်းလေးချတယ်။

"အေး ... ငါလိုက်ပို့မယ်"

သူက ဘာမှမပြော။ ကျွန်တော်နဲ့ သူနဲ့ ခြံအပေါက်ဝဆီကို





လျှောက်လာခဲ့တယ်။ ခြေထောက်က တစ်ချက်တစ်ချက်တော့ ထော့နဲ့နဲ့လေး ဖြစ်သွားသေးတယ်။

"နင်မလိုက်နိုင်ရင် လိုက်မပို့နဲ့လေ"

"ရပါတယ်ဟာ"

"ခြံလေးက လှလိုက်တာဟယ်။ ပန်းတွေကလည်း ပွင့်နေတယ်။ သီးပင်တွေကလည်း စုံနေတာပဲ'

"ဘကြီးဘခက်ရဲ့ လက်ရာတွေလေဟာ"

ကျွန်တော်တို့နှစ်ယောက် ခြံပေါက်ဆီကို ယှဉ်ပြီး လျှောက်လာကြတယ်။ ဘကြီးဘခက်က ခြံပေါက်နားမှာ မြောင်းပေါက်နေတယ်။ သူ့ကိုယ်ရံတော် ခွေးသုံးကောင်က သူ့အနားမှာ။

ဒါကြောင့် လူစိမ်း ခြံထဲဝင်လာတုန်းက ခွေးဟောင်သံမကြားတာကိုး။

"အဘခက် ... ဒါ ... စန္ဒာမိုး။ ကျွန်တော့်သူငယ်ချင်း"

အဘခက်က ပေါက်လက်စပေါက်တူးလေးကို ဘေးမှာထောက်ထားပြီး ကျွန်တော့်တို့နှစ်ယောက်ကို အကဲခတ်တဲ့မျက်လုံးနဲ့ ကြည့်လိုက်တယ်။

"အေး ... နင့်အဖေနဲ့အမေ နေကောင်းရဲ့လား"

"ကောင်းပါတယ် အဘခက်"

စန္ဒာမိုးက ကျွန်တော်ခေါ်သလို လိုက်ခေါ်လိုက်ပါတယ်။

"မတွေ့ရတာတောင် ကြာပြီ"

"သမီးပြန်လိုက်ပါဦးမယ် အဘခက်"

"အေး ..."

တော်သေးတယ် တွေ့တွေ့ချင်း ဆောက်နဲ့မထွင်းလိုက်တာ။ ကျွန်တော့်မှာ မနည်းဆုတောင်းနေရတယ်။

စန္ဒာမိုးက ခြံဝမှာ ထောက်ထားတဲ့ စက်ဘီးကိုဆွဲစီးပြီး ...

"သွားမယ်နော် စောငယ်"

"အေး"

ကျွန်တော့်ကို သမင်လည်ပြန် နှုတ်ဆက်သွားတယ်။ ကျွန်တော်က သူ့ကို ငေးကြည့်နေမိတယ်။

နောက်ကနေ အကဲခတ်ပြီးကြည့်နေတဲ့ ဘကြီးဘခက်ကိုတော့ သတိမထားမိပါ။

✿ ✿ ✿

[ ၁၄ ]

❑

ခုနစ်တန်းလောက်တည်းက အေးမောင်နဲ့ ကျွန်တော် အဘခက်ခြံထဲ ရောက်ခဲ့ပါတယ်။ တစ်စတစ်စနဲ့ ရင်းနှီးခင်မင်လာပြီး အဘခက်က ကျွန်တော်တို့ကို ဘဝပညာတွေ ပေးတော့တာပဲ။

အဆိုသင်ပေးတယ်။ တယောသင်ပေးတယ်။ အသံအကြောင်းသင်ပေးတယ်။ ဒါတင်မကသေးဘူး။ နေ့ခင်းဘက် ကျောင်းအားတဲ့ရက်တွေမှာ အေးမြဆိတ်ငြိမ်တဲ့ ကံ့ကော်ပင်ရိပ်မှာ မြန်မာ့ကိုယ်ခံပညာဖြစ်တဲ့ ရိုးရာရှမ်းကြီးသိုင်းကို သင်ပေးသေးတယ်။

အဘခက်က တပ်ထဲမှာ ရှမ်းပြည်ဘက်ကိုရောက်တုန်းက ရှမ်းသိုင်းဆရာကြီးတစ်ယောက်ဆီမှာ သင်ခဲ့တာလို့ ပြောပါတယ်။

"တို့ရှမ်းကြီး ကိုယ်ခံပညာက အကွက်လိုတယ်။ လွတ်လွတ်ကင်းကင်း ကာတယ်။ ကွယ်တယ်။ ရှောင်နိုင်တိမ်းနိုင်တယ်ကွ"

ဒါက သူ့အဆိုအမိန့်ပါ။

ကျွန်တော်နဲ့ အေးမောင်ကတော့ သူ့ရဲ့ ဆဲမနာဆိုမနာ ရိုက်မနာ ထိုးမနာ ပြောမနာ ဆိုမနာ ပညာရည်နို့သောက်စို့နေရတဲ့ ဘ တက္ကသိုလ်ကျောင်းသားတွေပါ။

မြန်မာ့ရိုးရာ ရှမ်းကြီးသိုင်းပညာကို စသင်တော့ ...

ပထမ လက်ကွက်နဲ့ ခြေနင်းကွက်ကို စသင်ရပါတယ်။

ခြေကွက်က မူလခြေချ နှစ်ကွက်ကနေ ရှေ့ကို လေးကွက် ရိုးရိုးစတက်ရပါတယ်။

ပျမ်းမျှ ခြေတစ်လှမ်းကို နှစ်ပေနီးပါးလှမ်းရပါတယ်။

နှစ်ဆယ်လက်မ၊ နှစ်ဆယ့်နှစ်လက်မ အကျယ်လောက်ပေါ့။ နောက် ... ရှေ့ကို ခြောက်ကွက်တက်ရပါတယ်။ နောက် ... ခုနစ်ကွက် တက်ရပါတယ်။

နောက် ... သုံးကွက်ပြန်ဆင်းတယ်။ ချွန်းကွက်ဆင်းတယ် လို့ အဘခက်က ပြောတယ်။

လေးသုံးနှစ် သုံးပြန် မူလနေရာကို ခြေနှစ်ဖက် ပြန်ချရပါ တယ်။ ဒီနေရာမှာ ဘယ်ညာလှည့်ချင် လှည့်နိုင်တယ်။

'လေးသုံးနှစ်သုံး ကျရာသုံး'လို့ အဘခက်က ပြောလေ့ရှိတယ်၊

တစ်ခါတစ်ရံ လေးကွက်ကို တန်းပြီး တစ်ခါတည်း တက်ရ တယ်။

'ဝက်ခေါင်းထိုးတက်နည်းကွ' လို့ အဘခက်က ပြောလည်း ပြောတယ်။ သူကိုယ်တိုင်လည်း တက်ပြတယ်။

ကျွန်တော်နဲ့အေးမောင် တက်တာ အကွက်များနေရင်တော့-





"ဘုန်း ... ဘုန်း ..."

ဆိုတဲ့အသံ ထွက်လာပြီသာ မှတ်တော့။ သူမသန်တဲ့ ဘယ် ဘက်ခြေဖျားနဲ့ ကျွန်တော်တို့တင်ပါး မိတ်ဆက်သွားပြီလေ။ အဲဒီအခါ မှာ လဲတဲ့သူလဲ၊ မှောက်တဲ့သူမှောက်ပြီသာ မှတ်ပေတော့။

ဆုတ်ရင်လည်း ဝက်ခေါင်းထိုး ဆုတ်ရပါတယ်။

အဲဒီလို ဆုတ်ရင်း၊ တက်ရင်းနဲ့ ခြေထောက် အနေအထား တွေကိုလည်း သင်ပေးတယ်။

"ခြေခွင်ပိုက် ..."

"ခြေထောက်ထောင် ..."

"ခြေထောက်ကား ..."

နည်းတွေပေါ့လေ။

ခြေလှမ်းတဲ့ တစ်ချိန်တည်းမှာပဲ လက်အနေအထား လှုပ် ရှားမှုကို တစ်ပြိုင်တည်းပြပါတယ်။

"ထိုးမယ်"

"ကာမယ်"

"ထောင်းမယ်"

"ပယ်မယ်"

ဆိုတဲ့ လက်ကွက်တွေကို ပြပါတယ်။

ခြေကွက်အရွေ့အပြောင်း၊ အတက်အဆင်းကိုလိုက်ပြီး လက် ကို လှုပ်ရှားတယ်။

လက်ဝါး၊ လက်ဖမိုး၊ လက်ဝါးစောင်း၊ လက်သီး၊ အနူလက်သီး၊ လက်မှောက်၊ လက်လှန်၊ လက်ချောင်း၊ လေးချောင်းထိုး၊ သုံးချောင်း

ထိုး၊ နှစ်ချောင်း ... စတဲ့ လက်အသုံးချပြီး တိုက်ခိုက်တဲ့နည်း ကာကွယ်တဲ့နည်း ရှောင်နည်းတွေကို ပြတယ်။

အဘခက်ရဲ့ လက်နှစ်ချောင်းနည်းဟာ တစ်ဖက်ရန်သူရဲ့ မျက်လုံးနှစ်လုံးကို ချိန်ပြီးသားပါ။

ကျွန်တော်နဲ့ အေးမောင် ခြေကွက်၊ လက်ကွက်လေးတွေ အတော်လေးမှန်ပြီး မြန်လာတော့မှ တုတ်သိုင်းကို တက်ရတော့တယ်။

တုတ်က ကိုင်သူရဲ့နဖူးတိုက် တုတ်အရှည် ကိုင်ရတာလေ။

တုတ်ကို လက်တစ်ဖက်က မှောက်လျက်ကိုင်ပြီး တစ်ဖက်က လှန်လျက်ကိုင်ရတယ်။ လက်နှစ်ဖက်နဲ့ ကိုင်ရတယ်။ လက်တစ်ဖက်နဲ့တစ်ဖက်ကြား တောင်ဆုပ်လောက် ခြားရတယ်။ ဒါကတော့ အတိအကျ သတ်မှတ်မထားဘူး။ ကိုယ့်တိုက်ကွက်မှာ အားရသလို ကိုင်နိုင်တယ်။

တိုက်ပွဲဟာ အခန်းကျဉ်းမယ်၊ နေရာကျဉ်းမယ်ဆိုရင် တုတ်ကို အားရအောင် နှစ်ဖက်မှောက်ကိုင်ပြီး အားပါးတရ တိုက်ရတယ်။ လက်နှစ်ဖက်မှောက်ကိုင်ရင် ထိုးတုတ်မှာ ပိုအားသန်တယ်။

တုတ်ဟာ ထီးရိုးဝါး၊ ဝါးကျစ်တုတ်က အသုံးများတယ်။

တုတ်ကလည်း အဝအကျယ် တစ်လက်မခွဲလောက် ရှိရတယ်။ ကျင့်တဲ့အခါမှာ နည်းနည်းလေးတယ်။ ကျင့်သားရအောင်၊ လက်မြန်အောင်၊ ထိန်းနိုင်အောင် ကိုင်ရတယ်။

ကိုင်တုတ်ကျတော့ အဝဟာ တစ်လက်မလောက်ပဲရှိတယ်။ နည်းနည်းပေါ့ပါးတယ်။ တိုက်ခိုက်တဲ့နေရာမှာတော့ ပေါ့ပါးသွက်လက်ပြီး လျင်လျင်မြန်မြန် အရွေ့အပြောင်းလုပ်နိုင်တယ်။

အဘခက်ကိုင်တာ ကိုင်တုတ်။ မင်္ဂလာတုတ်ကျတော့ အထူးအလေးထားရတယ်။ တဲထဲက ဘုရားစင်အောက်ခြေမှာ ထိုးထားတာလေ။





ဝါးကျစ်တုတ်ပါ။ အလျားတစ်တောင်အတွင်းမှာ အဆစ်ခုနစ်ဆစ်ပဲ ပါတယ်။ တစ်ဆစ်နဲ့တစ်ဆစ် နှစ်လက်မ၊ နှစ်လက် ကျော်ကျော် ခြားပါတယ်။ ရေနံချေးသုတ်ပြီး နေလှန်း၊ ကျပ်ခိုးတင်ထားရပါတယ်။ ပိုးမထိုးအောင်ပါ။

တုတ်ရိုက်ချက်က ...

တုတ်ခေါင်းတွဲ

ကာတုတ်

ခြောက်တုတ်

ရိုက်တုတ်

စီးတုတ်ဆိုပြီး ရှိတယ်။

အဲဒီတုတ်ရိုက်ချက်တွေကို ခြေတစ်ကွက်အတက်မှာ နှစ်ချက်ရိုက်တာလည်း ရှိပါတယ်။ လေးချက်ရိုက်တာလည်း ရှိပါတယ်။ ခြောက်ချက်ရိုက်တာလည်း ရှိပါတယ်။

ကျွန်တော်နဲ့ အေးမောင်ကတော့ အများဆုံး ခြောက်ချက်လောက်ပဲ ရိုက်နိုင်သေးတယ်။

အဘခက်ကတော့ ခြေတစ်ကွက်မှာ တစ်ဆယ့်လေးချက်လောက်အထိ ရိုက်ပြပါတယ်။

မြန်မာ့ရိုးရာရှမ်းကြီးသိုင်းကွက်မှာ တုတ်ကွက်က ...

ဇော်ထမ်းတုတ်

ခါးပတ်တုတ်

ဆီးကာမတုတ်

ဂျိုင်းတုတ် လည်ရစ်တုတ်
မြင်းစီးတုတ်
မြင်းထိုင်တုတ်
ကျားအုပ်ကျားလှန်တုတ်
ကျားမှောက်ကျားလှန်တုတ်
သက်တန့်ရေသောက်တုတ်
ဆီမီးတိုင်တုတ်
လေးမျက်နှာတုတ်

ငါးမျက်နှာ၊ ခြောက်မျက်နှာ၊ ခုမျက်နှာ၊ ရှစ်မျက်နှာ၊ ကိုး မျက်နှာ၊ ဆယ်မျက်နှာတုတ်

ပဒါတုတ်
တောရန်းကြီးတစ်ဖက်တုတ်
တောရမ်းကြီးနှစ်ဖက်တုတ်တို့ ဖြစ်ကြပါတယ်။

အဘခက် တုတ်သိုင်းကစားရင် တုတ်သံက တဝှီးဝှီးနဲ့နေတာ ပဲ။

တုတ်သံကြားပြီး လန့်နေတဲ့သူတွေကတော့ ကျွန်တော်နဲ့ အေး မောင်ပဲ။ အဘခက်ရဲ့ တုတ်စကြာမြင်ကွင်းက မြန်မာ့ရှမ်းကြီးသိုင်းရဲ့ ဂုဏ်သတင်းကို အံ့မခန်း ထွန်းလင်းစေတယ်။

တုတ်ပြီးတော့ လှံ။

လှံရေးက သုံးဆယ့်ခုနစ်ချင်းရှိပါတယ်။

အထိုး၊ အထောက်၊ အတွက်၊ အပြန်တွေနဲ့ လှံတိုက်ကွက် ကလည်း စုံလင်လှတယ်။

"ဆုတ်"





"တက်"
"တက်"
"ဆင်း"
"သုံးကွက်ချွန်း"

အဘခက်က အကွက်မှန်အောင် ချပေးနေတယ်။

"ရိုက်ရောင်ပြထိုး"
"ထိုးရောင်ပြဝိုက်"
"ကော်၊ ကာ၊ ထိုး"
"ပယ်၊ ကာ၊ ထိုး"
"ထိုင်၊ ကော်၊ ထိုး"

စသည်ဖြင့် အဘခက်ရဲ့ အမိန့်အတိုင်း တသဝေမသိမ်း လိုက် ကစားရပါတယ်။

ဒါတောင်မှ ကျွန်တော်နဲ့အေးမောင် လှံချင်းဆယ့်နှစ်ချင်း လောက်ပဲ တက်နိုင်ပါသေးတယ်။ ခြေနင်းကွက်ကတော့ တုတ်သိုင်း အကွက်မျိုးပါပဲ။

လှံပြီးတော့ ဓား။

ဓားတစ်လက်၊
ဓားနှစ်လက် ...။

ဓားမှာက လက်ကိုင်မြဲဖို့က အရေးကြီးပါတယ်။

ခြေကွက်က တုတ်ကွက်ထက် နည်းနည်းစိပ်ပါတယ်။ ဓား ကွက်က ...

ဟသ်ာထောင်ချောက်
ချိုင်းခုတ်လည်ရစ်

ခါးပတ်ခုတ်ပတ်

ကြောင်လိမ်ခုတ်

ခါးပတ်ကြောင်လိမ်ခုတ်

ဖော်ထမ်းကြောင်လိမ်ခုတ်

ဆီးကာမကြောင်လိမ်ခုတ်

ဝိုက်ခြေကြောင်လိမ်ခုတ် ...

စသည်ဖြင့် ခုတ်မယ်၊ ထိုးမယ်၊ ပယ်မယ်၊ ကာမယ်ဆိုတဲ့ ခု ချက်တွေ ရှိသလို ...

ဆန်ကောဝိုင်း၊ ထိုင်ဝိုင်း၊ ကျွမ်းထိုး

ဓားကတော့ထိုး

ဓားစကြာ

တောရန်းကြီးတစ်ဖက်

တောရန်းကြီးနှစ်ဖက်

တောရန်းကြီးစုံ

တောရမ်းကြီးမွှေ့ ... စသည့် ဓားကာ၊ ဆွဲ၊ ခုတ်၊ ထိုး ... စတဲ့ ဓားရေးပရိယာယ်ကလည်း ကြွယ်လှတယ်။

ခြေကွက်နဲ့ ဓားခုတ်ချက် မှားလို့ ကျွန်တော်နဲ့ အေးမေ အဘခက်ရဲ့ ကန်ချက်တွေကို ထိခဲ့တာလည်း မနည်းတော့ဘူး။

အဘခက် ဓားနှစ်လက်နဲ့ ဓားသိုင်းက,ရင် အတော်ကြ ကောင်းတယ်။

ညာခြေထောက်က မြေမှာရပ်ကာ ကွေးပြီးတော့ မသန်တဲ့ ဘယ်ခြေထောက်က နောက်ကို ဆန့်တန်းကာ ဆတ်ခနဲခတ်ကန်ပြ ကြောင်လိမ်၊ နှစ်ဆင့်ကြောင်လိမ်၊ ဓားဆန်ကောဝိုင်း၊ ဓားကတော့ထိုး





ဓားစကြာတို့ဖြင့် ဓားကွက်အမျိုးမျိုးပြောင်း၊ ကိုယ်ဟန်အနေအထား အမျိုးမျိုးပြောင်းပြီး က,သွားတာ ရှမ်းအိုးစည်က တုံဘောထုံ ... တုံဘောထုံ .. တုံဘောထုံ ... ဆိုတဲ့အသံနဲ့အညီ ထုံညီတဲ့ သံစဉ်စည်းချက်မှာ သူ့ရဲ့ မသန်တဲ့ ဘယ်ဘက်ခြေထောက်လေးက ဆန့်လျက်ဆန့်လျက်ထွက်လာတာကို နောက်မှ ကျွန်တော်တို့ သဘောပေါက်လာတယ်။

သြော် ... မြန်မာ့ရိုးရာ ရှမ်းကြီးသိုင်းဟာ စည်းနဲ့စနစ်နဲ့ပါလားလို့ လေးစားလာရပါတော့တယ်။

✿ ✿ ✿

## [ ၁၅ ]

❑

တစ်နေ့ညနေ ကျွန်တော်နဲ့အေးမောင် ကျောင်းကပြန်လာကြတယ်။ ဒီနေ့တော့ နှစ်ယောက်တည်း။ စန္ဒာမိုးက သူ့အိမ်က ရန်ကုန်မှာ ဈေးသွားဝယ်လို့ လိုက်သွားတယ်လို့ ပြောပါတယ်။ သူ ဒီနေ့ ကျောင်းမတက်ဘူး ခွင့်တိုင်ထားတယ်။

ရာဘာတန်းလမ်းမှာ အေးမောင်က ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ..

"ဟေ့ကောင် ... စောငယ်၊ အတန်းထဲမှာ ဘယ်အမျိုးသမီးက အလှဆုံးလဲ"

သူ့အမေးကို ရုတ်တရက် ကျွန်တော်မဖြေနိုင်။ ဒီကောင် ဘာကြောင့်များ ကောက်ကာငင်ကာ မေးပါလိမ့်လို့ တွေးနေမိလို့ပါ။





"ဟေ့ကောင် ... ပြောလေကွာ။ ငါမေးနေတာ"

"မသိဘူး"

"မင်းမှာ မျက်စိမပါဘူးလား"

"ပါသားပဲ"

"မင်းမမြင်ဘူးလား နေတိုင်းတွေ့နေကြတာ"

"ငါမသိဘူးလေကွာ"

"ဟာ ... မင်းကတော့ ဘလိုင်းပဲ။ မင်း အလှအပကို မခံစားတတ်ဘူး"

ဒီကောင်က ကြီးကြီးကျယ်ကျယ် အခြောက်တိုက်ကြီး ကျွန်တော့်ကို နှိပ်ကွပ်နေတယ်။

"ငါမှ သေသေချာချာ မကြည့်မိတာကွာ"

"သိန်းသိန်းရော မလှဘူးလား။ ယဉ်ယဉ်နွဲ့က မယဉ်ဘူးလား။ အမာစိန်ရော မချောဘူးလား။ လှလှစိန်ရော လုံးကြီးပေါက်လှ။ မင်းမျက်စိက ဘာလုပ်ဖို့ထားတာလဲ"

"ကြည့်ဖို့မဟုတ်ဘူးကွ။ ခံစားဖို့ ... ခံစားဖို့ ..."

"ဘာကိုခံစားရမှာလဲ"

"အလှအပကိုလေကွာ"

"ဟာ ... မင်းဟာလည်းကွာ။ ငါ မခံစားတတ်ပါဘူး"

"မင်းက ကျောက်ရုပ်လား။ လူဆိုတာ ခံစားမှုရှိရတယ်ကွ။ မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ အတွေ့အထိအာရုံ၊ စိတ်အာရုံတွေလေကွာ။ ဒါ ... လူတိုင်းမှာ ရှိတာပဲ။ မင်းမှာ မရှိဘူးဆိုတော့ မင်း ဘာဖြစ်သွားမလဲ"

"မင်းကလည်း အခြောက်တိုက်ကြီးပါလားကွာ။ မင်းပြောချင်

တာကို ပြောစမ်းပါ''

''ဟော့ကောင် … အမာစိန်က မလှဘူးလား။ ကိုယ်လုံးပေါက်လည်း ဖြောင့်တယ်။ နှာတံလေးကသွယ်ပြီး မျက်ခုံးလေးက ကော့ပျံနေတာပဲ။ မျက်လုံးလေးက …

''အေး … အဲဒီမျက်လုံးကို ငါက မကြိုက်တာကွ''

''ဟေ … မင်းကတော့ လုပ်လိုက်ပြန်ပြီ။ ဘာဖြစ်လို့တုံး''

''သူ့မျက်လုံးက အငြိမ်မနေဘူးကွ။ ဟိုကစားလိုက်၊ ဒီကစားလိုက်နဲ့ မျက်နှာပေးကလည်း တစ်မျိုးပဲ။ နောက်ပြီး ယောကျ်ားလေးတွေနဲ့ နေတာထိုင်တာ၊ ပြောတာဆိုတာလည်း ငါသိပ်မကြိုက်ဘူး''

''ဟော့ကောင် … တော်တော့ … တော်တော့။ မင်းကို ငါမေးတာက တစ်ခွန်းတည်း။ မင်းပြောနေတာက အများကြီးပဲ''

အေးမောင်က ပျာပျာသလဲ တားတယ်။

''မင်းက ဘာမေးတာလဲ''

''အမာစိန်လှလားလို့ မေးတာကွ''

''ငါမသိဘူး''

ကျွန်တော့်အဖြေကို သူကျေနပ်ပုံမရ။ ခဏငြိမ်သွားပြီး ဆက်လျှောက်လာကြတယ်။

''အေးမောင် … ဘာလဲ မင်းက အမာစိန်ကို စိတ်ဝင်စားလို့လား''

ကျွန်တော်က သူ့ကို အကဲခတ်ပြီး မေးလိုက်တယ်။ သူဘာမှ ပြန်မပြော။ ငြိမ်နေတယ်။ တကယ်တော့ သူရော၊ ကျွန်တော်ပါ ဆယ်ကျော်သက်တွေ။ ပိုးတိုးဝါးတား မြင်မြင်ရာကို စိတ်ကစားတတ်တဲ့အရွယ်တွေ မဟုတ်လား။





''ဟော့ကောင် … အမျိုးသမီးအကြောင်းတော့ အဘခက်ရှေ့မှာ မပြောမိစေနဲ့နော် သူငယ်ချင်း။ အဘခက်ရဲ့ မသန်တဲ့ ဘယ်ခြေထောက်ဒုံးပျံက ချက်ချင်း ထွက်ပျံလာလိမ့်မယ်''

''ဘကြီးခက်ခြေထောက်နဲ့ ငါ့တင်ပါးက ထာဝရ မဟာမိတ်ပါကွာ''

''အိုးလုပ်တဲ့သူဟာ အိုးကိုရိုက်နေတာဟာ အိုးကို ကွဲစေချင်လို့တော့ မဟုတ်ဘူးလေကွာ''

''အေး … ဟုတ်ပါတယ်ကွာ။ ဘကြီးခက်က တို့ကို ပညာတွေပေးနေတာ တို့ဘဝအတွက် ကောင်းစားစေချင်လို့ဆိုတာ ငါသဘောပေါက်ပါတယ်ကွာ''

''အေးကွ …။ ဘကြီးခက်က အတန်းပညာ ဘာမှမရှိပေမယ့် သူ့ဘဝပညာတွေကတော့ အပြည့်ကွ။ ဟင်းရွက်ဟင်းသီးအစားအစာနဲ့ အသားကို ဘယ်လိုအချိုးညီညီ စားရမယ်။ ဘယ်လိုသောက်ရမယ်ဆိုတာ အတိအကျကွ။ သူ့ဟာက အရက်သောက်နည်းသင်တဲ့ သင်တန်း တက်ထားသလိုပဲ''

''ဟော့ကောင် … အရက်သောက်နည်းသင်တန်းဆိုတာ ရှိလို့လားကွ။ မင်းကတော့ ပေါက်ကရပြောတော့မယ်''

''ဟား … ဟား … ဟား … ငါက တွေးကြည့်တာပါကွ''

အေးမောင် စိတ်နည်းနည်း ပြောင်းလာပါတယ်။ နောက် .. သူက ဆက်တယ်။

''အေး … အဲဒီတုန်းက မင်းရော၊ ငါရော ကတိပေးလိုက်ရတယ်မဟုတ်လား။ အရက်ဟာ ကိုယ်အတွင်းက နုနယ်တဲ့ အသည်းတွေ၊ နှလုံးတွေဟာ ခံနိုင်မှာမဟုတ်တဲ့အတွက် အသက်နှစ်ဆယ်မကျော်

ရင် အရက်မသောက်ရဘူးလို့ ဘကြီးခက် အမိန့်ထုတ်ခဲ့တယ်မဟုတ်လား။ ငါတို့ ကတိပေးခဲ့ရတယ်လေ''

''အေးကွ ... ဒါကလည်း တို့အတွက် ပြောတာပါကွာ''

''အေး ... ဖဲလိမ်ရိုက်နည်းတွေ သင်တုန်းကလည်း ဘကြီးခက်လက်က အတော်သွက်တာပဲ။ မြန်တယ်။ ပိတယ်ကွ''

''အေးကွ ... ဖဲချပ်မှာ အတေး၊ အထောက်၊ အထုတ်၊ အဝှက်၊ ပရိယာယ်တွေကလည်းတို့ လိုက်လို့မမီဘူး''

''ဖဲသုံးပိုင်းလောက် ဝေလိုက်ပြီးရင် ဘယ်သူ့လက်ထဲမှာ ဘယ်ဖဲရောက်နေပြီဆိုရာ တော်တော်များများ သိနေပြီလေကွာ။ မီးရောင်ကကောင်းရင် ပိုပြီး ထင်ရှားတယ်။ ဒါတောင် တို့က မီးအိမ်ကလေးနဲ့သင်ခဲ့ရလို့ ငါတို့ဘာမှမလုပ်ဘဲ ဖဲရိုက်စားရင်တောင် ရတယ်''

''ဟာ ... မင်းကလည်း တလွဲသဘောပေါက်တယ်။ ဘကြီးခက်က တို့ကို လူလိမ်မခံရအောင် သင်ပေးတာပါဟ အေးမောင်ရ''

''အေးပါကွ ...။ ငါလည်း သဘောပေါက်ပါတယ်။ စကားအဖြစ် ပြောတာပါ''

ကျွန်တော်တို့ စကားတပြောပြောနဲ့ လာလိုက်ကြတာ ရွာဝကို ရောက်လာကြပါပြီ။

''အေး ... ဘကြီးခက်ပေးတဲ့ ပညာကလည်း ကိုယ့်ဘဝအတွက် ပညာတွေပေါ့ကွာ။ ဒါတွေလည်း တတ်ထားဖို့လိုတာပေါ့။ တို့ကျောင်းပညာကလည်း စာမေးပွဲ နီးလာပြီလေကွာ။ စာကို အကြိတ်အနယ် လုပ်ရတော့မယ့်အချိန် ရောက်နေလေပြီကွာ။ အေးမောင် .. မင်း သချ်ာ ဘယ်လိုနေလဲ''





''ဟာ ... ရပါတယ်ကွာ။ သချ်ာက အပေါင်းအနုတ်၊ အမြှောက် အစားပဲရှိတာ။ ဘာခက်တာမှတ်လို့။ တွက်ရင် လွယ်လွယ်လေး''

''မင်းဘကြီး ... ဒါတော့ ဒါပေါ့ကွ။ ဒါပေမဲ့ အဖြေမှန်မှန် မထွက်မှာသာ စိုးရိမ်ရတယ်မဟုတ်လား''

''အဖြေတစ်ခုခုကတော့ ထွက်လာမှာပေါ့ကွာ။ မှားချင်လည်း မှားမယ်။ မှန်ချင်လည်း မှန်မယ်။ အဲဒါတော့ ငါ သေသေချာချာမပြောနိုင်ဘူး။ ဟား ... ဟား ... ဟား ...''

''မင်းကတော့ လုပ်တော့မယ်''

သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနဲ့ ရောက်မှန်းမသိ ကျွန်တော့်အိမ်နား ရောက်လာပါတော့တယ်။

✿ ✿ ✿

[ ၁၆ ]

❑

## ပြည်သူ့ဆေးရုံ (သန်လျင်မြို့)

အဖေ့ရောဂါ အခြေအနေဆိုးလာလို့ ဆေးရုံတင်လိုက်ရပါတယ်။ သန်လျင်ဆေးရုံက သန်လျင်မြို့ ဆေးရုံလမ်းတောင်ဘက်အခြမ်းမှာ ရှိပါတယ်။

တောင်ဘက်အစွန်ဆုံး ဆေးရုံဝင်ပေါက်ဂိတ်ကနေ ဝင်သွားရင် ပြင်ပလူနာတွေ စစ်ဆေးတဲ့အဆောင်နဲ့ ဓာတ်မှန်ရိုက်တဲ့ အခန်းအဆောင်တိုလေး ရှိပါတယ်။ အဲဒီအဆောင်နဲ့ ဆက်ထားတဲ့ စင်္ကြံလူသွားလမ်းကနေပြီး တောင်ဘက်ကို ဆက်သွားရင် နာတာရှည်လူနာတွေထားတဲ့ အဆောင်ရှည်တစ်ခုရှိပါတယ်။ အိမ်သာ၊ ရေချိုးခန်းအပြည့်





နဲ့ အောက်ကခင်းထားတဲ့ ကျောက်ပြားတွေကလည်း သပ်ရပ်တောက်ပြောင်နေပါတယ်။

အဲဒီအဆောင်ကနေ စင်္ကြံလူသွားလမ်းနဲ့ ဆက်ထားတဲ့ စင်္ကြံလမ်းကနေ ဆက်လျှောက်သွားရင် အဆောင်ရှည်တစ်ခုရှိပါတယ်။ အဲဒီအဆောင်မှာက အရေးပေါ် ထိခိုက်ဒဏ်ရာရ၊ ခြေကျိုး၊ လက်ကျိုးတဲ့သူတွေထားတဲ့ အဆောင်ပါ။ အဲဒီအဆောင်မှာလည်း အိမ်သာ၊ ရေချိုးခန်းက သန့်သန့်ပြန့်ပြန့်ရှိပါတယ်။

အဲဒီအဆောင်ရဲ့ အရှေ့ဘက်ထိပ်မှာ အလှည့်ကျဆရာဝန်တွေ၊ သူနာပြုဆရာမတွေထိုင်တဲ့ စားပွဲတစ်လုံးက အဝတ်ဖြူကလေးခင်းပြီး ကျွန်းသစ်သားကုလားထိုင်လေး လေးလုံးရှိပါတယ်။ ဆရာဝန်၊ ဆရာမတွေထိုင်တဲ့ စားပွဲရဲ့အရှေ့ဘက် လူသွားစင်္ကြံလမ်းရဲ့ ဘေးမှာ ဆေးများထားတဲ့အခန်း၊ ဆရာဝန် ဆရာမတွေ နားနေခန်းနဲ့ အိမ်သာ၊ ရေချိုးခန်းတစ်ခု သပ်သပ်ရှိပါတယ်။

အဲဒီ ရေချိုးခန်း၊ အိမ်သာနဲ့ ဆရာများ နားနေခန်းကြားထဲကနေ ဖြတ်ပြီး အရှေ့ဘက်ကိုသွားတဲ့ စင်္ကြံလမ်းတစ်ခုရှိပါတယ်။ အဲဒီလမ်းအဆုံးမှာ သံဃာတော်များကို ဆေးရုံတင်ကုသတဲ့ အဆောင်တစ်ခုထပ်ဆောက်ထားပါတယ်။

ဒုတိယအဆောင်ရှည်ကြီးကနေ လူသွားစင်္ကြံလမ်းက ဆက်ထွက်ပြီးတော့ နောက်အဆောင်အရှည်ကြီးဆီကို သွားပါတယ်။

အဲဒီအဆောင်မှာက စင်္ကြံလမ်းရဲ့ အရှေ့ဘက်မှာ အမျိုးသမီးလူနာများထားတဲ့ အခန်းရှိပြီး အနောက်ဘက်မှာ ခွဲစိတ်မန်းတို့ရှိတယ်။ အဲဒီစင်္ကြံလမ်းဟာ အနောက်ဘက်ကို ဆက်သွားပြီး အမျိုးသမီးများသားဖွားခန်း၊ သူနာပြုသင်တန်းခန်းမတွေရှိတယ်။

ဆရာဝန်များ နေအိမ်တိုက်ခန်းများကလည်း ဆေးရုံနဲ့ တစ်ဆက်တည်းရှိပါတယ်။ ဆေးရုံရဲ့ အရှေ့ဘက်မှာ ဆေးရုံအမှုထမ်းများနေထိုင်တဲ့ တိုက်ခန်းတန်းလျားများရှိပြီး ကျိုက်ခေါက်ဘုရားလမ်းပေါ်မှာတော့ မြို့နယ်ဆရာဝန်ကြီးနေထိုင်တဲ့ အိမ်ကြီး သီးသန့်ရှိပါတယ်။

အဖေ့ရောဂါက တီဘီ၊ အဆုတ်ရောဂါလို့ ပြောတယ်။ ချောင်းဆိုးရင် သွေးပါနည်းနည်းပါလာတာမို့ ဆေးရုံကို တင်လိုက်တယ်။

ဒါကြောင့် အဖေ့ကို ဝင်ဝင်ချင်း ပထမအဆောင်ရှည်ကြီး လူနာဆောင်မှာ ထားပါတယ်။ အမေက အိမ်မှာချက်ပြုတ်။ လူနာအတွက် ထမင်းလာပို့ရတယ်။ ကျွန်တော်တစ်လှည့်၊ အေးမောင်ကတစ်လှည့် လူနာစောင့်တွေပါ။ ညဘက်မှာတော့ ကျွန်တော်ပဲ ဒိုင်ခံပြုစုစောင့်ရှောက်ရပါတယ်။

"အဟွန်း ... အဟွန်း ..."

ချောင်းဆိုးသံကြားတာနဲ့ ကျွန်တော်က ခုတင်အောက်က ထွေးခံကိုယူပြီး အဖေ့တံတွေးကို ခံပေးရတယ်။

လူနာခုတင်ဘေးမှာ နှစ်ပေလောက်ရှည်တဲ့ သစ်သားခုံကလေးပေါ်မှာထိုင်ပြီး လူနာရဲ့ အရိပ်အကဲကိုကြည့်ကာ လိုအပ်တာကို ဆောင်ရွက်ပေးနေရတယ်။ ညဆိုလည်း ကောင်းကောင်းမအိပ်ရပါဘူး။ ထိုင်ခုံလေးနှစ်ခုံဆက်ပြီး ခုံလေးပေါ်မှာပဲ မှေးရတယ်။

"စောငယ် ..."

"ဗျာ ... အဖေ၊ ဘာလိုလဲ"

လက်ကလေး ကာပြပါတယ်။

ပက်လက်ကနေ ခုတင်ခေါင်းရင်းမှာမှီထားတဲ့ ခေါင်းအုံးမှာမှီပြီး ထိုင်ချင်တဲ့အတွက် ကျွန်တော်က ထူပေးရပါတယ်။





"စာမေးပွဲက ဘယ်နေ့လဲ"

"တနင်္လာနေ့ပါ အဖေ။ နောက်သုံးရက်ပဲ လိုပါတော့တယ်"

"မင်း ဖြေလို့ရပါ့မလား"

ကျွန်တော့်ကို စိုးရိမ်တဲ့ အကြည့်နဲ့ကြည့်ပြီး မေးပါတယ်။

"ဟာ ... ရပါတယ် အဖေ။ ကျွန်တော် အဖေ့နားမှာ တစ်နေ့လုံး စာတွေဖတ်နေတာပဲ"

"ညကိုးနာရီမှာ ဆေးရုံက မီးတွေပိတ်တော့ ..."

"စင်္ကြံလမ်းက မီးလုံးအောက်မှာ ဖတ်ပါတယ်အဖေ။ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့။ အဖေ သက်သာအောင်သာ နေပါ"

"အဖေ စိတ်မကောင်းပါဘူးကွာ"

"အဖေကလည်း ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ အဖေရယ်။ အဖေက စာမေးပွဲထက် အရေးကြီးပါတယ်"

"မဟုတ်သေးဘူးလေကွာ"

အဖေက တိုးညင်းစွာ ပြောပါတယ်။ နောက် အဖေက မှိန်းနေပါတယ်။ ကျွန်တော်ကလည်း အဖေ့ကို စကားမပြောစေချင်ပါ။ အဖေ မောနေမှာစိုးလို့ ဖြစ်ပါတယ်။

ညနေငါးနာရီ လူနာညှော်တွေ့ချိန်ရောက်တော့ အမေရောက်လာပါတယ်။ သူ့လက်ထဲမှာ သုံးဆင့်ချိုင့် ထမင်းချိုင့်လေး တစ်ဖက်ကဆွဲပြီး တစ်ဖက်က ဈေးခြင်းလေးတစ်လုံး ဆွဲလာပါတယ်။

အမေ့နောက်က ပါလာသူကတော့ စန္ဒာမိုးပါ။

သူ့လက်ထဲမှာလည်း အထုပ်တွေ ပါလာတယ်။

အနားရောက်တော့ ...

"အဖေ ... သက်သာလားဟင်"

စန္ဒာမိုးက ဖမ်းပါတယ်။

"အေး ..."

အဖေက ခေါင်းလေးညိတ်ပြီး တိုးညင်းစွာ ပြောပါတယ်။

အမေက သူ့ခြင်းထဲမှာပါလာတဲ့ လိမ္မော်သီး၊ ငှက်ပျောသီး၊ နွားနို့ပုလင်းတစ်လုံးနဲ့ ကြက်ဥတွေကို လူနာခုတင်ဘေးမှာရှိတဲ့ ပစ္စည်းထားတဲ့ ဗီရိုပုလေးထဲကို ထည့်နေတယ်။ နောက်မှ ကျွန်တော့်မျက်နှာကို လှမ်းကြည့်ကာ လူနာခုတင်ဘေးက ခုံလေးပေါ်မှာ ဝင်ထိုင်ပြီး ..

"ကိုစော ... နေ့ခင်း အိပ်ပျော်ရဲ့လား"

"အေး ..."

"ဒီနေ့ ဘာဖြစ်သေးလဲ သား"

"ဘာမှ ထူးထူးခြားခြားမဖြစ်ပါဘူး အမေ။ ချောင်းလေးပဲ တစ်ခါတစ်ခါ ဆိုးပါတယ်။ သွေးပါတာလည်း နည်းသွားပါပြီ"

အမေက လည်လေးစောင်းပြီး တိုးတိုးလေးမေးလို့ ကျွန်တော်က အမေ့ဘေးကနေ တိုးတိုးလေး ဖြေလိုက်ပါတယ်။ ကျွန်တော့်ဘေးနားမှာရပ်နေတဲ့ စန္ဒာမိုးလည်း ကြားပါတယ်။

"ဪ ... စောငယ် ... ရော့ ... အဖေ့ဖို့"

သူ့လက်ထဲက ပန်းသီးတွေထည့်ထားတဲ့ အထုပ်ကြီးကို လှမ်းပေးပါတယ်။

"နင်ကလည်းဟာ ..."

ကျွန်တော်က ရုတ်တရက် မယူပါ။

"ဟယ် ... သမီးကလည်း ဒုက္ခရှာတယ်ကွယ်။ သမီးဝယ်ပေးထားတဲ့ ဟောလစ်ပုလင်းတွေ၊ နို့မှုန့်တွေ၊ မုန့်တွေလည်း ဒီမှာ အများကြီးရှိသေးတယ်"





အမေက တိုးတိုးလေးပြောတယ်။

"အမေကလည်း ... စောငယ်အဖေဟာ သမီးအဖေပါပဲ အမေရယ်။ သမီးအတွက် ဘာမှ ဒုက္ခမများပါဘူး အမေရယ်"

"လက်ခံလိုက်ပါ ... သား"

အမေက ကျွန်တော့်အခက်အခဲကို ဝင်ဖြေရှင်းပေးတယ်။

"ကျေးဇူးတင်ပါတယ် စန္ဒာမိုး"

"ရပါတယ်ဟာ ...။ နင်နဲ့ငါနဲ့က သူငယ်ချင်းတွေပဲဟာ ဟိုကောင် ဒီနေ့မလာဘူးလား"

"မနက်က လာသွားတယ်ဟ။ ညဦးပိုင်းလောက် ရောက်လာဦးမယ်နဲ့ တူပါတယ်ဟာ"

နောက် ... စန္ဒာမိုးက အဖေ့ဘက်လှည့်ပြီး ...

"အဖေ ... သက်သာအောင်နေနော်။ အနားကောင်းကောင်း ယူလိုက်ရင် ကောင်းသွားမှာပါ"

အဖေက ခေါင်းကလေးညိတ်ပြပါတယ်။

"သား ... မင်းအဖေကို ထမင်းကျွေးတော့လေ"

အဖေက လက်ကလေးကာပြပြီး ...

"နောက်မှ စားမယ်ကွာ"

"ထမင်းကို အချိန်မှန်မှန်စားလေ ကိုစောရယ်။ သား ... ထမင်းပြင်လိုက်"

ကျွန်တော်က ချိုင့်ကလေးကိုဖွင့်ပြီး ထမင်းကျွေးဖို့ ပြင်လိုက်တယ်။

ကြက်သားဆီပြန်ဟင်းရယ်၊ ခရမ်းချဉ်သီးသုပ်လေးရယ်၊ ဘူး

သီးဟင်းချိုလေးရယ် ဖြစ်ပါတယ်။ ထမင်းကို ပန်းကန်ကလေးနဲ့ ထည့်ပြီးတော့ ဇွန်းလေးတပ်ပေးလိုက်တယ်။

အမေက အဖေ့ကို ဇွန်းနဲ့ ထမင်းခွံ့ကျွေးနေတယ်။ ကျွန်တော်က ဘေးကရပ်ပြီး လိုအပ်တဲ့ သောက်ရေ၊ လက်သုတ်ပဝါတွေကို ကူညီပေးရပါတယ်။

စန္ဒာမိုးကတော့ ကျွန်တော်တို့ သားအဖသုံးယောက်ရဲ့ မျက်နှာကို တစ်လှည့်စီ ကြည့်နေရှာတယ်။

''ခရမ်းချဉ်သီးနဲ့ ဘူးသီးက အစ်ကိုဘခက်ခြံထဲကလေ။ လတ်လတ်ဆတ်ဆတ်။ ဟင်းချိုက ချိုတယ်မဟုတ်လား''

အမေက ထမင်းခွံ့ရင်း ပြောပါတယ်။

''အေး ...''

အဖေက ဖျော့တော့တော့လေသံလေးနဲ့ ပြန်ပြောတယ်။

''စားလို့ကော ကောင်းရဲ့လား''

''အေး ...''

''ဟင်းချိုလေး သောက်လိုက်ပါဦး''

အမေနဲ့အဖေ ထမင်းကျွေးရင်း စကားစမြည်ပြောနေကြတာကို ကျွန်တော်က အမှတ်မထင် နားစိုက်ပြီး လိုအပ်တာတွေကို ဂရုစိုက်ကြည့်နေပေမယ့် စန္ဒာမိုးကတော့ စပ်စုနေမယ်ဆိုတာ ကျွန်တော်သိတယ်။

အမေက အဖေစားပြီးတဲ့ ဟင်းချိုင့်၊ ထမင်းပန်းကန်တွေကို ဘေးက ဗီဒိုပုပုလေးအပေါ် လှမ်းတင်လိုက်ပြီး လက်သုတ်ပဝါကို ဗီဒိုလေးပေါ်ရှိ ရေချိုင့်ကလေးထဲက ရေထဲမှာ တစ်ဝက်လောက်နှစ်ပြီး ရေဆွတ်ပြီးတော့ ရေလေးကို ညှစ်လိုက်တယ်။ လက်သုတ်ပဝါ အစိုအပိုင်းလေးနဲ့ အဖေ့နှုတ်ခမ်းတွေကို သုတ်ပေးနေတယ်။ နောက်မှ အခြောက်အပိုင်းနဲ့ ပြန်ပြီး ပွတ်ပေးနေတယ်။





ကျွန်တော်က အဖေစားသောက်ပြီးလို့ ဆေးဖို့လိုအပ်တဲ့ ပန်းကန်နဲ့ ချိုင့်ကလေးတွေကို ကောက်ယူပြီး ဆေးကြောဖို့ လူနာဆောင်ရဲ့ တောင်ဘက်အစွန်းမှာရှိတဲ့ ရေဆေးကန်ကို ထွက်လာတယ်။

ကျွန်တော့်နောက်က စန္ဒာမိုး တိတ်တိတ်လေး လိုက်လာပါတယ်။

''စောငယ် ... နင့်တို့သားအမိသုံးယောက်ကို မြင်ရတာ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ''

''ဘာဖြစ်လို့လဲ''

''ငါ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလိုကြီး ဖြစ်လာတယ်''

''ဟာ ... နင်ကလည်းဟာ ငါတို့မိသားစုဟာ ငွေမရှိပေမယ့် သံယောဇဉ်တွေတော့ အပြည့်ရှိပါတယ်ဟာ။ ချစ်စရာ၊ လေးစားစရာ၊ မြတ်နိုးစရာဆိုလို့ ဒီသုံးယောက်ပဲ ရှိတာမဟုတ်လား''

''ငါပါ ပါရင် ...''

သူက စကားကိုပြောပြီးမှ ရုတ်ကရက် ရပ်သွားပါတယ်။

''ဟာ ... နင်ကလည်း ပေါက်ကရ။ တို့ဆင်းရဲတွင်းထဲကို နင့် ကို ဆွဲမခေါ်ရက်ပါဘူးဟာ''

ကျွန်တော်က လေးလေးနက်နက်နဲ့ ဖြည်းဖြည်းလေးပြောလိုက်ရင်း ပန်းကန်ခွက်တွေကို ဆေးဖို့ ရေဆေးဘေစင်ထဲကို ချလိုက်တယ်။

''နေ ... နေ ... ငါဆေးမယ်''

သူက ဆေးမယ်လို့ အတင်းပြုတယ်။

"နေပါစေဟာ ...အားနာစရာကြီး။ နင့်လက်ကလေးတွေ ပေကျံနေပါဦးမယ်။ ငါ့တာဝန် ငါပဲလုပ်ပါ့မယ်"

ကျွန်တော်က သူ့ကို ဆေးခွင့်မပေးပါ။ ကျွန်တော်ကိုယ်တိုင် ဆပ်ပြာတိုက်ပြီး ဆေးကြောနေပါတယ်။ သူက ဘေးနားကနေ ကြည့်ရင်း ...

"စောငယ် ..."

"ဟင် ..."

"နင် စာရော ဖတ်ဖြစ်ရဲ့လားဟင်"

"အေး ...ရအောင် အချိန်ယူပြီး ဖတ်ရတာပေါ့ဟာ။ နင်ကော စာမေးပွဲနီးနေတာ ဒီကို ဘာလို့လာရတာလဲဟာ"

"စာမေးပွဲက သန်ဘက်ခါလေ။ ငါ နင့်ကိုပဲ ပူလို့။ သိလား။ ငါ့ကိုယ်ငါ ငါမပူဘူး"

"ဘာလဲ ...နင်က အပိုင်တွက်ထားပြီးပြီပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူးဟာ။ နင်က အစစအရာရာ ငါ့ထက်တော်တဲ့သူပါ။ နင် ခြေချော်လက်ချော် ဖြစ်သွားမှာစိုးလို့ပါ"

"ဩော် ...စန္ဒာမိုးရယ်"

သူ့အတွက်တောင် သူမပူတဲ့ စန္ဒာမိုးကို ကျွန်တော်ဘာပြောရမှန်း မသိတော့ပါ။

ပန်းကန်တွေ၊ ချိုင့်တွေ ဆေးကြောပြီး ကျွန်တော်နဲ့စန္ဒာမိုး အဖေ့ခုတင်ဆီကို ပြန်လျှောက်လာကြတယ်။

အမေက တည်ကြည်ဣန္ဒြေရတဲ့အကြည့်နဲ့ ကျွန်တော်တို့နှစ်ယောက်ကို ငေးကြည့်နေပါတယ်။

အဖေက အကြင်နာ၊ မေတ္တာ အပြည့်ပါတဲ့အကြည့်နဲ့ ခုတင်





ပေါ်ကနေ ခေါင်းအုံးကို ခေါင်းမှီပြီး ကြည့်နေပါတယ်။

အနီးရောက်တော့ အဖေက ကျွန်တော်တို့နှစ်ယောက်ကို လက်ကလေးပြပြီး လှမ်းခေါ်တယ်။ သူ့ခုတင်အနီးရောက်တော့ ...

"သမီး"

အဖေက တိုးညင်းညင်သာစွာ ခေါ်တယ်။

"ရှင် ...အဖေ"

"စာမေးပွဲအောင်အောင် ကြိုးစားနော်"

"ဟုတ်ကဲ့ပါ အဖေ"

"သားလည်း ကြိုးတော့ ကြိုးစားရမယ်။ ဒါပေမဲ့ ဘဝပေး အခြေအနေအရပေါ့ကွာ"

"ဟုတ်ကဲ့ပါ အဖေ"

အဖေပြောတဲ့အဓိပ္ပာယ်ကို အပြည့်အဝနားလည်စွာ ကျွန်တော်က ပြန်ပြောလိုက်တယ်။

"ဒီအခြေအနေမှာ အဖေ အခုလိုဖြစ်တာကို ခွင့်လွှတ်ကြပါ"

အဖေက ညှိုးငယ်စွာ တောင်းပန်စကားပြောပါတယ်။

"ကိုစောရယ် ...စကားတွေ သိပ်မပြောနဲ့လေကွယ်။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးသာ အနားယူနေပါ"

အမေက ဖေးဖေးမမ ဝင်ပြောတယ်။

စန္ဒာမိုးမျက်နှာကို ကျွန်တော် ဖျတ်ခနဲလှမ်းကြည့်လိုက်တော့ သူ့မျက်ဝန်းမှာ မျက်ရည်တွေဝဲနေပါတယ်။

"သမီးတို့ ကြိုးစားပါ့မယ် ...အဖေ။ အဖေ အေးအေးဆေးဆေး အနားယူပါ"

အဖေက မျက်လုံးကလေး ပြန်မှေးသွားတယ်။ ဒီစကားကို သူ့ရင်ထဲ မချိတင်ကဲပြောလိုက်ရမှန်း အမေရော၊ ကျွန်တော်ရော သိတယ်။

အမေက ကျွန်တော်တို့နှစ်ယောက်ကို ခုတင်ဘေးနားက ခွာပေးဖို့ လက်ကလေးနဲ့ အရိပ်ပြတယ်။

ကျွန်တော်တို့နှစ်ယောက် ခုတင်ခြေရင်းနားထိ ဆုတ်ပြီး ရပ်နေမိတယ်။

လူနာညှဲတွေ့ချိန်စေ့တော့ အစောင့်သမားကြီးက ဆေးရုံက လူနာဆောင်တွေကို လိုက်ပြီး ခေါင်းလောင်းလေး လိုက်ခေါက်တယ်။

အမေနဲ့စန္ဒာမိုး ပြန်ယူစရာရှိတဲ့ ချိုင့်တွေ၊ ခြင်းတွေကို ယူပြီး ပြန်ဖို့ပြင်ကြတယ်။

ကျွန်တော်က ဆေးရုံဝင်းအပေါက်ဝထိ လိုက်ပို့တယ်။

"စောငယ် ... ငါသွားတော့မယ်။ စာကို အချိန်ယူဖတ်နော်"

စန္ဒာမိုးက ကပ်ပြီးတော့ တိုးတိုးလေးပြောတယ်။

"အေးပါဟာ"

ကျွန်တော်လည်း ရှိသမျှအားအင်နဲ့ တိုးတိုးလေး ပြန်နှစ်သိမ့်ပါတယ်။

အမေကတော့ ရှေ့မလှမ်းမကမ်းက လျှောက်ပြီး ပြန်သွားနေပါပြီ။

✿ ✿ ✿

[ ၁၇ ]

❑

ကံ့ကော်မြိုင်

ကံ့ကော်ပင်ကြီးအောက်က ဝါးကွပ်ပျစ်လေးပေါ်မှာ ဘကြီးခက်၊ ကျွန်တော်နဲ့ အေးအောင် မနက်စောစောထမင်းကြမ်းနဲ့ ပဲပြုတ်ဆီဆမ်းပြီး နယ်ထားတဲ့ ထမင်းပန်းကန်ကိုယ်စီနဲ့ မနက်စောစော စားပွဲတော်တည်နေကြတယ်။

အလယ်မှာက မြေရေနွေးအိုးကရား မည်းမည်းကြီးတစ်လုံးက နေရာယူထားပြီး ပတ်ဝန်းကျင်မှာက လက်ဖက်ခြောက်အရောင်နဲ့ ပတ္တမြားရောင်သန်းနေတဲ့ လက်ဖက်ရည်ကြမ်းပန်းကန်လုံးလေး သုံးလုံးက ညီလာခံနေကြတယ်။

စာမေးပွဲကြီးလည်း ပြီးသွားပြီမို့ ကျွန်တော်နဲ့အေးမောင် မနက်အဘခက်ရဲ့ခြံထဲမှာ ပန်းပင်လေးတွေကို ယုယ၊ သီးပင်ကလေးတွေ

ကို မြေဆွ၊ လိုအပ်တဲ့နေရာတွေမှာ ပေါင်းသင်၊ ဘဲကလေးတွေ အနေကျယ်အောင် မြောင်းတူးနဲ့ ဘကြီးခက်ရဲ့ အကန်မခံရအောင် စိုက်ပျိုးရေးလုပ်ငန်းကို အဘခက်နဲ့အတူတူ ဝိုင်းကူလုပ်နေကြတယ်။

နေ့ခင်းဘက်မှာ တယောကိုင်တဲ့သူကကိုင်၊ ဆိုတဲ့သူကဆို၊ အဘခက်ရဲ့ မသန်တဲ့ခြေစည်းချက်ကို ကြည့်ပြီး လုပ်နေရတယ်။ စည်းတစ်ချက်မှားတာနဲ့ အဘခက်ရဲ့ ဘယ်ဘက်ခြေဒုံးပျံယာဉ် ရုတ်ခြည်းပျံတက်လာပါတယ်။ ပစ်မှတ်ကတော့ အေးမောင်ရင်ဘတ်၊ ကျွန်တော့်ရင်ဘတ်။ ဒီတော့လည်း ကွပ်ပျစ်ပေါ်မှာ ပက်လက်လန်လဲရုံသာ ရှိပါတယ်။

တစ်ခါတစ်လေတော့လည်း ကံ့ကော်ပင်ရိပ် မြေပိုင်းမှာ သိုင်းကစားကြပါတယ်။

အဘခက်က တုတ်သိုင်းမှာ အထိုး၊ အထောက်၊ အဖြတ်ကို ဦးစားပေးပြီး ပြပါတယ်။

သူ့နည်းက ရန်သူကို နည်းနည်းမှ အတက်မခံပါဘူး။ တစ်ဖက်လူ တုတ်စလွတ်နေတဲ့ဒူးကို လှမ်းပြီး ထိုးလိုက်၊ ထောက်လိုက်ပါတယ်။ တစ်ဖက်က ရိုက်မယ်လို့တွက်ထားတဲ့ ရန်သူဟာ ဒူးကိုလှမ်းထောက်လိုက်ရင် ခွေကျသွားတတ်ပါတယ်။

တစ်ခါတစ်ရံ ရန်သူကိုင်ထားတဲ့ တုတ်ပေါ်က လက်ချောင်းကလေးတွေကို ဖြတ်ပြီးရိုက်ချပါတယ်။ ကိုင်ထားတဲ့တုတ်ဟာ လွတ်ကျသွားပါတယ်။

ကျွန်တော်နဲ့အေးမောင် မကြာခဏ မြေပြင်ပေါ်ကို လဲကျပါတယ်။ ဒါတောင် အဘခက် ဒူးကိုထောက်လိုက်တဲ့တုတ်ဟာ အချိန်အဆနဲ့ ထောက်လိုက်လို့ပါ။ သူအားပါထည့်ပြီး ထောက်လိုက်ရင် ဒူး





ဆစ်လွဲသွားနိုင်ပါတယ်။

"မင်းကိုင်တဲ့တုတ်က တုတ်စမလုံဘူး"

ဘကြီးခက်က ဒီတော့မှ မှတ်ချက်ပေးတတ်တယ်။

ဒီကံ့ကော်ပင်ရိပ်မြေပိုင်းဟာ ကျွန်တော်တို့ရဲ့ ဘဝတက္ကသိုလ်မဟုတ်ပါလား။

"ဝုတ် ... ဝုတ် ..."

ဟစ်တလာရဲ့အသံပါ။ ဒီအသံဟာ သူစိမ်းကိုဟောင်တဲ့အသံမဟုတ်ပါဘူး။ ဧည့်သည်လာကြောင်း ကျွန်တော်တို့ကို အသိပေးတဲ့အသံပါ။

သူစိမ်းလာလို့ကတော့ ဟစ်တလာအသံရော၊ မိုဆိုလိုနီအသံရော၊ မိုင်ရှယ်ဒိုင်းယားအသံပါ ဆူညံထွက်လာတတ်ပါတယ်။ သူတို့မဟာမိတ်တွေရဲ့ စစ်ခေါ်သံပေါ့။

ကျွန်တော်တို့ ခြံပေါက်ဝကို လှမ်းကြည့်လိုက်ပါတယ်။

"ဟာ ... စန္ဒာမိုးပါလား"

အေးမောင်က ရေရွတ်လိုက်တယ်။

ဟုတ်ပါတယ်။

ခြံပေါက်ဝမှာ စန္ဒာမိုး စက်ဘီးလေးကိုကိုင်ပြီး ရပ်နေတယ်။

အေးမောင်က ကွပ်ပျစ်ပေါ်က ဆင်းသွားပြီး ခြံဝကို လျှောက်သွားတယ်။

စန္ဒာမိုး အပြုံးလေးဝေပြီး တက်လာတယ်။ ကံ့ကော်ပင်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ သူ့မျက်နှာက ပိုမိုဝင်းပတောက်ပြောင်လာတယ်။

ကွပ်ပျစ်နားရောက်တော့ ...

"အဘခက် ... နေကောင်းတယ်နော်"

"အေး ..."

သူကလည်း ပါးရည်နပ်ရည်ရှိသား။ အဘခက်ကို အရင်နှုတ်ဆက်တယ်။

"သမီး ဘုရားတင်ဖို့ ပန်းလာတောင်းတာ"

"အေး ..."

အဘခက်အသံက ကျေနပ်သဘောကျတဲ့အသံ။

စန္ဒာမိုးကလည်း အပါးသား။ အဘခက်ကို အရင်စည်းရုံးတယ်။ အညွှာကို ကိုင်တာပေါ့။

"နင့်အဖေကော"

"နေကောင်းပါတယ် အဘခက်"

"အေး ... ဒီကောင့်ကို ငါတို့ငယ်ငယ်တုန်းက ငါဆွဲထိုးမိခဲ့သေးတယ်"

"ဟုတ်တယ် ... အဘခက်ရဲ့ အဖေကလည်း ပြောပါတယ်။ ဒီကောင်က ရင်းရင်းနှီးနှီးပေါင်းကြည့်တော့ အတော်သဘောကောင်းတယ်လို့ ပြောပါတယ်"

"အေး ... နောက်တော့ သူနဲ့ငါနဲ့က တော်တော်ခင်တဲ့လူတွေ ဖြစ်သွားတယ်။ နင့်အဖေက စီးပွားရှာတာတော့ ကောင်းတယ်ဟ။ ဒီကောင်က သူရဖို့ပဲ အမြဲစဉ်းစားနေတဲ့ကောင်။ ဒါကြောင့် ငါနဲ့ တစ်ခါတစ်ခါ အကြောမတည့်တာ။ မကောင်းဘူး၊ ကောင်းတယ် ငါကထောက်ပြရတာပေါ့။ နင့်အမေကော ရုပ်မကျသေးပါဘူး။ ငါ ဟိုတစ်ခါ တွေ့လိုက်တယ်။ နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အဘခက်"





"နင့်အမေက ငယ်ငယ်က တော်တော်ချောတာ။ နင့်အဖေက ကြိုက်လိုက်တာမှ ငမ်းငမ်းတက်ပဲ"

အဘခက်က ငယ်ကြောင်းနှောင်းဖြစ်တွေကို ပြောပြနေခြင်းဖြစ်ပါတယ်။ ဒီလို သူများအကြောင်းတော့ ပြောခဲတယ်ဆိုတာ ကျွန်တော် သတိထားလိုက်မိပါတယ်။

"ဒီမနက် ရွာထဲက ကံ့ကော်ပန်းပင်တွေမှာ ကံ့ကော်ပန်းတွေပွင့်နေတာတွေ့တော့ အဘခက်ကံ့ကော်ပင်မှာလည်း ပန်းတွေပွင့်နေလောက်ပြီလို့ ခန့်မှန်းပြီး ဘုရားတင်ဖို့ ပန်းတောင်းဖို့ ထွက်လာခဲ့တာ အဘခက်"

စန္ဒာမိုးက ကျွန်တော်တို့ ခေါင်းပေါ်က ကံ့ကော်ပင်ကြီးကို အားရပါးရကြည့်ပြီး ပြောနေတယ်။

ကျွန်တော်နဲ့အေးမောင် ခေါင်းတွေလည်း အပေါ်ကို မော့သွားကြတယ်။

"ကြည့်ပါဦး ... အဘခက်ရယ်။ အဘခက်ကံ့ကော်ပန်းတွေက လှလိုက်တာ။ အပွင့်လည်း ကြီးသလိုပဲ။ အလယ်က ဝတ်ဆံအဝါလေးတွေက စိုနေတာပဲ။ ပွင့်ဖတ်အဖြူလေးကလည်း သန့်လို့။ တစ်ခြံလုံးလည်း ကံ့ကော်ပန်းနံ့တွေ သင်းပျံ့နေတာပဲ။ အဘခက် ... သမီးကို ဘုရားတင်ဖို့ ပေးနော်"

စန္ဒာမိုးကို လေးနက်တည်ငြိမ်စွာ အကဲခတ်ပြီးကြည့်နေတဲ့ အဘခက်ရဲ့နှုတ်ခမ်းက လေးနက်တဲ့အသံ ထွက်လာတယ်။

"အေး ..."

"ဝမ်းသာလိုက်တာ အဘခက်ရယ်"

လက်ကလေးနှစ်ဖက်ကို လက်သီးလေးဆုပ်ပြီး သူ့ရင်ဘတ်

မှာ မကာပ်တကာပ်ထားပြီး စန္ဒာမိုးက လှိုက်လှိုက်လှဲလှဲ ပြောလိုက်တယ်။ ကျွန်တော်နဲ့အေးမောင်က ရင်တမမနဲ့ ပွဲကြည့်ပရိသတ်။

"စောငယ် ..."

"ဗျာ ..."

"တက်ရူးပေးလိုက်"

အမိန့်တော်ချမှတ်ပြီး အဘခက်က ကွပ်ပျစ်ပေါ်ကဆင်းပြီး ခြံဝဘက်ကို ထွက်သွားတယ်။

"စန္ဒာမိုး ... နင်က ကင်းကို အရင်ဝင်ချက်လိုက်တာပေါ့လေ"

အေးမောင်က ချက်စကားနဲ့ စလိုက်တယ်။

"ဒါပေါ့လေ ...။ ကြောင်ရှေ့မှာ နင်တို့ကြွက်တွေ မလှုပ်ရဲဘူးမဟုတ်လား"

"အောင်မာ ... နင်က ငါတို့ကို ပေါ်တင်ကြီးပါလား။ ဟေ့ကောင် ... စောငယ် ... မရူးပေးနဲ့။ အမိန့် ..."

"ရတယ်လေ ... ပြန်သတင်းပို့လိုက်မှာပေါ့"

"အမလေး ... မလုပ်လိုက်ပါနဲ့"

အေးမောင်က မျက်နှာကြီးမဲ့ရွဲ့ပြီး အော်လိုက်တယ်။ ကျွန်တော်ရော စန္ဒာမိုးပါ ပြိုင်တူရယ်ကြတယ်။

"ဟေ့ကောင် ... တက်ရူးပေးလိုက်လေ။ ဘာလုပ်နေတာလဲ ပြင်ဆင်ချက်အမိန့် ..."

ကျွန်တော် ကွပ်ပျစ်ပေါ်ကနေ ရပ်ပြီး စန္ဒာမိုးကို ကြည့်လိုက်တယ်။

စန္ဒာမိုးက ကွပ်ပျစ်အောက်ကနေ ခေါင်းကလေးမော့ပြီး ...





"အဖေသက်သာလား"

"သက်သာတယ်ဆိုပါတော့"

"ဆေးရုံဆင်းပြီးတဲ့နောက် ဘာဖြစ်သေးလဲ"

"သိပ်ထူးထူးခြားခြားတော့ မဖြစ်ပါဘူး"

ကျွန်တော်က ကုံကော်ပင်ဘက်ကို လှည့်ပြီး အပင်ကိုတက်မလို့ ဟန်ပြင်လိုက်တယ်။

"ဇစောငယ် ... သတိထားနော် ဖြည်းဖြည်းတက်နော်။ အကိုင်းတွေကို ကြည့်နင်း"

စန္ဒာမိုးက တဖွဖွ မှာနေတယ်။

ပူရှာရန်ကော စန္ဒာမိုးရယ်။

ဘုရားပန်းအိုး အဆင်သင့်ထိုးနိုင်ရန် အနေအထားအတော် ကုံကော်ခက်ကလေးတွေကို တစ်ခက်၊ နှစ်ခက်ချိုးပြီးအောက်ကို ပစ်ပစ်ချပေးတယ်။

အေးမောင်နဲ့စန္ဒာမိုးက အပင်အောက်ကနေ လိုက်ကောက်ပြီး ကွပ်ပျစ်ပေါ်မှာ အစီအရီတင်ထားတယ်။

တစ်ကိုင်းကတစ်ကိုင်း အောက်ကိုင်းကနေ အပေါ်ကိုင်းအပွင့်လှလှ ရွေးရတာက စေတနာ။

"လှလိုက်တာဟယ် ... မွှေးလိုက်တာလည်း သင်းနေတာပဲ။ ရင်ထဲကို အေးသွားတာပဲ"

စန္ဒာမိုးက အပင်အောက်က ကုံကော်ပန်းကောက်ရင်း နူတ်က တဖွဖွ ရင့်ကျူးနေတယ်။ ဝင်းပနေတဲ့ စန္ဒာမိုးရဲ့မျက်နှာမှာ ပွင့်နေတဲ့ အပြုံးပန်းတွေက ကုံကော်ပန်းတွေနဲ့အပြိုင် ဖြူတယ်၊ သန့်တယ်၊ ဝင်းတယ်၊ တောက်တယ်။ နေရောင်နုနုအောက်မှာ ရွှေရောင်လှလှတက်

နေတယ်။ သစ်ပင်ပေါ်က ဆီးပြီးကြည့်နေတဲ့ ငှက်တစ်ကောင်ရဲ့ ရဲ တည့်တည့်ကို လှပတဲ့ သူ့ရဲ့အပြုံးမြားချက်တွေက တည့်တည့် စူး ဖောက်ထွင်းနေတယ်။

''လှလိုက်တာ အပေါ်ကိုင်းက ပန်းကလေး''

သူ့အသံကိုကြားရတော့ ကျွန်တော် အပေါ်ကကိုင်းဆီ လှ ကြည့်လိုက်တယ်။

''ဟုတ်တယ် ထူးထူးခြားခြား ပန်းပွင့်အရင်းအခက်ဘေး ထွက်နေတဲ့ အရွက်ကလေးက စိမ်းစိမ်းနုနု ဖြာဖြာလန်းလန်း အပေါ် ပန်းကလေးကို ပံ့ပိုးပြီး ရံထားတယ်။ အစိမ်းရောင်နုနုမို့ အကြင် အယုယတွေနဲ့ ပြုစုနေရော့လား။

အလယ်က ပွင့်ဖတ်ဖြူဖြူဖွေးဖွေးလေးက ဂွမ်းမှုန်ကလေး ဥဖွေးပြီး ဝတ်ဆံကလေးကို ဝန်းရံခလို့ ပွင့်အံကျနေပုံလေးက မခို့တ ဖြူစင်တဲ့၊ သန့်ရှင်းတဲ့၊ မွန်မြတ်တဲ့၊ အေးမြတဲ့ မေတ္တာဂုဏ်ရောင် ဖော်ဆောင်နေသလို။

ဝတ်ဆံမှုန်အဝါနုလေးက နံနက်နေရောင်ဖြာရဲ့ အယုအ တွေကြောင့် ရွှေရောင်ပြေးပြီး တောက်ပနေတယ်။ လေးသစ္စာအရော လွှမ်းပြီး အံ့မခန်းကြည်ညိုဖွယ် မြင့်တယ်၊ မြတ်တယ်၊ တင့်တယ် မဆုံး။

တစ်ပွင့်လုံးခြုံကြည့်ရင် သစ္စာရယ်၊ မေတ္တာရယ် ပေါင်းထ လေရော့သလား။ ကရုဏာက အရောင်လွှမ်းသမို့ မျှော်မှန်းရင်း ကြည် နေမိတယ်။ မခူးရက်တဲ့ ပန်းတစ်ခက်ကို လှမ်းဆွတ်ဖို့ ဖင့်နွှေးရပ် ငေးကြည့်နေမိတယ်။

''စောငယ် ...''





သစ်ပင်အောက်ကလည်း အဲဒီပန်းမှ ဒီပန်းတစ်ပွင့် လှမ်း ငင်ကာ ကျွန်တော့်ကို ကြည့်ရှာနေမယ့် စန္ဒာမိုးရဲ့ ကျွန်တော့်နာမည် ကို တစ်လုံးချင်း ခေါ်လိုက်တဲ့အသံကို ကြားလိုက်ရတယ်။

အင်း ... ဒီတော့မှ ငါ အထက်ကကိုင်းကို တက်ရမယ်။ ဒီ ပန်းကိုရအောင် တယုတယ ခူးရမယ်ဆိုတဲ့အသိ ဝင်လာပြီး ကျွန်တော် အထက်ကိုင်းကို လှမ်းတက်လိုက်တယ်။ တယုတယနဲ့ သမုဒယပန်း ကလေးကို အလှအနေအထားမပျက်စေဖို့ အခက်အနေအထားကို အချိုး ကျကျ အသာခြွေလိုက်တယ်။

အမြတ်တနိုး တန်ဖိုးထားပြီးခူးထားတဲ့ ပန်းကလေးကို ရက် ရက်စက်စက် အောက်ကမ္ဘာမြေ ကြမ်းကြမ်းဆီသို့ လက်လွှတ်စပယ် လွှတ်မချရက်။ ပန်းခက်ကလေးကို ကျွန်တော့်နှုတ်ခမ်းလေးနဲ့ ဖိကိုက် ရင်း တဖြည်းဖြည်းနဲ့ ကံ့ကော်ပင်ထက်ဆီမှ တရွေ့ရွေ့ပြန်ဆင်းခဲ့တယ်။ ကွပ်ပျစ်ပေါ်ရောက်တော့ ကွပ်ပျစ်ဘေးမှာ မတ်တတ်ရပ်နေတဲ့ စန္ဒာမိုး ကို ...

''ရော့ ... ဒါ ... နှင့်ဖို့''

ကျွန်တော်က ပန်းကလေးကို စန္ဒာမိုးဆီ လှမ်းပေးလိုက်တယ်။

''ဟင့်အင်း ... မယူဘူး''

ကျွန်တော် အံ့ဩအားငယ်တဲ့အကြည့်နဲ့ သူ့ကိုကြည့်လိုက် တယ်။ မျက်နှာလေးတောင် ငယ်သွားတယ်ထင်ပါရဲ့။

''နင်ကိုယ်တိုင် ပန်ပေး''

ခေါင်းကလေးကို တစ်ဖက်ကိုစောင်းပြီး မော့ထားပေးတယ်။

ကျွန်တော် ဖျတ်ခနဲ အနားမှာရှိတဲ့ အေးမောင်ကို ကြည့် လိုက်တယ်။

"ဟော့ကောင် ..."

ဆိုတဲ့ အသံနဲ့အတူ သူ့မေးကြီး ကျွန်တော့်တုန်ရင်နေတဲ့လက် အစုံကို ထိန်းပေးတဲ့အနေနဲ့ ထိအောင် မေးထိုးပြလိုက်တယ်။

ကျွန်တော်က ပိတုံးရောင်တမျှ နက်မှောင်လှတဲ့ စန္ဒာမိုးရဲ့ ဘယ်ဘက်ဆံကေသာမှာ တစ်ပွင့်တည်းသော ကံ့ကော်ပန်းလှလှလေးနဲ့ ဆင်မြန်းပေးလိုက်တယ်။

အဲဒီတော့ စန္ဒာမိုးက ဘာမှပြန်မပြောတော့။ ရှက်စနိုးမျက်နှာလေးနဲ့ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး အေးမောင်ဘက်ကွပ်ပျစ်ပေါ်မှာတင်ထားတဲ့ ပန်းကလေးတွေဘက်ကို လျှောက်သွားတယ်။ သူ့မျက်နှာက ကျေနပ်နှစ်သိမ့်မှုအပြည့်။

ကျွန်တော်ကတော့ ဝမ်းသာကြည်နူးမှုနဲ့ ကွပ်ပျစ်ပေါ်မှာ ရပ်နေတုန်း ...

"ဟော့ကောင် ... ပန်းရူးတုန်းက သစ်ပင်အမြင့်ကြီးပေါ်က မကျဘဲ နှစ်တောင်လောက်မြင့်တဲ့ ကွပ်ပျစ်ပေါ်က သတိမေ့ပြီးကျမှ ဆေးကုနေရဦးမယ်"

ပြုံးဖြဲဖြဲကြီးနဲ့ လှမ်းပြောတယ်။

ကံ့ကော်ပန်းတွေကို ရင်မှာပွေ့ပြီးတော့ ...

"စောငယ် ... ပြန်မယ်နော်"

သူက ကျွန်တော့်ကို နှုတ်ဆက်တယ်။

ကျွန်တော်က ခေါင်းကလေးညိတ်ပြတယ်။

လှပညင်သာစွာ ခြံဝဆီသို့ လျှောက်သွားတဲ့ စန္ဒာမိုးကျောပြင်တစ်လျှောက် သူ့လှုပ်ရှားမှု ဟန်ပန်တစ်လျှောက်မှာ စက်ဘီးလေးနဲ့ ကွယ်ပျောက်သွားတဲ့အထိ နစ်မြုပ်မျောပါနေခဲ့တယ်။

---

**စိတ်ကူးသစ်စာပေ**



"ကေသာလေမြတ်ဖျာ ××× တင်ဦးထား ××× နှစ်ပါးကျိန်သစ္စာ ××× စုလျားတဲ့ရစ်ခွေကာ ××× သေချာလေမှန်ကြောင်းလျား ××× တူနှစ်ကိုယ် ××× ချစ်ရေးတော်ထား ××× "

ငါးပေါက်မကျ လေးပေါက်အောက်ပြန်မကျ ကြားသံပြဲကြီးနဲ့ အေးမောင် ကျွန်တော့်ကိုစောင်းပြီး ဆိုလိုက်ပါတယ်။

"အေးမောင် ..."

"ဗျာ ... အဘခက်"

"မြောင်းလာပေါက်"

ခြံထဲက အဘခက်ရဲ့အမိန့်သံထွက်လာမှ အေးမောင် မျက်နှာကြီးမဲ့ရွဲ့ပြီး အသံတိတ်သွားပါတယ်။

သူ့မောင်းဆုံနဲ့ သူ့မောင်းတံမှ ကိုက်တာ။

✿ ✿ ✿

## [ ၁၈ ]

❑

ဆယ်တန်းစာမေးပွဲအောင်စာရင်းတွေ ထွက်ပါပြီ။

စန္ဒာမိုးက သင်္ချာ၊ အင်္ဂလိပ်စာ ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တယ်ဆိုတာ တစ်ရွာလုံး တောမီးပမာ ပျံ့နှံ့နေပါတယ်။

အေးမောင်က ရိုးရိုးအောင်ပါတယ်။

ကျွန်တော်လည်း ရိုးရိုးအောင်ပါတယ်။

အဘခက်ကတော့ ကျွန်တော်တို့အတွက် ဝမ်းသာဂုဏ်ယူလို့လားတော့ မသိဘူး။ သူ့မျက်နှာက မြူးသလိုလိုလေး ဖြစ်နေတယ်။

"စောငယ် ..."

"ဗျာ ..."

"ဒီနေ့ တစ်လုံးနဲ့ တစ်ပိုင်းဝယ်ကွာ"





ညနေပိုင်း စောစောပဲ ခြံထဲအလုပ်တွေသိမ်းပြီးတော့ ကံ့ကော်
င်အောက်က ကွပ်ပျစ်ပေါ်မှာ အဘခက်က ကျွန်တော်နဲ့အေးမောင်
ို ဂုဏ်ပြုပွဲကျင်းပတယ်။

အောင်မယ် ... ဒီနေ့ အမြည်းကစုံသား။ ဘဲသားဟင်း (ငရုတ်
း မပါဘူး။ အဖြူထည်ပြုတ်ကြော်၊ တရုတ်ငံပြာရည်လေးနဲ့) ခြံထဲက
က်တဲ့ ပဲသီးလေးကို ဘူးရွက်ကလေးတွေနဲ့ ပြုတ်ကြော်ထားတာက
စ်ပွဲ၊ ကုလားပဲလုံးလေးတွေကို ပြုတ်ထားတဲ့ ပဲပြုတ်ကြော်လေးက
စ်ပန်းကန်၊ ဒီအမြည်းက ဘကြီးခက်စားနေကျ။

အသီးအရွက်တွေနဲ့ ဘဲသားနဲ့ပြုတ်ထားတဲ့ ဟင်းချိုကတစ်ပွဲ၊
တွေက အေးမောင်နဲ့ကျွန်တော် ချက်ပြုတ်ရေး တာဝန်ခံတွေရဲ့ လက်
တွေ၊ အဘခက်အာဆွတ်ဖို့ ခြံထွက်သံပုရာသီးနှစ်လုံးကို အကွင်း
းတွေလှီးပြီး ထည့်ထားတဲ့ ဆားနဲ့ သံပုရာသီးပန်းကန်လေးက အဘ
က်ရဲ့ ညာဒူးခေါင်းဘေးမှာ နေရာယူထားတယ်။ ဘယ်ခြေထောက်
တော့ ညာခြေထောက်ပေါ်မှာ ချိတ်တင်ထားတယ်။ ဒါ ... သူထိုင်
ကျပုံစံ။

"အေးမောင် ..."

"ဗျာ ... အဘခက်"

"မင်း ဝမ်းမသာဘူးလား"

"ဝမ်းသာတာပေါ့ ... အဘခက်ရဲ့"

"အေး ... ဆယ်တန်းအောင်ဖို့ကတော့ မလွယ်ဘူးကွ။ နည်း
ည်းလေးတော့ ကြိုးစားရတယ်"

"ဟုတ်တယ် အဘခက်ရဲ့"

"မင်း တက္ကသိုလ်ရော ဆက်တက်နိုင်သလား"

"မတက်နိုင်ဘူး အဘခက်"

"ဒါ ... ဝမ်းသာစရာလေးကွ"

"ဝမ်းမသာတော့ဘူး အဘခက်"

"ဘာလဲကွ မင်းစကားက ခုတစ်မျိုး တော်ကြာတစ်မျိုး"

"မဟုတ်ပါဘူး ... အဘခက်။ ဆယ်တန်းအောင်တာကို ဝ
သာတယ်ပြောတာပါ။ ကျွန်တော့်အခြေအနေအရ တက္ကသိုလ်ဆက်မတ
နိုင်တာကို ဝမ်းနည်းတယ်လို့ ပြောတာပါ အဘခက်"

"အေး ..."

အဘခက်က အရက်ခွက်ပန်းကန်လေးကို တစ်ငုံတစ်ကျိ
ချလိုက်ပြီး ပဲပြုတ်အကြော်လေး တစ်ဖွန်းဝါးရင်း ကျွန်တော့်ကိုကြ
ပြီးတော့ ...

"စောငယ်"

"ဗျာ ... အဘခက်"

"မင်းကော"

"ကျွန်တော်လည်း အေးမောင်လိုပါပဲ အဘခက်ရယ် ဝ
သာဝမ်းနည်းကြီး"

"မင်းက ဘာကိုဝမ်းနည်းတာလဲ"

"ကိုယ့်ဘဝ အစစအရာရာ မပြည့်စုံ၊ နုံချာလှတာကိုပါ"

ကျွန်တော်က လေးလေးနက်နက် ပြန်ပြောပါတယ်။

အဘခက်က ပန်းကန်ထဲက လက်ကျန်ကို တစ်ကျိုက်တည
မော့ချပြီး ဘေးက အာမီမတ်ခွက်ထဲက ရေကို တစ်ကျိုက်သောက်ပြ
အာရှင်းလိုက်ပြီးမှ ...

"အေး ... ဘဝဆိုတာ ဒါပဲကွ။ မင်းတို့ကို ငါပြောပြော





တဲ့ ဘဝဆိုတာလေ မင်းတို့အခု လက်တွေ့ တွေ့ကြုံရတော့မယ်။ တကယ်တော့ ဘဝဆိုတာ သံပုရာသီးတစ်လုံး ရသလိုပါပဲကွာ"

ပြောရင်း ဘဲသားအဖတ်ကြီးတစ်ဖတ်ကို ဝါးနေတယ်။

"အေး .. ကိုယ်ရထားတဲ့ သံပုရာသီးလေးကို ဒီအတိုင်းကိုက်စားရင်တော့ မိုက်မဲရာကျတာပေါ့ကွာ။ ဆားလေးနဲ့ တို့စားရင် နည်းနည်းအဆင်မပြေဘူးလား"

ပြောရင်း သူ့ရှေ့က သံပုရာခြမ်းဝိုင်းဝိုင်းလေးကို ဆားလေးနည်းနည်းတို့ပြီး ပါးစပ်ထဲထည့်နေတယ်။

"အေး ... ကိုယ်က ဉာဏ်ရှိလို့ သကြားလေးနဲ့ဖျော်ပြီးသောက်ရင် အဝင်လည်းကောင်းတယ်။ ကျန်းမာရေးအတွက်တောင်အထောက်အကူဖြစ်သေးတယ်။ အမောလည်း ပြေတယ်။

"ဟုတ်ကဲ့"

ကျွန်တော်တို့က ပြိုင်တူ။

အဘခက်က ဟင်းချိုကို သုံးဖွန်းလောက် သောက်ပါတယ်။

"အေး ... အရေးကြီးတာက ကိုယ့်ဘဝအခြေအနေအမှန်အနေအထားကို တိတိကျကျသိဖို့ လိုတယ်ကွ။ ကိုယ့်ဘဝက သုညအဆင့်မှာ ရှိတယ်ဆိုရင် တစ်ကိုရောက်အောင်တက်။ တစ်အဆင့်မှာရှိတယ်ဆိုရင် နှစ်ကိုရောက်အောင်တက်။ သုံး ... လေး ... ငါး ...စသဖြင့်ပေါ့ကွာ။ တစ်ဆင့်ထက်တစ်ဆင့် လှမ်းတက်သွားနိုင်ရမယ်"

"ဟုတ်ကဲ့"

"အေး ... အရေးကြီးတာက ကိုယ့်ဘဝအခြေအနေအမှန်ကို မှန်မှန်ကန်ကန် သုံးသပ်ဖို့ကတော့ အရေးကြီးတယ်။ ပိုလည်း မသုံးသပ်နဲ့။ လျှော့လည်း မသုံးသပ်နဲ့"

"ဟုတ်ကဲ့"

"အံ့ဒီလိုပဲ လူဆိုတာ ကိုယ့်ဘဝတိုးတက်ဖို့အတွက် အမြဲကြိုးစည်အားထုတ်နေရတယ်။ မင်းတို့ မမြင်ဘူးလား။ ကောင်းကင်မှာ ပျံနေတဲ့ငှက်တွေဟာ ပျံနိုင်မှတက်မယ်။ ပျံလေတက်လေပဲ။ အဲ ... အတောင်ကိုဖြန့်ပြီး လေအဟုန်မှာ ဝဲလိုက်တာနဲ့ တဖြည်းဖြည်း အောက်ကို ကျကျလာတယ်။

အဲဒီလိုပဲ လူဆိုတာလည်း အမြဲတမ်း တိုးတက်အောင် ကြိုးနေရတယ်။ လေအဟုန်စီးလိုက်ရင်တော့ အရက်ဆိုင်တို့ ဖဲဝိုင်းတို့ တည်းခိုခန်းတို့၊ အနှိပ်ခန်းတို့ ရောက်ပြီသာမှတ်။ မြောင်းထဲ ကျပြီသာမှတ်။ ဟဲ ... ဟဲ ..."

"ဟုတ်ကဲ့"

အဘခက်က အရက်တစ်ချိုင့်၊ ရေတစ်ချိုင့်မော့ချပြီး ပဲပြုတ်လေးကို ကောက်ဝါးနေတယ်။

"ဟိုကောင်မ ... ဂုဏ်ထူးနှစ်ဘာသာတောင် ပါတယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ အဘခက်"

အေးမောင်က ဖြေတယ်။

"မင်း အားမကျဘူးလား"

"မကျဘူး အဘခက်"

"ဘာဖြစ်လို့လဲ"

"သူက အစကတည်းက ကျွန်တော့်ထက်တော်တယ်"

"ခွေးကောင်"

အဘခက်က အေးမောင်ကို ဆုချီးမြှင့်တယ်။





"ငါ မချီးကျူးဘူး"

အဘခက်အသံက ပြတ်သားတယ်။ ကျွန်တော် နားမလည်လိုက်။

"ဘာဖြစ်လို့လဲ အဘခက်"

ကျွန်တော်က ပြန်မေးလိုက်တယ်။

အရက်တစ်ဝက်နဲ့ ရေတစ်ငုံကို အာလုံအောင်ရှင်းပြီး ပဲပြုတ်ကလေးစားကာ ...

"ဒီလိုကွ ... စောငယ်ရ။ တို့ တိုက်ပွဲမှာတိုက်ရင် လေ့ကျင့်ထားတဲ့ ကျွမ်းကျင်မှုရှိရမယ်၊ မဟာဗျူဟာရှိရမယ်၊ နည်းဗျူဟာကောင်းရမယ်။ ဒါနဲ့ မလုံလောက်သေးဘူး။ ထောက်ပို့လမ်းကြောင်း ရှိရမယ်။ အဲဒီသုံးချက်ပြည့်စုံရင် ငါတို့ ပွဲသိမ်းပဲ။ ရန်သူနယ်မြေမှာ တို့အလံစိုက်ပြီသာ မှတ်။ အဲဒီသုံးချက်ထဲက တစ်ချက်ချက်လိုနေရင်တော့ ခွေးပြေး ပြေးရပြီသာမှတ်။ ဟဲ ... ဟဲ ..."

နောက် ... အရက်တစ်ကျိုက်၊ ရေတစ်ကျိုက်၊ ဟင်းချိုလေး သုံးလေးဇွန်းလောက်သောက်ပြီး ဘဲသားဖတ်ကို ဝါးနေတယ်။

"မင်းတို့စာမေးပွဲမှာလည်း အောင်မြင်ဖို့ဆိုတာက ကျောင်းသားက ကြိုးစားဖို့လိုတယ်။ သင်ပြတဲ့ ဆရာ၊ ဆရာမက ကောင်းရမယ်။ နောက်ပိုင်းက လိုအပ်တာကို ထောက်ပံ့မှုအားကလည်း ရှိတယ်ဆိုရင် အောင်ပြီပေါ့ကွ။ ဘာခက်လို့လဲ"

"ဟုတ်တယ် အဘခက်"

ကျွန်တော်က လေးလေးနက်နက် ထောက်ခံလိုက်ပါတယ်။

"အေး ... မင်းတို့ နောက်မဆုတ်ရဘူး။ ရပ်တန့်မသွားရဘူး။ ရှေ့ကို ဆက်လက်ချီတက်နိုင်အောင် ကြိုးစားရမယ်။ လိုတဲ့အချက်

တွေက အဲဒါတွေပဲ။ အဲဒီအချက်တွေကို ဖြည့်ပေးနိုင်တဲ့သူ ရှိရင်ရှိ၊ မရှိရင် ကိုယ့်ဟာကိုယ်ကြိုးစား၊ ကိုယ့်ဟာကိုယ်ကြံ။ ဒါပဲရှိတာပေါ့ကွာ။ အေး ... ပညာရေးကိုတော့ ရင်းဖျားကုန်စင် သင်နိုင်ရင် အကောင်းဆုံးပဲ''

''ဟုတ်ကဲ့ အဘခက်''

ပြိုင်တူ။

''အေး ... ငါဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ် ပြောပြမယ်။ ဒါက ဂျာမန်ဆရာကြီး ဂိုတေးရေးတဲ့ ကဗျာကွ။ ဘာတဲ့ ... 'ပျော်ရွှင်မှုဆိုသည် ရံခါမှသာ အလေးချိန်စီး၏။ သို့ဖြစ်ရကား ရှေ့အဖို့၌ သင်လိမ္မာပါလေတော့။ အထက်သို့သော်လည်းကောင်း ရောက်လိမ့်မည်။ လိမ့်၍လည်း ကျနိုင်သည်။ အောင်မြင်မှုလည်း ရနိုင်သည်။ အောင်မြင်သည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ မရပ်မနား လုပ်ရမည်သာ။ တူမဟုတ်လျှင် ပေတစ်ခုခုတော့ ဖြစ်မည်သာတည်း' ... တဲ့။ ဘယ်လောက်ကောင်းလိုက်လဲ''

အဘခက်က ဂျာမန်ကဗျာကို အားရပါးရပြောပြီး အရက်တစ်ကျိုက် အာရှင်းလိုက်တယ်။ ရေလည်း နောက်က အဆစ်ပါတာပေါ့။ နောက် ... ပဲသီးတောင့်လေးတွေရွေးပြီး ဝါးနေတယ်။

''လောကကြီးမှာ မင်းတို့ အသက်မွေးကျောင်းအဖြစ် လုပ်စားကြမှာ နှစ်မျိုးပဲရှိတယ်လို့ ငါမြင်တယ်။ ကာယနဲ့လုပ်ချင်လုပ်၊ မလုပ်ချင်ရင် ဉာဏနဲ့ လုပ်စားတာပဲ။ ပညာနဲ့လုပ်စားတာတော့ အကောင်းဆုံးပဲ။ ပညာနဲ့ဆိုရင် အရာရာကို ရရှိနိုင်တယ်။''

''ဟုတ်ကဲ့''





အရက်တစ်ကျိုက်၊ ရေတစ်ကျိုက်။

သံပရာသီးလေးကို စုပ်ရင်း ပြောတယ်။

''အေး ... မင်းတို့ ငါ့ကို ကတိပေးထားတဲ့အတိုင်း အရက်ကို ...''

''အသက်နှစ်ဆယ်ကျော်မှ သောက်ရပါ့မယ် အဘခက်''

ပြိုင်တူရွတ်ဆို ကတိပေးကြတယ်။

''ဒါက မင်းတို့ဘဝအတွက် ပြောတာ။ လမ်းခုလတ်မှာ အဖျက်အဆီး၊ အနှောင့်အယှက် ဖြစ်လာနိုင်တယ်''

''ဟုတ်ကဲ့ပါ အဘခက်''

ပြောရင်းပြောရင်း အဘခက် အာနည်းနည်းလေးလာတယ်။

''အေးမောင် ...''

''ဗျာ ... အဘခက်''

''တယောသွားယူ''

အဘခက် အရှိန်ရလာပြီ။

အေးမောင်က တဲထဲက တယောနဲ့ဘိုးတံကို အပြေးလေးသွားယူတယ်။

''ပေး ... ငါ့ကို''

အဘခက်က ကိုယ်တိုင်တယောထိုးဖို့ ပြင်လိုက်တယ်။

''စောငယ် ... စန္ဒရားထွန်းညွန့်ဆိုထားတဲ့ 'အောင်မြင်ချင်းအတူတူ ဘယ်သူမြတ်လဲ' သီချင်းဆိုစမ်း''

အမိန့်က ကျွန်တော့်အပေါ် ကျလာတယ်။

တယောသံကို အသံစမ်းပြီး သီချင်းအဆိုကို အချက်ပေးနေပါပြီ။

"ကိုယ်တို့ လူ့ဘုံခန်းအလယ် အရွယ်မွေးစ ဘဝအစမှာကွယ်"

"ကိုယ်တို့ ×××လူ့ဘုံခန်းအလယ် ×××ငယ်ရွယ်ကလေးအစ အခက်အလက်အတောင်ရယ် ××× မစုံကြသေးသော ××× အရွယ် တွင်မှကွယ် ××× လူလားမြောက်သည့် ××× အထိသို့သာရယ် ××× အောင်မြင်လိုသော ဆန္ဒတွေကလည်း ××× အတိအကျသာရယ် ××× ရှိကြလျက်ပါကွယ် ×××

သည်ဆန္ဒ ××× ပြည့်မြောက်ဖို့ရယ် ××× တစ်ဦးနဲ့တစ်ဦးမယ် တူပြိုင်လျှောက်သောလမ်းချင်းကဖြင့် ××× မတူညီနိုင်ကြတယ် ××× တချို့တော့လည်း ××× သာယာဟန်ကျ ××× သည်အမိသည်အဖ ××× ခနအင်အား ××× တည်ထားလို့ရယ် ××× အောင်မြင်ခြင်းသည်လမ်း ကြမ်းသည်ဆိုသော်လည်း ××× ရွှေခဲ ××× ငွေခဲ ××× ခင်းကာကြ ××× လို့ ××× အောင်မြင်ခြင်းသို့ ××× ဦးစွာရောက်ကြတယ် ×××

ကိုယ့်မှာတော့ ××× သည်သို့သာတည်း ××× မဟုတ်ရပါ တယ် ××× ခနအင်အား ××× နောက်ခံထားရာ ××× မရှိတာကြောင့် ကြမ်းလှပါတယ် ××× သည်ခရီးကြမ်းကို ××× ချွေးအစက်စက် ××× ချောင်းလျှံထွက်သည့် ××× ပမာသို့နှယ် ××× ဘယ်သို့အန္တရာယ် ××× ရှိသော်လည်း ××× အားနဲ့မာန်ကို ××× အတူတွဲလျက် ××× ကြမ်း သောလမ်းက ××× ကိုယ်လျှောက်ခဲ့ပါတယ် ××× သို့သော် ××× နှစ်ဦး ပြန်လည်ဆုံတွေ့ ××× တစ်နေ့မှာရယ် ×××

အောင်မြင်ချင်းအတူတူ ××× ဘယ်သူတွေမြတ်သလဲကွယ် အောင်မြင်ချင်းအတူတူ ××× ဘယ်သူမြတ်သလဲကွယ် ×××

ကျွန်တော်က အသံအေးအေးနဲ့ အသံကို ချလိုက်တယ်။





အောင်မြင်ချင်းအတူတူ ××× ဘယ်သူမြတ်သလဲကွယ်၊ အောင်မြင်ချင်းအတူတူ ××× ဘယ်သူမြတ်သလဲကွယ် ××× "

ဒီအပိုဒ်မှာ အေးမောင်ကပါ အသံပြဲကြီးနဲ့ အားရပါးရလိုက် အော်ပါတယ်။

အဘခက်က တယောကို တယျေတယျသတ်ပြီး ...

"အေး ... ငါပြောချင်တာက ဒါပဲ။ မင်းတို့ဘဝတက်လမ်း အတွက် လမ်းညွှန်ပဲ။ အောင်ဖြင်အောင်သာ လုပ်ကြ"

လေးလေးနက်နက်အသံနဲ့ ပြောပါတယ်။

"ဟုတ်ကဲ့"

ပြိုင်တူဟုတ်ကဲ့လိုက်သော်လည်း ...

'အောင်မြင်ချင်းအတူတူ ဘယ်သူမြတ်သလဲ' ဆိုတဲ့မေးခွန်း က ကျွန်တော့်ရင်ထဲမှာ စွဲသွားပါတယ်။

✿ ✿ ✿

## [ ၁၉ ]

❑

တစ်နေ့နံနက် အိမ်မှာလိုအပ်တဲ့ မီးဖိုချောင်သုံးပစ္စည်းတွေ၊ အဘခက်လိုအပ်တဲ့ ပစ္စည်းတွေ ဈေးမှာသွားဝယ်နိုင်းလို့ ပလတ်စတစ်ခြင်းတောင်းအပေါင်းလေး တစ်လုံးဆွဲပြီး ကျွန်တော် သန်လျင်ဈေးကို ထွက်လာခဲ့တယ်။

"စောငယ် ..."

ဈေးလယ်ကောင်မှာ ကျွန်တော့်နာမည်ကို နောက်ကလှမ်းခေါ်လိုက်တဲ့ စန္ဒာမိုးရဲ့အသံစူးစူးလေးကို ကြားရတယ်။

လှည့်ကြည့်လိုက်တော့ အထုပ်တွေတစ်ပွေ့တစ်ပိုက် ပိုက်ထားတဲ့ စန္ဒာမိုးကို တွေ့လိုက်တယ်။ ပြုံးလို့၊ ကြည်လို့။ နပျိုလန်းဆန်းနေ





တဲ့ သူ့မျက်နှာအရောင်က ကျွန်တော့်ရင်ကို လာဟပ်တယ်။ ကျွန်တော်က နောက်လှည့်ပြီး ရပ်နေလိုက်တယ်။ သူက ကျွန်တော့်နားကို လျှောက်လာတယ်။

"နင်တစ်ယောက်တည်းလား။ အေးမောင်မပါဘူးလား"

"မပါဘူး ငါတစ်ယောက်တည်း။ အေးမောင်ခြံထဲမှာ မြောင်းပေါက်နေတယ်"

"အောင်စာရင်းထွက်ပြီးကတည်းက နင်တို့နဲ့ မတွေ့ရဘူး။ နင်အောင်တာ ငါဝမ်းသာတယ်။ လာဟာ ... တစ်ခုခုသွားစားရအောင်။ ငါကျွေးမယ်"

သူက ရင်းရင်းနှီးနှီးခေါ်တယ်။

"မစားတော့ပါဘူးဟာ။ ငါ ထမင်းကြမ်းနဲ့ ပဲပြုတ် စားခဲ့ပြီးပြီ"

"နင်ကတော့ လုပ်ပြီ။ အခု ဘာလာလုပ်တာလဲ"

"အမေနဲ့ အဘခက်က အိမ်မှာလိုတာလေးတွေ ဝယ်ခိုင်းလိုက်လို့ လာဝယ်တာ"

စကားပြောရင်း ကုန်ခြောက်တန်းဘက်ကို လျှောက်လာခဲ့တယ်။

"စောငယ် ... နင်နဲ့တွေ့ရတာ အတော်ပဲ။ ငါ နင်နဲ့အေးမောင်ကို ဆုပေးမလို့ ပုဆိုးတစ်ထည်စီ ဝယ်ခဲ့တယ်။ ညနေကျရင် နင်တို့ခြံထဲကို ငါလာပေးမလို့။ ရော့ ... နင်ယူသွား"

သူက သူပိုက်ထားတဲ့ အထုပ်တွေထဲက ပုဆိုးနှစ်ထည်ဆင်တူလေးကို သူ့လက်နှစ်ဖက်နဲ့ လှမ်းပေးတယ်။

"ငါမယူချင်ဘူး။ အေးမောင်ကို ပေးချင်ရင် နင့်ဟာနင်သွား

ပေး။ ငါတို့က နင့်ကို ဂုဏ်ပြုရမှာပါ''

ကျွန်တော်က ခပ်တည်တည် ပြန်ပြောလိုက်တယ်။ သူ့မျက်နှာ
လေးညှိုးသွားတာ သတိထားလိုက်မိတယ်။

''နင်ကတော့ လုပ်ပြီဟာ။ ငါက နင့်ကို အမှတ်တရဂုဏ်ပြု
ချင်တာပါဟာ။ နင် ဆေးရုံကနေ လူမမာစောင့်ရင်း ဖြေတာတော
အောင်လာတယ်။ အေးအေးဆေးဆေးဖြေရရင် အောလ်ဒီထွက်မလာ
မသိဘူး။ ငါ့မှာ နင့်အတွက် စိုးရိမ်လိုက်ရတာ။ ငါ့အတွက်တောင် ငါ
မပူဘူး''

''ဒါကတော့ ဘဝပေးအခြေအနေအရပေါ့ဟာ။ ဘာလဲ ...
နင်က နင့်ကိုယ်နင် အပိုင်တွက်ထားပြီးပြီပေါ့''

''ဒီလိုလည်း ဘယ်ဟုတ်မလဲဟ။ ဆယ်တန်းကတော့ ကြိုး
စားရတာပေါ့။ ကိုယ့်ကြိုးစားမှုရလဒ်ကတော့ ကိုယ်ရမှာပေါ့''

ကျွန်တော်က ကုန်ခြောက်ဆိုင်ခန်းမှာ ကုလားပဲ၊ ကြက်သွန်
အာလူး၊ ပဲကတ္တီပါ၊ ငါးခြောက်အသေးလေးတွေ တစ်ဆိုင်ပြီးတစ်ဆိုင်
လျှောက်ဝယ်နေတဲ့နောက်ကို သူက တကောက်ကောက် နောက်ကလိုက်
ရင်း စကားပြောလာကြတယ်။

ဈေးဝရောက်တော့ ခြင်းတောင်းကြီးက ပြည့်လုနီးနီးဖြစ်နေ
ပြီ။

''ကဲပါဟာ ... ပုံဆိုးတွေ ယူသွားပါ။ ငါလာနေရဦးမယ်၊
ကလေးက လိမ္မာသားနဲ့''

စန္ဒာမိုးက စပ်ဖြဲဖြဲပြောတယ်။

''မယူပါရစေနဲ့ စန္ဒာမိုးရယ်။ ငါ စကားကို နှစ်လုံးမပြော
တတ်ပါဘူး''





ကျွန်တော်က မျက်နှာကို ခပ်တင်းတင်းထားပြီး တစ်လုံးချင်း
ပြန်ပြောလိုက်တယ်။

''နင်ကတော့ အဘခက်တပည့် ပီသပါပေတယ်။ ဩော် ...
ဒါနဲ့ အဖေရော နေကောင်းရဲ့လားဟင်''

''အေးဟ ... သိပ်အကောင်းကြီးတော့ မဟုတ်ဘူးပေါ့ဟာ။
ရောဂါကရှိနေတော့ အခု ကောင်းရင်ကောင်းတယ်။ တော်တော်ကြာ
မကောင်းရင် မကောင်းဘူးပေါ့။ လူကြီးဆိုတော့ ခံနိုင်ရည်အားကလည်း
နည်းတာပေါ့''

''ဒီတီဘီရောဂါကလည်း တော်တော်ဆိုးဆိုးဟ။ တီဘီရောဂါ
ပျောက်ဆေးတွေကလည်း အခုမှ စမ်းသပ်ကြတုန်း။ နောက်ဆို လုံးဝ
ပျောက်တဲ့ဆေးတွေ ပေါ်လာမှာပါဟာ။ ငါ အဖေ့အတွက်လည်း စိတ်
ပူတယ်''

''ပူနိုင်ရန်ကော စန္ဒာမိုးရယ်''

ကျွန်တော့်ရင်ထဲက စကားပါ။

''နင့်လက်ထဲက အထုပ်တွေက များလှချည်လား''

ကျွန်တော်က သူ မျက်နှာပူနေမှာစိုးလို့ စကားလမ်းကြောင်း
ပြောင်းလိုက်တယ်။

သူက ပထမ ပြန်ပြောမလို့ ပါးစပ်ကလေးဟလိုက်ပေမယ့်
နောက် ... ခဏချင်း နှုတ်ခမ်းလေးပိတ်သွားတယ်။ နောက်မှ တိုးတိုး
လေး မပြောရဲသလို၊ ပြောရဲသလို ပြောတယ်။

''အေးဟာ ... ငါ ကျောင်းတက်ဖို့ အင်္ကျီပိတ်စတွေ၊ လို
အပ်တာတွေ လာဝယ်တာ''

သူ့မျက်နှာလေး ညှိုးနေတယ်။ ကျွန်တော့်ကို အားနာနေမှန်း

ကျွန်တော်ရိပ်မိပါတယ်။

"ငါဝမ်းသာလိုက်တာ စန္ဒာမိုးရယ်"

ကျွန်တော်က လှိုက်လှိုက်လှဲလှဲပြုံးပြီးတော့ ပြောလိုက်တယ်။

"တကယ်ပါ။ နင်တော့ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်တော့မှာပေါ့နော်"

ကျွန်တော်က ဝမ်းသာအားရ ပြောနေပေမယ့် သူ့မျက်နှာက တဖြည်းဖြည်းညှိုးလာတယ်။ ပြီးတော့မယ့် မိုးလို ...။

"ငါတော့ ဝမ်းမသာဘူး"

သူ့နှုတ်ခမ်းက ရုတ်တရက် ပွင့်အန်လာတယ်။

"ဘာဖြစ်လို့"

"နင်တို့နဲ့ ခွဲရမှာ"

သူ့မျက်ဝန်းအစုံမှာ ပုလဲရည်ဥတွေ ဝိုင်းလာနေတယ်။ ပြီးကွဲပေါက်ကျလာတဲ့ ဆည်ရေကို မနိုင့်တနိုင်ကော့ရှင်းတဲ့ မျက်တောင်နက်နက်ပါးပါးလေးတွေနဲ့ တဖျတ်ဖျတ်ခတ်ရင်း အနိုင်နိုင်ထိန်းနေတာ တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေပါတယ်။

"ကဲ ... ပြန်ကြစို့ဟာ"

ကျွန်တော်က မျက်နှာလွှဲကာ ဆွဲထားရတဲ့ ခြင်းတောင်းကြီးကို ပခုံးပေါ် ကောက်တင်လိုက်တယ်။

"ဆိုက်ကားနဲ့ သွားမယ်လေ"

"ဟင့်အင်း ... ငါ ကုန်းကြောင်းပဲပြန်မယ်။ လျှောက်နေကျပဲဟာ။ နင် ဆိုက်ကားနဲ့ပြန်"

"ဆိုက်ကားခ ငါပေးပါ့မယ် ... စောငယ်ရယ်"

သူ့ကို တစ်ချက်စိုက်ကြည့်လိုက်တယ်။ နောက်ပြီး ကျွန်တော်





ခြင်းတောင်းထမ်းပြီး လှည့်ထွက်လာခဲ့တယ်။ ဖြူဖွေးလှပတဲ့ သူ့ပါးပြင်ပေါ်မှာ တာက ထိန်းလို့မရနိုင်ဘဲ ကျိုးပေါက်ကျလာမယ့် ကရုဏာရေအလျဉ်ကို ကျွန်တော် မမြင်ဝံ့လို့ပါ။

သူ့ရဲ့ ငိုမဲ့မဲ့ မျက်နှာဝန်းကျင်ဟာ ကျွန်တော့်နှလုံးပြင်ထဲကို စူးနစ်စွာ ဝင်လာပါတော့တယ်။

ဩော် ... နှုတ်ဆက်ခြင်း၊ ခွဲခွာရခြင်းပါလားလို့ နားလည်လိုက်ပါတယ်။

✿ ✿ ✿

## [ ၂၀ ]

စန္ဒာမိုးက ပညာရေးတက္ကသိုလ် ဆက်တက်ပါတယ်။

ကျွန်တော်နဲ့ အေးမောင်ကတော့ ဒီတွင်ပြတ်၊ ဒီတွင်ရပ်ပြီမို့ တက္ကသိုလ်ဆိုတာကြီးကို ဆက်မတက်နိုင်ခဲ့ပါ။

ကျွန်တော်တို့က လောလောဆယ် စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် ရရာအလုပ်ကို ရှာရပါတယ်။

အလုပ်ဆိုတာ ရှာတော့လည်း အခက်သား။ ဟိုဟာမရ၊ ဒီဟာမရနဲ့ အလုပ်ကခေါ်တဲ့ စာမေးပွဲ၊ လူတွေ့စစ်ဆေးမှုတွေလည်း အောင်သား၊ ဖြေနိုင်သား။ ဒါပေမဲ့ ကျွန်တော်တို့ အလုပ်မရပါဘူး။ ဘာကြောင့်လဲတော့ မသိပါဘူး။

အချိန်တော်တော် ကြာပါတယ်။





ရမယ့်ရတော့ ရေကြောင်းဆက်သွယ်ရေးဝန်ကြီးဌာန ရေဝန်ရုံးမှာ အောက်တန်းစာရေးအဖြစ် အေးမောင်ရော၊ ကျွန်တော်ပါ အလုပ်ရကြပါတယ်။

ဒီတော့လည်း မိဘကို ပိုပြီး တစ်စိတ်တစ်ပိုင်း ပြန်လည်ကူညီနိုင်တာပေါ့။

ကူညီနိုင်တယ်သာ ဆိုတယ်။ ဘကြီးခက်ရဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့နှစ်ယောက် လုပ်သားကောလိပ်ကို ဆက်တက်ရပါတယ်။

လုပ်သားကောလိပ် တက်ရတယ်ဆိုတာကလည်း မလွယ်လှပါလား။

မနက်ရှစ်နာရီထိုး အိမ်ကထွက်ရပါတယ်။ ရှစ်နာရီခွဲ သန်လျင်သင်္ဘောစီးပြီး ကိုးနာရီခွဲအရောက် ရုံးကို အချိန်မှန်အောင် ပြေးရပါတယ်။ နောက်ကျတဲ့အခါလည်းကျ၊ ရုံးချိန်မမီတဲ့အခါလည်း မမီပေါ့လေ။ နောက်ကျတဲ့အခါက များပါတယ်။

ရုံးကလူတွေက သန်လျင်ကနေ ရန်ကုန်ကို ရုံးတက်ရတဲ့သူတွေဆိုတော့ တော်ရုံတန်ရုံ စာနာခွင့်လွှတ်ကြပါတယ်။ ရုံးချိန်မှန်အောင် တက်ဖို့ အထက်အရာရှိက ကြိမ်းတန်ကြိမ်း၊ ဆူတန်ဆူ၊ ချော့တန်ချော့နဲ့ အမျိုးမျိုး အပြောအဆိုခံခဲ့ရပါတယ်။

ပထမဦးဆုံးထုတ်တဲ့ လစာကို အဖေနဲ့အမေကို ကန်တော့ပါတယ်။

အဖေက ...

"ငါ့သားလုပ်စာကို မစားရက်ပါဘူးကွာ။ အဖေမတတ်နိုင်ငကာ့လို့ပါ"

လို့ ပြောပါတယ်။

အမေက ဘာမှမပြောပါ။ အံကြိတ်ပြီး မျက်ရည်ဖြိုင်ဖြိုင်က
နေတယ်။

ကျွန်တော်က အဖေနဲ့အမေကို ကန်တော့ပြီး ...

"အဖေ ... ကျေးဇူးပြန်ဆပ်ခွင့်ရတာကိုပဲ ကျွန်တော် ဝမ်းသာ
လှပါပြီ"

ကျွန်တော်က အမေ့ရဲ့ ကျနေတဲ့မျက်ရည်နဲ့ အဖေ့ရဲ့ မချိတ
ကဲ ကြည့်နေတဲ့အကြည့်ကို မခံနိုင်ဘဲ လစာကို တစ်ပြားတစ်ချပ်မ
မချန်ဘဲ အဖေနဲ့အမေကို ကန်တော့ပါတယ်။

"သာဓုကွယ် ... သာဓု"

အမေက သာဓုခေါ်ပါတယ်။

ပထမလစာထဲကပဲ အဘခက်ကို သူကြိုက်တတ်တဲ့ ရမ်အရက်
တစ်လုံးနဲ့ ကန်တော့ပါတယ်။ အေးမောင်ကလည်း အရက်ပုလင်း
တစ်လုံးပေါ့။

ကံ့ကော်ပင်အောက်က ကွပ်ပျစ်ပေါ်မှာပါ။

"အေး ... မင်းတို့ အနီနဲ့ကန်တော့တော့လည်း အနီသောက်
ရတာပေါ့။ ငါကတော့ အဖြူပဲ သောက်နိုင်တယ်။ ဒါပေမဲ့ အရက်က
အဖြူသောက်သောက်၊ အနီသောက်သောက် မူးတာပါပဲကွာ"

သူက ခပ်တည်တည်ကြီး ပြောနေတယ်။ ကျွန်တော်တို့က
မလှုပ်ရဲ။

အဘခက်က ဆက်ပြောတယ်။

"အရက်ဆိုတာ သောက်ရင်မူးတယ်။ အေး ... ဒါ ...
သစ္စာတရားပဲ"





သူက လေးလေးနက်နက် ဆက်ပြောနေတယ်။

"အေး ... မင်းတို့ သစ္စာတရားကို သိနိုင်တဲ့ကိုယ် ဖြစ်ကြ
ပါစေကွာ"

အဲဒါက သူပေးတဲ့ဆု။

ကျွန်တော်တို့က ...

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

လို့ မဆိုလိုက်ဘဲ ...

အေးမောင်ရော၊ ကျွန်တော်ရော တစ်ယောက်နဲ့တစ်ယောက်
ကြောင်ပြီး ကြည့်နေကြတယ်။ တကယ်တော့ ဘာပြောရမှန်းမသိ။

ဘာဆုပေးမှန်းလည်းမသိ။

အသိရခက်ပါလား အဘခက်ရယ်။

✿ ✿ ✿

## [ ၂၁ ]

❑

ည လုပ်သားကောလိပ်ကအပြန် ဗိုက်ဆာလွန်းလို့ ခါတိုင်းစားနေကျ လမ်းဘေးကွမ်းယာဆိုင်လေးမှာ ...

''အဒေါ်ကြီး ... ငှက်ပျောသီးနှစ်လုံး ယူမယ်နော်''

''အေး''

ဆိုင်ရှင်အဒေါ်ကြီးက ပြောတယ်။

ဖီးကြမ်းငှက်ပျောသီးနှစ်လုံး ဆွဲဖြုတ်လိုက်တယ်။

ကျွန်တော်ပေးနေကျ တစ်မတ်စေ့လေး ထုတ်ပေးလိုက်တယ်။

ဟုတ်တယ်လေ။ ငှက်ပျောသီးတစ်လုံး ဆယ့်ငါးပြား၊ နှစ်လုံးတစ်မတ်၊ ကျွန်တော့်အိတ်ထဲမှာ တစ်မတ်စေ့လေးတစ်စေ့ပဲ ကျန်တော့တယ်။ ဒါက အပြန် ကိုးနာရီလေးဆယ့်ငါးမိနစ် ရန်ကုန် ပုဇွန်တောင်





ထင်းပုံဆိပ်ကမ်းကနေပြီးထွက်တဲ့ သီတာသင်္ဘောနဲ့ ရန်ကုန်–သန်လျင်သင်္ဘော နောက်ဆုံးခေါက်စီးပြီး သန်လျင်ဆိပ်ကမ်းရောက်ရင် အလုအယက်ပြေးတက်ပြီးတော့ ကျွန်တော်တို့ရွာကိုသွားဖို့ မြို့ပတ်ကားခပေးဖို့အတွက် ချန်ထားတဲ့ မတ်စေ့လေး။

အေးမောင်မှာလည်း ဒီလောက်ပဲကျန်မယ်။

ငှက်ပျောသီးနှစ်လုံးကို တစ်ယောက်တစ်လုံးပေါ့။ အဆာပြေလုံလောက်ပြီ။

''ငှက်ပျောသီးက ဈေးတက်သွားပြီကွယ့်''

ဆိုင်ရှင်အဒေါ်ကြီးရဲ့အသံ။

''မနေ့ညကပဲ ကျွန်တော်ဝယ်စားသေးတယ် အဒေါ်ရယ်''

''အေး ... မနေ့က ဈေးတစ်မျိုး၊ အခု ဈေးတစ်မျိုးကွယ့်''

''ဒါဆို ဘယ်လိုရောင်းသလဲ အဒေါ်''

''ငှက်ပျောသီးတစ်လုံး တစ်မတ်ဖြစ်သွားပြီ''

''တောက် ...''

ကျွန်တော် ရုတ်တရက် အမှတ်မထင် နာကြည်းစွာ၊ မကျေနပ်စွာ တောက်ခေါက်တဲ့အသံက ထွက်သွားပါတယ်။

''ဘာလဲ ... မင်းက ငါ့ကို မကျေနပ်လို့လား''

ဈေးဆိုင်ရှင် အဒေါ်ကြီးက မေးပါတယ်။

အဲဒီတော့မှ သတိပြန်ရလာပြီး ...

''မဟုတ်ပါဘူး အဒေါ်ရယ်။ ကျွန်တော့်မှာ တစ်မတ်ပဲရှိလို့ပါ''

အဒေါ်ကြီးက ကျွန်တော့်ကို သနားသွားဟန်တူပါတယ်။

''အဒေါ်လည်း ဘယ်တတ်နိုင်ပါ့မလဲကွယ်။ မနက်က ပုဇွန်

တောင်ဈေးမှာ ငှက်ပျောသီးသွားဝယ်တော့ ဈေးတွေက တက်နေတယ်၊ အဒေါ်လည်း ကိုက်အောင်ရောင်းရတာပေါ့''

ကျွန်တော်က ဘာမှပြန်မပြော။ ပြန်ပြောနိုင်တဲ့ ခွန်အားလည်း မရှိတော့။ ညကိုးနာရီခွဲကျော်နေပြီဆိုတော့ ဗိုက်ကလည်း ဆာနေပြီ။ သူငယ်ချင်းနှစ်ယောက် ငှက်ပျောသီး တစ်ယောက်တစ်လုံးစီလောက် လွေးလိုက်ရင် သန်လျင်ဟိုဘက်ကမ်းမှာ တစ်စီးတည်းသာရှိတဲ့ မြို့ပတ်ကားကို မီအောင်ပြေးနိုင်ဖို့ အားကလေးများ ဖြစ်လာမလားလို့ စားမယ်လို့ကြံတာပါ။

အဲဒီအချိန်မှာ အမွှေးနံ့တစ်ခု သင်းပျံ့လာပါတယ်။ ဘာနံ့မှန်းတော့ ကျွန်တော်မသိပါ။ ကျွန်တော့်နောက်က ...

''ငှက်ပျောသီးတစ်ဖီးပေးပါ''

ဟာ ... စန္ဒာမိုးအသံပါလား။

နောက်လှည့်ကြည့်လိုက်တော့ ပြုံးပြုံးကြီးကြည့်နေတဲ့ စန္ဒာမိုးမျက်နှာ ...

''အေး ... ရော့ ... ရော့ ...''

''တစ်ဖီး ဘယ်လောက်ကျလဲ''

''သုံးကျပ်ခွဲပါ သမီးရယ်''

စန္ဒာမိုးက ပိုက်ဆံထုတ်ပေးတော့ အဒေါ်ကြီးက ဝမ်းသာအားရ၊ ပျာပျာသလဲအမူအရာနဲ့ ငှက်ပျောသီးတစ်ဖီး လှမ်းပေးတယ်။

''ယူလိုက်လေ ... စောငယ်''

ကျွန်တော်က ဘာလုပ်ရမှန်းမသိ။ ယောင်ယမ်းပြီး ငှက်ပျောသီးဖီးကို ယူလိုက်တယ်။

နောက်လှည့်ပြီး ...





''နင်က ဘယ်က ...''

ကျွန်တော့်စကားမဆုံးခင် ...

''ငါ ... နွေရာသီကျောင်းပိတ်လို့ ပြန်လာတာဟဲ့။ မနက်မှ ပြန်မလို့ပဲ။ ဒီနေ့ပြန်ချင်တာနဲ့ ထပြန်လာတာ။ လမ်းမှာ ကားပျက်နေလို့ သင်္ဘောမီအောင် မနည်းပြေးလာရတယ်။ ပစ္စည်းတွေချပြီး ကြည့်လိုက်တော့ နင့်ကိုကွမ်းယာဆိုင်မှာ တွေ့တာ။ ငါ ဝမ်းသာလိုက်တာ။ ဒါနဲ့ ငါပြေးလာတာ''

''နင်ကလည်းဟာ ... တွေ့မှ ပိုလိုက်တာ။ ဒါနဲ့ နင့်ပစ္စည်းတွေရော''

''ဟိုမှာ''

သူက သင်္ဘောအဆင်း လက်မှတ်ဂိတ်ဝမှာ ချထားတဲ့ ပစ္စည်းပုံကို ညွှန်ပြတယ်။

''အလုပ်သမားခေါ်လေ စောငယ်''

''ဒီအချိန် အလုပ်သမားတွေ ဘယ်ရှိတော့မလဲဟ။ အေးမောင်ကို ခေါ်လိုက်မယ်''

''ဘယ်မှာလဲ အေးမောင်''

''ဟိုဘောတံတားပေါ်က မာကြူရီမီးတိုင်အောက်မှာ စာဖတ်နေတယ်''

စန္ဒာမိုးက ကျွန်တော်ညွှန်ပြတဲ့နေရာကို လှမ်းကြည့်တယ်။

အေးမောင်က အောက်ခံဘောတံတားထိပ် မာကြူရီမီးတိုင်အောက် ဘောတံတားအဆင်း တံတားလက်တန်းထိပ်ပေါ်မှာ စာဖတ်နေတယ်။

''ဒီကောင်ကလည်း စာဖတ်စရာ နေရာရှားလို့''

စန္ဒာမိုးက အေးမောင်ကို လှမ်းကြည့်ပြီးပြောတယ်။

''ငါတို့စာဖတ်ရတဲ့နေရာက အဲဒီနေရာပဲလေ။ အချိန်လည်း မရဘူး။ သဘော်စောင့်ရင်း ရတဲ့အချိန်လေးမှာ စာဖတ်ကြရတာ''

''နင်ကော အဲဒီနေရာမှာပဲ ဖတ်လား''

''အေး ...''

''စောငယ်ရယ် ... ရေထဲကျသွားပါဦးမယ်''

သူ မျက်နှာလေးပျက်ပြီး စိုးရိမ်သံလေး ထွက်လာစဉ်မှာ ကျွန်တော်က ကမ်းနားတံတားထိပ်ကနေပြီး အေးမောင်ကို လက်ခုပ်တီးပြီး ခေါ်တယ်။

''ဟေ့ကောင် ... အေးမောင် ... ဒီကိုပြန်တက်လာခဲ့ဦး''

အေးမောင်က ကျွန်တော့်အသံကြားတော့ ကမ်းပေါ်ကို အပြေးလေးတက်လာတယ်။

''ဟာ ... စန္ဒာမိုးပါလား''

''အေး ... ငါ ကျောင်းပိတ်လို့ ပြန်လာတာ''

''နင်ကလည်း မိုးချုပ်ကြီး အချိန်မရှိမှ''

''လမ်းမှာ ကားပျက်နေလို့ဟဲ့''

သူက စန္ဒာမိုးနဲ့ လေကျနေတယ်။

''အဲဒါ ... သူ့ပစ္စည်းတွေသယ်ဖို့ အလုပ်သမားခေါ်ဆိုလို့ မင်းကို လှမ်းခေါ်တာ''

ကျွန်တော်က ပြောလိုက်တယ်။

''မင်း ... ဒါ ... သက်သက်လူလည်ကျတာ။ မင်းဘာသာ မင်း သယ်ခဲ့ပါလား''

''ငါတစ်ယောက်တည်း နိုင်ပုံမပေါ်လို့ပေါ့ကွ''





''အေး ... နင်တို့နှစ်ယောက် အဲဒီလိုပြောတဲ့ အသံလေးတွေ ငါမကြားရတာ ကြာပြီဟာ။ အခုလိုကြားရတော့ ငါသိပ်ဝမ်းသာတာပဲ''

စန္ဒာမိုးက ရယ်ရင်း ဝင်ပြောတယ်။

''အဲဒါ အရေးမကြီးဘူး။ ငှက်ပျောသီးအရင်ပေးကွာ။ ဗိုက်ဆာတယ်။ မင်းခုနပြောတော့ တစ်မတ်ပဲ ပိုတယ်ဆို။ အခု တစ်ဖီးတောင် မှပါလား။ မင်းက အချင်းချင်း ကပ်ပြီး ပတ်နေတယ်''

''ဟေ့ကောင် ... ငါ ဘယ်တုန်းက လိမ်ပြောတတ်လို့လဲ''

''ဟဲ့ ... အေးမောင်။ ငှက်ပျောသီးက ငါဝယ်ကျွေးတာ''

''အောင်မယ်လေး ... မင်းက မေခလာနဲ့ တွေ့နေတာကိုး''

''ဟေ့ကောင် ... သဘော်ပေါ်ကျမှစား။ သဘော်က ထွက်တော့မယ်။ ပစ္စည်းတွေ သယ်ချမယ်''

ကျွန်တော်က ပစ္စည်းသေတ္တာတစ်လုံးကို ကောက်ကိုင်ပြီး ပခုံးပေါ် ယမ်းလိုက်တယ်။ အေးမောင်က နောက်တစ်လုံးဆွဲလို့ အိတ်နှစ်လုံးပဲ ကျန်တော့တယ်။

''ဟဲ့ ... ဟဲ့ ... စောငယ် ... အဲဒီသေတ္တာကို မထမ်းနဲ့''

စန္ဒာမိုးက ပြူးပြူးပျာပျာ လှမ်းပြောတယ်။

''ဘာဖြစ်လို့လဲ။ ကွဲစရာတွေ ပါလို့လား''

''မဟုတ်ဘူး။ ဟာ ... နင်မထမ်းပါနဲ့ဟာ''

သူ့စကားမဆုံးခင် ကျွန်တော်က အိတ်တစ်လုံးကို ကောက်ဆွဲပြီး ဘောတံတားကို ဆင်းခဲ့တယ်။

အေးမောင်ကလည်း အိတ်တစ်လုံး၊ သေတ္တာတစ်လုံး။

စန္ဒာမိုးက အိတ်သေးလေးတစ်လုံးဆွဲပြီး နောက်က လိုက်လာတယ်။

သီတာသဘော်အလယ်ထပ် မီးရောင်အောက်က ခုံတွေမှာ နေရာယူကြတယ်။

မကြာမီ သဘော်စထွက်ရော။

ပုဇွန်တောင်ချောင်းထဲကနေပြီး မြစ်သုံးဆိုင်ရောက်တော့ •• သန်လျင်ဘက်ကိုသွားမယ့် ပဲခူးမြစ်လမ်းကြောင်းပေါ်ကို ရောက်နေတယ်။

သီတာသဘော်အလယ်ထပ် မီးရောင်မှိန်မှိန်အောက်မှာ ပစ္စည်းတွေနေရာချပြီး ငှက်ပျောသီးတစ်ယောက်နှစ်လုံးစီ စားကြတယ်။

စားပြီးတော့ ထုံးစံအတိုင်း စာဖတ်ဖို့ ဟန်ပြင်လိုက်ကြတယ်။

မြစ်တွင်းက ညလေကလေးက တဖြူးဖြူးလေးတိုးနေတော့ နေသာထိုင်သာရှိပြီး လူက နည်းနည်းလေး လန်းလာတယ်။

သဘော်အလယ်ထပ်အခန်းထဲမှာက ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ အချိန်နောက်ကျမှ သန်လျင်ကို ပြန်ရတဲ့သူတွေ၊ ကျွန်တော်တို့လို အလုပ်သမားတစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်းတွေ ဣန္ဒြေရရ စာဖတ်သူဖတ်၊ စကားပိုင်းကျသူကျနဲ့ တည်တည်ငြိမ်ငြိမ် ထိုင်ပြီးလိုက်ပါလာကြပါတယ်။

သဘော်အပေါ်ထပ် မီးရောင်မရှိတဲ့ လရောင်လေးအောက်မှာတော့ လေညင်းခံရင်း အတွေးနယ်ချဲ့နေတဲ့သူတွေရှိသလို အတွင်းရေးကိစ္စတွေ နှီးနှောနေသူတွေလည်း ရှိပါတယ်။ မပြည့်တပြည့်သာနေတဲ့ တိမ်ကွယ်တဲ့ လရောင်မှောင်ရိပ်လေးအောက်မှာ နှလုံးသားရေးရာကို ဖြေပြနေတဲ့ ချစ်သူစုံတွဲတွေရဲ့ အချစ်စစ်တလင်း မြင်ကွင်းတွေ က မမြင်ချင်မှအဆုံးပါ။





သဘော်အောက်ထပ် လှေကားရင်း၊ အောက်ထပ်အခန်းထဲမှာတော့ မူးမူးပြပြနဲ့ လဲနေတဲ့သူတွေလည်း လိုက်ပါလာသလို အော်ကြီးဟစ်ကျယ် မကျေနပ်ချက်တွေကို ရင်ဖွင့်တဲ့ အသံတွေကလည်း ဆူညံနေပါတယ်။

သဘော်တစ်စီးလုံး ခြုံကြည့်လိုက်ရင် ပျော်စရာ၊ ရယ်စရာ၊ ဝမ်းနည်းစရာ၊ အတုယူစရာတွေနဲ့ ဘဝအစုံစုံ လူတန်းစားပေါင်းစုံပါ။

ဒီအချိန်ကြီး သဘော်စီးနေကြရတဲ့သူတွေကတော့ ဘဝသမုဒ္ဒရာမှာ မဟာဇနကထုံးကို နှလုံးမူပြီး ဘဝကို ရုန်းကန်လက်ပစ်ကူးနေကြရသူတွေပါ။

ကျွန်တော်က အစွန်ခုံမှာပါ။ အလယ်မှာ စန္ဒာမိုး။ သူ့ဘေးမှာက အေးမောင်။

"နင်တို့ ဒီအချိန်ဆို စာဖတ်နေကျလား"

စန္ဒာမိုးက မေးပါတယ်။

"အေး ••• သဘော်ပေါ်မှာ ဘာအလုပ်မှ လုပ်စရာမှမရှိဘဲ။ စာဖတ်ရင်း မေးရုံသာ ရှိတာပေါ့ဟ"

အေးမောင်က ဟိုဘက်ဘေးက ပြန်ဖြေတယ်။

"အေး ••• ငါလည်း ဒီအချိန်ဆို စာဖတ်နေကျပါပဲဟာ"

အဲဒီအချိန်မှာ အေးမောင်က အပေါ့အပါးသွားချင်လို့ ထင်ပါရဲ့။ သဘော်အောက်ထပ်ကို ခဏဆင်းသွားတယ်။

စန္ဒာမိုးနဲ့ကျွန်တော် နှစ်ယောက်တည်း ကျန်ခဲ့တယ်။ ကျွန်တော်က မှုန်ဝါးဝါးမီးရောင်ကြောင့် စာကို မနည်းကြီး ဖြဲရဲပြီး ဖတ်နေတယ်။

အဲဒီအခါမှာ ဘေးက စန္ဒာမိုးက တိုးတိုးလေးပြောတယ်။

"ငါစာဖတ်ရင် စာအုပ်ပေါ်မှာ နင့်မျက်နှာက အမြဲပေါ်
တယ် စောငယ်ရယ်"

သူ့ကိုစောင်းကြည့်လိုက်တော့ သူ ကျွန်တော့်ကို ငေးကြ
နေတယ်။

"နင်ကော ငါ့ကိုမှ သတိရရဲ့လား ... စောငယ်ရယ် ...
ဟင်"

မလှုပ်မယှက်နဲ့ စာကိုသာ မဲပြီးဖတ်နေတဲ့ ကျွန်တော့်ကို အ
မလိုအားမရဟန်နဲ့ ဆက်မေးတယ်။

ကျွန်တော်က သူ့ကို ပြန်စောင်းကြည့်လိုက်မိတယ်။

"ဒါဆို နင် စာထဲ စိတ်မဝင်စားဘူးပေါ့"

"စိတ်ဝင်စားတာက ဝင်စားတာပဲ။ နင့်မျက်နှာပေါ်နေတ
က ပေါ်နေတာပဲ"

"ပိုရောဗျား ..."

ကျွန်တော်က ပြုံးမဲ့မဲ့လေးလုပ်ပြီး ပြောလိုက်တယ်။

"ဘာလဲ ... နင်မယုံဘူးလား။ နင်မယုံရင် ငါသက်သေ
မယ်။ နင် ငါ့ကိုပန်ပေးတဲ့ ကံ့ကော်ပန်းလေးကို ငါနဲ့မကွဲမကွာ ထ
တယ်"

သူက ပြောရင်း သူ့လက်ကိုင်အိတ်ထဲက မှတ်စုစာအုပ်လေ
တစ်အုပ်ကို ထုတ်လိုက်တယ်။ နောက် ... စာအုပ်လေးကိုဖွင့်ပြီး ကျွ
တော့်ကိုပြတယ်။

စာအုပ်ကြားထဲမှာ ကံ့ကော်ပန်းလေးညှပ်ပြီး ထည့်ထားတ
ကြွေပြီ အမှုန်လေးတွေတောင် ဖြစ်နေလေရဲ့။ ပန်းပုံရိပ်ကတော့ ပေ
တုန်း။





"ဒီလောက်တောင်ပဲလား စန္ဒာမိုးရယ်"

ကျွန်တော်က ဆို့နင့်စွာ တစ်လုံးချင်း ပြောလိုက်တယ်။

"အဲဒီပန်းကလေးကို ငါ့ဘဝတစ်လျှောက်လုံး ငါ ကိုယ်နဲ့မကွာ
ားမယ်"

"ပိုပြန်ပြီရောကွာ"

"မယုံရင် နင်စောင့်ကြည့်နေ။ နင်ကသာ ငါ့ကို သတိမရ
ာ"

သူ့ရဲ့ လှပနီရဲတဲ့ နှုတ်ခမ်းကလေးက အနည်းငယ်ရွဲ့တဲ့တဲ့
လေး ဖြစ်သွားတယ်။

ဒီတော့လည်း ကျွန်တော်က ဘာသားနဲ့ထုထားတဲ့ ကောင်မို့
သဲ။ နှလုံးသားက စကားပြောလာတယ်။ ဒီစကားလုံးတွေက အစီအရီ။
ကျွန်တော့်နှုတ်က ဘယ်လိုထွက်သွားမှန်း သတိမထားမိလိုက်။

"ငါလေ ... နင်နဲ့ ဈေးရှေ့မှာ စပြီးခွဲခဲ့တုန်းက နင် ငိုမလို
လို အံကိုခဲပြီး ကျန်ခဲ့တဲ့မျက်နှာလေးကို ငါ့မျက်စိထဲမှာ အမြဲမြင်နေရ
ါတယ် စန္ဒာမိုးရယ်"

"နင်က ငါ့ထက်ပိုပြီဟာ"

သူ့မျက်နှာမှာ လမင်းတစ်ရာ သာရော့ထင့်။

နှစ်ယောက်ပြိုင်တူ ပြုံးလိုက်ကြတယ်။

မရှိုပြုံးတွေ ...။

"ဟော့ ... ဟော့ ... သဘောကပ်တော့မယ်"

အေးမောင်က ကမန်းကတန်းဝင်လာပြီး ပြောတယ်။

"မင်း ... အတွဲတွေ သွားချောင်းလို့ဝပြီလား"

ကျွန်တော်က ဆီးပြီးဟောက်လိုက်တယ်။

"မင်းမပါဘဲ ငါဘယ်တုန်းက ချောင်းဖူးလို့လဲ"

အေးမောင်က ကျွန်တော့်ကို ပြန်ပက်တယ်။

"ဟား ... ဟား ... ဟား ..."

သုံးယောက်လုံး ဟားကြတယ်။

"နင်တို့နှစ်ယောက်လုံး မကောင်းဘူး"

စန္ဒာမိုးက မှတ်ချက်ချတယ်။

"ဟား ... ဟား ... ဟား ..."

သူငယ်ချင်းတွေ တွေ့ကြတော့လည်း အရူးလိုက်သည်းလိုက်။

ရန်ကုန်ထင်းပုံဆိပ်ကမ်းက ညကိုးနာရီလေးဆယ့်ငါးခေါက် ထွက်တဲ့ နောက်ဆုံးသင်္ဘောက သန်လျင်ဆိပ်ကမ်းကို ညဆယ်နာရီခွဲ နီးနီးလောက်မှာ ကပ်တယ်။

သင်္ဘောမကပ်ခင် အောက်ထပ် သင်္ဘောကပ်မယ့် တံခါးဝမှာ အလုအယက်တိုးပြီး နေရာယူထားရတယ်။ သင်္ဘောကပ်တာနဲ့ ဘောတံတားပေါ်ကို ခုန်ကျော်ဆင်းသူဆင်း၊ သင်္ဘောလက်တန်းတွေပေါ်က တက်ပြီး ဘောတံတားပေါ်ကို ခုန်ကျော်ဆင်းသူဆင်း။ သင်္ဘောနဲ့ ဘောနဲ့ မကပ်ခင် ဘောပေါ်ကို အရင်ရောက်အောင် လှမ်းကျော်တက်သူတက်နဲ့ သင်္ဘောပေါ်က ဆင်းရတယ်။

ဘောပေါ်ရောက်တာနဲ့ တစ်ပြိုင်နက် ကမ်းပေါ်တက်တဲ့ ပေ တစ်ထောင်ကျော်လောက်ရှည်တဲ့ ကမ်းတက်တံတားပေါ်မှာ မိန်းမ၊ ယောကျ်ား အလုအယက်တိုးဝှေ့ပြီး ပြေးရတယ်။ ဒါမှ မြို့ထဲကို ပြန်ဖို့ စောင့်နေတဲ့ မြို့ပတ်ကားတွေ မီမှာ။ နောက်ကျလို့ကတော့ ပြန်စရာ ဘာမှမရှိ။ ကုန်းကြောင်းသာ လျှောက်ပေတော့။

"ကဲ ... ကဲ ... မြန်မြန်လုပ်။ ဆင်းကြမယ်"





ကျွန်တော်လည်း ဆင်းဖို့ ဟန်ပြင်လိုက်တယ်။

"ဖြည်းဖြည်းဆင်းတာပေါ့ဟာ"

စန္ဒာမိုးက ပြောတယ်။

"ဖြည်းဖြည်းလုပ်မနေနဲ့။ ကားမရရင် ခြေကျင်ပစ်နေရလိမ့်မယ်"

အေးမောင်က ပြောတယ်။

"ငါ့အိမ်က ကားလာစောင့်ခိုင်းထားပါတယ်ဟာ။ မြို့ထဲကနေပြီး အိမ်ကို ဖုန်းဆက်ထားတယ်"

စန္ဒာမိုးက ဖြည်းညင်းစွာ ပြောတယ်။

ဪ ... ဟုတ်သားပဲ။ သူ့အိမ်မှာက ကားနဲ့ဖုန်းနဲ့ကိုး။

ကျွန်တော်တို့နှစ်ယောက် သင်္ဘောဆင်းတုန်းက ပုံစံအတိုင်း သေတ္တာတစ်လုံးစီထမ်း၊ အိတ်တစ်ဖက်စီဆွဲပြီး ဘောတံတားပေါ် တက်လာကြတယ်။

စန္ဒာမိုးက သူ့သားရေလက်ကိုင်အိတ်ကလေးကိုင်ပြီး နောက်ကနေ ကြော့ကြော့လေး လျှောက်လိုက်လာတယ်။

သင်္ဘောဆိပ်ကမ်းရောက်တော့ စန္ဒာမိုးတို့အိမ်က အက်စ်အီး ကားလေးက အဆင်သင့်စောင့်နေလေရဲ့။

ကားနောက်ခန်းမှာ ပစ္စည်းများတင်ပြီးတော့ စန္ဒာမိုးကပြောတယ်။

"နင်တို့လည်း ကားပေါ်တက်လေ"

အေးမောင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

"ငါတို့မတက်တော့ပါဘူးဟာ။ နင်ပဲပြန်ပါတော့"

စန္ဒာမိုး မျက်နှာတစ်ချက်ပျက်သွားတယ်။

"နင်တို့က ဘာနဲ့ပြန်မှာလဲ။ ကားလည်း တစ်စီးမှမရှိတော့ဘူး"

"ကုန်းကြောင်းပြန်ရမှာပေါ့ဟာ"

အေးမောင်က မဲ့တဲ့တဲ့မျက်နှာနဲ့ ပြောတယ်။

"စောငယ် ... ကားပေါ်တက်ဟာ"

တောင်းပန်တိုးလျှိုးတဲ့လေသံနဲ့ စန္ဒာမိုးက ပြောတယ်။

"ငါ စကားကို နှစ်လုံးမပြောတတ်ဘူးဆိုတာ နင်သိပါတယ်"

ကျွန်တော့်စကားသံကြောင့် စန္ဒာမိုး ရှေ့ခန်းတံခါးကို ဂျိုင်းခနဲပိတ်ပြီး ...

"မောင်း ..."

လို့ အမိန့်ပေးပါတယ်။

ကားလေးက ဘီးတရွေ့ရွေ့ လိမ့်သွားပါတယ်။

"တစ် ... နှစ် ... သုံး ..."

အေးမောင်က မဲ့တဲ့တဲ့မျက်နှာနဲ့ တာစထွက်ဖို့ အမိန့်ပေးပါတယ်။

ကျွန်တော်တို့နှစ်ယောက် စကားမပြောဘဲ စတင်လျှောက်လာကြပါတယ်။

ရှေ့ကထွက်သွားတဲ့ ကားအဖြူလေးကို လှမ်းကြည့်လိုက်တော့ တော်တော်လှမ်းလှမ်းလေးကို ရောက်သွားမှ ဖြည်းဖြည်းလေးရပ်သွားတာကို တွေ့ရပါတယ်။

စန္ဒာမိုး ကားရှေ့တံခါးကို ဖွင့်ပြီးတော့ ကားဘေးမှာ ရပ်နေပါတယ်။

ကျွန်တော်တို့လည်း ကားနားကို ရောက်သွားပါပြီ။





"စောငယ် ... ကားပေါ်တက်"

သူက အမိန့်ပေးတဲ့လေသံနဲ့ ပြောပါတယ်။

ကျွန်တော်က သူ့ကို တစ်ချက်စိုက်ကြည့်လိုက်တယ်။ ကျွန်တော် ဘာမှပြန်မပြောပါ။

အေးမောင်က ကြောင်ကြည့်နေတယ်။

"နင်မတက်ဘူးလား"

ကျွန်တော်က ငေးကြည့်နေတုန်းမို့ ဘာမှပြန်မပြောဘူး။

"ဂျိုင်း"

"မောင်းသွားတော့"

စန္ဒာမိုးက ကားတံခါးကို ဆောင့်ပိတ်လိုက်တယ်။

"နင်တို့မတက်ရင် ငါပါလျှောက်မယ်"

ကားဘီးက တစ်လိမ့်နှစ်လိမ့် လိမ့်ပြီး ထွက်သွားပါတယ်။

ကျွန်တော်တို့သုံးယောက်က မတ်တတ်ရပ်လျက်သား။

"တစ် ... နှစ် ... သုံး"

အေးမောင်က ပြုံးဖြဲဖြဲနဲ့ တာထွက်ဖို့ အမိန့်ပေးတယ်။

ကျွန်တော်တို့သုံးယောက် လမ်းစလျှောက်လာတယ်။

ကောင်းကင်မှာ လတစ်ခြမ်းလေးပေါ်ပြီး သန်းခေါင်ရောက်တော့မယ့် အချိန်ပါ။ စကားမပြောနိုင်ကြ။

ဆင်ကျုံးကုန်းနားရောက်ခါနီးတော့ အေးမောင်က သူ့အိတ်ထဲက ငှက်ပျောသီးအဖီးကိုထုတ်ပြီး ကျွန်တော့်ကို တစ်လုံးဖြုတ်ပေးတယ်။

"ငါ့လည်း တစ်လုံးပေး"

စန္ဒာမိုးက တောင်းပါတယ်။

"ရော့ . . ."

အေးမောင်လည်း တစ်လုံးစားတယ်။

ဆင်ကျုံးကုန်းက ကုန်းတက်ကလေးကိုလည်း ရင်ကော့လျ
လျှောက်ရပါတယ်။

ကုန်းလယ်လောက်ရောက်တော့ အေးမောင်က သူ့အသံ
ကြီးနဲ့ ဆိုင်းမဆင့်ပုံမဆင့် ကောက်ဆိုပါတယ်။

"တလင်းငယ်မှညီညီ ××× ဖလ်အုတ်ကယ်စီပါတဲ့ ××× စေတီ
တော်ပြင် ××× ဆုထူးတော်ဆင်ရအောင် ××× မောင်ကြင်တဲ့ ခိုင်စံပယ်
ရယ် ××× တစ်သက်လှယ်မယ် ××× မဆုတ်ပါနဲ့ ××× တို့မိခင် ×××
စိန်မှုန်အုတ်ကယ်နဲ့ ××× သင်ပုတ်တော်ပြင် ××× ဆင် ×××
ဆွမ်းတော်တင် ××× နေမလွဲစေနဲ့ ××× မယ်နဲ့မောင်လက်စုံတွဲပါလို့
××× လှည်းမပါခြေကျင်လှမ်းကြစို့ ××× အိုခင်ရဲ့ ××× ပန်းနှင့်ကွယ်
လေး ××× ပေား ××× ပေား ××× "

"ဟဲ့ . . . အေးမောင်။ အဲဒါ ဘာသီချင်းလဲ"

စန္ဒာမိုးက မေးတယ်။

"ခြေကျင်ဝိုချင်းရှည်"

"ဟာ . . . ဒီကောင်ကလည်း။ ပေါက်ကရ . . .။ 'လာ . . .
မေလှမ်းကြစို့' ဆိုတဲ့ လွမ်းချင်းပါ စန္ဒာမိုးရာ"

ကျွန်တော်က ဝင်ပြောရတယ်။

"နင်တို့ဒီလိုပဲ ကုန်းကြောင်းလျှောက်ရလားဟင်"

စန္ဒာမိုးက မေးတယ်။

"အေး . . . တစ်ခါတလေ ကားမရရင် လျှောက်ရတယ်"

"ဩော် . . . စောငယ်ရယ်"





စန္ဒာမိုးအသံက အနည်းငယ်တိမ်သွားတယ်။

"ဟော့ကောင် . . . စားဦးမလား"

အေးမောင်က ပါးစပ်ထဲမှာ ငှက်ပျောသီးပလုတ်ပလောင်းနဲ့
လှမ်းမေးတယ်။

"မစားတော့ဘူး"

ကျွန်တော်က ငြင်းလိုက်တယ်။

"နင်ကော . . ."

စန္ဒာမိုးကိုလည်း ငြင်းတယ်။

"ငါတော့ ပိုဆာတယ်"

ပြောပြောဆိုဆို အေးမောင်က နောက်တစ်လုံးကို ပါးစပ်ထဲ
ထပ်သွင်းနေတယ်။

တဖြည်းဖြည်း လျှောက်လာလိုက်ကြတာ သန်လျင်ဈေးအရှေ့
ဘက်ကို ရောက်လာရော။

ကျွန်တော် တံ့ခနဲရပ်လိုက်တယ်။ သူတို့နှစ်ယောက်လည်း ရပ်
သွားကြတယ်။

"စန္ဒာမိုး"

"ဘာတုံး"

"နင်နဲ့ငါနဲ့ ခွဲခဲ့ကြတာ ဒီနေရာလေ။ နင်က ဟိုနားမှာရပ်
ပြီး ကျန်ခဲ့တယ်"

ကျွန်တော်က စန္ဒာမိုး ရပ်ပြီးကျန်နေခဲ့တဲ့နေရာကို အတိအကျ
လက်ညှိုးညွှန်ပြလိုက်တယ်။

"ဩော် . . . စောငယ်ရယ်"

စန္ဒာမိုး လေသံတိုးတိုးလေးနဲ့ ဆိုနစ်နေပါတယ်။

ကျွန်တော်တို့ ဆက်လျှောက်လာကြတယ်။ မကြာခင် ရွာအဝင်လမ်းအဝကို မြင်နေရပါပြီ။ ရွာဝမှာ စန္ဒာမိုးတို့အိမ်က ကားအဖြူလေးက ရပ်စောင့်နေပါတယ်။

ကားနောက်ရောက်တော့ ...

"ကဲ ... နင်တို့သွားကြတော့။ ငါသွားတော့မယ်"

မတိုးမကျယ်နှုတ်ဆက်ရင်း ကားပေါ်တက်သွားတယ်။

ကားလေးက ရှေ့ကလိုမ့်ပြီး ရွာထဲကို ဝင်သွားတယ်။

ကျွန်တော်တို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြတယ်။

တောမြိုင်ခြေလမ်း ပြန်လည်ဆုံတွေ့ခန်းပါလား စန္ဒာမိုးရယ်။

✿ ✿ ✿

[ ၂၂ ]

❑

တကယ်တော့ ဘဝဆိုတာ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြရတယ်ဆိုတဲ့စကားဟာ မှန်ပါတယ်။

ကံ့ကော်တွေက တစ်နှစ်တစ်ခါပွင့်ပါတယ်။

ကံ့ကော်ပွင့်လေတိုင်း ကျွန်တော်ကြည့်မိတဲ့ ကံ့ကော်ပန်းကလေးတွေတိုင်းမှာ စန္ဒာမိုးမျက်နှာက အမြဲရစ်ဝဲပြီး ပါနေတယ်။

သူလည်း သူ့ပန်းတိုင်နဲ့သူ သာသာယာယာ လျှောက်လှမ်းနေတဲ့အချိန်မှာ ကျွန်တော်က ခယောင်းလမ်းမှာ ကြမ်းကြမ်းတမ်းတမ်း မမောမပန်း လျှောက်လှမ်းနေတယ်လေ။

ကျောင်းပိတ်လို့ ရွာကိုပြန်လာတဲ့ရက်တွေမှာ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါလည်း တွေ့ကြတယ်ပေါ့။

---

စိတ်ကူးသစ်စာပေ

တွေ့ကြတော့လည်း အလွမ်းမျက်ရည်တွေ ရစ်ဝဲပြီး စာအကြောင်းပေအကြောင်း ပြောခဲ့ကြပေမယ့် ရင်ထဲက ဝေဒနာအကြောင်းတော့ မဖွင့်အန်မိခဲ့ကြ။

အေးမောင်ကလည်း အေးမောင်ဘဝအလျောက်၊ စန္ဒာမိုးကလည်း သူ့ရည်ရွယ်ချက်အလျောက်၊ ကျွန်တော်ကလည်း ကျွန်တော့်ဘဝ၊ ကျွန်တော့်မိသားစုဘဝ တိုးတက်ဖို့အတွက် အသီးသီး ရုန်းကန်နေကြတယ်။

ခလုတ်တိုက်တဲ့အခါလည်းတိုက်၊ ဆူးထိုးတဲ့အခါလည်း ထိုးပေါ့လေ။ ကျွန်တော်လျှောက်နေရတာက ခယောင်းလမ်း။ အပြေးအလွှားကြည့်မှ မိသားစုသုံးဦးသာရှိတဲ့ မိသားစုအတွက် ရုန်းကန်လှုပ်ရှားနေရပါတယ်။ အလုပ်ကတဖက်၊ ကျောင်းကတစ်ဖက် ...။

ကျွန်တော်က တတိယနှစ်အောင်ပြီးတော့ သန်လျင်အထက (၁)ကျောင်းမှာ စာသင်ပေးခဲ့တဲ့ ဆရာဦးစိန်မော်နဲ့ တစ်နေ့ စကားစပ်မိတယ်။ သူက အထက်တန်းရှေ့နေစာမေးပွဲ ဝင်ဖြေပါလားလို့ အကြံပေးတယ်။

အဲဒီကိစ္စကို အဘခက်နဲ့ အေးမောင်ကို ချပြပြီး တိုင်ပင်ကြတော့ ...

"လုပ်စားတာ၊ မစားတာ က တစ်ပိုင်းပေါ့ကွာ။ ဥပဒေပညာဆိုတာက သိထား၊ တတ်ထားရင် ကောင်းတာပဲ။ စိန်အကြောင်း၊ ကျောက်အကြောင်းကိုသိရင် ထမင်းမငတ်ဘူးလို့ ဆိုစကားရှိတယ်မဟုတ်လား"

အဘခက်က ဆိုလာတယ်။





"ဟော့ကောင် ... ငါတော့ မတတ်နိုင်ဘူးကွာ။ အလုပ်ကတစ်ဖက်၊ ကျောင်းက တစ်ဖက်နဲ့ လူကို ဖတ်ဖတ်မောနေပြီ။ မင်းဥပဒေတွေလည်း ငါမဖတ်နိုင်ဘူး။ ခေါင်းကရှုပ်နဲ့။ ငါ့ခေါင်းက အရှုပ်မခံနိုင်ဘူး။ အေးအေးပဲ နေချင်တော့တယ်"

အေးမောင်က စစ်မရောက်ခင် မြားကုန်နေပါတယ်။

"မင်းကတော့ လုပ်ပြီ။ စောငယ် ... မင်းစိတ်ပါသလား"

"ကျွန်တော့်လည်း တစ်ဖက်က လေ့လာထားရင် ကောင်းမလားလို့တော့ စိတ်ကူးနေတယ် အဘခက်"

"အေး ... စိတ်မကူးနဲ့။ လက်တွေ့လုပ်"

အဘခက်က အမိန့်ပေးပါတယ်။

ဒါနဲ့ အဲဒီနှစ်မှာ ကျွန်တော် ဥပဒေကို စလေ့လာရပါတော့တယ်။

Highter grade pleadership ဆိုတဲ့ အထက်တန်းရှေ့နေစာမေးပွဲဆိုတာကလည်း အခက်သားလား။

ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာဥပဒေပိုင်းနဲ့ တရားမဥပဒေပိုင်းဆိုပြီး နှစ်ပိုင်းပြဋ္ဌာန်းထားတယ်။ ဖြေတော့ နှစ်ပိုင်းလုံးဖြေရတယ်။ ဖြေတဲ့နှစ်မှာ နှစ်ပိုင်းလုံးအောင်ရင်အောင်၊ နှစ်ပိုင်းလုံးမအောင်လို့ တစ်ပိုင်းအောင်ရင်လည်း မအောင်တဲ့ နောက်တစ်ပိုင်းကို နောက်နှစ်တွေ ာ အဲဒီအပိုင်းကိုပဲ ဆက်ဖြေရတယ်။ နှစ်ပိုင်းလုံးအောင်မှ အထက် န်းရှေ့နေစာမေးပွဲအောင်တယ်။

ပြစ်မှုဆိုင်ရာ ဥပဒေမှာဆိုရင် ...

ပြစ်မှုဆိုင်ရာ ဥပဒေ (Criminal Law)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ (Criminal procedure law)

သက်သေခံဥပဒေ (Evedence Act) တွေကို ပြဋ္ဌာန်းထားပါ တယ်။

တရားမဆိုင်ရာ ဥပဒေမှာဆိုရင် ...

တရားမဥပဒေ (Civil Act)

တရားမကျင့်ထုံးဥပဒေ (Civil procedure)

ကာလစည်းကမ်းသတ်ဥပဒေ (Limitation Act)

ပစ္စည်းလွှဲပြောင်းရေးဥပဒေ (Transfer of Property Act)

ပဋိညာဉ်ဥပဒေ (Contract Act)

ရုံးခွန်တော်ဥပဒေ (Court Fee Act)

တံဆိပ်တော်ခေါင်းဥပဒေ (Stamp Act)

တရားမနစ်နာမှုဥပဒေ (Tort)

လူမွဲဥပဒေ (Insovelemlcy Act)

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဥပဒေ (Nigotiable Instructment Act)

အမွေဆက်ခံခြင်းဥပဒေ (Succession Act)

ခမော်ကော်ရုံးဥပဒေ က(Small Court Act)

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ (Burmese cumstommary law)

အို ... စုံလို့ပါပဲ။ ပြဋ္ဌာန်းထားတာတွေက အများကြီး။

သက်ဆိုင်ရာစာအုပ်တွေ လက်လှမ်းမီရာ ရှာဖွေစုဆောင်းပြီး စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ အဘခက်ရဲ့ 'ကံ့ကော်မြိုင်'ကို ကျွန် တော်ပြန်လာတော့ အေးမောင်က အားပေးပါတယ်။

'သေတော့မှာပဲ' တဲ့။





သေလည်း မတတ်နိုင်ဘူးလေ။ ကိုယ်လုပ်မယ်လို့ ဆုံးဖြတ် ပြီးပြီပဲ။

အဘခက်ကတော့ ပြုံးပြီးတော့ ကြည့်နေပါတယ်။

ကျွန်တော့်တစ်သက်လုံး ကျေးဇူးဆပ်လို့ မကုန်နိုင်တာကတော့ ကျွန်တော့်ကို တစ်ဖက်တစ်လမ်းက ဥပဒေပညာဘာသာရပ်တွေကို သင် ကြားပေးခဲ့တဲ့ ကျွန်တော့်ငယ်ဆရာပါ။ ငယ်ဆရာလို့ ပြောရတာကတော့ ကျွန်တော် လေးတန်းမှာတုန်းကလည်း ကျွန်တော့်ကို စာသင်ခဲ့တယ်။ သူက မူလတန်းပြဆရာ။

ကျွန်တော် ခြောက်တန်းရောက်တော့လည်း ကျွန်တော့်ကို စာ သင်ခဲ့ရတယ်။ သူက အလယ်တန်းပြဆရာ။ ကျွန်တော်ကိုးတန်းရောက် တော့လည်း ကျွန်တော့်ကိုစာသင်တဲ့ဆရာ ဖြစ်နေပြန်ရော။ သူက အထက် တန်းပြဆရာ ဖြစ်နေပြီလေ။ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဆရာကတော့ ဆရာဦးစိန်မော် (M.A, H.G.P, R..L) ပါ။

ကျွန်တော့်ကို ဥပဒေပညာရပ်တွေ ပို့ချပေးနေတဲ့ အချိန်မှာ တော့ သူက အထက်တန်းပြ ကျောင်းဆရာအလုပ်ကနေ ထွက်ပြီး သန်လျင်မှာ ရှေ့နေလိုက်နေပြီဗျာ။

ဆရာက ကျွန်တော့်ရဲ့ ငယ်ဆရာ၊ ကျွန်တော်က ငယ်တပည့် မို့ ကျွန်တော့်အပေါ် သံယောဇဉ်တော့ အတော်ကြီးရှာပါတယ်။ ချစ်ခင် ပုံလည်း ရပါတယ်။ ဆဲဆိုကြိမ်းမောင်း ခေါင်းခေါက်ပြီး ဥပဒေပညာ တွေ လက်ဆင့်ကမ်းတော့တာပါပဲ။

တနင်္ဂနွေ၊ စနေလို နေ့မျိုးတွေဆိုရင် သူများတကာတွေ ဖိမ် နဲ့လည်နေကြပေမယ့် ကျွန်တော့်မှာတော့ ဆရာ့အဆဲအဆို၊ အကြိမ်း အမောင်းနဲ့ ခေါင်းခေါက်တဲ့ဒဏ်ကို အကြိတ်အနယ် လူးလှိမ့်ပြီး ခံနေရ

ပါတယ်။ ညကျတော့လည်း နှစ်နာရီသုံးနာရီလောက်အထိ အိပ်ချင်လျက် တန်းလန်းကနေပြီး စာဖတ်တဲ့မီးအိမ်လေး မှိတ်တုတ်မှိတ်တုတ် မီးရောင်အောက်မှာ မျက်စိကိုဖြဲရဲပြီး စာတွေဖတ်ရပါတယ်။

ဘေးနားက အေးမောင်ကတော့ အားပေးပါတယ်။

'သေတော့မှာပဲ' ... တဲ့။

"ခေါ ... ခေါ ... ခေါ ..."

အဘခက်ကတော့ နိဗ္ဗာန်ရောက်နေပါပြီ။

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေမှလဲလေ။

✿ ✿ ✿

# [ ၂၄ ]

❑

လုပ်သားများကောလိပ်က ဘွဲ့တစ်ခုရဖို့ ငါးနှစ်တက်ရပါတယ်။

အဲဒီနှစ်မှာပဲ ကျွန်တော် အထက်တန်းရှေ့နေစာမေးပွဲကို ပြစ်မှုပိုင်းရော၊ တရားမပိုင်းရော နှစ်ပိုင်းလုံး အောင်ခဲ့ပါတယ်။

ကျွန်တော် လုပ်သားများကောလိပ်က ကျောင်းပြီးတော့ စန္ဒာမိုးက တောင်ငူမှာ အလယ်တန်းပြဆရာမ ဖြစ်နေပါပြီ။

အေးမောင်က ဌာနမှာ ရာထူးတိုးပြီးတော့ စာရေးကြီးဖြစ်နေပါပြီ။

ကျောင်းပိတ်လို့ စန္ဒာမိုးရွာကိုပြန်လာတော့ 'ကံ့ကော်မြိုင်' ခြံထဲမှာ သူငယ်ချင်းသုံးယောက် ပြန်တွေ့ကြပါတယ်။ ကံ့ကော်ပင်အောက်က ကွပ်ပျစ်ပေါ်မှာ ...

"စန္ဒာမိုး ... နင်က ပိုလှလာတယ်ဟ"

အေးမောင်က စဖောက်ပါတယ်။

"အင်း ... မြှောက်ပါဦး"

စန္ဒာမိုးက အပြုံးလေးနဲ့ ရွဲ့ပြီး ပြောပါတယ်။

"မြှောက်ပြောတာမဟုတ်ဘူး။ အဟုတ်ပြောတာ။ အခုမှ တည်တည်ခန့်ခန့်နဲ့။ ကျက်သရေလည်း ပိုရှိလာတယ်"

"ဒါဆို ငါဘာကျွေးရမလဲ။ ပြော ..."

"ဟိုကောင့်ကိုမေး ...။ ဘာစားမလဲလို့"

အေးမောင်က ကွပ်ပျစ်အစွန်းနားမှာ ထိုင်နေတဲ့ ကျွန်တော့်ကို ဆွဲထည့်ပါတယ်။

"သူက ကျွေးလည်း စားမှာမဟုတ်ဘူး"

စန္ဒာမိုး ကျွန်တော့်ကိုကြည့်ပြီး ပြောတယ်။

"နင်က မကျွေးသေးဘဲနဲ့။ နင်က ဘာကျွေးမှာလဲ"

အေးမောင်က ဝင်ထောက်တယ်။

"သူဘာစားချင်လဲ။ ငါကျွေးမယ်"

စန္ဒာမိုးက အေးမောင် စကားလမ်းကြောင်းနောက်ကို လိုက်နေတယ်။

"ဟေ့ကောင် ... ပြောလိုက်လေ"

ကျွန်တော်က အေးမောင်နဲ့စန္ဒာမိုးကို မပြုံးတပြုံးနဲ့ ကြည့်နေမိတယ်။ ဒီတင် အေးမောင်က ...

"ဟာ ... စန္ဒာမိုး။ နင့်ကို ငါမပြောမိဘူး။ ဒီကောင် စကားမပြောနိုင်ဘူး။ ညကပဲ လေဖြန်းသွားတာ"

"ဟင် ... အဟုတ်လား စောငယ်"





စန္ဒာမိုးက မျက်လုံးပြူးမျက်ဆံပြူး ပျာပျာသလဲ ကျွန်တော့်ကို အတင်းမေးတယ်။

"ခွေးမသား ..."

ကျွန်တော်က အေးမောင်ကို လှမ်းပြောလိုက်တယ်။

"ဟား ... ဟား ... ဟား ..."

အေးမောင်က အာပြဲကြီးနဲ့ ရယ်တယ်။

ဒီတော့မှ စန္ဒာမိုးက ...

"သေချင်းဆိုး ...။ ငါက အဟုတ်အောက်မေ့လို့ လန့်သွားတာပဲ။ နင်တော်တော် မျက်နှာပြောင်တယ်"

"ဟား ... ဟား ... ဟား ..."

သုံးယောက်လုံး ဝိုင်းရယ်ကြတယ်။

သူငယ်ချင်းတွေလေ။ ပြောမနာ ဆိုမနာတွေပါဆို။

"ငါတော့ ဘာမှမစားချင်ဘူး။ နင်လည်ပင်းက ဆွဲကြိုးကြီး လိုချင်တယ်"

အေးမောင်က ပြောလိုက်မှ ...

ဟုတ်တယ် ...။ စန္ဒာမိုးလည်ပင်းမှာ ဆွဲကြိုးက အကြီးကြီး။ အရင်တုန်းကဆွဲနေတဲ့ ဆွဲကြိုးမျိုး မဟုတ်မှန်း ကျွန်တော် သတိထားမိတယ်။

"ဒီဆွဲကြိုးတော့ မပေးနိုင်ဘူး။ ငါသေမှ ရမယ်"

စန္ဒာမိုးက ပြန်ပြောတယ်။ နောက် ... သူက ကျွန်တော့်ကို ကြည့်ပြီး မျက်နှာတည်နဲ့ ...

"စောငယ် ..."

ကျွန်တော်က သူ့ကို စိုက်ကြည့်လိုက်တယ်။

''ဒီဆွဲကြိုးထဲမှာ ဘာတွေပါလဲ။ နင်သိလား''

သူက သူ့ရင်ဘတ်ကြားထဲမှာ တစ်ဝက်လောက်မြုပ်နေ… ဆွဲကြိုးကို ဆွဲထုတ်လိုက်ပြီး အောက်ဆွဲကြိုးထိပ်မှာ တန့်လန်းလေး… လာတဲ့ ရွှေကြုတ်ကလေးကိုကိုင်ပြီး မေးတယ်။

အေးမောင်က ငေးကြည့်နေတယ်။

''ငါဘယ်သိပ့်မလဲ စန္ဒာမိုးရယ်''

ကျွန်တော်က ဖြည်းဖြည်းချင်း ပြောလိုက်တယ်။

''ဒီဆွဲကြိုးက အိမ်ကလုပ်ပေးတာ မဟုတ်ဘူး။ ငါ့လစာနဲ့… ပြီး လုပ်ထားတဲ့ ဆွဲကြိုး။ ဟောဒီကြုတ်ထဲမှာ နင်ပန်ပေးထားတဲ့ ကံ… ကော်ပန်းလေးတွေ စာအုပ်ကြားထဲမှာ ကြွေပြီးခြောက်သွားတော့ အမှု… ကလေးတွေကိုယူပြီး ထည့်ထားတာ။ သိပြီလား …''

''ဩော် … စန္ဒာမိုးရယ်''

ကျွန်တော့်ရင်ထဲ ဆို့နစ်ကာ ထွက်လာတဲ့အသံ။

သူလည်း မျက်ရည်တွေ အဝိုင်းသားနဲ့။

အေးမောင်က ငေးကြောင်ကြည့်နေတယ်။ ပါးစပ်အဟောင်… သားနဲ့။

အဲဒီညမှာပဲ ကျွန်တော့်မှာ အိပ်လို့မရ။

အဘခက်က ဒီည စောစောစီးစီးရေချိုးကိုက်ပြီး တခေါ်… နဲ့ အိပ်နေပြီ။

အေးမောင်က ရွာထဲမှာ ကိစ္စရှိလို့ဆိုပြီး အပြင်ပြန်ထွက်သွ… တာ တော်တော်နဲ့ ပြန်မလာ။

ကျွန်တော့်မှာ နေမထိထိုင်မသာရှိတာနဲ့ အဘခက်တယေ… လေးဆွဲပြီး တဲအပြင်ကို ထွက်လာခဲ့တယ်။





လရောင်လေးက ဆန်းဆန်းလေးပက်ဖျန်းနေတယ်။

ကွပ်ပျစ်ပေါ် ကံ့ကော်ပင်ရိပ်မှာ ထိုင်မိတော့ တယောလေး… ကို ဟိုစမ်းဒီစမ်း စမ်းရင်း ကျွန်တော့်ရင်ထဲက အသံဟာ နှုတ်ကနေ… ပွင့်အန်ထွက်လာတယ်။ စန္ဒရားချစ်ဆွေရဲ့ 'ချစ်အားငယ်ရသူမယ်'။

''သူ့မျက်နှာ ××× ကျွန်တော်အသည်းစွဲနေတယ် ××× သူ… သာ ကျွန်တော့်ဘဝ ××× သူသာ ကျွန်တော့်ရဲ့ကမ္ဘာ ××× တာဝန်မဲ့… တစ်ယောက်လို ××× ဖြစ်နေသော ကျွန်တော်ရယ် ××× အချိန်တိုင်း… မှာ ××× သူသာဖြစ်နေတဲ့အထိ ××× အစဉ်ပဲ ရင်ထဲငြိကွယ်''

လိုက်လိုက်လှဲလှဲသီဆိုရင်း ကျွန်တော့်အသည်းနှလုံးတွေ တုန်… ခါနေသလို တယောကြိုးပေါ်က လက်ချောင်းလေးတွေကလည်း တုန်ခါ… နေပါတယ်။ ကယောသံကလည်း ချွဲသလို၊ နွဲ့သလိုနဲ့ အသံက ငိုတော့… မယ့်ပုံပါ။

''သူနဲ့တွေ့လေတိုင်း ××× ဘာကြောင့်များ စိတ်အားငယ်… ××× အလိုလိုဝမ်းနည်းလာတယ်ကွယ် ××× တွေ့ကြတော့လည်း ××× … အနားတွင် ××× စကားပင်ပြောဖို့ရယ် ××× အင်အားမရှိလေတယ်… ကွယ် ××× အသည်းလှိုက်စုံ ××× ခိုက်ခိုက်တုန် ရင်ခုန်ရတယ်ကွယ်''

ကျွန်တော်တယောသံက တုန်ခါရှူးနစ်နေသလို ကျွန်တော့်… အသံကလည်း ရှိုက်သံပါနေတယ်လို့ ထင်ပါတယ်။ သတိတော့ မထား… လိုက်မိပါ။

''နှစ်ယောက်သားမှာကွယ် ××× သိနားလည်လျက်ပါနဲ့ ××× … ဟန်ဆောင်နေကြရတဲ့ ××× အဖြစ်သနစ်ရယ် ××× တကယ်ငော့… ပင်ပန်းလှပါတယ်ကွယ် ××× ဒါကလည်း ××× တစ်ဦးကိုတစ်ဦးက… ကွယ် ××× ပန်းလိုလှစေချင်တဲ့ ××× ဆန္ဒနဲ့ရယ် ××× ယုယညှာတာ

အစစထောက်ထား ××× မဖောက်ပြားကာဘဲ ××× နေလာခဲ့တယ် စိတ်ချင်း ××× သဘောချင်း ××× ဝါသနာချင်း ××× တူတဲ့ဘဝယ် အတူသွား ××× အတူစား ××× နေလာခိုက်ဝယ် ××× မပြယ်သော မေတ္တာများနဲ့ကွယ် ××× ချစ်စကားမကျတကျ ××× အလှအပတွေ လည်း ××× ရွေးပြီးပြောခဲ့တယ် ××× ဒီလိုအချိန်မျိုးမယ် ××× နှစ် ယောက်သား မျက်လုံးတွေထဲဝယ် ××× သာယာကြည်နူးခြင်းနဲ့ ××× ချစ်ဗိမာန်နန်းကို ××× အတူလိုလို မြင်ကြရတယ် ××× ကွယ် ×××"

တယောသံက အငေ့အဝိုက်တွေနဲ့ ရေစီးကြမ်းပြီး မုန်တိုင်း ထန်နေရော့သလားပဲ။

"အို ××× ဒါပေမဲ့ ချစ်ကြမ္မာကံရယ် ××× ချစ်ဗိမာန်နန်းကို ပျံသန်းရင်းနဲ့ ××× အတောင်ကျိုးရှာတဲ့ ××× ငှက်ငယ်ပမာနယ် ×× မဖြစ်ရပါစေနဲ့လို့ ××× ဆုတောင်းရင်းကွယ် ××× ချစ်အားငယ်ရသူ မယ် ××× ချစ်အားငယ်ရသူ ××× မယ် ××× "

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

နောက်က လက်ခုပ်သံလေးနဲ့အတူ အေးမောင်အသံက ထွက် လာပါတယ်။ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိ။

"ကောင်းလိုက်တဲ့ လက်သံကွာ။ ငါတောင် ရင်ထဲမှာဆို့လာ တယ်"

အေးမောင်က လှိုက်လှိုက်လှဲလှဲ ချီးကျူးတယ်။ နောက် ... သူက ဆက်ပြောတယ်။

"ဟိုတစ်ယောက်တည်း ဒီလိုပဲ ခံစားနေရမယ်နဲ့တူတယ် .. သူငယ်ချင်းရာ။ ပန်းလေးကိုတောင် ကြုတ်ထဲထည့်ပြီး လည်ပင်းမှာ ဆွဲထားရတယ်လို့"





"အဲဒါ သူမိုက်မဲတာပဲ သူငယ်ချင်း"

ကျွန်တော်က တစ်လုံးချင်း ပြောလိုက်တယ်။

"ဟ ... မင်းဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေကွာ။ ပြည့်စုံနေတဲ့ သူ့ဘဝ၊ ငါ့လို မပြည့် စုံနဲ့ ဆင်းရဲတွင်းထဲကို ခုန်ဆင်းချင်တာဟာ မိုက်မဲရာမကျဘူးလား"

"ဟာ ... မင်းအတွေးအခေါ်ကလည်းကွာ။ လူတွေရဲ့ နှလုံး သားကို ထည့်မစဉ်းစားတော့ဘူးလား"

"ဘဝမှာ လက်တွေ့မကျဘူးလေကွာ"

"လက်တွေ့သာ မကျတယ်။ မင်းကိုကြည့်ရတာလည်း ပင့် သက်က ရှိုက်နေပြီ။ ငါလို ဘေးကကြည့်နေရတဲ့အကောင်တောင် အူ ဘုန်သည်းဘုန်နဲ့ပါကွာ"

သူငယ်ချင်းအရင်းကြီးမို့ သူလည်း မျှဝေခံစားပေမပေါ့။

"ပြောစရာရှိရင်လည်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ပါကွာ။ မိန်းကလေးကတော့ ဘယ်စမလဲ။ မင်းတို့ဟာက ဟန်ဆောင်ကောင်း နေကြတယ်"

"ငါ မိုက်မဲရာကျမှာပေါ့ကွာ"

"ဟာ ... မင်းဟာက ဘယ်လိုကြီးလဲကွာ"

"အေးမောင် ..."

ကျွန်တော်က လေးလေးနက်နက် ခေါ်လိုက်တယ်။

"ဘာလဲကွ"

"ငါ ... စန္ဒာမိုးကို ကံ့ကော်ပန်းကလေးလို အမြဲလှပ လန်း ဆန်းနေစေချင်တယ်။ ဝတ်ဆံလေးလို ဝါဝင်းတောက်ပနေစေချင်တယ်။ ပွင့်ဖတ်လေးလို အမြဲဖြူစင်ကြော့ရှင်းနေစေချင်တယ်။ ခု ... ကြည့်

လေ။ ဆရာမကြီးဆိုတဲ့ ဂုဏ်သိက္ခာနဲ့ ဘယ်လောက်တင့်တယ် ကြံ့ခိုင်တဲ့ ရိုးတံလေးလဲ''

''တော်တော့ ... မင်းရှူးပြီ''

''အေး ... ရှူးပြီးပြောလည်း ပြောတော့ သူငယ်ချင်းရာ''

''လောကကြီးမှာ ဥစ္စာရှူး၊ တဏှာရှူးဆိုပြီး ရှိကြတယ်။ မင်းက ပန်းရှူး ... ပန်းရှူးပဲကွ''

အေးမောင်က ကရုဏာဒေါသောနဲ့ ပြောနေမှန်း ကျွန်တော်သိတယ်။

''ဩော် ...''

ကျွန်တော့်နှုတ်က ဩော်တစ်လုံးပဲ အသံထွက်နိုင်တယ်။ ရင်ထဲမှာကတော့ ...

''ပန်းရှူး ... ပန်းရှူး ... ကံ့ကော်ပန်းရှူးလို့ ပြည့်စုံအောင်ပြောလိုက်ပါတော့လား သူငယ်ချင်းရယ်'' လို့။

✿ ✿ ✿

[ ၂၄ ]

❑

အဘခက်ပြောသလို ဘဝက သံပရာသီးလေးဖြစ်နေတော့ လိုအပ်တဲ့ ဆားတို့၊ သကြားတို့ ဖြည့်တင်းရတာလည်း မသက်သာလှပါကလား။

ကျွန်တော် လုပ်သားများကောလိပ်က ဘွဲ့ရခဲ့ပါတယ်။

Registerted Lawyer တွေက သင်တန်းဖွင့်နေတော့ အဲဒီသင်တန်းကိုတက်ဖို့ ဝင်လျှောက်တော့ တက်ခွင့်ရခဲ့ပါတယ်။

ဒီဘွဲ့ကတော့ (R.L) အာရ်အယ်လ်ဘွဲ့ပေါ့။ သူက ဘွဲ့ရပြီးတော့မှ တက်ခွင့်ရတယ်။ ဟိုအရင်တုန်းက (B.L) ဘီအယ်လ်ဘွဲ့လို (Post Gratugrade) ဘွဲ့လွန်သင်တန်းမျိုးလိုပေါ့။ သူက သင်တန်းပြီးရင် (Chamgber) လက်တွေ့အလုပ်သင်ရှေ့နေအဖြစ် တစ်နှစ်လုပ်ပြီး

ရင် အထက်တန်းရှေ့နေအဖြစ် တစ်နှစ်လုပ်ရပါတယ်။ တစ်နှစ်ပြည့်ရင် တရားရုံးချုပ်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရပါတယ်။

အဲဒီသင်တန်းကိုဝင်ဖို့ သတ်မှတ်ထားတဲ့ အရည်အချင်းက ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမယ်။ ဒါမှမဟုတ် အထက်တန်းရှေ့နေအောင်ပြီးသူ ဖြစ်ရမယ်။

ဒီတော့ ဒီသင်တန်းကို ကျွန်တော်ဝင်လျှောက်တော့ အတော်ကျသွားတာပေါ့။ သင်တန်းတက်ခွင့်၊ ဝင်ခွင့် ရခဲ့တယ်။

တက်ခွင့်ရလို့သာ တက်ရတယ်။ ကျွန်တော့်မှာ သိပ်မလွယ်လှပါဘူး။ သင်တန်းက စဖွင့်တော့ ပညာရေးတက္ကသိုလ်မှာ ဖွင့်ပါတယ်။ နောက်တော့ အကြောင်းကြောင်းတွေကြောင့် ခြောက်မိုင်ခွဲမှာရှိတဲ့ စက်မှု သင်တန်းကျောင်းမှာ သွားတက်ရပါတယ်။

အဲဒီမှာ မနက်ဆို အဘခက်က ကြမ်းပြင်ကို တုတ်နဲ့ခေါက်ပြီး ...

"စောငယ် ... ထတော့လေ။ လေးနာရီခွဲနေပြီ"

မနက်တိုင်း ငှက်ဆိုးထိုးသံကြီးနဲ့ နိူးတာနဲ့ အိပ်ရာက မထချင်ထချင် လူးလဲထရပါတယ်။

မနက် သန်လျင်ကနေ ရန်ကုန်ကို အစောဆုံးထွက်တဲ့ ငါးနာရီခွဲသင်္ဘောခေါက်နဲ့ အမီလိုက်ရပါတယ်။

ဥပဒေသင်တန်းကျောင်းက မနက်ခုနစ်နာရီက စပါတယ်။ သင်တန်းတက်ပြီး ကျောင်းက နံနက်ကိုးနာရီမှာ လွှတ်တယ်။

ကိုးနာရီခွဲမှာ ရုံးကို ဆက်တက်ရတယ်။

ညနေ ရုံးဆင်းတော့ တစ်ဖက်တစ်လမ်းက ဝင်ငွေလေးဘာ လေးရအောင် ပုဇွန်တောင်၊ သာကေတမှာ အင်္ဂလိပ်စာကျူရှင်လေ





ဝင်ပြရသေးတယ်လေ။

မိသားစုသုံးယောက် စားဝတ်နေရေးက ကျွန်တော်ပခုံးပေါ် ကျနေပြီမဟုတ်လား။

"လူဆိုတာ တာဝန်ရှိသလို အခွင့်အရေးလည်း ရှိတယ်ကွ။ တာဝန်ချည်း ကျေပွန်တဲ့သူလည်း မဟုတ်သေးဘူး။ အခွင့်အရေးချည်း ယူတဲ့သူလည်း အသုံးမကျဘူး။ ကိုယ့်တာဝန်ကိုလည်း ထမ်းဆောင်ရတယ်။ ကိုယ့်အခွင့်အရေးကိုလည်း ရအောင်ယူတတ်ရတယ်။ အဲဒါမှ လူ့အရည်အချင်းကွ။ မှတ်ထား ..."

အဘခက် အရက်မူးမူးနဲ့ ပြောကောင်းတိုင်း ကျွန်တော်နဲ့ အေးမောင်ကို လျှောက်ပြောနေတဲ့ စကားတွေဟာ ကျွန်တော့်အတွက် ဘဝလမ်းညွှန်တွေ ဖြစ်နေပါတယ်။

ဘယ်တတ်နိုင်မလဲလေ။ ကိုယ့်ဘဝက သံပရာသီးကိုး။

ညဘက်ကျတော့ ရန်ကုန်–သန်လျင် နောက်ဆုံးခေါက်ဖြစ်တဲ့ ကိုးနာရီလေးဆယ့်ငါးအခေါက်မှပဲ ပြန်ရတယ်။

ကံ့ကော်မြိုင်ကို ပြန်ရောက်တော့ ညဆယ့်တစ်နာရီဝန်းကျင်။

နေ့စဉ်ရက်ဆက်ဆိုတော့လည်း မသက်သာလှပါဘူး။

အေးမောင်ကတော့ အားပေးပါတယ်။

'သေတော့မှာပဲ' ... တဲ့။

✿ ✿ ✿

## [ ၂၅ ]

❑

စန္ဒာမိုးက ဆရာမကြီးအလုပ်နဲ့ ကူခြေရနေပါတယ်။

အေးမောင်က စာရေးကြီးအဖြစ်နဲ့ ဟန်ကျနေတယ်။

ကျွန်တော်က ကျောင်းရယ်၊ အလုပ်ရယ်၊ ကျူရှင်ရယ် ချာလပတ်လည်နေတယ်။

တစ်နေ့ ရုံးပိတ်ရက်မှာ အေးမောင်က ကျွန်တော့်ကို တိုင်ပင်တယ်။

"ဟော့ကောင် ... စောငယ် ... ငါတော့ ယူတော့မယ်"

ကျွန်တော်က အကြောင်းသိချင်းမို့ ...

"ရုံးက ခင်မြမြနဲ့လား"

"အေး"





ဟုတ်တယ် ...။ သူက ကျွန်တော်တို့ရုံးက အောက်တန်းစာရေးမလေး ခင်မြမြနဲ့ ငြိနေတာ ကြာပါပြီ။ ကျွန်တော့်မှာ ကန့်ကွက်ရန် အကြောင်းတစ်ခုမှမရှိပါ။

"မင်းသဘောပဲလေကွာ။ မင်းဆုံးဖြတ်ပေါ့။ အဒေါ်ကိုလည်း တိုင်ပင်ဦး။ နောက်ပြီး ..."

"ဘာလဲ ... အဘခက်ကိုလား။ အမေ့ကို ငါအကုန်ပြောပြပြီးပြီ။ အဘခက်ကို ပြောရင်သာ မင်းကူပြီး ပြောပေးဦး"

"ဘာလဲ ... ငါပါ အကန်ခံရအောင်လား"

"အေး ..."

"ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့နှစ်ယောက်လုံး ရယ်ကြပါသည်။

အေးမောင်ရဲ့ စေ့စပ်ပွဲမှာ အဘခက်ဦးဆောင်ပြီး အေးမောင်အမေရယ်၊ ကျွန်တော့်အမေရယ်၊ ရပ်ကွက်ထဲက လူကြီးလေးငါးယောက်ရယ်၊ ကျွန်တော်ပါ သွားရောက်ပြီး စေ့စပ်တောင်းယူခဲ့ကြပါတယ်။ နောက် အေးမောင်နဲ့ မခင်မြမြတို့ တရားရုံးမှာလက်ထပ်ပြီး မင်္ဂလာဆွမ်းကျွေးပါတယ်။

အေးမောင်မှာတော့ ပျော်တပြုံးပြုံး။ သူတို့ တတွဲတွဲနဲ့ပါ။ အေးမောင်က သူ့ဇနီးကိုခေါ်လာပြီး သူ့အမေနဲ့ နေပါတယ်။ ကျွန်တော်နဲ့ကတော့ လက်တွဲမပျက်ပေါ့။

ကျွန်တော်မှာတော့ ရွှေတောင်ကြီး ပြိုပါလေတော့တယ်။

အဖေ့ရောဂါက မသက်သာဘူး။ တစ်နေ့တခြား ရောဂါတိုးတိုးလာပြီး အဲဒီတီဘီရောဂါကြီးနဲ့ပဲ ကွယ်လွန်ခဲ့ရှာတယ်။

အသုဘကို ကြီးကြီးကျယ်ကျယ်၊ ခမ်းခမ်းနားနား မလုပ်နိုင်ခဲ့ပေမယ့် မြန်မာ့ဓလေ့ထုံးစံနဲ့အညီတော့ သင်္ဂြိုဟ်ခဲ့ပါတယ်။ အပင်ပန်းဆုံးကတော့ အဘခက်နဲ့ အေးမောင်တို့လင်မယားပါ။

အဖေမရှိတော့တဲ့နောက် အမေနဲ့ကျွန်တော် ပြေးကြည့်မှ လောကကြီးမှာ ဒီနှစ်ယောက်တည်းပါ။

အမေက သိပ်ရွှင်ရွှင်လန်းလန်း မရှိတော့ဘူး။ တစ်ခါတစ်ခါ မှိုင်တွေနေတတ်တယ်။ ကျွန်တော့်အတွက် အရေးကြီးတာက အမေစိတ်ချမ်းသာဖို့ပဲ မဟုတ်ပါလား။

တစ်နေ့ နွေကျောင်းပိတ်ရက်မို့ ကျွန်တော် ကျူရှင်ပြဖို့မရှိလို့ အိမ်ကို စောစောပြန်ရောက်လာပါတယ်။

အိမ်ခြံပေါက်ဝက လှမ်းကြည့်လိုက်ရင်ပဲ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတယ်။

အိမ်မှာ ညှေ့သည်ရောက်နေတယ်လေ။

ညှေ့သည့်က စန္ဒာမိုးပါ။

အိမ်လှေကားအတက်ကနေ လှမ်းကြည့်လိုက်တော့ သူတို့ဖျာပေါ်မှာ ထိုင်နေကြတယ်။

အမေ့မျက်နှာမှာ မျက်ရည်စတွေနဲ့ ...။

စန္ဒာမိုးက ကျွန်တော့်ကို ကျောပေးထားတယ်။

''စောငယ် ... ပြန်လာပြီလား''

အမေက ကျွန်တော့်ကို လှမ်းပြောတယ်။

စန္ဒာမိုးက လှည့်ကြည့်တယ်။ သူ့မျက်နှာမှာလည်း မျက်ရည်တွေနဲ့။

ကျွန်တော် အိမ်ပေါ်ကို အသာအယာတက်လာတယ်။ ထားနေကျ စားပွဲအစုတ်ကလေးပေါ်မှာ လွယ်အိတ်တင်နေတုန်း ...





''သားရယ် ... သမီးက မင်းအဖေဆုံးတုန်းက သူ့ကို အကြောင်းမကြားတာကို ပြောလို့မဆုံးဘူးကွယ် ''

အမေက ပြောတယ်။

ကျွန်တော့်ရင်ထဲမှာ မကောင်း ...။ အဲဒီတုန်းက စန္ဒာမိုးကို အကြောင်းကြားအသိပေးမယ်လို့တော့ စိတ်ကူးမိသား။ နောက်တော့ အကြောင်းမကြားဖြစ်။

ကျွန်တော်က ကျောခိုင်းရပ်နေဆဲ ...။

''သမီးကို အကျိုးအကြောင်းပြောပြလိုက်ပါဦးကွယ်။ အမေတို့ အကျဉ်းချုံးပြီးပဲ သင်္ဂြိုဟ်ခဲ့တယ်ဆိုတာကို''

အမေက လေသံပျော့ပျော့လေးနဲ့ ပြောရှာတယ်။ ကျွန်တော့်မှာ ပြောစရာစကားမရှိ။ မလှုပ်၊ မတ်တတ်။

''စောငယ် ...''

စန္ဒာမိုးက အသံမာမာလေးနဲ့ ခေါ်လိုက်တယ်။ ဒေါသသံလေး ရောယှက်နေသလို ခံစားရတယ်။

''စောငယ် ...''

နောက်တစ်ခွန်းခေါ်မှ ကျွန်တော် သူ့ကို ငဲ့စောင်းပြီး ကြည့်လိုက်တယ်။

သူမတ်တတ်ရပ်ပြီး ထလာတယ်။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး ...

''အဖေဆုံးတာတော့ ငါ့ကိုအကြောင်းကြားဖို့ ကောင်းပါတယ်ဟယ်။ ဒီလောက်အရေးကြီးတဲ့ကိစ္စကို။ ငါ နောက်ဆုံးအနေနဲ့တောင် မကန်တော့လိုက်ရဘူး။ ဟင့် ...''

သူ ရှိုက်သံလေးပါ ပါလာပါတယ်။ သူ့ပါးပြင်ပေါ်မှာ မျက်ရည်ပုလဲဥလေးတွေက ဖူးအိလို့ကျနေပါပြီ။

"ငါ့ကို မိသားစုစာရင်းထဲ မသွင်းချင်ရင်တောင် သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောသင့်တဲ့စကားကို ပြောသင့်တဲ့အချိန်မှာ ပြောရောပေါ့ ... စောငယ်ရယ်"

သူ့စကားက ခနဲ့သလိုလို၊ ရွဲ့သလိုလို ရှိပေမယ့် ကျွန်တော့်ရင်ထဲကို တည့်တည့်ကြီး ဝင်နေပါတယ်။ ကျွန်တော် ပြန်မပြောနိုင်ပါ၊ ကျွန်တော် အမှားပြုမိခဲ့လေပြီလား။

အမေကလည်း မျက်ရည်စမ်းစမ်းနဲ့ လှမ်းကြည့်နေပါတယ်။

"သြော် ... ညှို့သည်ရောက်နေတာကိုး"

အိမ်ရှေ့က အေးမောင်အသံနဲ့အတူ အိမ်ပေါ်ကို အေးမောင်ရောက်လာတယ်။

"နင်လည်း မကောင်းဘူး"

စန္ဒာမိုးက ဆီးဟောက်လိုက်တယ်။

"ဘာလဲဟ ... နင်က ဆိုင်းမဆင့်ဗုံမဆင့်"

"နင်မိန်းမယူတာ ငါ့ကို ဘာလို့အကြောင်းမကြားလဲ"

"သြော် ... ဒါလား။ အားလုံးသိအောင် သတင်းစာထဲ ထည့်လိုက်တာပဲ"

"ငါ့ကို ကြိုတင်အသိမပေးဘူးလို့ ပြောတာ"

"နင်က ကဖျက်ယဖျက်လုပ်နေရင် ဘယ်နဲ့လုပ်မလဲ"

"သေချင်းဆိုး"

စန္ဒာမိုးက အေးမောင်ကို တုတ်လိုက်တယ်။

ကျွန်တော်အပေါ်ကျတော့မယ့် ဒေါသတွေဟာ အေးမောင်





အပေါ် ပုံကျသွားသလားမသိ။

"ဟား ... ဟား ... ဟား ..."

ဒီတော့မှ အေးမောင်က အာပြဲကြီးနဲ့ ရယ်တော့တယ်။

"အေးကွယ် ... အေးမောင်ရယ်။ သမီးက ကိုစောဆုံးကုန်းက သူ့ကိုအကြောင်းမကြားလို့ စောငယ်ကို အပြစ်တင်နေတယ်"

"အေး ... အဲဒီတုန်းက စောငယ် နင့်ကိုအသိပေးဖို့ သူ သတိရပါတယ်ဟာ။ နောက်တော့ သူက ဒီစိတ်မကောင်းစရာသတင်းကို နင့်ကိုပြောပြရင် နင်စိတ်ဆင်းရဲနေမှာ သူစိုးတယ်တဲ့လေ။ ဒါနဲ့ ဒီကောင် အကြောင်းမကြားဖြစ်ခဲ့ဘူး"

အေးမောင်က ရှင်းပြတယ်။

"နင်ကရော အသိပေးသင့်တယ်လို့ မတိုက်တွန်းဘူးလား"

"အေး ... ငါလည်း သူခံစားနေရတာကို ကြည့်ရတာနဲ့ မတိုက်တွန်းမိခဲ့ဘူး"

"နင်မကောင်းတာ"

စန္ဒာမိုးက အေးမောင်အပေါ်ပဲ ပုံချလိုက်ပါတယ်။

"ဟုတ်တယ် စန္ဒာမိုး။ နင် စိတ်အနှောင့်အယှက်ဖြစ်နေမှာစိုးလို့ ငါမသိမပေးခဲ့တာပါ"

ကျွန်တော်က သူ့ကိုကြည့်ပြီး အလေးအနက်ပြောလိုက်တယ်။

"သြော် ... စောငယ်ရယ်"

သူက ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်ပြီး ရင်ဖိုတဲ့အမူအရာနဲ့ ပြောတယ်။

"စောငယ် ... ကြည့်စမ်း။ နင်အရမ်းပိန်သွားတယ်။ နေကောင်းရဲ့လားဟင်"

ပူပန်မှုနဲ့ မေးရှာတယ်။

"ဟ ... ဒီကောင် မနက်အစောကြီးထ။ အာရ်အယ်ကာလစ်စ်ကို တက်တယ်လေ။ နေ့ခင်းဘက် ရုံးတက်တယ်။ ညနေကျရင် ကျူရှင်ပြတယ်။ အအိပ်ပျက်၊ အစားပျက်နဲ့ မသေလို့ နင်နဲ့တွေ့ရတာ"

အေးမောင်က ဝင်ပြောတယ်။

"ဩော် ... စောငယ်ရယ်"

စန္ဒာမိုး မျက်ရည်ဝိုင်းရှာပြန်ပါတယ်။

"တကယ်တော့ နင်က တော်ပါတယ်ဟာ။ ကြိုးစားတာလည်း ငါအသိဆုံးပါ။ ဒါပေမဲ့ စောငယ်ရယ် ... ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့ဟာ။ အခု နေကောင်းရဲ့လားဟင်"

ဒုတိယအကြိမ် ထပ်မေးပြန်တယ်။

သူစိတ်သက်သာရအောင် ကျွန်တော် ခေါင်းညိတ်ပြမိတယ်။

"ငါအမြဲအားပေးနေပါတယ်ဟ ... စန္ဒာမိုးရေ။ သေတော့မှာပဲလို့"

အေးမောင်က ဝင်ဖောက်တယ်။

"သေချင်းဆိုး ... နင်ကတော့ မိန်းမနဲ့ တတွဲတွဲပေါ့လေ။ ငါ့လည်း မိတ်ဆက်ပေးဦး"

"အေးပါဟ ... ဟိုမှာလာနေပြီ"

ပြောပြောဆိုဆို အေးမောင်မိန်းမ မခင်မြမြလည်း အေးမောင်နောက်ကို လိုက်လာတယ်။

"မြ ... ဒါ ... ကိုယ့်သူငယ်ချင်း စန္ဒာမိုး။ စန္ဒာမိုး ... ဒါ ငါ့ဇနီး မခင်မြမြ"

အေးမောင်က မိတ်ဆက်ပေးတယ်။





"အေး ... နင်က ကြွားနိုင်တုန်း ကြွားထားဦးပေါ့ဟာ"

စန္ဒာမိုးက ပြန်ပက်တယ်။

"ကျွန်မတို့က သူငယ်ချင်းတွေလေ။ ကျွန်မကိုလည်း အေးမောင်လိုပဲ သူငယ်ချင်းလို့ သတ်မှတ်ပါရှင်"

စန္ဒာမိုးက မခင်မြမြကို ဖော်ဖော်ရွေရွေနှုတ်ဆက်စကား ပြောတယ်။

"အစ်ကိုက အစ်ကိုစောငယ်အကြောင်း၊ မစန္ဒာမိုးတို့အကြောင်း ခဏခဏပြောပါတယ်။ အစ်မကို လူချင်းမတွေ့ရသေးပေမယ့် ရင်းနှီးပြီးသားလိုပါပဲ"

"ဩော် ... ဟုတ်လား။ ဟဲ့ ... အေးမောင်။ နင် ငါ့မကောင်းကြောင်းတွေ ဘာတွေလျှောက်ပြောထားလဲ။ ပြောစမ်း"

"မကောင်းကြောင်း မပြောပါဘူးဟာ။ နင့်ကြောင့် ညကြီးမိုးချုပ် ငါတို့သုံးယောက် ကမ်းနားကနေ ကုန်းကြောင်းလျှောက်ရလို့ ငါထမင်းဆာလို့ သေတော့မယ်အကြောင်းသာ ပြောတာပါ"

"နင် အဲဒီကတည်းက သေရမှာ"

စန္ဒာမိုးကပါ အရွှန်းဖောက်တယ်။

"ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့ ဝိုင်းပြီး ရယ်ကြတယ်။

အမေ့မျက်နှာကို လှမ်းကြည့်လိုက်တော့ ရွှင်ရွှင်ပျပျလေး အနည်းငယ်သန်းလာတာကို တွေ့ရတော့ ဝမ်းသာရတယ်။

ဩော် ... အပူ၊ အအေးဆိုတာ မိသားစုမျှဝေခံစားတတ်ကြပါလား။

✿ ✿ ✿

[ ၂၆ ]

❑

အာရ်အယ်အောင်တော့ ကျွန်တော့်ဆရာ ဦးစိန်မော်က ကျွ
တော့်ကို ပြောလာပါတယ်။

''ဟော့ကောင် ... ငါအသက်ကြီးပြီကွ။ ငါလုပ်လက်စ ရှေ့
လုပ်ငန်းကို မင်းဆက်လုပ်တော့။ နောင်ရေးအတွက် ဘာသာရေး
ဖောက်ချပြီး လုပ်ရဦးမယ်''

ဆရာက အဲဒီလိုပြောလာတော့ ကျွန်တော်က မဝံ့မရဲ။ ကိုယ်
ကိုယ်ကိုယ် မယုံချင်။

''ဖြစ်ပါ့မလားဆရာ''

''ဟ ... ဘာမဖြစ်စရာရှိလဲကွ။ ဥပဒေက ဒါပဲဟာ။ မင်





လည်း ဥပဒေပညာတွေ သင်ပြီးပြီပဲဟာ။ ဥပဒေနဲ့ လုပ်စားပေါ့။ ဘာ
လဲ။ မင်းက ပညာရပ်တွေ ချောင်ထိုးထားမလို့လား''

သိတဲ့အတိုင်း ကျွန်တော့်ဆရာက ပြောရင်ပြတ်ပြတ်။

''အေး ... ဒီအလုပ်လုပ်ရင် မင်းထမင်းတော့ အငတ်ခံနိုင်
ရလိမ့်မယ်။ မင်း ဥပဒေကို ကျွမ်းကျင်အောင်ကြိုးစား။ ကျွမ်းကျင်ရင်
တော့ မင်းကိုငှားတဲ့လူတွေက လာငှားမှာပဲ။ မကျွမ်းကျင်ရင်တော့ မင်း
ထမင်းငတ်မှာပဲ။ ဒါပဲရှိတယ်''

သူပြောပုံက လုပ်ချင်စရာ။

''မင်းကြိုးစားမှုပေါ်မှာ မူတည်တယ်''

မလွယ်ပါလား။ စဉ်းစားရမှာက ...

အဲဒီကိစ္စကို အဘခက်၊ အေးမောင်တို့နဲ့ ခြံထဲက ကံ့ကော်
ပင်အောက်က ကွပ်ပျစ်ပေါ်မှာ တိုင်ပင်ကြတယ်။

အဖေဆုံးပြီး သုံးလလောက်အကြာမှာ အဘခက်က ကျွန်
တော်တို့သားအမိကို ခြံထဲကို ပြောင်းပြီးနေခိုင်းလို့ ကျွန်တော်တို့သား
အမိ ခြံထဲကို ရောက်နေပြီ။

အမေနေဖို့ ပထမတဲဘေးမှာ တဲခန်းတစ်ခန်း ထပ်တိုးတယ်။
ကျွန်တော်တို့ အိမ်ထောင်ပစ္စည်း အဟောင်းအနွမ်းလေးတွေနဲ့ အမေ
က ခုတင်တစ်လုံးနဲ့ အဲဒီတဲခန်းမှာ အိပ်ပေါ့။

ရွာထဲက အိမ်နဲ့မြေကိုတော့ အဘခက်က အမေ့ကို ရောင်း
ပစ်ခိုင်းတယ်။

အမေက အဖေ ခေါင်းချသွားတဲ့နေရာမို့ မရောင်းချင်ဘူးတဲ့။
ဒီအတိုင်းပဲ သော့ပိတ်ထားတယ်။

အခုတိုင်ပင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အဘခက်က ...

''ဒါကတော့ မင်းဟာမင်း ဆုံးဖြတ်လေကွာ။ မင်းဘာတွေ လုပ်ချင်သေးလဲ။ မင်းအခုလုပ်နေတဲ့ အလုပ်ကရော တိုးတက်ဖို့ အလား အလာရှိလား။ ကိုယ်သင်ထားတဲ့ ပညာတွေကို အကျိုးရှိအောင် ဘယ်လို အသုံးချမလဲ။ ဒါတွေကို စဉ်းစားရမှာပေါ့''

ထည့်သွင်းစဉ်းစားရမယ့် အချက်တွေကို လမ်းကြောင်းပေး တယ်။

''ကျွန်တော့်တို့ရုံးမှာတော့ အခု အထက်တန်းစာရေး ဖြစ်နေ ပြီ။ နောက်တစ်ဆင့်ထက်တစ်ဆင့် တက်မယ်ဆိုရင် အသက်ခြောက် ဆယ်လောက်မှ ရုံးအုပ်လောက်ဖြစ်မယ် အဘခက်ရဲ့''

အေးမောင်က ဆွေးနွေးတယ်။

''ဒီပြင်ဌာနကို ပြောင်းရအောင်လည်း သိပ်တော့မလွယ်လှ သေးဘူး။ တိုက်ဆိုင်မှုတွေရှိရင်တော့ ရမှာပေါ့လေ။ ကျွန်တော်တောင် ပြောင်းဖို့ရွှေ့ဖို့ စဉ်းစားထားတယ်။ သိပ်တော့မလွယ်လှဘူး''

''မင်းကတော့ 'စာရေးကြီးလို့ ××× သွေးကြီးနိုင်ပါသနော် ကလေးအနီးထိုင်ကာလျှော် ×××' ဆိုတဲ့ သီချင်းထဲကလို ဖြစ်နေပြီ မဟုတ်လား''

အဘခက်က မှတ်ချက်ပေးတယ်။

''ဒါတင်ဘယ်ဟုတ်မလဲ အဘခက်ရဲ့။ 'ပဲပြုတ်နဲ့ ××× ချဉ် ပေါင်ကြော် ××× နေ့စဉ်ထုပ်ရင်း အလုပ်ဆင်းရသနော် ×××'ပါ ဖြစ် နေပြီ''

အေးမောင်က စကားဖောက်တယ်။

---

**စိတ်ကူးသစ်စာပေ**



အမေကတော့ ရေနွေးကရားလာချရင်း ....

''စဉ်းစဉ်းစားစား လုပ်ကြပေါ့ကွယ်''

လို့သာ ပြောပါတယ်။

'ဘယ်သူမပြု မိမိမှု' ဆိုသလို အင်း ... ကျွန်တော်ကိုယ်တိုင် စဉ်းစားရတော့မယ့်ကိစ္စ။

နောင်ရိုးတိုက်ပွဲမှာ ဘုရင့်နောင် ဖောင်ဖျက်တဲ့ကိန်းပါလား။

✿ ✿ ✿

## [ ၂၇ ]

❑

ဒီလိုနဲ့ပဲ ကျွန်တော် ယောင်လည်လည်နဲ့ ရှေ့နေလောကထဲရောက်လာပါတယ်။

လောကမှာ လူရှိရင် အမှုရှိပါကလားး။

ရုံးကနားကိုရောက်လာတော့ အမှုတွေက အမျိုးမျိုး။ နိုးမှု၊ ရိုက်မှု၊ ရန်ဖြစ်မှု၊ ကားတိုက်မှု၊ လုယက်မှု၊ မယားခိုးမှု၊ ခားပြမှု၊ တရားမမှု၊ အမွေမှု ... အိုး ... စုံလို့စုံလို့ပါပဲ။ လူတွေကျင်လည်နေထိုင်ကြတဲ့ လောကထဲမှာ လောဘ၊ ဒေါသနဲ့ မောဟတွေ ရှိနေသမျှ အမှုတွေကလည်း ရှိနေဦးမှာကိုး။

သုံးနှစ်လောက် အမှုလိုက်လိုက်တော့ ကျွန်တော့်နာမည်ကထွက်လာပါတယ်။ ထွက်လာမှာပေါ့။ ဘောလုံးပွဲတစ်ပွဲမှာ ဂိုးကန်သွင်းတဲ့ ဘောလုံးသမားဟာ နာမည်ရလာတာပါပဲ။





ဂိုးဝင်အောင် ကန်သွင်းနိုင်မှာပေါ့။ ပရီးမီးယားလိဒ်ပွဲမှာ နာမည်ကြီး မန်ချက်စတာ ယူနိုက်တက်အသင်းမှာဆို နောက်ပိုင်းက ဂစ်တို့၊ ပေါစခိုးတို့က အကွက်ချပေးနေတာ။ ဂိုးရှေ့ရောက်တော့ ရွှန်းနီတို့၊ စီရော်နယ်ဒိုတို့က ဂိုးကန်သွင်းရုံပဲ။

ချယ်ဆီးအသင်းမှာဆိုရင် လမ်းပတ်တို့၊ အက်စီယံတို့က ဘောလုံးအကွက်ဖန်တီးပေး၊ ရှေ့တန်းက ဒရော့ဘာတို့၊ ဂျိုးကိုးတို့က ကန်သွင်းရုံပဲ။ လီဗာပူးအသင်းမှာဆိုရင် ဂျရတ်က အကွက်ချပေး။ ရှေ့တန်းက တောရက်စ်က ကန်သွင်း။ နာမည်ကြီးလာတော့ ရွှန်းနီတို့၊ စီရော်နယ်ဒိုတို့၊ ဒရော့ဘာတို့ နာမည်ကြီးလာတာပေါ့။

ဒီလိုသဘောပါပဲ။ နောက်ပိုင်းကနေပြီး ကျွန်တော့်ဆရာက အမှုကို အကွက်ချပေးနေပါတယ်။ ဘယ်လိုစစ်၊ ဘယ်လိုမေး၊ ခုခံရေးလမ်းကြောင်း ဘယ်လိုယူနဲ့ အကွက်ချပေးနေတာက ကျွန်တော့်ဆရာ ဦးစိန်မော်ပါ။

ရုပ်ပြပြီး အမှုစစ်နေတာက သူညွှန်ကြားတဲ့အတိုင်း သူကြိုးဆွဲတဲ့အတိုင်း က,နေရတဲ့သူက ကျွန်တော်ရယ်ပါ။ တချို့တရားမမှုကြီးတွေဆိုရင် တန်ဖိုးအတော်ကြီးတဲ့ အမှုတွေ။ အမွေမှုတွေကိုလည်း တွေ့ရပါတယ်။ တရားဥပဒေရှေ့မှောက်မှာ အဆုံးအဖြတ် ခံယူကြရတာပေါ့လေ။ ရှေ့နေကတော့ ဥပဒေအတိုင်းပဲလေ။

တစ်နေ့ ကျွန်တော် တရားရုံးခန်းထဲမှာ အမှုစစ်နေတုန်း ..

''ဆရာ ... ဆရာ့ကို အချုပ်ခန်းထဲက အမျိုးသမီးတစ်ယောက်က တွေ့ချင်လို့တဲ့ဆရာ''

ရဲသားလေးတစ်ယောက်က လာပြောတယ်။

''အေး ... အေး ...''

ကျွန်တော်လည်း ထုံးစံအတိုင်း အချုပ်ခန်းထဲက တရားခံက ရှေ့နေကိုတွေ့ချင်တာ အဆန်းမဟုတ်တဲ့အနေနဲ့ ပြန်ပြောလိုက်ပါတယ်။

အလုပ်အားတော့ တရားရုံးဘေးမှာရှိတဲ့ တရားရုံးအချုပ်ခန်းကို ကျွန်တော်သွားပါတယ်။ မိန်းမတွေချုပ်တဲ့ အချုပ်ခန်းထဲက ခေါ်သံကြားပါတယ်။

"စောငယ် …"

"ဟာ … အမာစိန်။ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော်က အချုပ်ခန်းထဲရောက်နေတဲ့ ကျောင်းတုန်းက သူငယ်ချင်း အမာစိန်ကို တွေ့လိုက်ရတော့ အံ့အားသင့်သွားပါတယ်။

သူ့ရှေ့ကို သွားပြီးရပ်လိုက်ပါတယ်။ သံတိုင်တွေခြားပြီး သူက တစ်ဖက်က ရပ်နေပါတယ်။

သူ တော်တော်နဲ့ စကားမပြောနိုင်သေးပါ။ သူ ကျွန်တော့်ကို စေ့စေ့စပ်စပ် ကြည့်နေပါတယ်။

"ဘယ်လိုဖြစ်တာလဲဟာ။ ပြောပါဦး"

"စောငယ် … ငါ့ကိုကယ်ပါဦးဟာ။ ငါ ဒုက္ခရောက်နေပြီ"

သူ ပြောရင်း မျက်ရည်တွေ ကျနေပါတယ်။

"အေးပါဟာ … ငါအတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ်။ နင် ဘယ်လိုဖြစ်တာလဲ။ ဘာဖြစ်လို့ အချုပ်ခန်းထဲ ရောက်နေရတာလဲ"

ကျွန်တော်က သိလိုဇောနဲ့သာ မေးနေပါတယ်။

သူက တိုးတိုးလေး ပြောပါတယ်။

"နင် ငါ့အကြောင်းသိလား။ ကြားပြီးပြီလား"

"ဟင့်အင်း … မသိဘူး"





"ငါလေ … အိမ်ကလည်း အဖေတို့၊ အမေတို့က စီးပွားရေးအဆင်မပြေဘူးဟာ။ ဒါနဲ့ ငါလည်း ငွေရလွယ်တဲ့ အလုပ်ကိုပဲ လုပ်ရတော့တယ်။

ကျွန်တော်က သဘောမပေါက်သေး။ နားကလည်း ဝေးသား။

"ဘာအလုပ်လဲ"

သူ ပြောမလိုလိုနဲ့ ရှက်ရွံ့ရွံ့ဟန်နဲ့ အဝေးကိုငေးပြီး တိုးတိုးလေးပြောတယ်။

"ခန္ဓာကိုယ်ကို ရင်းနှီးရတဲ့ အလုပ်ပေါ့ဟာ"

"ဟာ …"

ကျွန်တော် ဆို့နင့်သွားတယ်။

"အေး … နင့်ကို ငါပြောပြပါ့မယ်။ လူတစ်ယောက်က ငါ့ကို တက္ကစီကားနဲ့ တစ်ညခေါ်သွားတယ်။ သူကလည်း အတော်မူးနေတယ်ဟ။ တည်းခိုခန်းမှာ တစ်ညအိပ်ပြီးတော့ မိုးလင်းတော့ ငါပြန်လာခဲ့တယ်။

နောက်နေ့ကျတော့ သူ့မှာပါလာတဲ့ ပိုက်ဆံအိတ်ထဲက ငွေတစ်သိန်းခွဲနဲ့ ဆွဲကြိုးတစ်ကုံး ငါခိုးပါတယ်ဆိုပြီး ငါ့ကို ရဲစခန်းတိုင်တယ်။ အခု ငါအချုပ်ထဲ ရောက်နေပြီလေ။ ငါ့ကို ကယ်ပါဦးဟာ"

"ဖြစ်ရလေ အမာစိန်ရယ်"

ကျွန်တော်က မချိတင်ကဲ ပြောမိတယ်။

"ငါ နင့်သတင်းတွေကို ကြားနေရပါတယ်။ အချုပ်ခန်းထဲရောက်မှ နင်ဟာ နာမည်ကြီးရှေ့နေတစ်ယောက်ဖြစ်နေမှန်း ငါသိတော့တယ်။ ငါ့ဘဝအကြောင်းကတော့ မကောင်းပါဘူးဟယ်။ တကယ်ဆို ငါမယူရဲပါဘူး။ မဟုတ်တာ လုပ်စားနေပေမယ့် ခိုးတဲ့အလုပ်တော့

ငါမလုပ်ဘူး။ ငါ့ကိုကယ်ပါ သူငယ်ချင်းရယ်။ ငါလေ ရှေ့နေတော့ မငှားနိုင်ဘူးဟာ''

သူမက တောင်းပန်တိုးလျှိုတဲ့လေသံနဲ့ ပြောနေပါတယ်။

''ဟာ ... နင်ကလည်း။ ဘာမှအားမငယ်ပါနဲ့။ ငါကြိုးစားပါ့မယ်။ ငါတို့က ကျောင်းနေဖက်တွေပဲဟာ''

''အေးဟယ် ... ဒါနဲ့ အေးမောင်တစ်ယောက်ရော နေကောင်းရဲ့လားဟင်။ သူရော မိန်းမတွေဘာတွေ ရနေပြီလား။ ကျောင်းကထွက်ပြီးကတည်းက တို့မတွေ့ကြရတော့ဘူး''

''အေးဟ ... အလုပ်လုပ်နေတယ်။ အိမ်ထောင်လည်း ကျပြီးပြီ။ ငါနဲ့ကတော့ တွဲတုန်းပဲ''

''အေးလေ ... နင်တို့နှစ်ယောက်က ကျောင်းမှာကတည်းက တတွဲတွဲပဲဟာ။ အေး ... ငါသတင်းမေးတယ်လို့ ပြောလိုက်ပါဟာ''

''အေး ... အေး ...''

ကျောင်းနေဖက်တွေလေ။ တွေ့ကြတော့လည်း ရှေ့ကြောင်းနောက်ကြောင်းတွေပြောရင်း အပူတစ်ဝက်လောက် လျော့ကျသွားသလိုပါပဲ''

ညနေ ခြံထဲပြန်ရောက်တော့ အမာစိန့်အကြောင်း အေးမောင်ကို ပြောပြရတယ်။

''ဟော့ကောင် အေးမောင် ... မင်းဟာမကြီးကို ငါနေ့ခင်းက တွေ့ခဲ့တယ်ကွ''

အေးမောင်က ကြောင်အမ်းအမ်းနဲ့ ...

''မင်းကလည်း စကားအစအနမရှိဘဲနဲ့။ ဘယ်က ငါ့ဟာမကြီးလဲ''





''အောင်မယ် ... မင်းက အခုတော့ မေ့ပြီပေါ့။ ကျောင်းတုန်းက မင်းပျက်စီးစားပွဲထိုင်နေတဲ့ အချစ်တော်ကြီး အမာစိန်ဆိုတာလေ''

ရုတ်တရက် အေးမောင် စိတ်ဝင်စားသွားတဲ့ဟန်နဲ့ ...

''ဟာ ... ဟုတ်လား။ အမာစိန်လား ...။ ဘယ်မှာတွေ့ခဲ့တာလဲ''

''အချုပ်ထဲမှာ''

''ဟေ''

သူ အံ့ဩသွားပုံရတယ်။

''ဟုတ်တယ်ကွ။ အချုပ်ထဲရောက်နေလို့ ငါ့ကိုတွေ့ချင်တယ်ဆိုပြီး ခေါ်တွေ့လို့ ငါသွားတွေ့ခဲ့ရတယ်''

''ဟာ ... ဘယ်လိုဖြစ်တာလဲ။ ငါ့ကိုပြောပြပါဦး''

သူ တော်တော်သိချင်ပုံရပါတယ်။ အငမ်းမရမေးတော့ ကျောင်းတုန်းက သူစိတ်လှုပ်ရှားခဲ့တဲ့ အမာစိန်အကြောင်း ကျွန်တော် ပြန်ပြောပြလိုက်ရတယ်။

''ဩော် ... လုချင်ပချင်၊ ဝတ်ချင်စားချင်တဲ့စိတ်က သူ့ကို ဒုက္ခပေးသွားတာနဲ့ တူပါတယ်ကွာ''

အေးမောင်က စိတ်မကောင်းစွာနဲ့ မှတ်ချက်ပေးတယ်။

''မဟုတ်ဘူးကွ။ သူ့အိမ်ကလည်း စီးပွားရေးအဆင်မပြေဘူးနဲ့တူပါတယ်''

''အေးလေ ...။ ဒါလည်း အဓိကအကြောင်း ဖြစ်မှာပေါ့ကွာ''

အေးမောင်က ညည်းညည်းညူညူ သက်ပြင်းချတယ်။

"အေးကွာ ... မင်းတတ်နိုင်သလောက် ကူညီလိုက်ပါကွာ"

"ရှေ့နေခပေး"

ကျွန်တော်က လက်ဖြန့်ပြီး တောင်းလိုက်တယ်။

"ငါနဲ့ ဘာဆိုင်လို့လဲကွ"

"မဆိုင်ဘူးလား"

"မဆိုင်ဘူး"

"ဩော် ... မင်းက အခုတော့ ပြောတော့မှာပေါ့။ မင်းက ဘဝပြောင်းသွားပြီကိုး"

သူက မျက်နှာကြီးရှုံ့မဲ့လို့ ...။

ကျွန်တော်က သူ့ကိုနောက်ရတာ သဘောကျနေမိပါတယ်။

ဩော် ... ဘဝဆိုတာ မတည်မမြဲ အမြဲပြောင်းလဲတတ်တဲ့ သဘောပါလား။

✿ ✿ ✿

[ ၂၈ ]

❑

ကျောင်းနေဖက် အမာစိန်ရဲ့အမှုကို ကြိုးစားရပြန်ပါတယ်။

သူ့အမှုမှာ တရားလိုလုပ်တဲ့ သဘော်သားအဘိုးကြီးက 'အေတူး' ဘီယာဆိုင်မှာ ဘီယာသောက်ကြောင်း။ စားသောက်ပြီး ည (၈) နာရီလောက်မှာ လမ်းမှာ တရားခံအမျိုးသမီးနဲ့တွေ့ကြောင်း။ အမျိုးသမီးရဲ့ သဘောတူခွင့်ပြုချက်အရ တက္ကစီတစ်စီးငှားပြီး 'သေလာမြိုင်' တည်းခိုခန်းကိုခေါ်လာပြီး တစ်ညတည်းခိုကြောင်း၊ သူရဲ့ ပိုက်ဆံအိတ်ကို သူတစ်ခါမှမဖွင့်ကြောင်း၊ အိပ်နေစဉ် ပိုက်ဆံအိတ်ကို ၎င်း၏ခေါင်းရင်းနားတွင်ထားကြောင်း၊ နံနက်စောစောအမျိုးသမီးက ထပြန်သွားကြောင်း၊ သူနိုးလာလို့ သူ့ပိုက်ဆံအိတ်ကို ကြည့်လိုက်သောအခါ ငွေ

တစ်သိန်းကျော်နှင့် ရွှေဆွဲကြိုးတစ်ကုံး ပျောက်ဆုံးနေကြောင်း၊ ၎င်း ပိုက်ဆံအိတ်ကို တစ်လျှောက်လုံး သူမဖွင့်ခဲ့ကြောင်း စသဖြင့် အစစ်ခံ ထွက်ဆိုပါတယ်။

သက်သေတွေအဖြစ် 'အေတူး' ဘီယာဆိုင်က ဘီယာရောင်း သမားတစ်ယောက်၊ 'သေလာမြိုင်' တည်းခိုခန်းက မန်နေဂျာနဲ့ အခန်း ရှင်းလင်းရေးသမားတစ်ယောက်ကို သက်သေအဖြစ် တွင်ပြထားပါ တယ်။

တရားလို သဘော်သားအဘိုးကြီးကို တရားခွင်မှာ ကျွန်တော် စစ်တော့ သူ့ပိုက်ဆံအိတ်ထဲမှာ ရွှေဆွဲကြိုးတစ်ကုံးနဲ့ ပိုက်ဆံတွေထည့် ထားတာ ဘယ်သူသိလဲဆိုတော့ သူ သေသေချာချာမပြောနိုင်ပါဘူး။

"ခင်ဗျားပိုက်ဆံအိတ်ထဲမှာ ငွေတစ်သိန်းနဲ့ ဆွဲကြိုး ပါချင် လည်းပါမယ်၊ မပါချင်လည်း မပါနိုင်ဘူးဆိုရင် ..."

"ပါလာပါတယ်"

သူက ခိုင်ခိုင်မာမာ ပြောပါတယ်။

"ခင်ဗျား အဲဒီနေ့က အတော်ကလေး မူးနေတယ်မဟုတ် လား"

"ဘီယာလောက်သောက်တာ မမူးပါဘူး"

"ခင်ဗျား လမ်းမှာ တရားခံအမျိုးသမီးကိုခေါ်တော့ ပိုက်ဆံ အိတ်ကိုဖွင့်ပြီး ပိုက်ဆံတွေရှိတယ်လို့ ပြောပြီး ခေါ်ခဲ့သလား"

"ပိုက်ဆံအိတ်ကို ဖွင့်မပြပါဘူး။ ဘီယာဆိုင်ကအထွက် ကား ထဲမှာကတည်းက ပိုက်ဆံအိတ်ကို တစ်ခါမှ မဖွင့်ပါဘူး။ တစ်ညလုံး လည်း မဖွင့်ပါဘူး"





"ခင်ဗျား သေလာမြိုင်တည်းခိုခန်းကို အမျိုးသမီးကို ခေါ် သွားတာကတော့ တက္ကစီကားနဲ့နော်"

"ဟုတ်ပါတယ်"

"တက္ကစီကားနံပါတ်ကို မှတ်မိသလား"

သူ ခဏစဉ်းစားပြီးမှ ...

"မမှတ်မိပါဘူး"

တရားခွင်မှာ တခြားမေးခွန်းလေးတွေ တစ်ခွန်းနှစ်ခွန်းမေး ပြီး သူ့ကိုစစ်ဆေးမှုကို အဆုံးသတ်လိုက်ပါတယ်။

နောက်တော့ တရားရုံးထုံးစံအတိုင်း တရားခံအမာစိန်ကို ခိုးမှု နဲ့ စွဲချက်တင်ပါတယ်။

တရားခံအမာစိန်ကို စစ်ပြီးတော့ တရားခံပြသက်သေအနေနဲ့ ကျွန်တော့်ဘက်က သုံးယောက်တင်ပြပါတယ်။ တရားခံပြသက်သေ အဖြစ်နဲ့ပေါ့။

အဲဒီညက သဘော်သားအဘိုးကြီးဟာ ဘီယာဆိုင်ထဲမှာ ရမ် သုံးပက်၊ လေးပက်လောက် ရောပြီးသောက်ကြောင်း၊ သူ့ကိုကြည့်ရ တာ အတော်လေးမူးနေပုံရကြောင်း ဘီယာဆိုင်က စားပွဲထိုးလေးတစ် ယောက်က သက်သေခံပါတယ်။

ညရှစ်နာရီလောက် လမ်းမှာ ယိုင်တိယိုင်ထိုးနဲ့ ဟိုလျှောက် ဒီလျှောက် သဘော်သားကြီးလုပ်နေတာကို တွေ့ရတဲ့ မျက်မြင်သက်သေ ၎င်းဘီယာဆိုင်အနီး ဂိတ်ထိုးထားတဲ့ ဆိုက်ကားဂိတ်မှာ ထိုင်ကြည့်နေ တဲ့ ဆိုက်ကားသမားကြီးတစ်ယောက် တရားခံပြသက်သေအဖြစ် ပြပါ တယ်။

နောက်ဆုံးအရေးကြီးတဲ့သက်သေဖြစ်တဲ့ အဲဒီညက သူတို့ကို တက္ကစီနဲ့လိုက်ပို့တဲ့ တက္ကစီမောင်းသမားတစ်ယောက်။

တက္ကစီမောင်းသမားက ရုံးတော်မှာ ...

''အချင်းဖြစ်ညက ရုံးရှေ့ရှိ တရားလိုက ရုံးရှေ့ရှိ တရားခံနဲ့ အတူ 'သေလာမြိုင်' တည်းခိုခန်းကို ကားငှားကြောင်း၊ သဘော်သား ကြီးက သူ့မှာ ပိုက်ဆံတွေပါကြောင်း သူ့ပိုက်ဆံအိတ်ဖစ်ကို ဆွဲဖွင့်ပြီး သူ့ကို ပြကြောင်း၊ ကားပေါ်မှာလည်း သူ ဘယ်နိုင်ငံတွေ ရောက်ဖူး ကြောင်း၊ ကမ္ဘာပတ်နေသူဖြစ်ကြောင်း၊ သဘော်တစ်ခေါက်တစ်ခေါက် ငွေတွေ ဘယ်လောက်ရကြောင်းတွေ မူးမူးနဲ့ သူ့ကိုယ်သူ ကြွားလုံးထုတ် လာခဲ့ပါတယ်။

တည်းခိုခန်းရောက်တော့ ကားပေါ်ကအဆင်းမှာ လဲမလိုဖြစ် သွားပြီး ယိုင်သွားလို့ ဘေးကပါလာတဲ့ ရုံးရှေ့ရှိ တရားခံအမျိုးသမီး ကပင် ထိန်းပေးလိုက်ရကြောင်း ကားခရှင်းတော့ သူ့ပိုက်ဆံအိတ်ကို ဖစ်ဆွဲဖွင့်ပြီးပေးကြောင်း၊ ပိုက်ဆံတစ်ထောင်တန်တွေ ဆွဲထုတ်ပြီး ကားခ သုံးထောင်ပေးခဲ့ကြောင်း ကားခငွေတစ်ထောင်တောင် ပိုပေးကြောင်း''

''ထွက်ဆိုသွားပါတယ်''

အဲဒီသက်သေတွေကတော့ အေးမောင် ရှာဖွေတင်ပြတဲ့ သက် သေတွေပါ။ သက်သေစရိတ်တွေ ဘယ်လောက်ကုန်သွားတယ်ဆိုတာ တော့ ကျွန်တော်မသိပါဘူး။ သူ့သမုဒယနဲ့ သူ့ဒုက္ခပေါ့လေ။

နောက်ဆုံး အမိန့်ချတော့ ဒီအမှုမှာ တရားခံအမာစိန်က ခိုး ယူကြောင်း မျက်မြင်သက်သေမရှိသည့်အပြင် ခိုးယူကြောင်း ထောက်ခံ အားပေးသော သက်သေခံအထောက်အထားများ မပေါ်ပေါက်သည့် အတွက် အမှုမှ တရားသေလွှတ်လိုက်ပါတယ်။





ညနေ ရုံးဆင်းတော့ မအမာစိန်နဲ့အတူ ရုံးအပြန်လမ်းမှာ ကျွန်တော် ယှဉ်ပြီး လျှောက်လာခဲ့ပါတယ်။

''စောငယ် ...''

''ဟင် ...''

''နင် ... ဒါကြောင့်မို့ နာမည်ကြီးနေတာကိုး။ နင့်ကို ငါ ကျေးဇူးတင်ပါတယ်။ နင့်ကျေးဇူးတွေကို ငါ ဘယ်လိုဆပ်ရမှန်းမသိ ဘူး''

''မဟုတ်တာဟာ''

''ငါ့ကို နင်ကယ်လိုက်သလိုပါပဲဟာ။ ဪ ... ဒါနဲ့ ...''

သူ နည်းနည်းစဉ်းစားပြီး ...

''နင် ... ဟို ... ကားမောင်းတဲ့ တက္ကစီသမားကို ဘယ်လို သိလဲ''

''နင်ကော သိလား။ မှတ်မိလား''

''ဟင့်အင်း ... မမှတ်မိဘူး''

''ငါလည်း ဘယ်သိမလဲဟာ။ ဟိုအဘိုးကြီးလည်း မှတ်မိမှာ မဟုတ်ဘူး''

''ဟာ ... နင့်ဟာက''

သူ အံ့ဩတဲ့မျက်လုံးလေးနဲ့ မျက်စောင်းထိုးပြီး ကြည့်တယ်။

''အေး ... အဲဒီသက်သေတွေက အေးမောင်ရှာတာ''

''ဪ ... အေးမောင် ... ဟုတ်လား''

''အေးလေ ... တို့သူငယ်ချင်း အေးမောင်လေ။ ဒီကောင် ကြီးက နင့်ကို ကျောင်းကတည်းက မျက်စိကျနေတာဟ''

"ဩော် ... အဲဒီတုန်းက ငါ့ကို ပြောမှမပြောဘဲဟယ်"

"တော်တော့ ... လွန်ကုန်ပြီ"

သူ့မျက်နှာမှာ ပြုံးယောင်ယောင်လေး သန်းလာတာကို လှမ်းတွေ့လိုက်ရပါတယ်။

ဩော် ... တိမ်ကွယ်တာ လွန်မြောက်ရင် လရောင်ဆမ်းလာစမြဲပါလား။

✿ ✿ ✿

[ ၂၉ ]

❑

တဲနဲ့နေရတဲ့ ဒုက္ခကလည်း မသေးလှပါဘူး။

နှစ်တိုင်း ကျိုးတဲ့နေရာက ကျိုး၊ ကျွံတဲ့နေရာကကျွံ။ မိုးတွင်းဆို မိုးယို။ နွေဆို နေပြောက်ထိုး။ ဆောင်းတွင်းမှာ ကြမ်းကြား။ ထရံကြား လေသရမ်းက ဝှေ့ယမ်း။ ကာတန်ကာ၊ ပြင်တန်ပြင်၊ ဓနိကိုပါ အစားထိုးတန်ထိုးနဲ့ သမားရိုးကျ နေလာခဲ့ရတာ နှစ်ရှည်လများ ကြာခဲ့ပါပြီ။

ထုံးနဲ့သုတ်ထားတဲ့ 'ကံ့ကော်မြိုင်'ဆိုတဲ့ ဆိုင်းဘုတ်ကလေးလည်းနွေအခါ ဖုန်တွေတက်လို့။ မိုးအခါ မှိန်ပျောက်လို့။ မှုန်တစ်ခါ၊ မှောင်တစ်လှည့်နဲ့ ယိုင်နွဲ့လို့နေပါပြီ။

---

**စိတ်ကူးသစ်စာပေ**

ခြံတွင်းက သီးပင်၊ သစ်ပင်တွေ ရာသီအလိုက် သီးကြပွင့်ကြသလို အဓိကပင်တိုင် ကံ့ကော်ပင်ကြီးကတော့ သူ့ရာသီအလိုက် အားသစ်ပြီး တစ်နှစ်တစ်ခါ အားမာန်အပြည့်နဲ့ ပွင့်လာစမြဲပါ။

လူ့ဘဝဆိုတာကလည်း အမြဲမပြတ် ပြောင်းလဲဖြစ်ပျက်ကြတာ ဓမ္မတာပါ။

အခြေအနေအရပ်ရပ်တွေကို စဉ်းစားသုံးသပ်ပြီးတော့ အဘခက်ဆီမှာ စုဆောင်းထားတာလေးတွေ၊ အမေ့ဆီမှာ သားအတွက် ကျစ်ကျစ်လစ်လစ်အောင် ထုပ်သိမ်းပြီး ချွေတာစုဆောင်းထားတာလေးတွေ ကျွန်တော်အကျိုးပေးတုန်း ရရှိတဲ့ငွေကလေးတွေ ပေါင်းပြီးတော့ တိုင်ပင်ကြိုးပမ်း အားဖြည့်စုပေါင်းလိုက်ကြတော့ ကံ့ကော်မြိုင်ခြံအတွင်းက ကံ့ကော်ပင်အောက်မှာ တစ်ထပ်တိုက်ဖြူဖြူကလေးတစ်လုံး ပေါ်လာပါတော့တယ်။

ခေါင်းရင်းဘက်မှာ ဘုရားခန်း၊ ဘုရားစင်အောက်မှာ အဘခက်ရဲ့ ဆရာကိုင်တုတ်၊ ဘုရားခန်းဘေးမှာ အဘခက်အတွက် အိပ်ခန်း၊ ခြေရင်းဘက်မှာ အမေ့အိပ်ခန်းတစ်ခန်း၊ အမေ့ခြေရင်းခန်းဘက်မှာ ကျွန်တော့်အတွက် အိပ်ခန်း၊ အိမ်ရှေ့ဘက်မှာ စာကြည့်ခန်း၊ အလယ်မှာက ဧည့်ခန်း၊ နောက်ဖေး ထမင်းစားခန်း၊ မီးဖိုနဲ့ အိမ်သာ၊ ရေချိုးခန်း ... စသဖြင့် အိမ်ထောင်ပစ္စည်းလေး ပြည့်ပြည့်စုံစုံနဲ့ ကျွန်တော်တို့မိသားစု နားခိုနေထိုင်ဖို့ တိုက်ကလေးတစ်လုံး ပေါ်ပေါက်လာပါတယ်။

ဒါလည်း အဘခက်နဲ့ အမေရဲ့ အစီအမံပါ။

ကျွန်တော်ကတော့ အမေ့ကို စိတ်ချမ်းသာစေချင်တယ်လေ။

အဲဒီအချိန်မှာ အေးမောင်ကလည်း ကလေးနှစ်ယောက်ရနေပါပြီ။





သားအကြီးလေးက 'မင်းသူဦး' တဲ့။

"ဟေ့ကောင် ... ဘယ်သူက ဦးတာလဲ"

ကျွန်တော်က စပါတယ်။

"နှစ်ယောက်လုံး ဦးတယ်ကွာ"

အေးမောင်က ပြန်ပက်ပါတယ်။

နောက်အငယ်လေးက မိန်းကလေး ...။

'အေးမြမြခိုင်' တဲ့။

"ဟေ့ကောင် ... ဘယ်သူက ခိုင်တာလဲ"

"နှစ်ယောက်လုံး ခိုင်တယ်ကွာ"

အေးမောင်က ဝံ့ကြွားစွာ ပြောပါတယ်။

ဒီကလေးတွေက အဘခက်ရယ်၊ အမေရယ်၊ ကျွန်တော်တို့ရဲ့လက်ထဲမှာပဲ တချီချီတမမနဲ့ ကြီးပြင်းနေကြတာပါ။

မခင်မြမြကလည်း မိသားစုလို ဖြစ်နေပါပြီ။

တစ်နေ့ ...

"ဟေ့ကောင် ... စောငယ်၊ စန္ဒာမိုး သန်လျင်ကို အထက်တန်းပြနဲ့ ပြောင်းလာပြီ။ မင်းသိပြီးပြီလား"

အေးမောင်က အလန့်တကြား သတင်းပေးပါတယ်။

"အေး ... သိပြီးပြီ"

"ဟာ ... မင်း တော်တော်ဆိုးတဲ့ကောင်။ ငါ့တောင် မပြောဘူး"

"ငါလည်း ပြောမလို့။ မပြောမိတာနဲ့ ..."

"မင်းမပြောမိတာကြီးကလည်း လွန်လွန်းပါတယ်ကွာ"

အေးမောင်က အပြစ်တင်တယ်။

"မင်းနဲ့တွေ့ပြီးပြီလား"

အေးမောင်က မေးတယ်။

"မတွေ့ရသေးဘူး။ ဒီမြို့ ပြန်ရောက်လာပြီပဲကွာ။ ထင်းခွေမကြုံ ရေခပ်တော့ ကြုံမှာပေါ့"

"ဟာ ... မင်းပြောတာကလည်း သူစိမ်းဆန်လိုက်တာကွာ"

"သူစိမ်းမဆန်လို့ ဘာတော်လို့လဲ"

"သူငယ်ချင်းတွေလေကွာ ... ငယ်သူငယ်ချင်းတွေ"

"အေး ... အေး ..."

ကျွန်တော်က ပေါ့ပေါ့ဆဆပဲ ပြန်ပြောလိုက်တဲ့အချိန်မှာ အေးမောင်သားအကြီးကောင် မင်းသူဦးက ကျွန်တော့်နား ဘယ်အချိန်က ရောက်နေမှန်းမသိ။

"လေးလေးဆောငယ် ..."

"ဟေ ... ဘာလဲကွ"

"စန္ဒာမိုးက ဘယ်သူလဲဟင်"

ကလေးက အမှတ်မထင် ဝင်မေးလိုက်တယ်။ ကျွန်တော့်ရင်ထဲမှာ ဝင်းထိန်သွားတယ်။

"စန္ဒာမိုးဆိုတာ မိုးပေါ်က လမင်းကြီးပေါ့ကွ"

"လမင်းကြီးက ဒီကိုကျလာတာလားဟင်"

"လမင်းကြီးက မကျလာပါဘူး သားရယ်။ ကောင်းကင်မှာ ထိန်ထိန်ကြီး သာနေတာပါ။ ညဘက်မှာ သားမြင်ရတယ်မဟုတ်လား"

"ဟုတ်တယ် ... မြင်ရတယ်။ လမင်းကြီး လှတယ်နော်"

"ဟာ ... သိပ်လှတာပေါ့ သားရဲ့"

"လေးလေးဆောငယ် ... သား လမင်းကြီးနဲ့ ကစားချင်





တယ်။ လေးလေးဆောငယ်ကော လမင်းကြီးကို မလိုချင်ဘူးလားဟင်"

ကလေးစကားတဲ့ ...။

"မလိုချင်ပါဘူးကွာ။ လမင်းကြီးက ဟိုး ... ကောင်းကင်မှာ။ အမြင့်ကြီးမှာ ...။ လေးလေးက လက်လှမ်းမှ မမီတာ"

"ဟာ ... လေးလေးဆောငယ်ကတည်း ... ဘိုးဘိုးဘခက်ရဲ့လေးခွနဲ့ ပစ်ချပေါ့"

"ဟား ... ဟား ... ဟား ..."

ကျွန်တော်ရော၊ အေးမောင်ပါ ပွဲကျသွားပါတယ်။

"သားလေး ... လာ ... လာ ... ထမင်းစားမယ်" ၊

အမေက သူ့မြေးကို လှမ်းခေါ်ပါတယ်။

"ဟုတ်ကဲ့ ဘွားဘွား"

မင်းသူဦးက အမေ့ဆီကို ပြေးသွားပါတယ်။

ဩော် ... ကလေးရယ်။ လမင်းကြီးကို လေးခွနဲ့ ပစ်ချရမယ်တဲ့လား။

❀ ❀ ❀

## [ ၃၀ ]

❑

တနင်္ဂနွေနေ့ ...

မြဲဝက ဘိုဖြူနဲ့ဘိုနီ နှစ်ကောင် ပေါင်နေတယ်။ အဘခက်မွေးထားတဲ့ ဟစ်တလာ။ မိုဆိုလိုနီ၊ မိုရှယ်ဒိုင်းယားတို့က သေကုန်ကြပြီ။ အခုကောင်နှစ်ကောင်က ကျွန်တော်မွေးထားတဲ့ မြဲစောင့်နှစ်ကောင်။

အဲဒီနေ့က နေ့ခင်းပိုင်း အေးမောင်လည်း ရောက်နေတယ်။

"ဟေ့ကောင် ... ညှိသည်လာတယ်ဟေ့။ ထွက်လာခဲ့ဦး"

အိမ်အပြင်က လှမ်းခေါ်တယ်။

ကျွန်တော် အိမ်ထဲက ထွက်လာခဲ့တယ်။

မြဲစည်းရိုးပေါက်ကို လှမ်းကြည့်လိုက်တော့ ...

"စန္ဒာမိုး ..."





မြဲစည်းရိုးတံခါးအုတ်တိုင်လေးမှာ ကပ်ထားတဲ့ အောက်ကကြေးဝါအခံ၊ အဖြူရောင်ဆေးသားနဲ့ရေးထားတဲ့ 'ကံ့ကော်မြိုင်' ဆိုတဲ့ဆိုင်းဘုတ်ကလေးကို သေသေချာချာ လက်နဲ့ ပွတ်သပ်ကြည့်နေတယ်။

လမ်းမပေါ်မှာ ကားအဖြူလေး ရပ်ထားတယ်။

အေးမောင်က မြဲသံတံခါးသော့ သွားယူပြီးတော့ ...

"လာကွာ ... သွားကြိုရအောင်"

ကျွန်တော်ပါ ကန့်လန့်ကန့်လန့် မြဲထဲကို ဆင်းလာတယ်။

အေးမောင်က မြဲတံခါးဖွင့်တယ်။

စန္ဒာမိုးက မြဲစည်းရိုးပေါက်ဝမှာ ရပ်နေတယ်။ မြဲထဲကို မဝင်သေး။

ကျွန်တော်က အနားကပ်သွားပြီး ...

"စန္ဒာမိုး ... ဝင်လေ"

စန္ဒာမိုးက မြဲတွင်းကို တစ်ချက် မျက်စိလေးဝေ့ကြည့်လိုက်တယ်။ နောက်တော့ မျက်နှာလေး ပြုံးလာတယ်။

"ဝမ်းသာလိုက်တာ ... စောငယ်ရယ်"

သူ လှိုက်လှိုက်လှဲလှဲပြောတယ်။

နောက် ... ကျွန်တော်တို့ ကံ့ကော်ပင်အောက်ဘက် လာခဲ့ကြတယ်။

အရင် ဝါးကွပ်ပျစ်ကလေးနေရာမှာ ...

အသည်းပုံ ကွန်ကရစ်စားပွဲလေးတစ်လုံး ...။

ဘေးမှာက ကွန်ကရစ်ထိုင်ခုံလေးခြောက်ခုံ ဝန်းရံထားတယ်။

စန္ဒာမိုးက အံ့ဩငေးမောစွာ အရာရာကိုလိုက်ပြီး စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေတယ်။

နောက် .... ကံကော်ပင်ကြီးကို မော့ကြည့်တယ်။

ကျွန်တော်နဲ့အေးမောင်လည်း ပြိုင်တူမော့ကြည့်တယ်။

ကံ့ကော်ပန်းတွေက မပွင့်သေး။ အကိုင်းအခက်အလက်တွေက စိမ်းမြမြရောင်စိုပြီး အားကောင်းမောင်းသန် ဆီးကြိုနေသည့်ဟန်။ ဒါပေမဲ့ ကျွန်တော့်မျက်စိထဲမှာ စန္ဒာမိုးလည်ပင်းမှာ ဆွဲထားတဲ့ ရွှေကြုတ်လေးထဲက ကံ့ကော်ဝတ်မှုန်လေးတွေက ကံ့ကော်ပင်ပေါ်တက်ပြီး ကံ့ကော်ပန်းကလေးတွေ ပင်လုံးပြည့်ပွင့်နေတာကို ကျွန်တော် မြင်ရတယ်။

"ဪ ... သမီးရောက်လာပြီလား"

အမေက အိမ်တံခါးဝကနေ ကွဲကွာနေတဲ့သမီးကို ခေါ်လိုက်တဲ့အသံနဲ့ လှိုက်လှိုက်လှဲလှဲ စန္ဒာမိုးကို လှမ်းပြောလိုက်တယ်။

"အမေ ..."

"စန္ဒာမိုးက ချာခနဲလှည့်ပြီး အမေ့ထံကို အပြေးလေးသွားပြီး ဖက်လိုက်တယ်။ အမေကလည်း ဆီးကြိုထွေးပွေ့လိုက်တယ်။

"အမေ ... နေကောင်းတယ်နော်"

"အေး"

အေးဆိုတဲ့ အမေ့အသံဟာ အကြင်နာအပြည့်၊ ကရုဏာအပြည့်၊ မေတ္တာအပြည့်နဲ့ အေးမြလှပါတယ်။

အမေရှေ့ဆောင်ပြီး ဧည့်ခန်းထဲ ဝင်သွားတယ်။

"အဘခက် နေကောင်းတယ်နော်"

ဧည့်ခန်းခေါင်းရင်း ဒရင်းဘက်ပေါ်မှာ ခန့်ခန့်ကြီးထိုင်နေတဲ့ အဘခက်ကို နှုတ်ဆက်တယ်။

"အေးကွ ... သမီးက ဆရာမကြီးတောင် ဖြစ်နေပြီကော"





"ဟုတ်ကဲ့ပါ အဘခက်"

"အေး ... ထိုင်ကြ ... ထိုင်ကြ"

ဧည့်ခန်းက ပြောင်လက်နေတဲ့ ကျွန်းဆက်တီလေးမှာ အားလုံးထိုင်ကြတော့ အမေက စားဖို့သောက်ဖို့ နောက်ဖေးမှာ သွားပြင်ဆင်တယ်။

"အမေ ... ဘာတွေလုပ်နေတာလဲ။ သမီးပါ ဝိုင်းလုပ်မယ်လေ အမေ"

ပြောပြောဆိုဆို စန္ဒာမိုးက နောက်ဖေးခန်းကို အပြေးလေးဝင်သွားတယ်။

နောက်ဖေးခန်းမှာ အမေနဲ့စန္ဒာမိုး ဘာတွေပြောဆို၊ ဘာတွေလုပ်နေကြတယ်တော့ မသိပါ။ သိပ်မကြာလိုက်ပါဘူး။ အမေက လင်ပန်းတစ်ချပ်နဲ့ ပန်းကန်လေးတွေတင်ပြီး ထွက်လာပါတယ်။

စန္ဒာမိုးက ရေနွေးဗန်းလေးကိုင်ပြီး ထွက်လာပါတယ်။

အမေက ဗန်းကလေးကို ကျွန်တော်တို့ ရှေ့စားပွဲမှာချပြီး အဘခက်ဒရင်းဘက်ဘေးမှာ ခုံအဝိုင်းလေးတစ်လုံးချပြီး အဘခက်စားဖို့ ဂျင်းသုပ်တစ်ပန်းကန် ချပေးပါတယ်။ နောက် ... အဘခက်သောက်တဲ့ ရေနွေးအိုးကလေးနဲ့ လက်ဖက်ရည်ပန်းကန်လုံးလေးနှစ်လုံး ချပေးပါတယ်။

စန္ဒာမိုးက ကျွန်တော်တို့ရှေ့ ကျွန်းစားပွဲလေးပေါ်မှာ ရေနွေးဗန်းကိုချပြီး ပန်းကန်လေးတွေထဲကို ရေနွေးငှဲ့ပေးနေပါတယ်။ ဂျင်းသုပ်တစ်ပွဲ၊ ထန်းလျက်ခဲတစ်ပွဲနဲ့ ပဲကြီးကြော်ပန်းကန်လေးတွေ အမေတင်ထားတဲ့ ဗန်းထဲကယူပြီး စားပွဲပေါ်မှာ ချပါတယ်။

နောက် ... အမေရော၊ စန္ဒာမိုးပါ ဝင်ထိုင်ကြတယ်။

"စောငယ်က တော်တော် အောင်မြင်နေတာပဲနော်"

စန္ဒာမိုးက သူ့ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့ဘဲ စကားတွေက ပွင့်အန်ကျလာပါတယ်။

"ဒီလောက်လည်း မဟုတ်ပါဘူးဟာ။ ဒါတွေအားလုံးဟာ အဘခက်အစီအစဉ်တွေပါ"

ကျွန်တော်က ဂျင်းသုပ်စားရင်း ပြောပါတယ်။

"အလကားဟ ... စန္ဒာမိုး။ သူအမှုလိုက်ရင် ငါပဲသက်သေလိုက် ရှာနေရတယ်"

"ဟုတ်လား"

"ဟုတ်တယ်လေ။ ဟိုတစ်လောတုန်းက တို့ကျောင်းနေဖက်တို့အတန်းထဲက အမာစိန်ကို နင်သိတယ်မဟုတ်လား"

"အေး ... သိတယ်။ အမာစိန်ဘာဖြစ်လို့လဲ"

စန္ဒာမိုးက ပျာပျာသလဲမေးတယ်။

အေးမောင်က အမာစိန်အမှုကို အတိုချုပ်ရှင်းပြတယ်။

"ဩော် ... ဖြစ်ရလေဟယ်"

"အေး ... အဲဒီအမှုတုန်းက တက္ကစီမောင်းသမားကို အတော်စည်းရုံးပြီး သက်သေထွက်ခိုင်းရတယ်။ နာမည်ကြီးတော့ ဒီကောင်ကြီးတယ်"

"ဟုတ်လား"

"ဒီကောင် အမာစိန်ကြီးကို စိတ်မကုန်လို့ လွတ်ရာလွတ်ကြောင်း သက်သေတွေ အတင်းလိုက်ရှာတာပါဟာ။ သက်သေစရိတ်ဘယ်လောက်ကုန်သွားလဲမသိဘူး"

ကျွန်တော်က ဝင်ဖောက်ပြီး ပြောလိုက်တယ်။





"ဟုတ်လား ... စောငယ်။ ဒါကို သူ့မိန်းမ မသိဘူးလား"

စန္ဒာမိုးက မေးတယ်။

"သိလား၊ မသိလားတော့ မပြောတတ်ဘူးဟ"

"ပေါ့ ... ဒါဆို သူ့မိန်းမကို တိုင်ရမယ်"

"မလုပ်ပါနဲ့ဟာ။ နင်ကတော့ ကောင်းကျိုးကို မပေးဘူး။ သူများကိုထောင်ဖို့ပဲ တတ်တယ်"

အေးမောင်က မျက်လုံးပြူးမျက်ဆံပြူးနဲ့ ပြောတယ်။

"ဟား ... ဟား ... ဟား ..."

သူငယ်ချင်းတွေ ရယ်ကြတယ်။

အမေ့မျက်နှာကတော့ နားထောင်ရင်း ပြုံးပြုံးလေး။ အဘခက်ကတော့ မပြုံးတပြုံး။

"အဖေ ..."

အိမ်ရှေ့တံခါးပေါက်ဝက မင်းသူဦးရဲ့အသံ ...။

"ဟော ... သူတို့သားအမိတွေ လိုက်လာပြီ။ လာ ... လာမြေး"

အမေက ပြောတယ်။ တံခါးဝမှာ မခင်မြမြ ကလေးတစ်ယောက်ကိုချီပြီး လိုက်လာတယ်။ ဒီအိမ်က သူတို့မိသားစုတွေ ဝင်နေထွက်နေကျ။

မင်းသူဦးက သူ့အဖေအေးမောင်ဆီ ပြေးသွားတယ်။

"လာ ... မြရေ။ ဒီမှာ စန္ဒာမိုးလည်း ရောက်နေတယ်"

ခင်မြမြက ကလေးချီပြီး လွတ်နေတဲ့ခုံမှာ ဝင်ထိုင်တယ်။

"အစ်မစန္ဒာမိုး ... နေကောင်းလား။ ဒီကိုပြောင်းလာပြီဆို။ သူငယ်ချင်းတွေ ပြန်ဆုံကြတာပေါ့"

ခင်မြမြက ကလေးချီပြီး လွတ်နေတဲ့ခုံမှာ ဝင်ထိုင်တယ်။

"အေး ... ကောင်းပါတယ်ကွယ်"

စန္ဒာမိုးက ပြုံးတုံ့တုံ့လေးနဲ့ ပြောနေတယ်။

"ဟော့ ... စန္ဒာမိုး"

အေးမောင်က ခေါ်လိုက်တယ်။

"ဒါ ... ငါ့သားကြီး မင်းသူဦးတဲ့။ သား ... ဒါ ... အန်တီ စန္ဒာမိုးတဲ့။ မှတ်ထား"

အေးမောင်သား မင်းသူဦးက စန္ဒာမိုးကို မျက်စိအဝိုင်းသားနဲ့ စိုက်ကြည့်နေတယ်။ စန္ဒာမိုးကလည်း ပြန်အကြည့် ...

"ဟယ် ... ကလေးက ချစ်စရာကောင်းလိုက်တာဟာ ...။ မျက်ခုံးကလေးက ကော့နေတာပဲ။ အေးမောင်နဲ့ တခြားစီပဲ။ သားသား အန်တီဆီကို လာပါဦး"

မင်းသူဦးကို အကဲခတ်လေ့လာပြီး စန္ဒာမိုးကပြောတယ်။

"အန်တီ့ဆီ သွားလိုက်ပါဦး သားရယ်"

အေးမောင်က ကလေးကို တွန်းပေးတယ်။ စန္ဒာမိုးက လက်လှမ်းတယ်။ မင်းသူဦးက တဖြည်းဖြည်း စန္ဒာမိုးမျက်နှာကို စေ့စေ့ကြည့်ပြီး ရှေ့ကိုတိုးလာတယ်။ အနားရောက်တော့ စန္ဒာမိုးက မင်းသူဦးကို ကောက်ချီပြီး သူ့ပေါင်ပေါ်ကိုတင်ပြီး ပွေ့ထားလိုက်တယ်။

ဒီတင် ကလေးကို စန္ဒာမိုးရဲ့မျက်နှာကို ဖက်ကလေးစောင်းပြီး မော့ကြည့်နေတယ်။

"အန်တီကို ဘာလို့ ဒီလောက်ကြည့်နေတာလဲ သားရဲ့"

"နင်ချောလို့ပါဟာ"

အေးမောင်က ဝင်ဖောက်တယ်။





နောက် ... မင်းသူဦးက စောငယ်ကို လှမ်းကြည့်လိုက်တယ်။ နောက် ...

"လေးလေးဆောငယ် ..."

စောငယ်ကို ခေါ်လိုက်တယ်။

"ဗျား ..."

စောငယ်က ထူးလိုက်တယ်။

"လေးလေးဆောငယ် ... အန်တီစန္ဒာမိုးကို လေးခွနဲ့ မပစ်ရဘူးနော်"

မင်းသူဦး ပြောလိုက်တဲ့စကားကို ပထမ သဘောမပေါက်။ နောက်မှ သဘောပေါက်တဲ့သူက ကျွန်တော်နဲ့ အေးမောင်။ ဒါနဲ့ ကျွန်တော်က ဝန်ခံကတိပေးလိုက်ရတယ်။

"အေး ... ပစ်ပါဘူးကွာ"

"သား ... သား ... လေးလေးစောငယ်က အန်တီကို ဘာလို့ လေးခွနဲ့ ပစ်မှာလဲဟင်။ အန်တီကို ပြောပြစမ်း။ ကလေးကို ဘာတွေပြောထားလဲမသိဘူး။ မလိမ်ရဘူးနော်။ လိမ်ရင် ငရဲကြီးတတ်တယ် သားရဲ့"

စန္ဒာမိုးက ပညာရေးသမားပီပီ ပညာနဲ့ ကလေးရဲ့ပခုံးလေးကို လှုပ်ယမ်းပြီး အစ်တယ်။

ကျွန်တော်နဲ့အေးမောင် မျက်လုံးပြူးနေကြတယ်။

"သား ... ပြောလေ။ လေးလေးစောငယ်က သားကို ဘာတွေပြောထားလဲ"

စန္ဒာမိုးက ကောက်ကြောင်းကို အမိဖမ်းပြီး ပုံဖော်တယ်။

"လေးလေးဆောငယ်ကလေ ... စန္ဒာမိုးဆိုတာ လမင်းကြီးတဲ့"

"ဟာ ... ဟုတ်လား"

စန္ဒာမိုးက သဝ ဘာကျတယ်။

"ဟော့ကောင် ... ဘာတွေလျှောက်ပြောနေတာလဲ"

"ဟဲ့ ... အေးမောင်။ နင် ကလေးကို မဟန့်တားနဲ့။ ကလေးလွတ်လွတ်လပ်လပ် ပြောပါစေ။ ကလေးဉာဏ်ရည်ကို ဖွင့်ပေးရတယ်"

စန္ဒာမိုးက အေးမောင်ကို လှမ်းပိတ်လိုက်တယ်။ ရင်ထိတ်နေရသူကတော့ ကျွန်တော်ရယ်ပါ။

"ပြော ... ပြော ... သား ... ဆက်ပြော"

ကလေးက သူ့အဖေကိုကြည့်ပြီး ...

"အဖေလည်း ကြားရဲ့သားနဲ့လေ"

နောက် ... စန္ဒာမိုးကို တစ်လှည့်ကြည့်ကာ ...

"လမင်းကြီးက သိပ်လှတာပဲတဲ့။ သားက လမင်းကြီးနဲ့ ကစားချင်တယ်။ လေးလေးဆောငယ်ကော မလိုချင်ဘူးလား မေးတော့"

"အဲ ... အဲ ... မင်းလေးလေးဆောငယ်က ဘာပြောလဲသား"

"လမင်းကြီးက ဟိုး ... မိုးကောင်းကင်မှာတဲ့။ အမြင့်ကြီးမှာတဲ့။ လေးလေးဆောငယ်မှ လက်လှမ်းမမီတာတဲ့"

"ဟင်"

စန္ဒာမိုးက သက်ပြင်းလေး မသိမသာချတယ်။

"အဲဒီတော့ သားက လေးလေးဆောငယ်ကို ပြောတယ်"

"သားက ဘာပြောလဲ သား"

---

**စိတ်ကူးသစ်စာပေ**



"လက်လှမ်းမမှီရင် ဘိုးဘိုးခက်ရဲ့ လေးခွနဲ့ ပစ်ချပေါ့လို့"

"ဩော် ... ဒါကြောင့်မို့ ခုန သားက လေးလေးဆောငယ်ကို ပြောတာ။ လေးခွနဲ့ မပစ်ရဘူးလို့။ ဟုတ်လား ... သား"

မင်းသူဦးက ရယ်ပြီး ခေါင်းညိတ်တယ်။

"ဘာဖြစ်လို့လဲ သားရယ်"

သူက လေ့ကျင့်ခန်း ပြန်လှန်မေးခွန်းထုတ်ပါတယ်။

"အန်တီစန္ဒာမိုးက ကောင်းကင်က လမင်းကြီးမှမဟုတ်တာ။ လူပဲဟာ။ ခုနဲ့ပစ်ရင် နာမှာပေါ့"

"အောင်မယ်လေး ... တတ်လိုက်တဲ့ ကလေးရယ်။ ချစ်စရာကောင်းလိုက်တာ"

စန္ဒာမိုးက မင်းသူဦးကို ဖက်ပြီးတော့ မင်းသူဦးရဲ့ ပါးပြင်ကို အနမ်းဆုတွေ ချပါတော့တယ်။

ဒါကြောင့် ကလေးတွေရှေ့မှာ မဟုတ်တာတွေမပြောနဲ့၊ မလုပ်နဲ့လို့ ရှေးလူကြီးသူမတွေက ပြောခဲ့တာကိုး။

ခိုးထုပ်ခိုးထည်နဲ့ မိတဲ့သူက ကျွန်တော်နဲ့အေးမောင်ပါ။

မျက်နှာလေးငုံ့ထားပြီး အေးမောင်ကို လှမ်းကြည့်လိုက်တော့ မျက်လုံးအပြူးသားနဲ့ပါ။

အမေ့မျက်နှာ ခပ်တည်တည် ဖြစ်နေပါတယ်။

အဘခက်ရဲ့ မျက်နှာက ပြုံးယဲ့ယဲ့။

ခင်မြမြကတော့ စာနာမှုရင်အပြည့်နဲ့ ကြည့်နေတဲ့ပုံပါ။

အမှန်တရားဆိုတာ ဖုံးကွယ်လို့မရဘူးဆိုတာ ဒါများလား။

✿ ✿ ✿

## [ ၃၁ ]

❑

သန်လျင်တရားရုံးကို တက်တဲ့အခါ ညနေဆိုရင် စန္ဒာမိုးက ကျောင်းကဆင်းလာပြီး နာရီစင်လမ်းထိပ်ကနေ စောင့်နေပါတယ်။ ကျွန်တော်က ရုံးကဆင်းလာပြီး နာရီစင်လမ်းထိပ်ကို လာပါတယ်။ အဲဒီကနေ ရွာကို ဆိုက်ကားတစ်ယောက်တစ်စီးစီးပြီး ပြန်ကြပါတယ်။

စန္ဒာမိုးက သူ့အိမ်ကနေ ကားနဲ့လိုက်ပို့မယ်ဆိုတာကို အပြတ်ငြင်းပြီး သူ ကျွန်တော့်လို ဆိုက်ကားနဲ့ပဲ ကျောင်းတက်ပါတယ်။

အဆင်ပြေလို့ တနင်္ဂနွေလို ရုံးပိတ်ရက်မှာ၊ ကျောင်းပိတ်ရက်မှာ အားကြရင်တော့ အေးမောင်၊ ကျွန်တော် စန္ဒာမိုးတို့ သူငယ်ချင်း သုံးယောက် ဘုရားတွေ လျှောက်သွားကြတယ်။





ကျိုက်ခေါက်ဆံတော်ရှင်မြတ် ...

ပါဒကြီးဘုရား ...

ကျောက်တန်းရေလယ်ဘုရား ...။

ရေလယ်ဘုရားသွားတော့ သုံးယောက်သား ဘုရားဆီကို သမ္ဗန်လေးနဲ့ ကူးရပါတယ်။ သမ္ဗန်ပေါ်မှာ အေးမောင်က ...

"ဟေ့ ... သမ္ဗန် ငါလှော်မယ်ကွာ"

အေးမောင်က ဖောက်ပါတယ်။

"ဟေ့ကောင် ... သမ္ဗန်ကို လှော်ရတာမဟုတ်ဘူးကွ။ ခတ်ရတာ။ မင်း ဘာမှလည်း မသိဘဲနဲ့"

"ဟေ့ ... မင်းတို့ရှေ့နေတွေ စကားပြောရတာ အတော်အထအနကောက်တာပဲ။ လှော် ... လှော်၊ ခတ် ... ခတ် ... ရောက်ရင်ပြီးရောပေါ့"

"မင်းလှော်နေရင်တော့ ဘုရားကို ရောက်မှာမဟုတ်ဘူး"

"ငါလည်း မင်းတို့နှစ်ယောက်ကို ဘုရားကိုရောက်အောင်မလှော်ပါဘူး။ ဘုရားဘေးက ဝဲတွေထဲကို လှော်ထည့်မလို့"

"နင်ဟာလေ ... တော်တော်မကောင်းတဲ့ကောင်"

စန္ဒာမိုးက ပြောတယ်။

"မင်းတို့နှစ်ယောက်ကရော ဘာထူးလဲ။ ဘာမှအကြောင်းမထူးဘူး။ ဝဲထဲရောက်သွားရင် ပြီးတာပဲမဟုတ်လား"

"သေချင်းဆိုး"

စန္ဒာမိုးက ပြောတယ်။

"ဟား ... ဟား ... ဟား ..."

သုံးယောက်သား သမ္ဗန်ပေါ်မှာ ရယ်ကြရတယ်။

သမ္မာန်ပေါ်ကဆင်းတော့ သမ္ပန်က လှိုင်းပုတ်လို့ လှုပ်နေတယ်။

အဆင်းမှာ စန္ဒာမိုးက သူ့လက်ကလေးကို ကျွန်တော့်ကို ကမ်းပေးတယ်။ လက်တစ်ဖက်က ကျွန်တော် ကုံကော်မြိုင်က ခူးလာတဲ့ ကုံကော်ပန်းလေးတွေကို ကိုင်ထားတယ်။ သွယ်ထွေးနူးညံ့တဲ့ သူ့လက်ကလေးကိုကိုင်ပြီး သူ့ကို သမ္ပန်ပေါ်ကနေ တွဲဆင်းပေးလိုက်ရတယ်။

ကိုင်မိတဲ့ လက်ကလေးကို ကျွန်တော် မလွှတ်မိ။ လွှတ်လည်း မလွှတ်ချင်တော့။ လက်ကလေးကိုကိုင်ပြီး ဘုရားရင်ပြင်ပေါ်တက်တဲ့ လှေကားထစ်လေးတွေကို လှမ်းတက်လာခဲ့မိတယ်။

သူကလည်း အလိုက်သင့်။ သူ့ကိုကိုင်ထားတဲ့ လက်ကလေးကနေ ကျွန်တော့်လက်ကို တင်းတင်းလေး ပြန်ဆုပ်ကိုင်ထားတယ်။ တဖြည်းဖြည်း လက်နှစ်ခုဟာ တင်းကျပ်ဆက်နွယ်ပြီး ကျွန်တော့်တစ်ကိုယ်လုံး အသွေးအသားတွေ ပူရှိန်းပျံ့နှံ့ကုန်တယ်။

အေးမောင်က တန်ဆောင်းတစ်ခုအတွင်းမှာ ဘုရားဝတ်ပြုမလို့ ထိုင်ရင်း ဘုရားဝတ်မပြုသေးဘဲ လက်ချင်းချိတ်လာတဲ့ ကျွန်တော်တို့နှစ်ယောက်ကို ပြုံးပြုံးကြီး ကြည့်နေတယ်။

ကျွန်တော်တို့နှစ်ယောက် တန်ဆောင်းထဲဝင်ပြီး ဘုရားဝတ်မပြုကြသေး။ လျှောက်ကောင်းကောင်းနဲ့ ဘုရားရင်ပြင်တစ်ပတ် လျှောက်နေမိကြတယ်။ စကားတော့ မပြောမိကြ။ အတွေးနယ်ထဲက နစ်နေကြတယ်။ အေးမောင်ပြောတဲ့ ဝဲထဲရောက်နေဘီအလား။

ဘုရားတစ်ပတ်ပြည့်လို့ အေးမောင်ဘုရားဝတ်ပြုနေတဲ့ တန်ဆောင်းထဲ ပြန်ရောက်တော့ ဘုရားဝတ်ပြုဖို့ ကျွန်တော်တို့နှစ်ယောက် ယှဉ်တွဲပြီး ထိုင်လိုက်ကြတယ်။





စန္ဒာမိုးက ပါလာတဲ့ ကုံကော်ပန်းစည်းလေးနဲ့ ဘုရားကို ဝတ်ပြုနေတယ်။

ကျွန်တော်လည်း လက်အုပ်ချီမိုးပြီး ဘုရားကို ဝတ်ပြုရှိခိုးတယ်။ သုံးကြိမ် ဦးချကန်တော့တယ်။

ကျွန်တော် ဘုရားဝတ်ပြုပြီးတာတောင် စန္ဒာမိုးက ဝတ်ပြုလို့ မပြီးသေးဘူး။

သူ့ဘေးနားကနေ တင်ပျဉ်ချိတ်ထိုင်ပြီး သူ ဘုရားရှိခိုးတာကို ငေးမောကြည့်နေခဲ့မိတယ်။ သူ့မျက်လုံးအစုံက မျက်ခုံးမွေးထူထူ တံခါးလေးနဲ့ ပိတ်ထားတယ်။ အာရုံစူးစိုက်နေတဲ့ပုံပါ။

အဲဒီအချိန်မှာ အေးမောင်တစ်ယောက် တန်ဆောင်းထဲမှာ မရှိတော့ပါဘူး။ ဘုရားရင်ပြင်မှာ ပတ်နေတယ်ထင်ပါရဲ့။

တစ်အောင့်ကြာတော့ ဘုရားကန်တော့အပြီး မျက်လုံးလေးဖွင့်ကာ ရှေ့ကမြတ်စွာဘုရားကို ခေတ္တကြည့်ညိုပြီးတော့ ဘေးကို ဟိုဒီစောင်းငဲ့ကြည့်တယ်။

ကျွန်တော် သူ့ဘေးနားမှာရှိနေတာ တွေ့သွားတော့ သူ့လက်အစုံထဲက ပန်းကလေးတွေကို ကျွန်တော့်ကို လှမ်းပေးတယ်။

ကျွန်တော် ကပျာကယာထပြီး ရှေ့ကဘုရားပလ္လင်ပေါ်မှာရှိတဲ့ ပန်းအိုးကလေးမှာ ပန်းတွေကို သွားထိုးပေးတယ်။

ပြန်လာပြီး သူ့အနားမှာ တင်ပျဉ်ချိတ်ပြန်ထိုင်တယ်။

သူက ပြုံးပြီးကြည့်နေတယ်။

"ဘာတွေများ ဆုတောင်းနေတာလဲ မိုးရယ်"

အမှတ်မထင် ကျွန်တော့်ရင်ထဲကစကားတွေ ရုတ်တရက် ပွင့်အန်ထွက်လာတယ်။

သူက နှစ်နှစ်ခြိုက်ခြိုက်ကြီးကို ပြုံးပြီးတော့ ရွှန်းရွှန်းစားစားကြီး ပြန်ကြည့်တယ်။ နောက် ... နီရဲတဲ့ သူ့နှုတ်ခမ်းလေးက မပွင့်တပွင့် လေးလှုပ်လာတယ်။

"မောင်နဲ့ ဘဝအဆက်ဆက် ပေါင်းရအောင်လို့ပေါ့ ... မောင်ရယ်"

တာတမံ တစ်ဟုန်ထိုး ကျိုးပေါက်သွားသည့်နှယ် စန္ဒာမိုးရင်ထဲက မေတ္တာရေအလျင်ဟာ အရှိန်အဟုန်နဲ့ တိုးဆောင့်ကျိုးပေါက်ကျလာတယ်။

"ဩော် ... မိုးရယ်"

ကျွန်တော့်ရင်ထဲက မေတ္တာတာတမံလည်း ကျိုးပေါက်ပါပြီ။ မေတ္တာရေအလျင်ဟာ ဘယ်လိုမှ ဆီးတားလို့ မရတော့ပါ။

ကျိုက်မှော်ဝန်းမြစ်ရေစီးကြောင်းနဲ့အတူ မြစ်ကြောင်းတစ်လျှောက် သမုဒ္ဒရာရေပြင် မခန်းခြောက်သမျှ ကာလတိုင်အောင်ပါပဲလေ။

✿ ✿ ✿

[ ၃၂ ]

❑

အပြန်မှာ ပါဒကြီးဘုရားကို ဝင်ကြတယ်။

ပေတရာဘေးက ဘုရားကိုဝင်တဲ့ဂိတ်ဝ ရောက်ကတည်းက ကျွန်တော်နဲ့စန္ဒာမိုး လက်တွဲပြီး လျှောက်လာကြတယ်။ ကျွန်တော်က သူ့လက်ကလေးကို တင်းတင်းလေးဆုပ်ထားသလို စန္ဒာမိုးကလည်း လွတ်ထွက်သွားမည့်အလား ကျွန်တော့်လက်ကို ကျပ်ကျပ်ကလေး ဆုပ်ကိုင်ထားတယ်။

အေးမောင်က မျက်လုံးပြူးမျက်ဆံပြူး ထူးဆန်းသလိုလိုနဲ့ ကြည့်ပြီး အလိုက်သိစွာ ရှေ့ကကြိုလျှောက်သွားပါတယ်။ ပါဒကြီးဘုရားအဝင် ကုံကော်ပင်တန်း လမ်းကလေးအတိုင်း လျှောက်လာကြတယ်။

ကျွန်တော်တို့နှစ်ယောက်က လျှောက်လာရင်း ...

"မောင် ..."

"မိုး ..."

"ဟိုမှာလေ ... ကံ့ကော်ပန်းတွေပွင့်နေတာ လှလိုက်တာ မောင်ရယ်"

"ဟုတ်တယ်နော် မိုး။ ဒီကံ့ကော်တန်းက ကံ့ကော်ပန်းလေးတွေက မောင်တို့ကို ဂုဏ်ပြုကြိုဆိုနေသလိုပဲနော်"

"ဟုတ်တယ်နော် မောင်"

"ဟော ... ကံ့ကော်ပန်းကလေးတွေက ကျီစယ်နေတယ် မိုးရဲ့"

"ဘယ်လိုတဲ့လဲ မောင်"

"ချစ်ရက်ကယ် နှောင်းပေမယ့် မပြစ်ရက်တကယ် ပေါင်းကြပါကွယ်တဲ့"

"အို ... မောင်ကလည်း"

စန္ဒာမိုး အပြုံးလေးနဲ့ ပြောတယ်။

"ဟိုမှာကြည့်စမ်း ... မိုး။ ဟိုကိုင်းရွက်ကွယ်အနောက်က ကံ့ကော်ပန်းကလေးက မိုးကို စိတ်ကောက်နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ မောင်"

"မောင့်ကိုချစ်တယ်ဆိုတာ အခုမှ ဖွင့်ပြောရသလားလို့လေ"

"အို ... မောင်ကလည်း၊ ပြောတတ်လိုက်တာကွယ်။ ပြန်ပြောလိုက်ပါကွယ်။ မောင် ကံ့ကော်ပန်းလေး ပန်ပေးကတည်းက တားလို့ဆီးလို့မရအောင် ချစ်မိပြီးသားပါလို့"

"ဩော် ... မိုးရယ်"

ကံ့ကော် စိတ်ကောက်ပျောက်လေရော့သလား မသိ။ လေက





လေးအဝှေ့မှာ ကံ့ကော်ရနံ့ကလေးတွေက သင်းသင်းပျံ့ပျံ့နဲ့ ဝှေ့ယမ်းနှုတ်ဆက်နေကြပါတယ်။

အဲဒီအချိန်မှာ ပါဒကြီးဘုရားတန်ဆောင်းထိပ်ကနေ ကြွေရောက်နေတဲ့ အေးမောင်ရဲ့ အသံပြကြီးက 'ချစ်သမျှ'ကို ပတ်ပျိုးနဲ့ ဆီးကြိုလိုက်ပါတယ်။

"သံသာလေကမ်းတိုင် ××× တူပြိုင်လေကူးမယ် ××× ဆုထူးငယ်ပန်ရွယ်သွန်း ××× ချစ်လို့ရယ်မကုန် ××× ဝသုန်၍မြေ ××× သိ×× ကြား ××× စေ ××× သက်သေညွှန်း ××× "

အနားရောက်တော့ အေးမောင်က ကျွန်တော်တို့နှစ်ယောက်ကို လက်ဝါးလေးဖြန့်ခံပြီး ဆိုပါတယ်။

ဒီတင် စန္ဒာမိုးက သူ့ပိုက်ဆံအိတ်ကလေးကိုဖွင့်ပြီး တစ်ထောင်တန်တစ်ရွက် အေးမောင်လက်ထဲကို ထည့်လိုက်ပါတယ်။

ဒီတော့မှ ပိုဖောက်လာပါတယ်။ ကျွန်တော်တို့နှစ်ယောက် သူ့ကိုကျော်ပြီး ဘုရားတန်ဆောင်းထဲကိုဝင်တော့ သူက နောက်ကနေပြီး အသံသေးအသံကြောင်နဲ့ ...

"သာဓုပါခင်ဗျာ ... သာဓုပါ။ ဤသို့ ပေးကမ်းစွန့်ကြဲရတဲ့ စေတနာကြောင့် ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြပါရစေခင်ဗျား"

"ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့သုံးယောက်သား ရယ်ကြရတယ်။

ကျွန်တော်တို့နှစ်ယောက်ကတော့ ပျော်တာဆိုတာထက် လွန်ကဲဝမ်းမြောက်နေပါတယ်။

✿ ✿ ✿

[ ၃၃ ]

❑

ချစ်သူဘဝရောက်လာကြတော့ တစ်ယောက်နဲ့တစ်ယောက် မျက်တောင်တစ်ခတ်မျှပင် မခွဲချင်မခွာချင်ကြပါ။ အမြဲ မြင်ချင်တွေ့ချင် တယုတယ နေချင်ကြပါတယ်။

အကြောင်းသိချင်း အေးမောင်က ...

"ဟော့ကောင် ... စောငယ် ... ကြီးမှ ဝက်သက်ပေါက်ရင် အဖျားပိုကြီးတယ်နော်"

ကျွန်တော်တို့နှစ်ယောက်ကို စပါတယ်။

"အဖျားကြီးရုံတင် မကဘူး။ အဖျားတက်ပြီး တစ်လောက လုံးကို မေ့နေချင်တယ်"





"အေး ... ဒါကြောင့် ငါနောက်ကနေ အကျယ်ကြီးခေါ်နေ တာတောင် နင်တို့ မကြားတာကိုး"

"အဲဒါ နင့်ကို မကြားချင်ယောင်ဆောင်နေတာ။ သိလား"

"သေဟဲ့ နန္ဒိယ"

အေးမောင် အောင့်သက်သက် ခံလိုက်ရတယ်။

ကျွန်တော်နဲ့စန္ဒာမိုး ရယ်ကြတယ်။

ညနေတိုင်း သူက ကျောင်းကအပြန်၊ ကျွန်တော်က ရုံးက အပြန် နာရီစင်လမ်းဆုံမှာဆုံပြီး ဆိုက်ကားတစ်စီးစီနဲ့ ပြန်ကြတယ်။ စန္ဒာမိုးက သူ့အိမ်ကကားကို မစီး။ ကျွန်တော် မစီးမှန်းသိလို့လေ"

ဒီလိုကျတော့လည်း ချစ်သူတို့ဘဝခရီး သာယာဖြောင့်ဖြူးလှ ပါလား။

တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်ပြတ်မခံချင်။ သံယောဇဉ် က အမျှင်တန်းလျက်။ အသက်နဲ့ထပ်တူ မြတ်နိုးရပါတဲ့ စန္ဒာမိုး။

ချစ်တာကိုး ...။

တစ်နေ့ နေ့ခင်းဆယ့်နှစ်နာရီလောက် တရားရုံးရှိ ကျွန်တော့် ရုံးခန်းရှေ့ကို စန္ဒာမိုးအမေ ဒေါ်အေးစန္ဒာ ဘွားခနဲ ပေါ်လာတယ်။ မလာစဖူး။

ကျွန်တော့်ရင်ထဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။

စန္ဒာမိုး ဘာများဖြစ်လို့ပါလိမ့်။ မနေ့ညနေကပဲ ကျောင်းသွား ရုံးပြန် အတူတူ ပြန်ခဲ့ကြသေးတယ်။ ညဖက်လေးပဲ မတွေ့ရတာ။ မနက် က ကျွန်တော် ရုံးတက်လာတော့လည်း ဘာသတင်းမှ မကြားရ။

"ဟာ ... အဒေါ်ပါလား။ လာ ... လာ ... အဒေါ်"

ကျွန်တော် ကုလားထိုင်ကထပြီး အခန်းပေါက်ဝအထိ အပြေးကလေးသွားကာ ခရီးဦးကြိုဆိုလိုက်တယ်။

အဒေါ့်မျက်နှာကို အကဲခတ်ကြည့်လိုက်တော့ မျက်နှာကတော့ သိပ်မကောင်းပါ။

ဒါပေမဲ့ အဒေါ်ကတော့ တည်ငြိမ်ပါတယ်။

ရုံးခန်းထဲက ဆက်တီကျွန်းစားပွဲခုံမှာ ထိုင်မိကြတော့ ...

"အဒေါ် ... မလာစဖူး အဒေါ်ရယ်။ အရေးကြီးလားဟင်။ စန္ဒာမိုး ဘာဖြစ်လို့လဲ"

ကျွန်တော်က အလောတကြီး။ သိလိုတဲ့ဆန္ဒ ပြင်းပြတာနဲ့ နှုတ်ကလည်း တားမရဆီးမရ စိုးရိမ်သောက စကားတွေ တဖွဖွထွက်လာတယ်။

အဒေါ်က တိုးတိုးညင်သာစွာနဲ့ ...

"မောင်စောငယ် ..."

"ဗျာ ... အဒေါ်"

"မင်း သတင်းကြားပြီးပြီလား"

အဒေါ်က ကျွန်တော့်ကို မေးတယ်။

"အဒေါ် ... ကျွန်တော် ဘာမှမသိရသေးပါဘူး အဒေါ်ရယ်"

ကျွန်တော်က ရင်ပူလှပါပြီ။

ဒီတော့မှ အဒေါ့်နှုတ်က တဖြည်းဖြည်း ပြောပါတယ်။

"ညက ရဲတွေ အိမ်ကိုဝိုင်းပြီး ဦးဝေမိုးကို ဖမ်းသွားကြပြီ"

"အို"

မမျှော်လင့်တဲ့စကား ကြားလိုက်ရတော့ ကျွန်တော် မယုံမရဲနဲ့ အံ့အားသင့်သွားရတယ်။





"ဘယ်လိုဖြစ်ရတာလဲ အဒေါ်ရယ်"

"ညက (၁) နာရီလောက်မှာ တို့အိမ်ကို ရဲတွေလာဝိုင်းတယ်ကွယ့်။ လူကြီးတွေလည်းပါတယ်။ သတင်းအရလို့ ပြောတာပဲ။ တစ်အိမ်လုံးလည်း ရှာလိုက်ဖွေလိုက်တာ ပြောင်းဆန်နေတာပါပဲကွယ်။ အဒေါ်တို့လည်း မျက်လုံးပြူးမျက်ဆံပြူး ဖြစ်ကုန်ကြတာပေါ့"

"ဟာ ... ဟုတ်လား။ ဘာတွေတွေ့သွားလဲ အဒေါ်"

"အိမ်ပေါ်မှာတော့ ဘာမှမတွေ့ဘူး"

"ဟုတ်ကဲ့"

"အေး ... အိမ်ဘေးက ကားဂိုဒေါင်ထဲကတော့ ဘိန်းထုပ်တွေ့တယ် ပြောတာပါပဲကွယ်"

"ဟာ ..."

ကျွန်တော် အံ့အားသင့်ရပြန်ပါတယ်။

"အဲဒါ အသိသက်သေ လူကြီးတွေနဲ့ သိမ်းဆည်းပြီး မင်းဦးလေးကို လက်ထိပ်ခတ်ပြီး ဖမ်းခေါ်သွားတာပဲ မောင်စောငယ်ရယ်"

"ဟာဗျာ ..."

အဒေါ့်အသံက ငိုသံလေးတော့ နည်းနည်းနှောနေပါတယ်။ မျက်ရည်တော့ မကျပါ။

"အဲဒါ သမီးက ရုက်လွန်းလို့ဆိုပြီး တငိုတည်း ငိုနေတယ်။ ဒီမနက် ကျောင်းလည်းမတက်ဘူး။ နောက်တော့ မောင်စောငယ်ဆီသွားပြီး အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းပါလို့ အဒေါ့်ကိုပြောတော့မှ အဒေါ်လည်း သတိရတော့တယ်။ အဲဒါနဲ့ ရဲစခန်းမှာ ဦးဝေမိုးကို ထမင်းလာပို့ပြီး မောင်စောငယ်ဆီ ဝင်လာတာ"

"ဘယ်လိုမှ မျှော်လင့်မထားတဲ့အဖြစ်ပါလား အဒေါ်ရယ်"

"အေးကွယ် ... လူ့ဘဝဆိုတာကတော့ လောကဓံတရားတွေ တွေ့ရမှာ။ အဒေါ်ကတော့ တရားနဲ့ထိန်းထားလို့ ခံသာပေမယ့် သမီးက ငယ်သေးတော့ သူ့ခမျာ လောကဓံတရားကို မခံနိုင်ရှာဘူး။ ရှက်လွန်းလို့ အိမ်ထဲက အိမ်ပြင်တောင် မထွက်ဘူးလေကွယ်။ ကျောင်းကိုလည်း မသွားဘူး။ မောင်စောငယ်ကိုလည်း မှာလိုက်တယ် သူ့ကိုလာမတွေ့ပါနဲ့တဲ့"

"ဩော် ..."

စန္ဒာမိုးရင်ထဲက သောကနဲ့ အရှက်တရားကို ကျွန်တော်လည်း ထပ်တူထပ်မျှ စာနာခံစားလိုက်ပါတယ်။

"မောင်စောငယ် ... ကူညီပါဦးကွယ်"

"ဟာ ... ကျွန်တော်ကူညီရမှာပေါ့ အဒေါ်ရယ်။ ဦးလေးအနေနဲ့ ဒီလိုလည်း တစ်ခါမှမဖြစ်ဖူးဘူး။ ဒီလုပ်ငန်းနဲ့ ပတ်သက်တယ်ဆိုတဲ့ သတင်းအစအနလည်း မကြားဖူးပါဘူး အဒေါ်ရယ်။ အကြောင်းတစ်ခုခုတော့ ဆက်စပ်နေလိမ့်မယ်နဲ့ တူပါတယ်"

"အဒေါ်နဲ့ အိမ်ထောင်ကျပြီးတဲ့နောက်မှာ ကောင်းရောင်းကောင်းဝယ် ကုန်စုံဆိုင်လေးဖွင့်ပြီး ရောင်းဝယ်စားသောက်လာခဲ့တာပဲကွယ်။ တစ်ရွာလုံး အသိပါပဲ။ ဒီကိစ္စမျိုးတွေ လုပ်တာကိုင်တာ တစ်ခါမှ ကြားဖူးပါဘူးကွယ်"

"ဟုတ်ကဲ့ ...။ ဖြစ်လာမှတော့ ရင်ဆိုင်ဖြေရှင်းဖို့ပဲ ရှိတော့တာပေါ့ အဒေါ်ရယ်"

"ဟုတ်ပါတယ်ကွယ်"





"ဦးလေးကို ကျန်းမာရေးသာ ဂရုစိုက်ပါ။ ကျွန်တော်လည်း အချုပ်ထဲမှာ သွားတွေ့လိုက်ပါမယ်။ ဩော် ... ဒါနဲ့ ..."

ကျွန်တော်က ပြောသင့်၊ မပြောသင့် ချိန်ဆရင်း စကားကို ခေတ္တရပ်ထားလိုက်ပါတယ်။

"ဘာလဲ ... မင်းသူငယ်ချင်းလား"

စန္ဒာမိုးအမေက တည်ငြိမ်တဲ့မျက်လုံးနဲ့ ကျွန်တော့်ကိုကြည့်ရင်း ပြောပါတယ်။ သူလည်း လူကြီးပဲလေ။ အခြေအနေတွေကို ရိပ်မိတန်၊ သိတန်၊ ကြားတန် ကြားလောက်မှာပေါ့။

"ဟုတ်ကဲ့ အဒေါ်။ သူ့ကိုလည်း ပြောလိုက်ပါ။ သိပ်လည်း စိတ်ပူမနေပါနဲ့လို့။ ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်လို့။ ဩော် ဒါနဲ့ အဒေါ် ..."

ကျွန်တော်ကအမှုကိုလည်း ရုတ်တရက် တွေးမျှော်ကြည့်လိုက်ပါတယ်။

"ဘာလဲ မောင်စောငယ်"

"ကျွန်တော် အချင်းဖြစ်နေရာ ... ဩော် ... အဒေါ်တို့အိမ် အခြေအနေကိုတော့ သေသေချာချာ ကြည့်ချင်ပါတယ်။ အဒေါ်တို့အိမ်ကို ကျွန်တော့်ကို လာခွင့်ပြုပါ"

"ဩော် ... ဒါများ မောင်စောငယ်ရယ်။ လာချင်တဲ့အချိန် လာကြည့်နိုင်ပါတယ်။ အိမ်မှာက အဒေါ်နဲ့ သမီးနဲ့၊ အိမ်ဖော်ကောင်မလေးနဲ့ပဲရှိတာ။ ဘယ်တော့လာမလဲ။ ပြော ..."

"အမှုအကြောင်းအရာကတော့ ကျွန်တော် ဦးလေးနဲ့ သွားတွေ့ပြီး ပါဝါယူရင်း မေးဖို့လိုတယ် အဒေါ်။ ဒီဘိန်းထုပ် ဝတွေ့တယ်ဆိုတဲ့နေရာလေးကို သေသေချာချာသိဖို့ လိုမယ်ထင်လို့ပါ"

"ကြိုက်တဲ့အချိန် လာခဲ့ပါကွယ်"

"ဟုတ်ကဲ့"

အဒေါ်က ကျွန်တော့်ကိုနှုတ်ဆက်ပြီး ပြန်သွားပါတယ်။

ကျွန်တော်မှာတော့ သူ့အဖေအတွက် စိုးရိမ်ပူပန်ခြင်းလည်း ဖြစ်၊ ဆရာမကြီးတစ်ယောက်အနေနဲ့ရော၊ မိန်းမသားတစ်ယောက်အနေနဲ့ပါ ရှက်လည်းရှက်၊ အားလည်ငယ်နေရှာမယ့် စန္ဒာမိုးရဲ့ ဆီးနှင်းမြူတိမ် သူရိန်မီးခိုးတွေ ဖုံးအုပ်နေတော့မယ့် ဝင်းပပမျက်နှာလေး၊ ညှိုးငယ်နေရှာမယ့် မျက်နှာကို မြင်ယောင်ရင်း ရင်ထဲမှာ မောလို့သာ ကျန်နေပါတော့တယ်။

❀ ❀ ❀

[ ၃၄ ]

❏

ညနေပိုင်းမှာပဲ သန်လျင်ရဲစခန်းကို ကျွန်တော်ဝင်ပါတယ်။

"ဟာ . . . ဆရာပါလား။ မလာစဖူး အလာထူးလှချည်လား"

စခန်းမှူး စိုးမြတ်စိုးက ဝင်ဝင်ချင်း နှုတ်ဆက်ပါတယ်။

"ဟုတ်တယ် . . . ဆရာစိုးရေ။ ကိစ္စက အရေးတကြီးပေါ်လာလို့ တရားခံတစ်ယောက်နဲ့ တွေ့ချင်လို့ပါ"

ရှေ့နေနဲ့ ရဲဆိုတာက လုပ်ဖော်ကိုင်ဖက်တွေ။ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားနေကြတဲ့သူတွေ မဟုတ်လား။ အမှုတွေမှာ တစ်ဖက်နဲ့တစ်ဖက် အကြိမ်ကြိမ် တွေ့လာကြတော့ စခန်းမှူးကြီးဦးမြတ်စိုးနဲ့ ကျွန်တော်နဲ့က ရင်းနှီးကျွမ်းဝင်ကြပါတယ်။

"ရပါတယ် ဆရာရယ်။ ဘယ်အမှုက တရားခံလဲ ဆရာ"

သူ့စားပွဲရှေ့ရောက်တော့ စခန်းမှူးကြီးက မေးတယ်။

"သူက ဆရာတို့ဖမ်းလာတဲ့ ဘိန်းမှုက တရားခံဆရာ"

"ဟာ ... ဟိုအဘိုးကြီးလား"

"ဟုတ်တယ်"

"ဟာ ... လွယ်ပါ့မလား ဆရာရယ်။ သူ့အိမ်ထဲမှာ သက်သေခံပစ္စည်းတွေပါ မိထားတာ"

စခန်းမှူးကြီးက ပူပင်ဟန်နဲ့ ကျွန်တော့်ကိုမေးတယ်။

"ဒါတော့ အမှုကိုကြည့်ရဦးမှာပေါ့ ဆရာရယ်။ ကျွန်တော်လည်း ဘယ်ပြောနိုင်ဦးမှာလဲ"

"အဲဒါ ဆရာမရဲ့အဖေလို့ပြောတယ် ဆရာရယ်။ ကျွန်တော်တို့လည်း သက်သေခံပစ္စည်းနဲ့ တွေ့နေတော့ မဖမ်းလို့ကလည်း မဖြစ်ဘူး။ ဖမ်းရတာတော့ အားနာပါတယ် ဆရာရယ်"

"ဒါကတော့ ဆရာတို့ တာဝန်အရ ဆောင်ရွက်ရတာပဲဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ကဲ ... ကျွန်တော့်ကို တရားခံနဲ့ တွေ့ခွင့်ပြုပါ ဆရာရယ်။ ပါဝါလက်မှတ်ထိုးရအောင်"

"ဩော် ... ရပါတယ် ဆရာရယ်။ ဟေ့ ... မောင်ဝင်းမော်၊ တရားခံ ဟိုအဘိုးကြီးဝေမိုးကို ထုတ်ပြီး ဆရာနဲ့တွေ့ပေးလိုက်"

စခန်းမှူးကြီးက ကျွန်တော့်ကိုပြောရင်း တစ်ဆက်တည်း ဂါတ်စာရေးကြီးကို လှမ်းပြီး အမိန့်ပေးလိုက်တယ်။

တစ်အောင့်ကြာတော့ တရားခံဝေမိုး လက်ထိတ်နဲ့ လှုပ်လှုပ်လှုပ်လှုပ် ထွက်လာပါတယ်။





တရားခံနဲ့ရှေ့နေတွေ တွေ့တဲ့အခန်းထဲမှာ ဦးဝေမိုးနဲ့မျက်နှာချင်းဆိုင် ထိုင်မိကြပါတယ်။

"ဦး ... နေကောင်းရဲ့လား။ ကိုယ့်ကျန်းမာရေးသာ ကိုယ်ဂရုစိုက်ပြီးနေပါ ဦးရယ်"

ကျွန်တော့်ကို လေ့လာစူးစမ်းတဲ့အကြည့်နဲ့ ကြည့်ပြီး ...

"အေး ... ကောင်းပါတယ်ကွာ။ ညကမအိပ်ရတော့ ခေါင်းနည်းနည်းမူးသလို ဖြစ်နေတယ်"

"ဘာဆေးများ သောက်လေ့ရှိသလဲချင်ဗျ။ ကျွန်တော်စီစဉ်ပေးပါ့မယ်"

"နေပါစေ။ ရပါတယ်ကွာ။ နေ့ခင်းက ထမင်းလာပို့ရင်း ဆေးတွေလာပို့ပေးထားပါတယ်"

"မင်းက စောနိုင်သားနော်"

"ဟုတ်ကဲ့ပါ ... ဦး"

"မင်း ရှေ့နေလိုက်တာ အောင်မြင်တဲ့သတင်းတွေတော့ ကြားပါတယ်"

သူက ဖြည်းဖြည်းလေးလေး ပြောပါတယ်။

"ဟုတ်ကဲ့ပါ ... ဦး။ ကျွန်တော်လည်း ကြိုးစားနေပါတယ်။ အခု ဦးကိစ္စမှာလည်း ကျွန်တော် ကြိုးစားကြည့်ချင်ပါတယ်။ အမှုဖြစ်တဲ့ အကြောင်းရင်းလေးတွေ ကျွန်တော့်ကိုပြောပြပါလား ဦး"

သူက ခေါင်းကလေး ဖြည်းဖြည်းညိတ်ပြီး အဝေးကိုမျှော်ကြည့်တဲ့အကြည့်နဲ့ ကြည့်နေပါတယ်။ နောက်မှ သူ့နှုတ်က ဖြည်းဖြည်းချင်းငှဟလာပါတယ်။

"ဦးဟာ ဟိုတုန်းကတော့ ကြီးပွားချမ်းသာဖို့အတွက် စီးပွားရေးကို မျိုးစုံလုပ်ခဲ့ပါတယ်။ ဥပဒေနဲ့ကင်းတာလည်း ပါသလို မကင်းတာလည်း ပါချင်ပါမယ်ပေါ့ကွာ။ ဒါပေမဲ့ အခု အသက်ကလေးရလာတဲ့နောက်ပိုင်းမှာ အိမ်က ကုန်စုံဆိုင်ကလေးကို အခြေချပြီးကတည်းက ရိုးရိုးသားသားပဲ လုပ်ကိုင်လာခဲ့တာ ကြာခဲ့ပါပြီကွာ။ နောက် . ."

သူက စကားကို ဆက်မပြောဘဲ ခေတ္တရပ်ထားလိုက်တယ်။ ကျွန်တော့်ကို သေသေချာချာစိုက်ကြည့်ရင်း သူက ဆက်ပြောတယ်။

"မင်းသူငယ်ချင်းကလည်း အရွယ်ရောက်လာပြီး ဦးလည်း ဒီသမီးလေးတစ်ယောက်ပဲ ရှိတာဆိုတော့ သူ့ကို တင့်တောင့်တင့်တယ်ဖြစ်စေချင်တယ်။ လူပုံအလယ်မှာ မျက်နှာမငယ်စေချင်ဘူး။ ဒါကြောင့် ရိုးရိုးသားသားပဲ စီးပွားရှာခဲ့တယ်။ အခုဆို သမီးက ဒီမြို့မှာ ကျောင်းဆရာမကြီးတစ်ယောက်ဖြစ်နေပြီ။ အခု ဦးက ဒီကိစ္စဖြစ်တယ်ဆိုတော့ သမီးမှာ ဘယ်လောက် ထိခိုက်လိုက်မလဲ"

သူပြောတဲ့ စကားတွေထဲမှ ကျွန်တော်ပါ နစ်မြောနေပါတယ်။ တစ်ဖက်ကလည်း အမှုကို ကောက်ကြောင်းလိုက်ဖော်နေပါတယ်။

"ဒါဆို အခုဖမ်းမိတဲ့ ဘိန်းထုပ်ဆိုတဲ့ ပစ္စည်းဟာ ဦးပစ္စည်းမဟုတ်ဘူးပေါ့"

ကျွန်တော်မေးခွန်းကြောင့် သူ ကျွန်တော့်ကို မျက်လုံးတစ်ချက်ပြူးပြီး ကြည့်လိုက်ပါတယ်။

"မောင်စောငယ် . . . မင်းစိတ်ထဲမှာ ဒီပစ္စည်းဟာ ငါ့ပစ္စည်းမဟုတ်ဘူးလို့ သံသယကင်းစွာ ယုံရဲ့လား"

သူ့စကားက အရမ်းတာသွားမှန်း ကျွန်တော် သိလိုက်ရပါတယ်။





"ဦးရဲ့အမှုအယာ၊ ဦးပြောကြားတဲ့ ဦးရဲ့ သမီးအပေါ်မှာထားရှိတဲ့ စေတနာတွေကို ထောက်ထားပြီး ကျွန်တော်ယုံပါတယ်"

"ဝမ်းသာလိုက်တာ . . . မောင်စောငယ်ရယ်။ ဦးအပေါ်မှာ မင်းယုံကြည်မှုရှိဖို့က အရေးကြီးဆုံးပဲမဟုတ်လား"

သူက လူကြီးတစ်ယောက် စီးပွားရေးသမားတစ်ယောက်။ လူ့ဘဝအတွေ့အကြုံ ပြည့်စုံပြီးသား။ သူ ဒီစကားကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ မျှော်ခေါ်ပြီး ပြောနေတယ်ဆိုတာ ကျွန်တော်ရိပ်မိလိုက်ပါတယ်။ သူလည်း ငယ်ရာက ကြီးလာရသူပေပဲ မဟုတ်လား။

"ဟုတ်ပါတယ် . . . ဦး။ ဦးအနေနဲ့ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့သာ ပြောသင့်ပြောထိုက်တဲ့ စကားတွေကိုသာ ပြောပြပါ။ ဒီအမှုကို ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်"

"ဦးလည်း မင်းကို အားကိုးပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။ ဦး အရင်က စီးပွားရေးလုပ်ကိုင်ခဲ့တာတွေကို မင်းကို ပြောပြပါ့မယ်။ အခုကိစ္စကတော့ ဦးတကယ် မသိရိုးအမှန်ပါ"

သူခိုးဟာ ဘယ်တော့မှ သူခိုးတယ်လို့ ပြောလေ့မရှိပါဘူး။ ရှေ့နေဆိုတဲ့သူတွေကတော့ ပြောစကားတွေကို နားထောင်ပြီး ဥပဒေနဲ့ညီအောင် ကောက်ချက်တော့ ဆွဲတတ်ပါတယ်။

ဦးဝေမိုးက သူဖြတ်သန်းခဲ့ရတဲ့ စီးပွားရေးလုပ်ကိုင်ခဲ့တဲ့ အကြောင်းတွေကို အကျဉ်းချုပ် ပြောပါတယ်။

ကျွန်တော်က ကျွန်တော်လိုချင်တဲ့ အချက်လေးတွေကို လိုက်မှတ်နေပါတယ်။

နောက်ပိုင်းမှာ သူ စီးပွားရေးကို ရိုးရိုးသားသားလုပ်ကိုင်နေတယ်လို့တော့ ကျွန်တော် ယူဆမိပါတယ်။

ဒါပေမဲ့ အမှုက သက်သေခံပစ္စည်းနဲ့တကွ သူ့အိမ်ထဲမှာ လက်ပူးလက်ကြပ် ဖမ်းမိတာဆိုတော့ စဉ်းစားစရာတွေ ပေါ်လာပါတယ်။

“ဘာပဲဖြစ်ဖြစ်ပေါ့ ... ဦးရယ်။ အမှုရယ်လို့ ဖြစ်လာမှတော့ ဖြေရှင်းကြရမှာပေါ့။ ကျန်းမာရေးပဲ ဂရုစိုက်ပြီး နေကောင်းအောင်သာ ကြိုးစားပြီးနေပါ။ ကျွန်တော် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါ့မယ်”

“အေးကွယ် ...။ လူက အသက်ကလေးကရလာတော့ အချုပ်ထဲမှာ နေရထိုင်ရတာ ကသိကအောင့်တွေ ဖြစ်တာပေါ့။ ဒါလည်း သိပ်အရေးမကြီးပါဘူးကွာ။ သမီးအတွက်သာ”

“သူလည်း အသိတရားရှိသူတစ်ယောက်ပါ ဦးရယ်။ အကြောင်းအကျိုးကို မှန်ကန်အောင် တွေးခေါ်တတ်မှာပါ”

“ဒီမနက် ငါ့ကိုတောင် လာမတွေ့သေးဘူးကွာ”

သူ စိတ်ထိခိုက်စွာပြောလိုက်မှန်း ကျွန်တော်သိပါတယ်။

ကျွန်တော်က ဘယ်လို ဖြေသိမ့်စကားပြောရမှန်း မသိပါ။ ဒါနဲ့ စကားလွှဲတဲ့အနေနဲ့ ...

“ကဲပါ ... ဦးရယ် ပြဿနာဖြေရှင်းဖို့က အဓိကအရေးကြီးပါတယ်။ ကဲ ... ဦး ... ဒီရှေ့နေပါဝါမှာ လက်မှတ်ထိုးပါ။ ဒါက ဦးက ကျွန်တော့်ကို ရှေ့နေပါဝါ လွှဲအပ်တဲ့စာပါ”

ကျွန်တော်က ကျွန်တော့်မှာအသင့်ပါလာတဲ့ ရှေ့နေကိုယ်စားလှယ်လွှဲတဲ့စာရွက်နဲ့ ဘောပင်ကို သူ့ကို ပေးလိုက်ပါတယ်။

နောက် ... ခပ်လှမ်းလှမ်းမှာ စောင့်နေတဲ့ ရဲတပ်ကြပ်ကြီးတစ်ယောက်ကို လက်မှတ်ထိုးခိုင်းလိုက်ပါတယ်။

ဦးကို မိမိကျန်းမာရေးကိုသာ အထူးဂရုစိုက်ပြီး နေဖို့အကြောင်း





အမှုကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားပြီး ...

“ကဲ ... ဆရာကြီး၊ ရပါပြီ။ ကျေးဇူးတင်ပါတယ်”

အနီးမှာစောင့်နေတဲ့ ရဲတပ်ကြပ်ကြီးကို ပြောလိုက်ပါတယ်။

တရားခံဝေမိုးခေါ် စန္ဒာမိုးရဲ့ဖခင်တစ်ယောက် အိုကြီးအိုမအရွယ် လက်ထိတ်တန်းလန်းနဲ့ အချုပ်ခန်းထဲကို ပြန်ဝင်သွားတာ တွေ့ရတော့လည်း စိတ်ထဲက မကောင်း။

ဩော် ... ဘယ်သူမပြု၊ မိမိမှုပေပဲကိုး။

✿ ✿ ✿

[ ၃၅ ]

❑

အိမ်ပြန်ရောက်တော့ ဒီကိစ္စကို ကျွန်တော်က ချပြဆွေးနွေးရတယ်။

အဘခက်က ခေါင်းရင်းဘက်မှာထိုင်ပြီး မျက်စိလေးကိုမှေးပြီး နားထောင်နေတယ်။

အေးမောင်ရယ်၊ အမေရယ်၊ ကျွန်တော်ရယ်က ဆက်တီစားပွဲမှာ ထိုင်ကြတယ်။

"စောငယ် ... ဒါဆို မင်းက မင်းယောက္ခမအထီးကြီးနဲ့ သွားတွေ့ပြီးပြီပေါ့"

အပြောင်အလှောင်ပြောတတ်တဲ့ အေးမောင်က အစထိ ပြောင်တုန်း။





"အေး"

"မင်းကို ရှေ့နေကြီးလို့ ခေါ်လား။ ရွှေသမက်လေးလို့ခေါ်လား"

စပ်ဖြဲဖြဲနဲ့ မေးတယ်။

"ဒါတွေထားစမ်းပါ အေးမောင်ရာ။ မင်းကလည်း အရေးထဲမှာ"

"မဟုတ်ပါဘူး။ ငါက သိချင်လို့ပါ၊ မင်းကရော ယောက္ခမကြီးလို့ခေါ်လား။ အဖေလို့ခေါ်လား၊ တရားခံလို့ ခေါ်လား"

"တော်ပါတော့ကွာ"

"ဟား ... ဟား ... ဟား ..."

အေးမောင်က ရယ်တယ်။

အမေကတော့ ခပ်တည်တည်။

အဘခက်ကတော့ မှိန်းလျက်သား။

"မင်းပြောသလိုဆို ဒီကိစ္စမှာ သူဘာမှမသိတာ သေချာတာပေါ့။ ဒါဆိုရင် ဘယ်လိုဖြစ်တာလဲ"

"ငါထင်တယ်။ သူနဲ့ စီးပွားပြိုင်ဖက်၊ ဒါမှမဟုတ် မနာလိုတဲ့သူ၊ ဒါမှမဟုတ် သူ့အကျိုးစီးပွားကို ထိခိုက်စေလိုတဲ့သူ တစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်လိမ့်မယ်"

"မင်းက ဘာလို့ အဲဒီလိုထင်တာလဲ"

"သူ ငါ့ကို သူစီးပွားရေးလုပ်ခဲ့တာတွေကို ပြောပြတယ်ကွ။ ရှမ်းပြည်ကနေ သနပ်ဖက်တွေ ကုန်ကူးတယ်။ ပဲခူးမှာ၊ ရန်ကုန်မှာ ဆေးလိပ်ခုံတွေမှာ သွင်းတယ်။ နောက် ... ပိုက်ဆံကလေး စုမိလာတော့ ဈေးအရောင်းအဝယ်လုပ်တယ်။

ပွဲစားလုပ်တယ်၊ နောက်ပိုင်းကျတော့ အိမ်မှာ ကုန်စုံဆိုင်ကြီး ဖွင့်ပြီး ရောင်းတယ်။ ဥပဒေနဲ့မကင်းတာတော့ သိပ်မတွေ့ရဘူး။ ဒီ မူးယစ်ဆေးဝါးလုပ်ငန်းလည်း သူ ပတ်သက်ပုံမရဘူး''

''ဒါဆို ဒီကိစ္စက ဘယ်လိုဖြစ်နိုင်မလဲ''

အေးမောင်က သူ့အမြင်ကို ပြောတယ်။

အမေက စိတ်ဝင်စားစွာ နားထောင်နေတယ်။

ရှေ့နေဆိုတာကတော့ ဒီလိုပဲလေ။ ကိုယ့်အမှုအတွက် တည် ဆောက်ရတယ်။ လွတ်ရာလွတ်ကြောင်းအတွက် ရှာကြံရတယ်။ ရှန်း ထွက်ရတယ် မဟုတ်လား။

''ဖြစ်နိုင်တယ်ကွ''

အဘခက်ဆီက လှမ်းကြည့်လိုက်တော့ မျက်လုံးက မှိန်းလျက် သား။

''ဘာဖြစ်လို့လဲ အဘခက်''

အေးမောင်က လှမ်းမေးလိုက်တယ်။

အမေကလည်း အဘခက်ဆီ တွေတွေလေး ကြည့်နေတယ်။

''ဘယ်ကိစ္စမဆို အကြောင်းအကျိုးဆိုတာ ရှိတယ်ကွ။ သူ လုပ်ထားလို့ သူခံရတာ ဖြစ်မှာပေါ့။ မင်းတို့ မှတ်ထား။ စီးပွားချမ်းသာ ခြင်းဆိုတဲ့ နောက်ကွယ်မှာ ရာဇဝတ်မှုဆိုတာ အမြဲရှိတယ်ကွ''

သူက တစ်လုံးချင်းပြောနေပေမယ့် သူ့စကားတွေရဲ့ အဓိပ္ပာယ် အလေးအနက်ကို ကျွန်တော်တို့ လိုက်မမီကြ။ သူ ဒီစကားတွေကို ဘာ ကြောင့်ပြောလဲ ကျွန်တော်မသိ။ ဩော် . . . သူက ပြောရင် ဒီလိုပဲ ပြောတတ်တယ်လေ။ သူ့စကားတွေက အခံရခက်၊ အသိရခက်။ သူ့ အဘိဓမ္မာက သူ့အဘိဓမ္မာပဲ မဟုတ်လား။





''ဘာဖြစ်လို့လဲဆိုတော့ သူ တစ်နည်းနည်းနဲ့ အဆက်အသွယ် ရှိလို့ နေမှာပေါ့ကွ''

ဟုတ်တယ်။ အဘခက်အတွေးအခေါ်က လက်တွေ့ကျတယ်။

''အေးကွ . . . အေးမောင်ရေ။ အခုအမှုမှာက သက်သေခံ ပစ္စည်းနဲ့ မိနေတော့ စဉ်းစားရခက်တယ်ကွ''

''သက်သေခံပစ္စည်းက ကားဂိုဒေါင်ရှေ့မှာ မိတာဆို''

''အေး . . . အဲဒါကြောင့် ပြောတာပေါ့။ သူ့ဥပစာအတွင်း မှာပဲ။ လာဖမ်းတုန်း သူပစ်မိပစ်ရာ လွှင့်ပစ်လိုက်တာရော မဖြစ်နိုင် ဘူးလား''

''သူ့လက်ထဲမှာ မိတာမှ မဟုတ်တာကွာ''

''သူ့လက်ထဲမှာ မမိလည်း သူ့ဥပစာထဲမှာ မိတာလေကွာ။ သူ့မှာ တာဝန်ရှိတာပေါ့''

''မင်းတို့ဥပဒေကလည်းကွာ . . . ငါတော့ မသိတော့ဘူး''

''အေးမောင် . . .''

''ဗျာ . . . အဘခက်''

''မူးယစ်ဆေးရောင်းတဲ့သူတွေဟာ ပိုက်ဆံမပေါဘူးလား''

''ဟာ . . . ပေါတာပေါ့ အဘခက်ရဲ့''

အေးမောင်က လွယ်လွယ်ပဲပြောတယ်။

''ယောကျ်ားတွေဟာ ပိုက်ဆံလေးနည်းနည်းပေါရင် ဘာလုပ် လဲ''

''ဟာ . . . အဘခက်လည်း ပိုက်ဆံထောရင် ဘီယာသောက် မယ်၊ ဖဲရိုက်မယ်၊ လောင်းကစားလုပ်မယ်၊ အပျော်အပါးလိုက်မယ်။ ဒါပဲလုပ်မှာပေါ့ အဘခက်ရဲ့''

"အေး ... ဟုတ်တယ်။ လူတွေဟာ အိတ်ဖောင်းရင် စိတ်ပြောင်းသွားတတ်ကြတာပဲကွ"

ပြောလိုက်ပြန်ပြီ ခွတီးခွကျစကား။ မမှန်ဘူးလားဆိုတော့ ဟုတ်တော့ဟုတ်သားပဲ။

"အေး ... အဲဒီက စရှာရမှာပေါ့ကွ ... စောငယ်ရ"

အဘခက်က ဒရင်းဘက်ပေါ်ကနေ ထိုင်တဲ့အနေအထားနဲ့ ကျွန်တော့်ကို ပြောပါတယ်။

အဘခက်ပြောလိုက်တော့ ကျွန်တော့်ခေါင်းထဲမှာ အလင်းရောင်တစ်ခု ပေါ်သွားပါတယ်။

ဩော် ... ကျောင်းကသင်ပေးလိုက်တာ သညာ၊ ဘဝက သင်ပေးတာဟာ ပညာဆိုတာ ကျွန်တော် သဘောပေါက်သွားပါတယ်။

တကယ်တမ်းကျတော့ ဘဝအတွေ့အကြုံက တော်တော်စကား ပြောပါလား။

❁ ❁ ❁

[ ၃၆ ]

❑

နောက်တစ်နေ့ အေးမောင်နဲ့ကျွန်တော် စန္ဒာမိုးတို့အိမ်ရှေ့ကို ရောက်ခဲ့ပါတယ်။

အိမ်ရှေ့မှာက အုတ်တံတိုင်းစည်းရိုး။ အိမ်ရှေ့ဝင်ပေါက်က အနိုင်အခံ့ သံပန်းတံခါး။ အုတ်တံတိုင်းက ကြက်ဥနှစ်ရောင်လေးသုတ်ထားပြီး သံတံခါးက ကတ္တရာဆေးရောင်။ သံတံခါးအလယ်တန်းပွင့်ကလေးတွေက အဝါ၊ အစိမ်းလေးတွေနဲ့ စီခြယ်ထားတော့ ဝင်းထရံတံတိုင်းက ခန့်ညားလှပပါတယ်။ ဝင်းထရံတံတိုင်းထိပ်က မီးလုံးအဖြူကြီးနှစ်လုံး။ ခြံစည်းရိုးကြည့်လိုက်တာနဲ့ ခြံထဲကအိမ်ကြီးဟာ အိမ်ကြီးအိမ်ကောင်းဆိုတာ ခန့်မှန်းနိုင်ပါတယ်။

ခြံစည်းရိုးတိုင်မှာရှိတဲ့ ဘဲလ်ကလေးကို အေးမောင်က နှိပ်လိုက်တော့ တိုက်ဘေးအခန်းလေးထဲက မိန်းကလေးတစ်ယောက် အပြေးလေး ထွက်လာတယ်။

အိမ်ဖော်မိန်းကလေးနဲ့ တူပါတယ်။ လက်ထဲမှာ သော့တွဲလေးပါ ကိုင်လာတယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"အဒေါ်နဲ့ တွေ့ချင်လို့ပါ။ အေးမောင်နဲ့ စောငယ်ပါ"

တံခါးက ဖွင့်တော့မဖွင့်သေးဘူး။

မိန်းကလေးက အိမ်ဘက်ကို ပြန်လှည့်ဝင်သွားတယ်။

"တောက် ... ကြီးကျယ်လိုက်တာကွာ"

အေးမောင်က တောက်တစ်ချက်ခေါက်တယ်။

နောက်တော့ အိမ်အောက်ထပ်က ဘီလပ်တံခါးလေး ပွင့်လာတယ်။

စန္ဒာမိုးအမေ အမြန်လေး လျှောက်ထွက်လာတယ်။

"ဪ ... မောင်စောငယ်တို့ပါလား။ လာ ... ကြွကွယ်"

မိန်းကလေးက တံခါးဖွင့်ပေးတယ်။

အဒေါ်က ဦးဆောင်ပြီး အိမ်ထဲကို ခေါ်သွားတယ်။

ဧည့်ခန်းထဲမှာ ကော်ဇောက အစိမ်းရောင်ခင်းထားတယ်။ ဆိုဖာက အကောင်းစား။ အိမ်ထောင်ပစ္စည်းကလည်း အပြည့်အစုံ။ မှန်ရှိုးကေ့စ်တွေက ဖိတ်ဖိတ်တောက်။ အထဲမှာ ပစ္စည်းတွေကလည်း စုံလို့။ တီဗီကလည်း အကြီးကြီး။

"မောင်စောငယ် ... ဘာအရေးကြီးလဲကွယ်"

ဆိုဖာပေါ်မှာ ထိုင်မိကြတော့ စန္ဒာမိုးအမေက မေးတယ်။





"ဪ ... အဒေါ်။ အမှုကိစ္စနဲ့ပတ်သက်ပြီး သက်သေခံပစ္စည်းတွေ့တဲ့နေရာလေး ကြည့်ချင်လို့ပါ အဒေါ်"

"ဪ ... ရပါတယ်ကွယ်"

မီးဖိုခန်းထဲက မိန်းကလေးတစ်ယောက် ဖျော်ရည်ခွက်နှစ်ခွက် ငွေလင်ပန်းလေးနဲ့တင်ပြီး ထွက်လာတယ်။ စားပွဲပေါ်မှာ လာချတယ်။ လက်သုတ်ပဝါဖြူဖြူလေးပါ ပါလာတယ်။ အေးမောင်နဲ့ ကျွန်တော်ရှေ့မှာ လာချပါတယ်။

"အအေးသုံးဆောင်လိုက်ပါဦးကွယ်"

အဒေါ်က ဧည့်ခံပါတယ်။

"ဟုတ်ကဲ့ အဒေါ်"

"ဦးရော ကျန်းမာရေးအခြေအနေ ကောင်းရဲ့လား"

အေးမောင်က စပ်စုတယ်။

"အင်း ... ကျန်းမာရေးကတော့ ကောင်းပါတယ်ကွယ်။ လိုအပ်တဲ့ဆေးတွေ ပို့ပေးနေရတာပေါ့။ အဲဒါလည်း ထမင်းပို့ရင်း တစ်နေ့တစ်ခေါက်တော့ ရောက်ပါတယ်။ လူကြီးဆိုတော့ အချုပ်ထဲမှာ နေရေးထိုင်ရေးတော့ ကျဉ်းကျပ်တာပေါ့။ နောက် ... မင်းဦးလေးက နှလုံးရောဂါ နည်းနည်းရှိတယ်လေ"

"သူသောက်နေကျဆေးတွေတော့ မပြတ်စေနဲ့ပေါ့ ... အဒေါ်ရယ်။ ကျန်းမာရေးအခြေအနေမကောင်းရင် အပြင်ကဆေးရုံပြဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ကျွန်တော်က ပြောတယ်။

"အေးကွယ် ... မောင်စောငယ်ရယ်။ အမှုအခြေအနေကရော ဘယ်လိုလဲ"

အဒေါ်က သိလိုဇောနဲ့ စိတ်ပူပန်ဟန်နဲ့ မေးတယ်။ ဒီတော့လည်း အမှုသည် နားလည်သဘောပေါက်အောင် ရှင်းပြရမှာက ရှေ့နေတာဝန်။

''အမှုက အခု ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေတဲ့ အချိန်ကာလဆိုတော့ ရီမန်ယူပြီး ချုပ်ထားတုန်းပါ အဒေါ်။ စုံစမ်းစစ်ဆေးမှုကာလပြီးရင် ရဲက အမှုကို တရားရုံးကို တရားစွဲတင်ပို့ရမှာပါ''

''တရားရုံးဆိုတော့ သန်လျင်မှာပဲ တရားစွဲမှာလား''

''မဟုတ်ပါဘူးအဒေါ်။ ဒီလိုအမှုမျိုးဆိုရင် ခရိုင်တရားရုံးမှာ တရားစွဲရပါတယ်''

''ဟင် ... ဒါဆို တရားစွဲရင် ဦးဝေမိုးကို သန်လျင်အချုပ်မှာ ထားမှာလား''

''မဟုတ်ပါဘူး အဒေါ်။ ရုံးကို တရားစွဲတင်ပို့တဲ့ တရားခံကို အင်းစိန်ထောင်အချုပ်မှာ ထားရပါတယ်''

''ဩော် ... ဒုက္ခပါပဲ။ ဒီမှာဆိုတော့ နီးနီးနားနား ပြေးသွားလို့ ရသေးတယ်''

ဒေါ်အေးစန္ဒာ မျက်နှာပျက်သွားပါတယ်။ သူ့ယောကျ်ားအတွက် စိုးရိမ်ပူပန်စိတ်တွေ ပေါ်လာပါတယ်။

''အင်းစိန်အချုပ်လည်း ကောင်းပါတယ်အဒေါ်''

အေးမောင်က ဝင်ဖြေသိမ့်တယ်။

''အချုပ်ဆိုရင် ဘယ်အချုပ်ဖြစ်ဖြစ် ဘယ်ကောင်းပါ့မလဲ ... မောင်အေးမောင်ရယ်။ သူ့သမီးသိရင်တော့ ငိုဦးမယ်ကွယ်။ အခုလည်း မျက်ရည်တရွှဲရွှဲ၊ အိမ်ပေါ်ထပ်ကတောင် မဆင်းဘူး။ ဩော် ... မောင်စောငယ်။ သမီးနဲ့ တွေ့ဦးမလား''





ကျွန်တော်ရဲ့ ပြင်းပြတဲ့စိတ်ကို အလျှင်အမြန် ဖြေသိမ့်လိုက်ရပါတယ်။

''မတွေ့တော့ပါဘူး ... အဒေါ်ရယ်။ ကျွန်တော် သက်သေခံပစ္စည်းတွေ့တယ်ဆိုတဲ့ အချင်းဖြစ်နေရာလေးကိုသာ ကြည့်ချင်ပါတယ်''

''အေး ... ရပါတယ်ကွယ်။ မင်းကိုပဲ အားကိုးရတော့မှာပဲ။ အဒေါ့်ကို ကူညီပါကွယ်''

''ဟုတ်ကဲ့ ... စိတ်ချပါ အဒေါ်''

''ကဲ ... လာ ... လာ ...။ ဂိုဒေါင်ဘက် သွားကြည့်ရအောင်''

အဒေါ်ဦးဆောင်ပြီး အိမ်ရှေ့လှေကားကနေ အိမ်ဘေးရှိ ကားဂိုဒေါင်ဘက် ဆင်းလာပါတယ်။

''အိမ်ကတော့ အပျံစားပဲကွ''

အေးမောင်က ကျွန်တော့်နောက်ကနေ ကပ်လိုက်ပြီး တိုးတိုးလေးပြောတယ်။

စန္ဒာမိုး အိမ်အပေါ်ထပ်မှာ ရှိပေလိမ့်မယ်။ သူ ကျွန်တော့်ကို တွေ့ချင်မှာမဟုတ်။

အိမ်ခြံဝင်းက အတော်လေးကျယ်ပါတယ်။ ရွာလယ်လမ်းမကြီးပေါ်မှာ ဆောက်ထားတာပါ။ အိမ်နောက်ဖေးမှာက တစ်ရွာလုံးသုံးနေတဲ့ ရေကန်ကြီးရှိပါတယ်။ ရေကန်ဘေးက မန်ကျည်းပင်ကြီးသုံးပင်ကလည်း အုံ့အုံ့ဆိုင်းဆိုင်းနဲ့ အရိပ်အာဝါသ အေးမြလှပါတယ်။ မန်ကျည်းပင်ရိပ်က စန္ဒာမိုးတို့အိမ်ဝန်းထဲကိုပါ ထိုးနေပါတယ်။

အိမ်ခြေရင်းဘက် ကားဂိုဒေါင်လေးက မန်ကျည်းပင်ရိပ်နဲ့

ပဏာရနေပါတယ်။ နောက်ဖေးကန်ဘောင်နဲ့အိမ်ကို အုတ်တံတိုင်းကာရံထားပါတယ်။

"အဒေါ်တို့ ဈေးဆိုင်က ခေါင်းရင်းဘက်က တိုက်ခန်းအတွဲမှာ ဖွင့်ထားပါတယ်။ ရောင်းတဲ့ကလေးတွေက သူတို့ဆိုင်ခန်းမှာ သူတို့ရောင်းနေကြတာပါ"

"အလုပ်သမား ဘယ်နှယောက်ရှိလဲ အဒေါ်"

"သုံးယောက်ရှိတယ် မောင်စောငယ်။ သူတို့က ဒီအိမ်ဘက်ကို မကူးကြပါဘူး။ ဆိုင်ပိတ်ချိန် ပိတ်ပြီး သူတို့အိမ် ပြန်အိပ်ကြတာပါ။ မနက်ဆိုင်ဖွင့်ချိန်နဲ့ ညဆိုင်ပိတ်ချိန်ပဲ အကြီးမလေးက သော့လာယူ၊ သော့လာအပ် လုပ်တာပါ။ ပစ္စည်းတွေက အဲဒီဆိုင်က စတိုခန်းထဲမှာပဲထားတယ်။ ဒီဘက်နဲ့ အကူးအသန်း သိပ်မရှိကြပါဘူး"

အဒေါ်က ရှင်းပြနေပါတယ်။

"အထုပ်တွေ့တာက ဘယ်နေရာလောက်မှာလဲ အဒေါ်"

"ဒီနေရာမှာပါ မောင်စောငယ်"

"အထုပ်က ဘာနဲ့ထုပ်ထားတာလဲ အဒေါ်"

"အထဲက စက္ကူနဲ့ထုပ်ထားပြီးတော့အပြင်က ပလပ်စတစ်နဲ့ထုပ်ထားပါတယ်"

"အထုပ်တွေ့တော့ အထုပ်ကပြေနေလား။ အထုပ်အတိုင်းပဲလား"

"အထုပ်လေးက ဒီအတိုင်းပဲကွယ့်။ ပြေနေတာတော့ မတွေ့ဘူး"

ကျွန်တော် ကားဂိုဒေါင်ပတ်ဝန်းကျင်ကို သေသေချာချာပတ်ပြီးတော့ လေ့လာကြည့်ပါတယ်။ အေးမောင်လည်း ပါသပေါ့။





ပြီးတော့ ...

"တော်ပါပြီ ... အဒေါ်။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဩော် ... မောင်စောငယ်ကလည်း၊ အိမ်ပေါ်တက်ဦးလေကွယ်။ တစ်ခုခုစားသွားပါဦး"

"နေပါစေအဒေါ်။ ကျွန်တော် သွားစရာကိစ္စလေး ရှိနေသေးလို့ပါ"

"ဩော် ... ဒါဆိုလည်း သွားပါကွယ် မောင်စောငယ်။ အဒေါ်တော့ မင်းကိုပဲအားကိုးရတော့မှာပဲ။ အဆင်ပြေအောင်သာ ဆောင်ရွက်ပါကွယ်"

"ဟုတ်ကဲ့ပါ အဒေါ်"

ကျွန်တော်တို့ နှုတ်ဆက်ပြီးတော့ စန္ဒာမိုးရဲ့ စံနန်းအိမ်ကနေပြန်ခဲ့ကြပါတယ်။

"ရွှေနန်းတော်နဲ့တဲစုတ် ကွာပုံကလည်း ဟုတ်တယ်ကွ ...။ င်းပြောခဲ့တာတွေ ငါအခုမှ နားလည်တယ်။ စန္ဒာမိုးကို မင်းရင်ခွင်ထဲကို မခေါ်ရက်ဘူးဆိုတာလေ"

လမ်းမှာ အေးမောင်က မှတ်ချက်ပေးပါတယ်။

✿ ✿ ✿

[ ၃၇ ]

❑

အဘခက်ရဲ့ စီမံချက်အတိုင်း ကျွန်တော်နဲ့အေးမောင် အလုပ်ကို ခွဲတမ်းချရပါတော့တယ်။

"အေးမောင် ... မင်းက ဖဲဝိုင်းနဲ့ အရက်ဆိုင်တွေ၊ ဘီယာဆိုင်တွေကို သွားကွာ"

"ဒါဆို မင်းက ဟိုအိမ်တွေ သွားမယ်ပေါ့။ အေးပါ ...။ မင်းက မိန်းမမှ မရှိသေးတာကိုး။ ဒါပေမဲ့နော် ဟော့ကောင် ... မင်းကို ငါသတိပေးလိုက်မယ်။ ဟိုရောဂါတွေတော့ မဖြစ်စေနဲ့။ ကမ္ဘာပေါ်မှာ အခုထက်ထိ အေအိုင်ဒီအက်စ်ကုတဲ့ဆေး မပေါ်သေးဘူး"

"ဟော့ကောင် ... ဘာတွေလျှောက်ပြောနေတာလဲ"





"မင်းပဲ သတင်းအစအန ခြေရာခံရမယ်ဆို"

"အေးလေ ... ခြေရာခံနိုင်းတာ။ လှေ့လာစုံစမ်းပြီး သတင်းအစအနလေးဘာလေး ရှာခိုင်းတာ။ ရောဂါရတာနဲ့ ဘာဆိုင်လို့လဲကွ"

"မသိဘူးလေကွာ။ မင်း စိတ်ညစ်ညစ်နဲ့ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့ ငါက သတိပေးတာပါ"

"မင်းကတော့ကွာ ... နေရာတကာတိုင်း ဟာသပဲ။ ကလေးပဲ နှစ်ယောက်ရနေပြီ"

"ဒါနဲ့ နေပါဦးကွ ... စောငယ်ရဲ့ အမှုကို စုံစမ်းဖော်ထုတ်ဖို့က ရဲအလုပ် မဟုတ်ဘူးလားကွ။ တို့က ဘာလို့ ဝင်ရှုပ်ရမှာလဲ"

"အဓိကတော့ ရဲအလုပ်ပေါ့ကွာ။ ဒါပေမဲ့ အမှုမှန်ပေါ်ပေါက်ဖို့က ပြည်သူတွေပါ ဝိုင်းဝန်းကူညီပြီး သတင်းပေးရင် ပိုမကောင်းဘူးလား။ ရရှိတဲ့သတင်း စခန်းမှူးဆီပို့ပြီး တိုင်တိုင်ပင်ပင် လုပ်ရတာပေါ့"

"အေး ... ဒါလည်း ဟုတ်တယ်ကွ။ နို့ ... နေပါဦး။ မင်းက ဘယ်တည်းခိုခန်းကို သွားမှာလဲ"

သူက ကျွန်တော့်ကိုအစ်တယ်။

"ငါက ဘယ်တည်းခိုခန်းကို သွားဖူးလို့လဲ"

"ငါက တို့အမာစိန်ကြီးဆီ အကူအညီ သွားတောင်းကြည့်မလားလို့ စဉ်းစားတယ်ကွ။ အခု သူတော်တော်ထောနေတယ်လို့ သတင်းကြားတယ်"

"အေးကွ ... မင်းအကြံ မဆိုးဘူး"

"အေးလေ ... ငါလည်း ကြံမိကြံရာ ကြံရတာပဲ"

အေးမောင်ရဲ့ အတည်ပြုချက်နဲ့ တစ်ညနေ ကျွန်တော် အမာစိန်တို့နေတဲ့ သန်လျင်ကမ်းနားလမ်းဘက်မှာရှိတဲ့ အမာစိန်တို့အိမ်ရှေ့ကို ရောက်ခဲ့ပါတယ်။ အမာစိန်တို့အိမ်က တိုက်ခံအိမ်လေးပါ။

"ဟာ ... ရှေ့နေကြီးပါလား။ လာ ... လာ ... မလာစဖူး အလာထူး"

အမာစိန် အိမ်ရှေ့ခြံတံခါးကို ပြေးထွက်လာပါတယ်။

အိမ်ထဲကို အတင်းခေါ်ပြီး အိမ်ရှေ့ခန်းက ကျွန်းဆက်တီကုလားထိုင်မှာ အတင်းထိုင်ခိုင်းတယ်။

"စောငယ်ရာ ... နင့်ကိုမြင်လိုက်တော့ ငါအရမ်းအံ့ဩသွားတာပဲ။ ဝမ်းလည်းသာတယ် ... သိလား။ နင် တစ်ခါမှ မလာဖူးဘူး။ အမှုပြီးကတည်းက နင့်ကို ငါမတွေ့ရဘူး။ ငါက နင့်ကို ကျေးဇူးတင်လိုက်တာဟာ။ သူငယ်ချင်းဆိုတာ ဒီလိုမှပေါ့။ ငါဒုက္ခရောက်နေတုန်း နင်ကယ်ခဲ့တာ"

"အေး ... အဲဒါတွေ ထားစမ်းပါဟာ။ နင့်အစား ငါမောလိုက်တာ"

"ဩော် ... တွေ့တုန်း ပြောရတာဟဲ့။ နင် ဘာသောက်မလဲ။ အပူလား၊ အအေးလား"

"ဘာမှမသောက်ချင်ပါဘူးဟာ။ နင်သာ ရေသောက်။ နင်ပြောရတာ မောနေပြီ"

"ဟဲ ... ဟဲ ... ဟဲ ... တွေ့တုန်း ပြောရတာဟာ။ ဒါပေမဲ့ နင့်အကြောင်းတွေ ငါကြားပါတယ်။ တို့သူငယ်ချင်းတစ်ယောက် အောင်မြင်ကျော်ကြားနေတာကို ငါဝမ်းသာတယ်။ ဂုဏ်ယူတယ်၊ သိလား။ ဟော့ တွေ့တုန်းမေးရဦးမယ်။ နင်နဲ့စန္ဒာမိုး အဆင်ပြေနေကြပြီမဟုတ်လား"

---

စိတ်ကူးသစ်စာပေ



"နင်ကလည်းဟာ ... ပေါက်တတ်ကရ"

"ဟိုး ... တစ်လကျော်လောက်က ငါကိုယ်တိုင် သန်လျင်ဈေးရှေ့မှာ နင်တို့နှစ်ယောက်ကို တွေ့တာနော်။ နင်တို့ အကြည်ဆိုက်နေကြတာ။ ငါ လာပြီး နင့်ကိုနှုတ်ဆက်မလို့။

တော်ကြာ ... ဟိုကောင်မ နှာကောက်နေမှာစိုးတာနဲ့။ အင်း နင်တို့နှစ်ယောက် လိုက်ပါတယ်ဟာ။ ဟိုကလည်း ဆရာမကြီး။ နင်ကလည်း နာမည်ကြီးရှေ့နေ။ နင်တို့နှစ်ယောက်က ကျောင်းကတည်းက စာတော်ကြတာဟ။ ကောင်းတယ်။ နင်တို့နှစ်ယောက် တွဲမိကြတာ"

အမာစိန့်လေကြောမှာ မျောနေတာနဲ့ ကျွန်တော်တောင် ကိုယ်လာတဲ့ကိစ္စ ပျောက်သလိုလို ဖြစ်သွားတယ်။ ဩော် ... ကျောင်းနေဖက် သူငယ်ချင်းတွေလေ။ တွေ့ကြတော့လည်း အားရပါးရ ပြောကြတာပေါ့"

"ဒါနဲ့ နင့်အခြေအနေရော ကောင်းရဲ့လား။ တိုးတက်လာတဲ့ပုံတော့ ပေါ်ပါတယ်"

သူ့အိမ်အခြေအနေ သူ့အိမ်ရှေ့ခန်းက တီဗီ၊ အောက်စက်၊ ပန်ကာ အဆင်အပြင်တွေကြည့်ပြီး ကျွန်တော်က မေးလိုက်တယ်။

"အေးဟာ ... ငါလည်း ဘဝက ဘယ်လိုအကျိုးပေးလာလဲ မသိဘူး။ နင့်ကိုတော့ ပွင့်ပွင့်လင်းလင်းပြောရမယ်။ ငါက အစကလိုတော့ ငါကိုယ်တိုင် မလုပ်တော့ဘူး။ ကြားက အော်ဒါလက်ခံပြီးတော့ပဲ ဂျိုင်းပေးတဲ့အလုပ်ပဲ လုပ်တော့တယ်။ ဘာလဲ ... နင် ဂျိုင်းချင်လို့လား"

"ဟာ ... နင်ကလည်း"

---

စိတ်ကူးသစ်စာပေ

"မလုပ်ပါနဲ့ဟာ။ နင်ဂျိုင်းချင်လည်း ငါဂျိုင်းမပေးဘူး။ နင် ငါ့သူငယ်ချင်းအပေါ် သစ္စာတော့ ရှိပါဟာ"

ကျောင်းနေဖက် သူငယ်ချင်းတွေဆိုတော့လည်း သံယောဇဉ်က ရှိသား။

"ဟာ ... နင်ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး။ ငါလာတဲ့ကိစ္စကို နင်တစ်ခါမှ မမေးသေးဘူး"

"အေး ... ဟုတ်သားပဲ။ ငါ နင့်ကိုတွေ့လို့ ဝမ်းသာပြီး လျှောက်ပြောနေတာ"

"ငါ နင့်ဆီက အကူအညီလေးများ ရမလားလို့ဟ"

သူ အံ့ဩသွားတယ်။

"ဟယ် ... နင်က ငါ့ဆီက အကူအညီ။ ဘာလိုလဲ ... ပြော။ နင့်အတွက်ဆိုရင် ငါတတ်နိုင်သလောက် အကုန်လုပ်မယ်"

"ဒီလိုဟ ..."

ကျွန်တော်က ကျွန်တော်လိုချင်တဲ့အကူအညီကို အတိုချုပ် သူ့ကို ပြောပြတယ်။ သူ နားစိုက်ပြီး နားထောင်နေတယ်"

"နင်တွေးတာ မဆိုးဘူးဟ။ ဒီမြို့ပေါ်ကလူကြီးပိုင်းတွေ ဘယ်သူ့စိတ် ဘယ်လိုဆိုတာ ငါအကုန်သိတယ်။ ငါပဲစီစဉ်ပေးရတာ များတယ်။ အေး ... ဒီအထဲမှာ ထူးထူးခြားခြား တစ်လ တစ်ခါနှစ်ခါလောက် ကြေးကြီးပေးပြီး လာခေါ်တဲ့ လူတစ်ယောက်တော့ ရှိတယ်ဟ"

ကျွန်တော် အားတက်သွားတယ်။

"အေး ... သူက ဘယ်သူလဲ။ နင်သိလား"





"ဟင့်အင်း ... အဲဒီလူကိုတော့ ငါမသိဘူး။ ပစ္စည်းလာသယ်ရင် ကားကောင်းကောင်းလေးနဲ့ လာသယ်တယ်။ လာသယ်တဲ့လူကလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းတယ်"

"ဒါဆို ဘယ်ကိုခေါ်သွားလဲ။ နင်သိလား"

"ဟိုဟာ ... ကျိုက်ခေါက်ဘုရားမရောက်ခင်မှာ ကန်ကြီးရှိတယ်မဟုတ်လား။ ရေကန်ကြီး ဒီဘက်အခြမ်း၊ သန်လျင်–ကျောက်တန်းသွားတဲ့ ကားလမ်းဆိုရင် ဘယ်ဘက်အခြမ်းပေါ့ဟာ။ အဲဒီမှာ လျှိုမြောင်ကြီးတစ်ခု ရှိတယ်မဟုတ်လား။ အဲဒီလျှိုမြောင်ကြီးဘေးက အိမ်တစ်အိမ်လို့တော့ ကောင်မလေးတွေက ပြောတာပဲ။ ငါတော့ သေသေချာချာ မသိဘူး။ သူတို့လည်း သေသေချာချာ မမှတ်မိဘူးဟ။ ညဘက်မှ လာတာ။

လာရင်လည်း ကားမောင်းပြီး တစ်ခါတည်း ဝင်သွားတာတဲ့။ သူတို့လည်း မှောင်နေတော့ သေသေချာချာ မမှတ်မိဘူး။ သိလည်း သိဖို့မလိုဘူးလေဟာ။ တို့က ပိုက်ဆံရရင် ပြီးတာပဲမဟုတ်လား။ ဈေးကတော့ သာသာထိုးထိုးလေး ပေးတယ်ဟ။ ငါနဲ့ဆက်ဆံတဲ့အထဲမှာ ငွေပေါပေါသုံးနိုင်တာကတော့ သူတို့ပဲ"

"အေး ... အဲဒီလောက်ဆို မဆိုးပါဘူး။ တို့လည်း ဆက်ပြီး လေ့လာကြည့်ရတာပေါ့"

"စောငယ် ... နင်ဘာလုပ်မလို့လဲ။ ငါ့ကိုလည်း ပြောပါဦး"

"အေးပါဟာ။ ငါ သတင်းတစ်ခု သိချင်လို့ပါ။ နောက်တော့ နင့်ကို ငါအသိပေးပါ့မယ်။ အဲဒီလူပစ္စည်းလာယူရင်သာ ငါ့ဆီဖုန်းဆက်လိုက်ဟာ"

"ဘာလဲ ... နင့်အိမ်ကိုလား"

"အေး ... ရော့ ... ဒီမှာ ငါ့အိမ်ဖုန်းနံပါတ်"

"အောင်မာ ... နင်က ဖုန်းနဲ့ဘာနဲ့ ဖြစ်နေပြီးနော်။ အေး ကောင်းပါတယ်"

"ဘယ်အချိန်လောက် နင့်ကို ဆက်သွယ်တတ်သလဲ"

"သူတို့လာရင် ညနေလောက်မှ ငါ့ဆီလာဆက်သွယ်တာဟဲ့"

"အေး ... နင်ကြိုက်တဲ့အချိန် ဆက်ဟာ"

"အေးလေ ... ဘာပဲဖြစ်ဖြစ် နင့်ကို ငါယုံပါတယ်။ နောက် နင့်ကျေးဇူးတွေကလည်း ငါ့မှာ ရှိတယ်လေဟာ"

"အေး ... နင် ငါ့ကို အခုလိုကူညီတာပဲ ကျေးဇူးဆပ်တယ် လို့ သဘောထားလိုက်ပါဟာ။ ငါသွားတော့မယ်"

"ဟယ် ... နင်ကလည်း တစ်ခုခုသောက်သွားပါဦး"

"နေပါစေတော့ဟာ။ သွားပြီ"

ကျွန်တော် အမာစိန်တို့အိမ်က ပြန်ခဲ့ပါတယ်။

သူငယ်ချင်းဆိုတာ တစ်ယောက်ဒုက္ခရောက်နေရင် တစ် ယောက် ကူညီစမြဲမဟုတ်လား။

✿ ✿ ✿

| ၃၈ |

❑

အိမ်ပြန်ရောက်တော့ အဘခက်ရယ်၊ ကျွန်တော်ရယ်၊ အေး မောင်ရယ် ခေါင်းချင်းရိုက်ရပြန်ပါတယ်။

"မင်းဟာက ဘယ်နေ့လဲဆိုတာ အတိအကျမသိရတာ ဆိုး တယ်ကွ"

အေးမောင်က ဝင်ထောက်တယ်။

"သူလည်း အတိအကျ မသိနိုင်ဘူးလေကွာ။ လာချင်တဲ့အခါ မှ လာတာကိုး"

ကျွန်တော်က ပြန်ဖြေတယ်။

"မင်းအမှုက တရားစွဲတင်ဖို့က ဘယ်နှရက်ကျန်သေးလဲ"

အဘခက်က မေးတယ်။

"ရှိမန်ကြီးနှစ်ပတ် ယူတယ်ဆိုတော့ နောက်ငါးရက်လောက်ပဲလိုတယ် အဘခက်"

"ရဲစခန်းကရော ဘာသတင်းရသေးလဲ"

"သူတို့လည်း စုံတော့စုံစမ်းတုန်းပဲ အဘခက်ရဲ့။ ခက်တာက သက်သေခံပစ္စည်းက ကိုယ့်လက်ထဲမှာတွေ့တော့ ဒီအမှုက ရှန်းရခက်လိမ့်မယ်။ တရားစွဲတင်ရင်တော့ မူးယစ်ဆေးဝါးလက်ဝယ်ထားမှု၊ ဒီလောက်များများတွေ့ရင်တော့ ရောင်းဝယ်မှုနဲ့ တင်မှာပဲ"

"ပြစ်ဒဏ်က ..."

"ပြစ်ဒဏ်က သေဒဏ်နဲ့ ထောင်ဒဏ်အနှစ်နှစ်ဆယ် အနည်းဆုံးရှိတယ်"

"တစ်ခုခုဖြစ်ရင်တော့ ဒီအဘိုးကြီး ..."

အေးမောင်က စိတ်စောနေတယ်။

"ရဲစခန်းနဲ့တော့ အဆက်အသွယ် မပြတ်နဲ့ကွာ"

"ဟုတ်ကဲ့ ... အဘခက်။ စခန်းမှူး ဦးမြတ်စိုးကလည်း ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ ဒီအမှုကို သူလည်း စိတ်ဝင်စားပါတယ်။ ဒုရဲအုပ်တစ်ယောက်ကို အမှုစုံစမ်းစစ်ဆေးဖို့ တာဝန်ပေးထားပြီးတော့ သူကိုယ်တိုင် ကြီးကြပ်ကိုင်တွယ်နေပါတယ်"

"အေးကွ ... အချိန်ကိုတော့ စောင့်ရမှာပေါ့"

တကယ်တမ်းကျတော့ ဒီသုံးယောက် ခေါင်းခဲကြရတာပါပဲ။ သူ့အပူဟာ ကိုယ့်အပူပဲ မဟုတ်ပါလား။

✿ ✿ ✿

[ ၃၉ ]

❑

နောက်နေ့ နေ့ခင်းဘက် ရုံးခန်းထဲမှာ ကျွန်တော်အလုပ်လုပ်နေတုန်း လုံချည်အစိမ်းလေးနဲ့ ကျောင်းသားလေးတစ်ယောက် ရုံးခန်းဝကို ရောက်လာတယ်။

"ဆရာဦးစောငယ် ..."

"ဟော့ ... ကလေး၊ လာကွယ့် ...။ ဦးက ဦးစောငယ်ပဲ"

"ဆရာမက စာပို့ခိုင်းလိုက်လို့ပါ"

သူ့လက်ထဲမှာ ပါလာတဲ့ စာအိတ်ဖြူဖြူလေးကို လှမ်းပေးတယ်။

"အေးကွယ့် ... ကျေးဇူးတင်ပါတယ်။ ဒြော် ... ဒါနဲ့ မင်းဆရာမ ဒီနေ့ကျောင်းတက်လား"

---

"မတက်ဘူးခင်ဗျ။ ခွင့်ယူထားတယ်လို့ ပြောပါတယ်။ ကျွန်တော်က ရွာကပါ။ ဆရာမအိမ်က ကျွန်တော့်အစ်မကတစ်ဆင့် ပေးခိုင်းလိုက်တာပါ"

"ဪ ... ဪ ..."

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါခင်ဗျာ"

"ဪ ... အေး ... အေး ..."

ကျောင်းသားလေး ပြန်ထွက်သွားရင်ပဲ စာကို ကမန်းကတန်း ဖောက်ဖတ်လိုက်မိတယ်။

*မောင် ...*

*မိုးရှက်တယ်။*

*မောင့်ကို မတွေ့ရဲဘူး။*

*မောင့်ကိုလွမ်းတယ်။*

*မိုး*

စာက တိုပေမယ့် အဓိပ္ပာယ်တွေ အကုန်ပါပါတယ်။ ကျွန်တော့်ရင်ကို တည့်တည့်ထိပါတယ်။

"မောင်လည်း လွမ်းတယ် မိုးရယ်"

လို့ အော်ပြီး ပြောလိုက်ချင်ပါတယ်။

ဘေးမှာက အမှုသည်တွေ၊ ညှိသည်တွေကလည်း ရှိနေလေတော့ ကိုယ့်ရင်ကိုယ် အသာဖိထားလိုက်ရပါတယ်။

အလုပ်လုပ်ရတာ ရျာန်မဝင်ပါ။ ခေါင်းထဲကလည်း မူးသလိုလို ဖြစ်လာပါတယ်။

---

**စိတ်ကူးသစ်စာပေ**



"ဒေါ်စိုးစိုးကြည်ရေ ..."

ကျွန်တော့်ဂျူနီယာကို လှမ်းခေါ်လိုက်ပါတယ်။ သူက သူ့စားပွဲက ထလာပါတယ်။

"ကျုန်တဲ့အမှုတွေ မင်းဆက်စစ်လိုက်တော့ကွာ။ ငါ ကိစ္စတစ်ခု ရှိသေးလို့ ဒီနေ့ ရုံးစောစောဆင်းမယ်"

"ဟုတ်ကဲ့ ဆရာ"

ပြောပြောဆိုဆို ရုံးခန်းထဲက ထွက်လာခဲ့ပါတယ်။

အိမ်ရောက်တော့ အဘခက်က ဒရင်းဘက်မှာ မှိန်းနေပါတယ်။

မီးဖိုခန်းထဲမှာ အမေ့အသံလည်း မကြားပါ။

"စောငယ် ... မင်း ဒီနေ့ စောလှချည်လား"

"ဟုတ်ကဲ့ အဘခက်။ ကျွန်တော် လျှောက်လဲချက်လေး အေးအေးဆေးဆေး ရေးချင်လို့ပါ အဘခက်၊ အမေရော"

"ငြိမ်းငယ် ... ဒီကောင်မ ဈေးသွားမယ် ပြောတာပဲကွ"

တစ်ခါတစ်ရံ ညနေဘက် အမေက စားဖို့သောက်ဖို့ အေးအေးဆေးဆေး ဈေးသွားတတ်ပါတယ်။

ကျွန်တော်လည်း ကျွန်တော့်အခန်းထဲကိုဝင်ပြီး ခုတင်ပေါ်မှာ ပစ်လှဲချလိုက်ပါတယ်။

ဪ ... သူအတော် စိတ်ဆင်းရဲနေမလား။

ညှိုးငယ်နေရှာမယ့် စန္ဒာမိုးရဲ့မျက်နှာက အထင်းသား။

"မောင် ... ဒီနေ့ကျောင်းပိတ်ရင် လက်ထပ်ကြရအောင်။ မကောင်းဘူးလား။ မောင့်သဘောကရော"

"မိုးသဘောလေ"

"မိုးက မောင့်သဘော"

---

**စိတ်ကူးသစ်စာပေ**

"မောင်ကလည်း မိုးသဘောပါ"

"ကမ္ဘာပေါ်မှာ ကံ့ကော်ပန်းတွေ မပျောက်လေသမျှ မိုးနဲ့မောင် အတူတူ လက်တွဲလျှောက်ကြမယ်နော်"

"မိုးသဘော"

"ဟင် ... မောင်ကလည်း မိုးသဘောချည်းပဲ"

"ဘာလဲ ... မိုးက သဘောမကျလို့လား"

"မိုးကလည်း မောင့်သဘော"

"ဩော် ... မိုးရယ်။ သူ့အသံလေးတွေက ကြားယောင်နေသလိုပါ။

ရေအိမ်ခဏတက်ချင်တာနဲ့ အခန်းအပြင်ကို ထွက်လာတော့ အဘခက်ဆီက ဟောက်သံလေး ကြားနေရပါတယ်။ ဒါနဲ့ပဲ ခြေလေးကို အသာဖော့နင်းပြီး နောက်ဖေးခန်းကို ဝင်ခဲ့ပါတယ်။

ရေအိမ်ခဏဝင်နေတုန်း ခြံဝက ခွေးဟောင်သံတွေကြားတယ်။

"စောငယ် ... စောငယ် ..."

အဘခက်ခေါ်သံလည်း ကြားပါတယ်။ ရေအိမ်ထဲရောက်နေလို့ မထူးလိုက်ပါ။

"ဒီကောင် ဘယ်များထွက်သွားပါလိမ့်။ ညွှသည်နဲ့တူတယ်"

အဘခက် အိမ်ရှေ့တံခါးဖွင့်ပြီး ထွက်သွားသံ ကြားလိုက်ပါတယ်။

ခွေးတွေက အဘခက်မွေးထားတဲ့ခွေးတွေ မဟုတ်တော့ဘူးလေ။

ကျွန်တော်မွေးထားတဲ့ ဘိုဖြူနဲ့ဘိုနီပါ။ သူတို့ကလည်း အဘခက် ငယ်ကျွန်တွေလိုပဲ ဆက်လက်အမှုတော်ထမ်းလျက်ပါ။





ခွေးသံတွေ တိတ်သွားပါတယ်။

အိမ်ရှေ့က တံခါးပြန်ဖွင့်သံ ကြားပါတယ်။

စကားပြောသံဆိုသံကိုတော့ မကြားရပါ။

ညွှသည်က ဘယ်သူမှန်းမသိပါ။

ရေအိမ်ကထွက်ပြီး မီးဖိုခန်းဝကနေ အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ခြေထောက် တုံ့ခနဲ ဖြစ်သွားပါတယ်။

အဘခက်က ဘုရားစင်ရှေ့မှာရပ်ပြီး ဆက်တီစားပွဲကိုကျောပေးကာ ခါးထောက်ပြီး ရပ်နေတယ်။

အိမ်ရှေ့ ဆက်တီစားပွဲမှာ မတ်မတ်ကြီး ထိုင်နေတဲ့သူက စန္ဒာမိုးရဲ့အမေ ဒေါ်အေးစန္ဒာပါ။ ကျွန်တော်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပါတယ်။

ကျွန်တော် မီးဖိုတံခါးလေးကို ကွယ်ပြီး ရပ်နေမိပါတယ်။

"မောင်စောငယ် ... ပြန်မရောက်သေးဘူးလား"

ဒေါ်အေးစန္ဒာရဲ့အသံ။ လေသံကလေးက ဖျော့ပါတယ်။

"ပြန်ရောက်ပြီ။ ဘယ်ထွက်သွားသလဲ မသိဘူး"

အဘခက်ရဲ့ အသံပါ။ လေသံက အနည်းငယ်မာပါတယ်။

"ငြိမ်းငယ်ရော"

"ဈေးသွားတယ်"

"ဩော်"

အသံ ခဏတိတ်သွားပါတယ်။

ကျွန်တော်က ဘာကြောင့်မှန်းမသိ ကြောင်ပြီး ရပ်နေမိပါတယ်။

"အစ်ကိုခက် ..."

ဘာသံမှမကြား။

"အစ်ကိုခက် ..."

အသံက ပျော့သလောက် ...

"ဘာလဲ"

အသံက မာပါတယ်။

"အရက်တွေ သိပ်သောက်နေတယ်ဆို"

ကရုဏာသံ ...

ခဏကြာမှ ...

"အရက်သောက်တတ်အောင် ဘယ်သူသင်ပေးလိုက်တာလဲ"

အဘခက်အသံ။

ဘာတွေပြောနေကြတာလဲ ကျွန်တော် နားမလည်။

"သြော် ... အစ်ကိုခက်ရယ်။ ပျောက်သွားလိုက်တာ အခု မှပဲ ပြန်တွေ့ရတော့တယ်"

"မသေလို့ပေါ့ကွာ ... သေရင် မင်းမတွေ့ချင်တဲ့ မျက်နှာကို မတွေ့ရတော့ပါဘူး"

"သြော် ... အစ်ကိုခက်ရယ်။ အသက်တွေလည်း ကြီးလာပါကြပါပြီကွယ်။ ကျန်းမာရေးအတွက် ဂရုစိုက်ပါ။ အရက်တွေ သိပ်မသောက်ပါနဲ့တော့နော်"

တကယ့်ကရုဏာသံပါ။

"ဒဏ်ရာက မပျောက်သေးပါဘူး ... မိစန္ဒာရယ်"

"သြော် ... အစ်ကိုခက်ရယ်။ စန္ဒာလည်း ဒီအတိုင်းပါပဲ။





အတူတူ ခံစားကြရတာပါပဲ။ မိဘတွေစီစဉ်တာ နာခံလိုက်ရပေမယ့် ဘဝတစ်ခုလုံး ပေးဆပ်လိုက်ရတာပါပဲ။ ဒါပေမဲ့ အစ်ကိုခက်ရယ် ..."

"ဘာလဲ ..."

"ဘဝတစ်လျှောက်လုံး ဇနီးကောင်းတစ်ယောက်ဖြစ်အောင်တော့ ကြိုးစားနေထိုင်ခဲ့ပါတယ်။ စန္ဒာတို့ခေတ်တုန်းက အမျိုးသမီးတွေရဲ့ လွတ်လပ်ခွင့်ဆိုတာလည်း ခုခေတ်ကလေးတွေလောက် မလွတ်လပ်ကြသေးဘူးလေ။ ကိုယ်တိုင် မဆုံးဖြတ်နိုင်ကြသေးဘူးမဟုတ်လား။ မိဘတွေစီစဉ်တာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ခေါင်းငုံ့ခံခဲ့ရတာပါ"

ငိုသံပါ ပါနေပါတယ်။

"တော်ပါတော့ကွာ။ လွန်ခဲ့ကြပါပြီ"

"စန္ဒာ့အမှားကြောင့် စန္ဒာလည်း ဘဝတစ်ခုလုံး ကြေကွဲနေရပါတယ်။ အစ်ကိုခက်ဘဝလည်း ကြေမွနစ်မွန်းခဲ့ရပြီး အရက်ထဲနစ်နေတာတော့ စန္ဒာမချိတော့ဘူး။ သိလား ..."

ဝမ်းနည်းဆို့နစ်စွာ တစ်လုံးချင်း ပြောနေပါတယ်။

"အစ်ကိုခက် ... အရက်မသောက်နဲ့တော့နော်"

"ငါလည်း မင်းပေးအပ်ခဲ့တဲ့ ဒဏ်ချက်ကြောင့် ဘဝတစ်ခုလုံး ကြေမွပျက်စီးခဲ့ရတယ်။ နောက်ဆုံး အသက်တောင် ဂရုမစိုက်ဘဲ မင်းကို ပေးဆပ်ခဲ့ပါတယ်။ အသက်မသေဘဲ ဒဏ်ရာပဲရခဲ့လို့သာ ကံ့ကော်ပင်ရိပ်မှာ ပြန်နားနေခဲ့တာပါ"

အဘခက်ရဲ့အသံက လေးနက်တည်ကြည်နေသလို ဘဝရဲ့ အဓိပ္ပာယ်တွေ အပြည့်ပါနေတယ်။

"ရင်ထဲမှာ မချိအောင်ခံစားပြီး နားလည်ပေးပါတယ် ... အစ်ကိုခက်ရယ်"

ဩော် ... အဖြစ်ဟောင်းဆိုတာ လူတိုင်းကိုယ်စီ ရှိကြပါလား လို့ ကျွန်တော် သဘောပေါက်တယ်။ ကျွန်တော် ဆက်နားမထောင်ချင်တော့။ နားမထောင်ဝံ့တာက ပိုမှန်ပါလိမ့်မယ်။

"အစ်ကိုခက်ရဲ့အကြောင်းတွေကို သမီးကတစ်ဆင့် ကြားတယ်။ သိလား"

စန္ဒာမိုးအကြောင်း ပါလာတော့ ကျွန်တော့်နားက ပြန်စွင့်လိုက်တယ်။

"မကောင်းသတင်းတွေမဟုတ်လား"

"မဟုတ်ဘူး။ အစ်ကိုခက်ရဲ့ ခိုင်မာ မာကျောတဲ့ စိတ်ဓာတ်တွေ"

"ဘာကိုလဲ ... အရက်သောက်တာကိုလား"

"တော်ပါတော့ ... အစ်ကိုခက်ရယ်။ အရက်မသောက်ပါနဲ့တော့ဆို။ အစ်ကိုခက်ရဲ့ ကျန်းမာရေးကိုလည်း မစဉ်းစားတော့ဘူးလား"

"သေသွားလည်း ပြီးတာပဲမဟုတ်လားကွာ။ လောကမှာ ဘာမှအသုံးမကျတဲ့ကောင်၊ ကိုယ့်ဘဝကိုယ်တောင် ကိုယ့်စိတ်ကြိုက် မတည်ဆောက်နိုင်တဲ့ကောင်၊ ဘဝမှာ အဖော်ရယ်လို့ သစ္စာရှိတဲ့ ဒီအရက်လေးပဲရှိတယ်။ နည်းနည်းသောက်ရင် နည်းနည်းမူးတယ်။ များများသောက်ရင် များများမူးတယ်။ မူးတတ်တယ်ဆိုတဲ့သစ္စာကို သူဘယ်တော့မှ မဖောက်ဖျက်ဘူး"

"အစ်ကိုခက် ... အစ်ကိုခက် စိတ်ဓာတ်က အရင်အတိုင်းပါပဲလား"

သံယောဇဉ်အပြည့်။

"ငါ့စိတ်က ဒီအတိုင်းပဲ။ အပြောင်းအလဲမရှိဘူး"





ပြတ်သားတဲ့အသံ။

"အစ်ကိုခက်ရယ် ... လူ့ဘဝရဲ့ အတွေ့အကြုံတွေလည်း စန္ဒာတို့မှာ ရှိလာကြပြီလေ။ အင်မတန် နီပါတယ်ဆိုတဲ့ မိခင်ရင်တွင်းက သွေးရည်ဟာ မိဘဆိုတဲ့မေတ္တာကြောင့် အင်မတန်ကြည်လင်ဖြူဖွေးတဲ့ နို့ရည်တွေဖြစ်လာတာတော့ အစ်ကိုခက် သတိမထားတော့ဘူးလား"

ခဏငြိမ်သွားတယ်။

"မင်းပြောချင်တာက"

"မူးတတ်စေပါတယ်ဆိုတဲ့ အစ်ကိုခက်ရဲ့အရက်ဟာ စန္ဒာ့ရဲ့ ကြည်လင်သန့်ရှင်းတဲ့ မေတ္တာကြောင့် မမူးစေရတော့ဘူး။ သိလား"

"အို ..."

အဘခက်ရဲ့ ရင်ထဲကအသံ။

ဒေါ်အေးစန္ဒာရဲ့ ကျိန်စာလိုလို။ သစ္စာဓိဋ္ဌာန်လိုလိုအသံက တည်ငြိမ်လေးနက်လှပါတယ်။

" 'အို' ဆိုတဲ့ အသံသာထွက်လာပြီး အဘခက် ငြိမ်သွားတယ်။

"မင်းစေတနာကို သဘောပေါက်ပါတယ် စန္ဒာရယ်"

"စေတနာမဟုတ်ဘူး။ မေတ္တာ .. အစ်ကိုဘခက် ... မေတ္တာ သိလား။ တစ်ယောက်နဲ့တစ်ယောက် ညားကြတော့မှ မေတ္တာထားရှိမှာလား။ မညားကြတော့ကော မေတ္တာမထားရဘူးလား။ မေတ္တာမရှိရတော့ဘူးလား။ အစ်ကိုခက်သတင်းတွေ ကြားနေရတာ ရင်ထဲမှာမချိဘူး။ ရင်ထဲမှာ နာတယ်။ သိလား"

အသံက တည်ငြိမ်တယ်။ လေးနက်တယ်။

"ဟာကွာ ..."

အဘခက်အသံက ပျော့ပျောင်းလာသယောင်နဲ့ နောင်တရသယောင်ဘက်ပါ သန်းနေတယ်။

"အခု မေတ္တာပို့ရမှာက သမီး။ သိလား"

"ဆို ..."

"သမီးကို မျက်ခြည်မပြတ်ဘဲ အကဲခတ်ပြီး မွေးလာတယ်။ သမီးနဲ့ ဆိုးတိုင်ပင်ကောင်းတိုင်ပင် ဆက်ဆံတယ်။ မချုပ်ချယ်ဘူး။ တားမြစ်သင့်တဲ့နေရာ စေတနာနဲ့ တားမြစ်တယ်။ အခု ... သမီးက ..."

အဒေါ်က စကားရပ်ထားတယ်။ ကျွန်တော်က နားပို့စွင့်နေတယ်။

"ဘာဖြစ်လဲ"

အဘခက်က အားမလိုအားမရ စကားဆက်တယ်။

"မောင်စောငယ်အပေါ် အစက သနားတယ်။ လေးစားတယ်။ နောက်တော့ သံယောဇဉ်ရှိသွားတယ်။ ဘာပြောပြော မောင်စောငယ်ကို သူမြတ်နိုးတာ တွေ့ရတယ်။ အစ်ကိုခက်ရော မရိပ်မိဘူးလား။ အစ်ကိုခက်က ပိုအကဲခတ်တတ်မှာပါ"

ဟောဗျ ...။ ကျွန်တော့်မှာ ဘူးပေါ်သလိုပေါ်နေတဲ့ အမှုအတွက် စိတ်ထဲမှာ မလုံမလဲဖြစ်လာတယ်။ ဒီနေရာက ထွက်ပြေးချင်စိတ် ပေါက်လာတယ်။

"ဘာလဲ ... မင်းက မတူဘူး။ မတန်ဘူးဆိုပြီး ခွဲဦးမလို့လား။ မင်းတို့စီစဉ်ထားတဲ့သူနဲ့ အိမ်ထောင်ချပေးတော့မလို့လား။ မင်းက သဘောမတူဘူးလား"





စကားရှည်ရှည် မပြောတတ်တဲ့ အဘခက်က သူ့အမှုသည် ကျွန်တော့်အတွက် ပြန်လှန်မေးခွန်းတွေ များလာတယ်။ သူ့ဘဝနာကြည်းချက်တွေပါ ရောပြွမ်းနေတယ်နဲ့ တူပါတယ်။

"သမီးကို စိတ်ချမ်းသာစေချင်တယ်။ လုံးဝသဘောတူတယ်"

"ဟေ ..."

ကျွန်တော့်အမှုအတွက် တရားသူကြီးက တရားသေလွှတ်မိန့်ချလိုက်သလို ခံစားလိုက်ရပါတယ်။ ကျွန်တော် ခြေတွေ၊ လက်တွေ၊ ဒူးတွေတောင် တုန်လာတယ်။

နောက်ဖေး မီးဖိုတံခါးပေါက်ဝကို အသာလေးဖွင့်ပြီး အိမ်ခေါင်းရင်းဘက်က ပတ်ကာ ရှေ့တံခါးက ပြန်ဝင်ခဲ့ပါတယ်။

အိမ်ရှေ့ရောက်တော့ အဘခက်က ဘုရားစင်ရှေ့မှာ လက်ကိုနောက်ပစ်ပြီး မတ်တတ်ရပ်တုန်း။

ဒေါ်အေးစန္ဒာက ဆက်တီကုလားထိုင်ပေါ်မှာ။

"ဩော် ... အဒေါ်ရောက်နေပါလား"

"အေးကွယ့်"

"မင်း ဘယ်ပျောက်သွားတာလဲ"

"အဘခက် ကွမ်းခြံထဲ ဝင်နေတာပါ။ အဘခက်စားဖို့ နှီးလိုက်ချည်ပေးနေတာပါ"

"ကျွန်တော်က အဆင်ပြေအောင် ပြောလိုက်ပါတယ်။

"ဟာ ... အဒေါ့်ကို အအေးလေးဘာလေး တိုက်ဦးမှပေါ့ အဘခက်ရဲ့။ အမေလည်း ဈေးက ပြန်မလာသေးဘူး"

"နေပါစေကွယ်။ အဒေါ် မောင်စောငယ်နဲ့ တွေ့ချင်လို့လာတာပါ"

"ဩော် ... ဟုတ်ကဲ့ အဒေါ်"

ကျွန်တော်က သူ့ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

အဘခက်က ဒရင်းဘက်ပေါ်မှာ ခါးဆန့်ပါတယ်။

"အမှုက ဘာထူးသေးလဲလို့ သိချင်လို့ပါကွယ်"

ကျွန်တော်က တွေးတွေးဆဆလေး ပြောပါတယ်။

"ခုချိန်ထိတော့ မထူးသေးဘူး အဒေါ်ရ"

"ဒါဆိုလည်း ရုံးကို တရားစွဲတင်ရမှာပေါ့။ တရားစွဲတင်ရင် အင်းစိန်အချုပ်ကို ပို့မယ်ဆိုတော့ ဟိုမှာ နေရေးထိုင်ရေးအတွက် အဆက်အသွယ်လေးရှာပြီး လိုက်ထားရရင် မကောင်းဘူးလား ... မောင်စောငယ်"

သူက တိုင်ပင်သလိုလိုနဲ့ အကြံဉာဏ်တောင်းပါတယ်။

ကောင်းတာပေါ့ ... အဒေါ်ရယ်။ အချုပ်ထဲမှာ နေရေးထိုင်ရေးအတွက်တော့ စီစဉ်ပေးရမှာပေါ့။ ဦးက အသက်နည်းနည်းရနေပြီ မဟုတ်လား"

"အေးကွယ့် ... အဒေါ်လည်း သူ့ကျန်းမာရေးအတွက်ပဲ ပူပါတယ်"

"ကျွန်တော့်မိတ်ဆွေတွေတော့ ထောင်မှာရှိပါတယ် အဒေါ်။ အဒေါ် သိပ်လည်းမပူပါနဲ့။ ကျွန်တော် ကြည့်စီစဉ်ထားပါ့မယ်"

"အေးကွယ် ... မောင်စောငယ်စီစဉ်မယ်ဆိုလည်း စီစဉ်ပါ။ အဒေါ်တော့ မင်းကိုပဲ အားကိုးရတော့မယ်။ ဩော် ... ဒါနဲ့ မောင်စောငယ် ... လိုအပ်တာရှိရင် အဒေါ့်ကိုပြောနော်။ ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့ပါ အဒေါ်"

"ဒါဆိုလည်း အဒေါ်ပြန်မယ်ကွယ်"





"ဟုတ်ကဲ့"

"ဩော် ... အစ်ကိုခက်။ ပြန်ဦးမယ်နော်"

"မှိန်းနေတဲ့ မျက်လုံးအစုံ ဖြည်းဖြည်းချင်းပွင့်လာပြီ ...

"အေး ... အေး ..."

အဘခက်က ပြောတယ်။

"ဟော့ ... စောငယ်"

"ဗျာ ... အဘခက်"

"ခြံဝလိုက်ပို့လိုက်"

"ဟုတ်ကဲ့ပါ အဘခက်"

အဘခက်အသံ။ သူ့အသံက သံယောဇဉ် အမျှင်မပြတ်သည့်လေသံ။

✿ ✿ ✿

[ ၄၀ ]

❑

"အင်း ... မနက်ဖြန်ခါဆို ဦးဝေမိုးအမှု ရုံးကို တရားစွဲတင်တော့မှာပါလား"

ရုံးခန်းမှာ အလုပ်လုပ်ရင် ခေါင်းထဲကို အတွေးက ရောက်လာတယ်။

စခန်းမှူး ဦးမြတ်စိုးရဲ့စခန်းကို ဝင်ဝင်ပြီး အမှုကိစ္စစုံစမ်းရတာလည်း နေ့ရှိသမျှ။ သတင်းအစအနကလည်း မရသေး။

နေ့ခင်းသုံးနာရီလောက် ...

ကျွန်တော့်ရုံးခန်းရှေ့ကို ကျွန်တော်တို့ခြံနားက မောင်လူထွေးဆိုတဲ့ ကောင်လေးတစ်ယောက် ပြုန်းခနဲ ရောက်လာတယ်။





ရုံးခန်းအပေါက်ဝကနေ ကျွန်တော့်ကိုတွေ့တွေ့ချင်း ကျွန်တော့်ဆီ တန်းလာတယ်။

"ဦးဦး ..."

"ဟော့ကောင် ... ဘာလာလုပ်တာလဲ။ လာ ... လာ"

"အဘိုးဘခက် ဦးကို စာပေးခိုင်းလိုက်လို့"

"ဟော ..."

ကျွန်တော်က အလန့်တကြား သူလှမ်းပေးတဲ့ စာရွက်ကလေးကို အမြန်ယူလိုက်တယ်။

ဖတ်ကြည့်လိုက်တော့ ...

*စောငယ် ...*

*အမာစိန်ဆီက အခုပဲ ဖုန်းဆက်တယ်။*
*ဒီည အစီအစဉ်ရှိတယ်တဲ့။*
*အေးမောင်ကို ငါဖုန်းဆက်ပြီး ခေါ်ထားတယ်။*
*ကျန်တာ မင်းဆက်လုပ်တော့။*

*ဘခက်*

စာကိုဖတ်ပြီး ခေါင်းထဲမှာ အစီအစဉ်တွေ တစ်တန်းကြီးပေါ်လာတယ်။

"အေး ... အေး ... သား ... ကျေးဇူးတင်တယ်။ ရော့ ရော့ ... မင်းလည်း ကားခယူသွားဦး"

"မယူပါဘူး ... ဦးဦး။ ကျွန်တော် စက်ဘီးပါပါတယ်။ အဘိုး

ဘခက်က ဦးဦးဆီ ချက်ချင်းသွားပေးဆိုလို့ ကျွန်တော်ထွက်လာတာပါ''

''အေးကွယ် ... ကျေးဇူးတင်ပါတယ်''

မောင်လူထွေး ပြန်သွားတယ်။

''ဒေါ်စိုးစိုးကြည်ရေ ...''

ကျွန်တော့်ဂျူနီယာ ဒေါ်စိုးစိုးကြည်ကို ခေါ်လိုက်တယ်။

''ဟုတ်ကဲ့ ဆရာ''

''ဟိုတရားမမှုက ခုထိ စစ်ဖို့ မခေါ်သေးဘူးလား''

''ရုံးမအားသေးဘူးဆရာ။ မခေါ်သေးဘူး''

''အဲဒီအမှုက သက်သေစစ်ရမှာပဲကွာ။ မင်းပဲ စစ်လိုက်တော့''

''ဟုတ်ကဲ့ ဆရာ''

''ငါ ကိစ္စရှိလို့ အိမ်ခဏပြန်နှင့်မယ်''

''ဟိုတစ်မှုက ဒီနေ့တင်တဲ့ အမှုသစ်ပဲကွာ။ ချိန်းမှာပါ။ မင်းပဲ ပါဝါတင်ပြီး ချိန်းလိုက်တော့''

''ဟုတ်ကဲ့ ဆရာ''

ဒေါ်စိုးစိုးကြည်ကို မှာစရာရှိတာ မှာကြားပြီး ရုံးကနေ ထွက်ခဲ့ပါတယ်။ ဒီနောက် ...

ရဲစခန်းကို အပြေးကလေး ဝင်ရတယ်။

စခန်းမှူးဦးမြတ်စိုးနဲ့ အဆင်သင့်တွေ့တော့ အခြေအနေကို ပြောပြရတယ်။

သူနဲ့ ကျွန်တော်နဲ့ အသေးစိတ် နာရီဝက်လောက်တိုင်ပင်ကြတယ်။





ပြည်သူက သက်ဆိုင်ရာရဲတွေကို လိုအပ်တာကူညီမယ်၊ အားပေးမယ်ဆိုရင် တိုင်းပြည်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာလည်း အရှိန်အဟုန်မြင့်မားပြီး အောင်မြင်ထိရောက်မယ်မဟုတ်လား။

ရဲစခန်းက ထွက်လာပြီး အိမ်ကို ဆိုက်ကားနဲ့ အမြန်ပြေးရတယ်။

''အမေ ...''

''ဟေ ...''

''အဘခက်ရော''

''ဟဲ့ ... နင့်အဘခက် ခုတလော ခြေပျက်နေတယ်လေ။ မသိဘူးလား''

''ဘာဖြစ်လို့လဲအမေ''

''မနက်ဘက်လည်းထွက်၊ တစ်ခါတလေ နေ့ခင်းဘက်လည်းထွက်၊ ညနေဘက်လည်းထွက်။ အသက်က ကြီးပြီ။ ဣန္ဒြေရရ ကိုယ့်အိမ်မှာကိုယ်သောက်တာ အရေးမကြီးဘူး။ အပြင်မှာ ထွက်ထွက်သောက်တော့ လမ်းမှာ လဲမယ်၊ ကြိုမယ်။ မခက်ဘူးလား''

''ဟာ ... အမေကလည်း၊ အဘခက်ကိုပူရအောင် ကလေးမှမဟုတ်တာ''

''ကလေးမဟုတ်လို့ ပြောရတာပေါ့ဟဲ့။ သူ့အသက်အရွယ်နဲ့ လမ်းမှာတစ်ခုခုဖြစ်ရင် လူကြားလို့ ကောင်းပါ့မလား''

''အမေရယ်''

''ဒီနေ့လည်း ဂနာမငြိမ်ဘူး။ တုတ်တစ်ချောင်းနဲ့ ရှမ်းဘောင်း

ဘီအနက်ဝတ်ပြီး ထွက်သွားလေရဲ့။ သူ့ကိုယ်သူ ကလေးများအောက်မေ့နေလားမသိဘူး''

ဩော် ... အမေက ထုံးစံအတိုင်း ပူပင်စိုးရိမ်တဲ့စကား။

ကျွန်တော်က ဖျတ်ဆို ဘုရားစင်အောက်က ချိတ်ကလေးတွေပေါ်တင်ထားတဲ့ ဆရာကိုင်တုတ်ကို လှမ်းကြည့်လိုက်တော့ တုတ်လည်း မရှိတော့တာ တွေ့လိုက်ရတယ်။

ဩော် ... အဘခက်က နယ်မြေကို ကြိုကြိုတင်တင် လေ့လာထားပြီး တိုက်ပွဲဝင်ဖို့တောင် အဆင်သင့်ဖြစ်နေပါလားလို့ နားလည်လိုက်တယ်။

''အမေရယ် ... အဘခက်က လူကြီးပဲဟာ''

''လူကြီးမို့ ပြောရဆိုရ ခက်နေတာပေါ့ဟဲ့။ ငါ့ထက်အငယ်သာဆိုရင် ငါ ခေါင်းကို ဆွဲဆွဲပြီးခေါက်တယ်''

''အဘခက် မူးပြီးအိပ်နေတုန်း ခေါက်ပါလား အမေရ''

''ဟဲ့ ... ဟဲ့ ... ငါ့ ထပြီးကန်မှာပေါ့။ အကန်ခံရတာက အရေးမကြီးဘူး။ ငါက ငရဲကြီးမှာ''

''ဟဲ ... ဟဲ ...''

ကျွန်တော်က ရယ်လိုက်တယ်။

ဩော် ... အမေစိတ်ကြည်လင်အောင် ပြောရတာပါ။ အမေစိတ်ချမ်းသာဖို့က အဓိကမဟုတ်လား။

ကျွန်တော် ကမန်းကတန်းပဲ ရေချိုးလိုက်ပါတယ်။

''လာပြန်ပြီ တစ်ယောက်။ အေးမောင် ... နင် ဒီနေ့ ရုံးပြန်တာ မစောဘူးလား''

''ဟုတ်ကဲ့ အဒေါ်။ ကိစ္စရှိလို့''





''ဘာ့ကိစ္စလဲဟဲ့။ ငါ့လည်း ပြောကြပါဦး။ တစ်ယောက်ကလည်း အစောကြီးပြန်လာပြီး ရေချိုးနေတယ်''

''သူငယ်ချင်းတစ်ယောက် မနက်ဖြန် မင်္ဂလာဆောင်မှာ။ ဒီည လူပျိုညပေါ့ အဒေါ်ရယ်။ သူ့ညစ်ခံပွဲ ကျွန်တော်တို့ကို ဖိတ်ထားလို့ပါ အဒေါ်ရယ်''

အေးမောင်ပြောရော ပေါက်တတ်ကရ။

''ဩော် ... ဒါကြောင့်ထင်တယ်။ ဟဲ့ ... ဟဲ့ ... နင့်ညစ်ခံပွဲက အစ်ကိုဘခက်ကိုပါ ဖိတ်ထားလို့လား''

''ဟာ ... အဘခက်ပါ ပါတာပေါ့ အဒေါ်ရ။ သူက အဓိကဆုံးမစကားပြောရမှာ''

''ဟင်း ... ကောင်းရော။ အစ်ကိုဘခက် ဆုံးမရင်တော့ အကုန်လုံး အရက်သမားတွေချည်းပဲ ဖြစ်ကုန်တော့မှာပဲ''

''ဟား ... ဟား ... ဟား ... အဲဒီတော့လည်း မူးပြီး ဘာမှမသိတော့ ကောင်းတာပေါ့ အဒေါ်ရာ''

''အေး ... မင်းလည်း မကောင်းဘူး''

''ဟား ... ဟား ... ဟား ...''

အေးမောင်က အမေနဲ့ ဟားတိုက်ပြီး ကျွန်တော့်ကိုလည်း အော်လိုက်တယ်။

''ဟေ့ကောင် ... စောငယ် ... မပြီးသေးဘူးလား။ မြန်မြန်လုပ်ကွ။ ငါလည်း ချိုးရဦးမယ်''

''ပြီးပါပြီကွာ''

ကျွန်တော်ရေချိုးပြီးတော့ အေးမောင် အမြန်ချိုးတယ်။

ကျွန်တော့်အခန်းထဲမှာ အဝတ်အစားလဲရင်း နှစ်ယောက်

အစီအစဉ်ကို ကျိတ်တိုင်ပင်ကြတယ်။ အမေကြားသွားရင် စိတ်ပူနေမှာလည်း စိုးရသေးတယ်။

နှစ်ယောက်စလုံး ဘောင်းဘီအနက်၊ တီရှပ်စပို့ရှပ်အနက်၊ ရှူးဖိနပ် အနက်ရောင်တွေဝတ်ပြီး အိမ်က ထွက်ခဲ့ကြတယ်။

ညနေ (၆)နာရီကျော်ကျော်လောက်ရှိပြီ။

ရဲစခန်းရောက်တော့ စခန်းမှူးဦးမြတ်စိုးနဲ့ ရဲအုပ်စောပိုင်၊ တပ်ကြပ်ကြီးနှစ်ယောက်နဲ့ ရဲသားသုံးယောက် ယူနီဖောင်းအပြည့်အစုံနဲ့ အသင့်အနေအထားမှာ ရှိနေကြတယ်။

ဒီအမှုမှာ အမှုကိုင်က ဒုရဲအုပ်စောပိုင်ပါ။

ကိုစောပိုင်က လူငယ်တယ်။ အသားဖြူဖြူ မျက်ခုံးကောင်းကောင်းနဲ့။ သွက်လက်ဖျတ်လတ်တယ်။ အမှုကြီး တော်တော်များများကို စုံစမ်းဖော်ထုတ်နိုင်တယ်။ ဒါကြောင့် စခန်းမှူးဦးမြတ်စိုးက သူ့ကို လက်စွဲထားတယ်။ အရေးကြီးတဲ့အမှုတွေဆိုရင် သူ့ကိုကိုင်ခိုင်းတယ်။

စခန်းမှူးဦးမြတ်စိုးကတော့ အရပ် အနည်းငယ်ရှည်တယ်။ ခန့်ခန့်ချောချော၊ အသားညိုတယ်။ အတွေ့အကြုံရင့်ကျက်သူ။ ဝါရင့်စခန်းမှူး။

စခန်းမှူးရုံးခန်းထဲမှာ ကျွန်တော်၊ အေးမောင်၊ စခန်းမှူးနဲ့ ဒုရဲအုပ်စောပိုင်တို့ ဆွေးနွေးကြတယ်။ အမှုကွင်းဆက်တွေကို ကိုစောပိုင်က ချိတ်ဆက်ပြတယ်။

''အခုပြဿနာက ဟိုနောက်ပိုင်းကဖြစ်ခဲ့တဲ့ ကျောင်းတော်ကရန်စနဲ့ တူတယ်ဆရာရဲ့။ ဦးဝေမိုးရဲ့ ဟစ်စထရီကို လိုက်ကြည့်တော့ အခု သူ ကောင်းရောင်းကောင်းဝယ်လုပ်နေတာ တွေ့ရတယ်။ ဟိုတုန်းကတော့ ရှမ်းပြည်ဘက်တက်ပြီး သနပ်ဖက်ကုန်တွေ ကူးတယ်





လို့ အထောက်အထားအစအနတော့ တွေ့ရတယ်။ သိပ်တော့ ခိုင်ခိုင်မာမာ မတွေ့ရဘူး။ သူနဲ့ဆက်သွယ်တဲ့သူတွေ လိုက်ကြည့်တော့လည်း တချို့ သေတဲ့သူသေ၊ အသက်ကြီးတော့ ပျောက်တဲ့သူတွေ ပျောက်ကုန်ပြီ။ အချိတ်အဆက် သိပ်မိမိရရ မတွေ့ရဘူး''

ကိုစောပိုင်က သူစုံစမ်းသိရှိသမျှ စခန်းမှူးကို ပြောသင့်တာတွေ တင်ပြတယ်။

''အေးဗျာ ... ကျုပ်တို့ ကြိုးစားပြီး ဖော်ထုတ်ကြည့်ရမှာပေါ့''

တစ်အောင့်လောက် ဆွေးနွေးကြပြီးတော့ ...

''ည ၁၁ နာရီ စထွက်မယ်။ ဆရာစောပိုင် အဆင်သင့်ပြင်ထားပါ''

စခန်းမှူးက အမိန့်ပေးပါတယ်။

''ဟုတ်''

ကျွန်တော်နဲ့အေးမောင် စခန်းထဲက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း အချိန်ကို စောင့်နေပါတယ်။

(၁၀) နာရီထိုးတော့ စခန်းမှူးက ပါဘလစ်ကား၊ (Police) လို့ ရေးထားတဲ့ အပြာရောင်ကားခေါင်းမှာ ထိုင်ပါတယ်။ နောက်ခန်းမှာက ဆရာစောပိုင်၊ တပ်ကြပ်ကြီးနှစ်ယောက်၊ ရဲသားသုံးယောက်၊ ရပ်ကွက်ထဲက ရပ်ကွက်လူကြီးနှစ်ယောက်အပြင် ကျွန်တော်နဲ့ အေးမောင်ပါ ပါလာကြပါတယ်။ ရပ်ကွက်လူကြီးတွေကတော့ ဆရာစောပိုင် စီစဉ်ထားတာပါ။

လမ်းမှာ ကားတစ်စီးစ၊ နှစ်စီးစပဲ ဖြတ်သွားဖြတ်လာ ရှိပါတယ်။ လရောင်ကလည်းမရှိတော့ လမ်းမှာ မီးတိုင်လေးတွေရှိတဲ့ နေရာ

လေးတင်ပဲ မီးရောင်ရှိပါတယ်။ ဒီအချိန်ဆိုတော့ လူလည်း ရှင်းနေပါ
တယ်။

သန်လျင်ကျိုက်ခေါက်ဘုရားလမ်းအတိုင်း ကားလေးက မှ
မှန်လေး မောင်းလာပါတယ်။

အောင်ချမ်းသာကုန်းထိပ်ကျော်တော့ ကားက အရှိန်ကလေ
နှေးသွားပါတယ်။ ကားလမ်းဘယ်ဘက်ခြမ်းကိုကပ်ပြီး ကားကိုရပ်လိုက်
ပါတယ်။

စခန်းမှူးဦးမြတ်စိုး ကားပေါ်က ဆင်းလိုက်ပါတယ်။ ရှေ့က
မီးကို မှိတ်ထားပါတယ်။

နောက်ကလူတွေလည်း အကုန်လုံးဆင်းပြီးတော့ စခန်းမှူး
ဦးမြတ်စိုးရဲ့အမိန့်ကို နာခံကြပါတယ်။ သူက အသံမတိုးမကျယ်နဲ့ ...

"ကဲ ... ကျွန်တော်တို့ ဒီကနေ စပြီး လက်ဝဲဘက်ခြံစည်း
ရိုးဘေးနားက ကပ်ပြီး လျှောက်မယ်။ ဒီကနေ ငါးခြံကျော်လောက်က
အိမ်ပဲ။ အဲဒီခြံစည်းရိုးထိပ်ရောက်ရင် စုရပ်။ အသံမထွက်ပါနဲ့။ ဟုတ်ပြီ
လား။ ကဲ ... ဆရာစောပိုင် ... စလုပ်"

စခန်းမှူးအမိန့်ပေးပြီးတော့ ဆရာစောပိုင်က သူ့ရဲ့တပ်ဖွဲ့ကို
အမိန့်တိုးတိုး ပေးပါတယ်။

မကြာမီ ရဲသားနှစ်ယောက်က ရှေ့ကနေ စလျှောက်ပါတယ်။

စခန်းမှူးနောက်က ကျွန်တော်၊ ကျွန်တော့်နောက်က အေး
မောင်၊ အေးမောင်နောက်က ကျန်လူများ။ ရှေ့ဆုံးက ဒုရဲအုပ် စောပိုင်
ပါ။

အောင်ချမ်းသာကုန်းထိပ်လွန်တော့ ကားလမ်းဘေးမှာ အရှေ့
ဘက်ကို လျှောကျနက်ရှိုင်းသွားတဲ့ လျှိုကလေးတစ်ခု ရှိပါတယ်။ အဲဒီ





လျှိုရဲ့ ဘယ်ဘက်အခြမ်းမှာ ခြံကြီးတွေရှိပါတယ်။ အဲဒီခြံဝင်းတွေထဲ
မှာ တိုက်အိမ်လေးတွေ၊ တဲလေးတွေ၊ ပျဉ်ထောင်အိမ်လေးတွေ ရှိပါ
တယ်။

ကျွန်တော်တို့အဖွဲ့က လျှိုရဲ့ဘယ်ဘက်ခြမ်း လမ်းဘေးလေး
ကနေ လျှောက်နေကြတာပါ။

လေးခြံကျော်လောက်ရောက်တော့ ဆရာစောပိုင်က ရှေ့က
နေ လက်ပြပြီး ရပ်လိုက်ပါတယ်။ ရှေ့ကသွားတဲ့ ရဲသားနှစ်ယောက်
လည်း ဟိုဘက်ဒီဘက် ဒူးထောက်ပြီး အခြေအနေကို ကြည့်နေကြ
တယ်။

ခြံနံပါတ်ငါးကတော့ ငြိမ်သက်နေပါတယ်။

"သတင်းအရ ဟိုရှေ့ကခြံ ဆရာ"

ဆရာစောပိုင်က စခန်းမှူးကို ပြောတယ်။

"ငြိမ်နေပါလားကွ"

"ဟုတ် ..."

အသံက တိုးတိုးလေး။

"ရှေ့ဆက်တက် ...။ ခြံပေါက်ဝမှာ နေရာယူ"

"ဟုတ် ..."

ဆရာစောပိုင်က ရှေ့ကိုသွားပြီး ရဲသားနှစ်ယောက်ကို ညွှန်
ပြားတယ်။

ရဲသားနှစ်ယောက် ရှေ့ဆက်သွားပြီး ခြံစည်းရိုးတိုင်တစ်ဖက်
စီချက်စီ နေရာယူလိုက်ကြတယ်။

စခန်းမှူးက လက်ပြတော့ ကျွန်တော်တို့ ငြိမ်သက်စွာ ဆက်
လျှောက်လာကြတယ်။

ဟုတ်ပါတယ်။ ခြံဝန်းက ပေတစ်ရာကျော်လောက် ရှိပါတယ်။ ခြံလယ်မှာ တစ်ထပ်တိုက်ပုလေးတစ်လုံးပါ။ ခြံတွင်းမှာ သရက်ပင်၊ သီဟိုဠ်ပင် လေးငါးပင်လောက်ရှိပြီး အရိပ်တွေကလည်း ကောင်းလှပါတယ်။

ခြံဂိတ်ပေါက်က ဆယ်ပေလောက်ကျယ်ပြီး သံတံခါးနဲ့ပါ။ ဝင်းထရံအုတ်တံတိုင်းက လေးပေလောက်ရှိပါတယ်။ တံခါးပေါက်အုတ်တိုင် တစ်ဖက်တစ်ချက်စီမှာ မီးအပိုင်းအဖြူလေး ထွန်းထားပါတယ်။ မီးရောင်က အားသိပ်မကောင်းပါ။ ခြံတံခါးက သော့ခလောက်ချိတ်ထားပေမယ့် ဟသလို ရှိနေပါတယ်။

ခြံပေါက်ဝရောက်တော့ စခန်းမှူးအမိန့်အရ ဆရာစောပိုင်က ခြောက်လုံးပြူးသေနတ်ကိုင်ပြီး စဝင်ပါတယ်။

ခြံတံခါးကို တွန်းဖွင့်လိုက်တယ်ဆိုရင်ပဲ ပွင့်သွားပါတယ်။ စခန်းမှူးနဲ့ ကျွန်တော်တို့ပါ နောက်က ဝင်လိုက်သွားပါတယ်။ ရှေ့လေးငါးလှမ်းလောက်မှာ ဆရာစောပိုင်က ရပ်လိုက်ပါတယ်။ သူ့လက်ထဲမှာပါတဲ့ ဓာတ်မီးလေးနဲ့ အချက်ပြပြီး ခေါ်လိုက်ပါတယ်။

စခန်းမှူးနဲ့ ကျွန်တော်တို့ သူခေါ်ရာဆီကို ကပ်သွားပါတယ်။ ကျွန်တော်တို့ရှေ့မှာ လူနှစ်ယောက်လဲနေပါတယ်။

တစ်ယောက်က မှောက်လျက်။

တစ်ယောက်က ဘေးစောင်း။

ဆရာစောပိုင် လက်ရိပ်ပြလိုက်တော့ တပ်ကြပ်ကြီး နှစ်ယောက်က လဲနေတဲ့လူတွေကို လက်ထိပ်ခတ်ပြီး ဖြစ်နေပါတယ်။

စခန်းမှူးက မှောက်နေတဲ့သူရဲ့ ဆံပင်ကိုဆွဲပြီး သူ့လက်ထဲက လက်နှိပ်မီးလေးနဲ့ ထိုးကြည့်လိုက်ပါတယ်။





"ဟာ ...ဘီယာဆိုင်မှာ ငါ့ကို မိုက်ကြည့်ကြည့်တဲ့ကောင်တွေ။ ဟုတ်တယ်။ နှုတ်ခမ်းမွေးသဲ့သဲ့နဲ့"

အေးမောင်က ကျွန်တော့်နားကိုကပ်ပြီး တိုးတိုးလေး ပြောပါတယ်။ ကျွန်တော်က စခန်းမှူးကို ပြောပါတယ်။

အဲဒီအချိန်မှာ တိုက်ခန်းဆင်ဝင်အောက်နားလောက်က ဆရာစောပိုင် မီးရောင်ပြခေါ်နေလို့ စခန်းမှူးက လက်ထိပ်ခတ်ထားပြီး လဲနေတဲ့သူတွေနားမှာ ရဲတပ်သားတစ်ယောက်ကို အစောင့်ထားခဲ့ပြီး မီးရောင်လာရာကို ကျန်သူများ သွားကြရပါတယ်။

တိုက်က ဘီလပ်တံခါးသော့ ခတ်ထားပါတယ်။ တိုက်တစ်ခုလုံး မှောင်နေပါတယ်။

စခန်းမှူးက သူ့မီးလေးနဲ့ တိုက်ထဲလိုက်ထိုးကြည့်လိုက်တော့ လူရိပ်အစအန မတွေ့ရပါ။ စားပွဲ၊ ကုလားထိုင်တွေသာ တွေ့ရပါတယ်။ အခန်းဝမှာ ရှူးဖိနပ်၊ ကင်းဘတ်ဖိနပ် သုံးလေးရံတော့ တွေ့ရပါတယ်။

ဆရာစောပိုင်က ခြေရင်းဘက် တိုက်နံရံဘေးကနေ မီးပြခေါ်တော့ ကျွန်တော်တို့ တိုက်ဘေးနားကို ရောက်သွားပါတယ်။

တိုက်ဘေးနားမှာက မြက်ခင်းလေးတစ်ခု ရှိပါတယ်။

မြက်တောကလေးက အနည်းငယ်ထူပါတယ်။ မြက်ခင်းလေးနားလောက်မှာ မီးရောင်တန်းပျပျလေး ထွက်နေတာကို ကိုဇောပိုင်က သူ့မီးလေးနဲ့ ထိုးပြပါတယ်။

ကျွန်တော်တို့ ငေးကြည့်နေတုန်း မြက်ခင်းအစပ်နားလောက်က မီးအလင်းရောင် ပေါ်လာတယ်။ စခန်းမှူး လက်ပြသတိပေးချက်အရ ကျွန်တော်တို့ တိုက်နံရံဘေးကို ပြေးကပ်လိုက်ကြတယ်။

တိုက်ဆင်ဝင်ဘက်ကနေ မြက်ခင်းဘက်ကိုသွားတဲ့ မြေလမ်း

ကလေးတစ်ခုရှိပါတယ်။ လမ်းကလေးဘေးမှာ သရက်ပင်ကြီးတစ်ပင်ရှိပါတယ်။

ကျွန်တော်တို့ ငေးကြည့်နေတုန်းမှာပဲ စောစောက မြက်ခင်းနားဆီက မီးရောင်ဟာ တဖြည်းဖြည်း ကျယ်လာပါတယ်။

မြေအောက်က တံခါးချပ်လေး ပွင့်လာပြီး ဗလကောင်းကောင်း၊ ဂင်တိုတိုလူတစ်ယောက် ထွက်လာပါတယ်။ ဘေးဘီဝဲယာကို အကဲခတ် ကြည့်နေတဲ့ပုံပါပဲ။

သူ့ခြေထောက်ဘေးက တံခါးချပ်ကလေးကလည်း ပြန်ပိတ်သွားပါတယ်။

ကျွန်တော်တို့လူသိုက်ကတော့ စခန်းမှူးဦးမြတ်စိုး ညွှန်ကြားချက်အရ နံရံဘေးမှာ ရှေ့ကပန်းအိုးလေးတွေကွယ်ပြီး အလျားမှောက်ပြီး စောင့်ကြည့်နေကြပါတယ်။

စခန်းမှူးဦးမြတ်စိုးက ပန်းအိုးထဲက ခဲလုံးလေးတစ်လုံးကို နှိုက်ယူပြီး ဆင်ဝင်အောက်ဘက်ကို ပစ်ပေါက်လိုက်ပါတယ်။

"ဒေါက် … ဒေါက် … ဒေါက်"

ဆင်ဝင်အောက်မှာ ခဲလုံးကလေးက တဒေါက်ဒေါက်နဲ့ ထိမိသွားသံ ကြားရပါတယ်။

မြေအောက်က ထွက်လာတဲ့သူက သူ့ဘောင်းဘီအိတ်ထဲက အရာတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။

ကြယ်ရောင်လေးတွေကြောင့် မှုန်ဝါးဝါးသာ မြင်ရပါတယ်။

မြေအောက်က တက်လာတဲ့လူက လက်ထဲမှာ ခြောက်လုံးပြူး ကိုင်ပြီး ဆင်ဝင်အောက်ကို အားစိုက်ကြည့်ကာ တစ်လှမ်းချင်း လျှောက်လာပါတယ်။





စခန်းမှူး ဦးမြတ်စိုးက လူကိုခေါ်ထုတ်လိုက်တဲ့ နည်းပရိယာယ်ကို သုံးလိုက်တာပါ။ သူက ဆရာစောပိုင်ကို လက်ပြပြီး တားထားပါတယ်။

အဲဒီအချိန်မှာ …

"ဝိုး …"

"ဘုန်း …"

"ဒေါက် …"

"ဘိုင်း "

ဆိုတဲ့အသံတွေ တစ်မဟုတ်ချင်းထွက်လာပြီး သရက်ပင်ဘေးက လူတစ်ယောက် ခုန်ပျံပြီး ထွက်လာပါတယ်။

'ဝိုး' ဆိုတဲ့ အသံနဲ့အတူ 'ဘုန်း' ဆို မြေအောက်လူသားရဲ့ ရင်ဘတ်ကို ကန်ထည့်လိုက်တာ တွေ့ရပါတယ်။ တစ်ချိန်တည်းမှာ လက်ကိုရိုက်ချလိုက်တဲ့အတွက် သူ့လက်ထဲမှာ ကိုင်ထားတဲ့သေနတ်လည်း 'ဒေါက်' ဆို မြေပေါ်ကို ကျသွားပါတယ်။ သူ့ခန္ဓာကိုယ်ကြီးကလည်း မြေပေါ်ကို 'ဘိုင်း'ခနဲ ကျသွားပါတယ်။

စခန်းမှူးနဲ့ ကျွန်တော်တို့အဖွဲ့ ချက်ချင်းဆိုသလို သူတို့အနီးကို ရောက်သွားပါတယ်။

လဲသူဘေးမှာ မုဆိုးဒူးထောက်ထိုင်ပြီး လဲနေသူရဲ့ လည်စေ့ကို ညှစ်ထားသူက …

"ဟာ … အဘခက်"

ကျွန်တော်က တိုးညင်းစွာ ခေါ်လိုက်ပါတယ်။

ရဲတပ်ကြပ်ကြီးက လဲသူကို လက်ထိပ်ခတ်လိုက်ပါတယ်။

အဘခက်က လက်တစ်ဖက်က ကိုင်ထားတဲ့တုတ်နဲ့ မြေအောက်တံခါးပေါက်ဆီကို ထိုးပြနေပါတယ်။

ဆရာစောပိုင်က သူ့မှာပါလာတဲ့ ပလာစတာနဲ့ လဲနေသူရဲ့ ပါးစပ်ကို ပိတ်ပြီးသား ဖြစ်နေပါတယ်။

"အဘခက် ... ရလား။ ဘာဖြစ်သွားသေးလဲ"

အေးမောင်က စိုးရိမ်စွာနဲ့ မေးပါတယ်။

"ရတယ်"

အဘခက်က ပြန်ပြောတယ်။

ကျွန်တော်တို့အုပ်စု မြေအောက်တံခါးနား ရောက်သွားကြပြီ။ စခန်းမှူးဦးမြတ်စိုးက မြက်ခင်းအလယ်လောက်က မီးရောင်ကို လက်ညှိုးထိုးပြလိုက်ပြီး ...

"မြေအောက်ခန်းဆိုရင် လေပေါက်ရှိမယ်"

သူက တိုးတိုးလေး ကျွန်တော့်ကို ကပ်ပြောတယ်။

သူက ထွက်ပြီးသားကိုး။

"ဆရာစောပိုင် ..."

"ဟုတ် ..."

"နောက်သုံးမိနစ်မှာ ဆင်းမယ်။ ငါးမိနစ်မှာ စီးမယ်"

"ဟုတ် ..."

သူတို့ နာရီတိုက်တယ်။

"ဆရာနဲ့ ရဲတပ်ကြပ်ကြီး ... ငါနဲ့လိုက်"

စခန်းမှူး ဦးမြတ်စိုးက ဦးဆောင်ပြီး ကျွန်တော်ရယ်၊ တပ်ကြပ်ကြီးတစ်ယောက်ရယ် သူ့နောက်က တကုန်းကုန်းနဲ့ လိုက်သွားတယ်။

မြက်ခင်းအလယ် မီးရောင်လေးနားရောက်တော့ စခန်းမှူး





က လက်ကလေးနဲ့ ဟိုစမ်းဒီစမ်း စမ်းပြီး သူ့ခါးပတ်ထဲက ဓားကို ဆွဲထုတ်လိုက်ပြီး သံဆန်ခါကိုချိတ်ထားတဲ့ ချိတ်ကလေးနှစ်ဖက်ကို ဟထုတ်လိုက်ပြီး သံဆန်ခါအပေါ်မှာ ဖုံးထားတဲ့ ပလတ်စတစ်အစကို ဖယ်လိုက်တယ်။ နောက်ပြီး သံဆန်ခါအဖုံးကို မ,လိုက်တယ်။ အောက်မှာ အတွင်းကိုဆင်းတဲ့ လိုဏ်ခေါင်းပေါက်။ နှစ်ပေပတ်လည်လောက်ရှိတယ်။

စခန်းမှူး ဦးမြတ်စိုးက နာရီကိုကြည့်တယ်။

"ဆင်းမယ် ... ဆရာ"

လိုဏ်ခေါင်းဘေး တစ်ဖက်တစ်ချက်မှာရှိတဲ့ သံလှေကားကလေးကနေပြီး သူက စပြီး ဆင်းသွားတယ်။ လက်တစ်ဖက်က ပစ္စတိုလေး ကိုင်လို့။

ကျွန်တော်က ဒုတိယ။ ကျွန်တော့်နောက်က တပ်ကြပ်ကြီး စိန်လှ။

လိုဏ်ခေါင်းဆုံးတော့ လူတစ်ယောက် တွားပြီးသွားလို့ရတဲ့ သံဆန်ခါလမ်းကြောင်း။

ကျွန်တော်တို့ရှေ့နားမှာက မီးအလင်းရောင်ဖြာထွက်နေတဲ့ နှစ်ပေပတ်လယ်လောက်ရှိတဲ့ သံဆန်ခါပေါက်။ ရှေ့ငါးပေလောက်အကွာမှာကလည်း မီးရောင်ထွက်နေတဲ့ သံဆန်ခါပေါက်တစ်ပေါက်။

ပထမ အဆင်းလိုဏ်ခေါင်းပေါက်နားက မီးရောင်ထွက်နေတဲ့ သံဆန်ခါအောက်ကို ငုံ့ကြည့်လိုက်ကြတယ်။

ခုတင်ပေါ်မှာ ...

အပေါ်အင်္ကျီတွေမပါ။ ဘရာစီယာအပါးလေးတော့ ပါတယ်။ အတွင်းခံစကတ်ပန်းရောင်နဲ့ အမျိုးသမီး ခပ်တောင့်တောင့်လေးတစ်ယောက် ပက်လက်လှန်ပြီး စာအုပ်တစ်အုပ် ဖတ်နေတယ်။

ခုတင်ဘေးက စားပွဲပေါ်မှာက ...

ဖန်ခွက်နှစ်လုံး၊ အမြည်းပန်းကန် အသားကြော်ပန်းကန် နှစ်ပန်းကန်၊ ရေသန့်ပုလင်း။

ခြေရင်းဘက်ပိုင်းမှာက ရေခဲသေတ္တာ၊ အဝတ်လှန်းတဲ့ တန်းအောက်ပိုင်းမှာ အမျိုးသမီးဝတ် ကွာတားဘောင်းဘီလေးက လှန်းလျက်သား။

အခန်းတံခါးက ပိတ်ထားတယ်။ စားပွဲပေါ်က ဖွင့်ထားတဲ့ ပန်ကာကတော့ လည်လျက်။

''ဆရာ ... ရှေ့မှာ ...''

စခန်းမှူးဦးမြတ်စိုးက ခပ်လှမ်းလှမ်းက မီးလင်းနေတဲ့ သံဆန်ခါပေါက်ကို လက်ညှိုးထိုးပြပြီး တိုးတိုးလေးပြောတယ်။

သံတန်းတွေကိုနင်းပြီး ကုန်းကွကွနဲ့ ကျွန်တော်တို့ မီးရောင်ရှိရာ ဆန်ခါပေါက်ဆီကို သွားကြတယ်။

''ငါ့တပည့်ကြီးကို ဆုမပေးရသေးဘူး။ ဆုပေးရဦးမယ်။ ဟဲဟဲ ...''

အသံကို အရင်ကြားတယ်။ အောက်ကိုကြည့်လိုက်တော့ ..

ကျွန်တော်တို့ အောက်တည့်တည့် စားပွဲတစ်လုံးမှာ ဆိုဖာ၊ ကုလားထိုင်၊ ဆုံလည်ထိုင်ခုံပေါ်မှာ ဗိုက်ဗိုက်ဗိုက်၊ ထိပ်ပြောင်ပြောင်၊ ရွှေကိုင်းမျက်မှန်တပ်ပြီး အသားဖြူဖြူနဲ့ လူကြီးကြီးတစ်ယောက်ထိုင်ပြီး ပါးစပ်အပြဲသားနဲ့ တဟဲဟဲ လုပ်နေတယ်။ လက်ထဲမှာက အရက်ခွက်ကိုင်ထားတယ်။ စပို့ရှပ် အနီရောင်အသွေးကျကျကို ဝတ်ထားပြီး ဘောင်းဘီရှည်အပြာရောင်က ပြောင်လက်နေတယ်။





စားပွဲပေါ်မှာက အမြည်းပန်းကန်။ အသားလုံးကြော်တစ်ခုခုနဲ့ တူပါတယ်။

''မင်း ပစ္စည်းကို ဘယ်လိုထားလိုက်လဲကွ။ ပြောပါဦး''

''ဟုတ်ကဲ့ ဆရာကြီး''

သူ့ရှေ့တည့်တည့်မှာ ဆံပင်ရှည်ရှည်ကုပ်ဝဲနဲ့ လက်တိုစပို့ရှပ်ဝတ်ထားတော့ သူ့အင်္ကျီလက်မောင်းအောက်စက ထိုးထွက်နေတဲ့ လက်မောင်းကအရုပ်တွေက လက်နှစ်ဖက်လုံး အထင်းသားနဲ့ ဗလကောင်းကောင်း၊ ခပ်တောင့်တောင့်လူတစ်ယောက် ရပ်နေတယ်။

''ပြောပါကွ ... ကျွဲညို့ရ။ ပစ္စည်းကို ဘယ်လိုပို့ခဲ့သလဲ''

ဆရာကြီးက ကြားချင်နေပုံရတယ်။

ကျွဲညို့ဆိုတဲ့သူက ဆရာကြီးကို ကြည့်လိုက်ပြီး ...

''ကျွန်တော် အိမ်အခြေအနေကို လေ့လာပါတယ် ဆရာကြီး။ နေ့ခင်းဘက်က ဝင်းထရံတံခါးက အမြဲပိတ်ထားတော့ ဝင်ဖို့မလွယ်ပါဘူး။ ဒါနဲ့ ညဘက် နောက်ဖေးဘက်မှာရှိတဲ့ မန်ကျည်းပင်ကြီးပေါ်တက်ပြီး အိမ်ထဲကို ပစ်ချခဲ့တာပါ''

''အိမ်ထဲကို ရောက်အောင်ပို့နိုင်ရင် ပိုကောင်းမယ်ကွ''

ဆရာကြီးက အားမလို အားမရ။

''အိမ်က တံခါးတွေပိတ်ထားတော့ ကားဂိုဒေါင်ရှေ့ကိုပဲ ပစ်ချလိုက်ရတယ် ဆရာကြီး''

''အေး ... ဘာပဲဖြစ်ဖြစ် ဒီကောင်တော့ အချုပ်နန်း စံနေရပြီပေါ့ကွာ။ နောက်ဆို ထောင်နန်းပါစံပြီး ထောင်ထဲမှာ ခွေးသေဝက်သေ သေမှာပဲ။ ငါ့ပစ္စည်းတွေကို ဖြောင်သွားတဲ့ကောင်။ နည်းတောင်နည်းသေးတယ်''

ဆရာကြီးက အားရကျေနပ်တဲ့ဟန်နဲ့ သူ့လက်ထဲက အရက်ကို တစ်ကျိုက်မော့လိုက်တယ်။ ဖန်ခွက်ကို စားပွဲပေါ်မှာ ပြန်ချပြီး အသားတုံးလေးတစ်တုံး တူနဲ့ညှပ်နေတယ်။

"ဘယ်တုန်းကလဲ ဆရာကြီး။ တပည့်ကြီးတောင် မသိလိုက်ရပါလား"

"ဟဲ ... ဟဲ ... ဒါက မင်းတို့ မသိသေးဘူးလေကွာ။ ဟိုတုန်းက ရှမ်းပြည်ကနေ ငါပစ္စည်းတွေ သယ်တုန်းက သူ့သနပ်ဖက်အိတ်ထဲကို ပစ္စည်းတွေ ထည့်ပေးလိုက်တာ။ ဒီကောင် သယ်လာပြီး ပစ္စည်းတွေကို ဖြောင်ပစ်လိုက်တယ်။

ငါနဲ့စာရင်းရှင်းတော့ လမ်းမှာပဲ မန္တလေးဂိုဏ်းက ဖြတ်နိုက်ထားလိုက်သလိုလို၊ ရန်ကုန်ကဂိုဏ်းက ဖြတ်သုတ်သွားသလိုလို မလိမ့်တစ်ပတ်လုပ်တယ်။ သူ့သနပ်ဖက်အိတ် အပေါက်အပြဲတွေပဲ ပြတယ်။ အခု ဒီကောင့်ကို ရာဇဝင်ကြွေး ပြန်ဆပ်ရတာ။ ဟား ... ဟား"

"စောစောက ပြောရောပေါ့ ... ဆရာကြီးရယ်။ ကျွန်တော် အပြတ်ရှင်းပစ်တာပေါ့"

ရှူးဖိနပ်အနက်ရောင်ဝတ်ထားတဲ့ သူ့ခြေထောက်နှစ်ချောင်းကို စားပွဲပေါ်မှာ တင်လိုက်တယ်။

"ဟဲ ... ဟဲ ... အချိန်မကျသေးဘူးလေကွာ။ အချိန်ကျတော့ လာမှာပေါ့။ အေး ... မှတ်ထား။ ငါ့ကို သစ္စာမဲ့တဲ့သူတွေဆိုရင်တော့ ထိုက်သင့်တဲ့ပြစ်ဒဏ်ပဲ။ ငါ့အကြောင်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ် ဆရာကြီး"

ကျွဲညိုဆိုတဲ့သူက ဆရာကြီးဆိုတဲ့သူကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ဆိုသလိုပါလား။

---

စိတ်ကူးသစ်စာပေ



"အေး ... မင်းဆောင်ရွက်ချက်အတွက် ဆုအနေနဲ့ ..."

ပြောပြောဆိုဆို ဆရာကြီးဆိုသူက လက်ဝဲဘက်ရှိ အံဆွဲလေးကို ဆွဲဖွင့်ပြီး တစ်ထောင်တန်အုပ် အထပ်လိုက် နှိုက်နေတုန်း ...

"ဒုန်း ... ဒုန်း ..."

"ဟော့ ... တံခါးဖွင့်။ မင်းတို့ကို ငါတို့ပြည်သူ့ရဲတွေ ဝိုင်းထားပြီပြီ"

ဒုရဲအုပ်စောပိုင်ရဲ့အသံက တံခါးခေါက်သံနဲ့အတူ ထွက်လာတယ်။

ဒီအချိန်မှာ စခန်းမှူးဦးမြတ်စိုးက နာရီကိုကြည့်ပြီး ခေါင်းကလေး တစ်ချက်ညိတ်တယ်။ ကျွန်တော်တို့ ရှေ့က သံဆန်ခါကလည်း စခန်းမှူးဦးမြတ်စိုးက ဖွင့်ပြီးနေပါပြီ။

ကျွန်တော်တို့ အောက်တည့်တည့် လေးပေလောက်မှာရှိတဲ့ ဆရာကြီးနဲ့ ကျွဲညိုကြီး ဖြုန်းဆို ပြူးပြူးပျာပျာ ဖြစ်သွားတယ်။

ဆရာကြီးက ညာဘက်အံဆွဲကိုဖွင့်ပြီး ဆင်စွယ်ရောင်လက်ကိုင်လေးတပ်ထားတဲ့ ခြောက်လုံးပြူးလေးကို ဆွဲထုတ်ပြီး မောင်းတင်လိုက်တယ်။

တပည့်ကြီး ကျွဲညိုက အဝတံခါးဘက်ကို မျက်နှာမူပြီး သူ့ဆရာကြီးကိုကျောပေးကာ သူ့ရှေ့တည့်တည့်က ကာရပ် ရပ်လိုက်တယ်။ ဆရာကြီးက တံခါးဝကို သေနတ်နဲ့ချိန်ပြီးသား။

"မဖွင့်ဘူးလား"

"တစ် ..."

"နှစ် ..."

"သုံး ..."

---

စိတ်ကူးသစ်စာပေ

"ဒိန်း ... ဒိန်း ... ဒိန်း ..."

တံခါးသော့ခလောက်နေရာမှ သေနတ်သံသုံးချက် ထွက်လာတယ်။

တံခါးဝလေး ဟတတ ဖြစ်သွားတယ်။

စခန်းမှူးက ကျွန်တော့်ကို ကြည့်လိုက်တယ်။

ကျွန်တော်က စခန်းမှူးကို လက်သီးဆုပ်ပြပြီး သံဆန်ခါပေါက်ကနေ ဖောက်ထိုးခုန်ဆင်းလိုက်တယ်။

သေနတ်ကိုင်ထားတဲ့လက်ကို လိမ်ပြီး ချိုးပြီးသား။

ဆရာကြီးရင်ဘတ်ကို တံတောင်တစ်ချက်ပေးပြီးသား။

"ဒေါက် ..."

"အုံး ..."

"ဘုန်း ..."

ဆရာကြီးလက်ထဲကသေနတ် ကြမ်းပြင်ပေါ်ကို ကျသွားတယ်။ ဆရာကြီး ရင်ဘတ်ကိုဖိပြီး နောက်ကို လဲကျသွားတယ်။ ကျွန်တော်လည်း ကြမ်းပေါ်ကို ဆရာကြီးဘေးမှာ ကျသွားတဲ့အချိန်မှာပဲ ...

"ဘုန်း ..."

"အား ..."

"ဖုန်း ..."

စခန်းမှူးဦးမြတ်စိုးက ကျွဲညိုကြီးရဲ့ကုပ်ကို ခြေထောက်နဲ့ ကန်ပြီးသား ...။

ကျွဲညိုကြီး အားခနဲအော်ပြီး ကြမ်းပြင်ပေါ်ကို မှောက်လျက် လဲကျပြီးသား ...။

"ဘုန်း ..."





"ချောက် ..."

တပ်ကြပ်ကြီးက ခုန်ချလာပြီး ကျွဲညိုကြီးကို လက်ထိပ်ခတ်ပြီးသားဖြစ်နေပါတယ်။ အဖြစ်အပျက်တွေက တစ်ပြိုင်တည်းလိုလို လျင်မြန်လှပါတယ်။

စခန်းမှူးဦးမြတ်စိုးက ဆရာကြီးကို သေနတ်နဲ့ ချိန်ထားပါတယ်။

အခန်းပေါက်ဝက ဆရာစောပိုင်တို့အဖွဲ့လည်း ဝင်လာကြပါတယ်။

ဟိုဘက်ခန်းက အမျိုးသမီးပါ စကတ်တန်းလန်းနဲ့ ပါလာပါတယ်။

ပက်လက်လန်လဲနေတဲ့ ဆရာကြီးကို ဆရာစောပိုင်က လက်ထိပ်ခတ်လိုက်ပါတယ်။

"ဆရာစောပိုင် ..."

"ဟုတ် ..."

"ဆက်ပြီး လုပ်စရာရှိတာ လုပ်ပါ"

"ဟုတ် ..."

စခန်းမှူးဦးမြတ်စိုးက အမိန့်ပေးပါတယ်။ ဆရာစောပိုင်က ဆက်လက်လှုပ်ရှားပါတယ်။

"ဆရာ ... ဘာဖြစ်သွားသေးလဲ"

စခန်းမှူး ဦးမြတ်စိုးက ကျွန်တော့်ကို မေးပါတယ်။

"ရပါတယ် ဆရာရယ်။ ပွန်းရုံလောက်ပါ"

"တော်သေးတာပေါ့"

အဲဒီအချိန်မှာ တပ်ကြပ်ကြီးရယ်၊ ရဲသားတစ်ယောက်ရယ်၊ အေးမောင်ရယ်က ဖက်ကျုံးနေတဲ့တစ်ယောက်နဲ့ ခြေထောက်ထော့နဲ့ ထော့နဲ့ လူတစ်ယောက်ကို လက်ထိပ်ခတ်ပြီး အခန်းထဲကို ခေါ်လာပါတယ်။

"ဒါ ... အခန်းဝမှာ စောင့်နေတဲ့ တရားခံနှစ်ယောက်ပါ ဆရာ။ ဒီဆရာ့လက်ချက် နည်းနည်းမိသွားပါတယ်"

တပ်ကြပ်ကြီးက အေးမောင်ကို လက်ညှိုးထိုးပြပြီး ပြောပါတယ်။

"အေး ... ဆက်လုပ်"

စခန်းမှူးက အမိန့်ပေးပါတယ်။

သူတို့နှစ်ယောက်ကို ထိုင်ခိုင်းထားပါတယ်။

"စောငယ် ... မင်း ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး။ ရပါတယ်"

"အေး ... ငါလည်း ဘာမှမဖြစ်ဘူး။ လက်နည်းနည်းထိသွားတယ်"

သူ့လက်ဖျံမှာ လေးလက်မလောက် ဓားဒဏ်ရာလေးက သွေးတွေထွက်နေတယ်။

"အေးမောင် ... မင်း ရရဲ့လ

"ဒီလောက်တော့ ရပါတယ်ကွာ။ သူ ဓားနဲ့တွက်တာကို ငါ ရှောင်လိုက်တာ နည်းနည်းလေး ပွတ်ထိသွားတာပါ။ အပေါက်စောင့်နှစ်ယောက်လေကွာ။ ဟာ ... ဒါနဲ့ အဘခက်"

"အေး ..."

ကျွန်တော်က အဘခက်ကို တွေးပူလိုက်တယ်။





ဆရာစောပိုင်တို့အဖွဲ့က ပစ္စည်းရှာ၊ ပစ္စည်းသိမ်းတဲ့အလုပ်တွေ ဆက်လုပ်နေကြတယ်။

"စခန်းမှူးကြီး ... အဘခက်ကို သွားကြည့်ချင်တယ်"

"ဩော် ... ဟုတ်သားပဲ"

ကျွန်တော်၊ အေးမောင်နဲ့အတူ စခန်းမှူးကြီးပါ မြေအောက်လှေကားလေးကနေ အပြေးကလေး တက်လာခဲ့တယ်။

အပေါ်ရောက်တော့ လဲနေတဲ့ တရားခံနဲ့ အစောင့်ရဲသားတစ်ယောက်ကိုသာ တွေ့ရတယ်။

"ဟိုအဘိုးကြီးရော"

စခန်းမှူးကြီးက မေးလိုက်တယ်။

"ပြန်မယ်ဆိုပြီး ပြန်သွားပြီဆရာ။ ခြံစည်းရိုးမှာစောင့်နေတဲ့ အစောင့်နှစ်ယောက်ကို သူရှင်းလိုက်တာတဲ့"

"ဩော် ..."

စခန်းမှူးကြီးက အခြေအနေကို သုံးသပ်လိုက်တယ်။

"ဆရာတော့ အမှုမလိုက်ရဘဲ နာမည်ကြီးဦးတော့မှာပဲ"

ကျွန်တော့်ကို စသလိုလိုနဲ့ ပြောပါတယ်။

"ဒီလိုပဲပေါ့ ဆရာရယ်"

သူနဲ့ ကျွန်တော်က အဓိပ္ပာယ်သိစွာ ပြုံးလိုက်တယ်။

အဘခက် မှောင်ထဲမှာ ဘယ်လိုပြန်သွားပါလိမ့်။

"ကဲ ... စခန်းမှူးကြီး ကျွန်တော်ပြန်မယ် ဆရာ"

ကျွန်တော်က နှုတ်ဆက်လိုက်ပါတယ်။

"ကျန်တာတွေ ကျွန်တော်တို့ လုပ်စရာရှိသေးတယ် ဆရာရေ"

စခန်းမှူးကြီးက ဝမ်းသာအားရအမူအရာနဲ့ ပြန်ပြောပါတယ်။

"မနက်ကျမှပဲ တွေ့ကြတာပေါ့ ဆရာ"

"ဟုတ်ကဲ့ ...။ စခန်းကိုသာ လာကြပါ ဆရာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

စခန်းမှူးကြီးနဲ့ ကျွန်တော်က ပညာသည်များပီပီ အဓိပ္ပာယ်ရှိစွာ ပြောလိုက်တာကို နှစ်ယောက်လုံး သဘောပေါက်ပါတယ်။

ကျွန်တော်နဲ့အေးမောင် မူးယစ်ရာဇာရဲ့ ခြံကြီးထဲက ထွက်လာ ခဲ့ကြပါတယ်။

✿ ✿ ✿

[ ၄၁ ]

❑

'ကဲ့ကော်မြိုင်'ကို ရောက်တော့ မနက်လေးနာရီကျော်ကျော်လောက် ရှိနေပါပြီ။

ထူးဆန်းတဲ့မြင်ကွင်းကို တွေ့လိုက်ရပါတယ်။

ဌာနပဲအတိုင်း အဘခက်က သူ့ဒရင်းဘက်ပေါ်မှာ အကျီကျွတ်နဲ့ ထိုင်နေပါတယ်။

ဘယ်လက်မောင်းမှာ ပတ်တီးစည်းထားပါတယ်။

ထူးခြားတာက သူထိုင်ခုံရှေ့ ခုံလေးပေါ်မှာ နွားနို့ဖန်ခွက်ကြီးကြီးတစ်လုံး တွေ့ရပါတယ်။

ရောက်မဆိုက်ဘဲ ကျွန်တော်နဲ့အေးမောင် အဘခက်ဒရင်းဘက်နားမှာ တစ်ဖက်တစ်ချက် ရောက်သွားပါတယ်။

"ဟာ ... အဘခက် ... ဘာဖြစ်သွားသေးလဲဟင်"

ကျွန်တော်က စိုးရိမ်တကြီး မေးလိုက်ပါတယ်။

"အဘခက် ... ဒဏ်ရာ အတော်များသွားလား"

အေးမောင်ကလည်း မေးပါတယ်။

"မင်းတို့ အဆင်ပြေရဲ့လား"

အဘခက်က ပြန်မေးတယ်။

"ဟုတ်ကဲ့ ...။ ပြေပါတယ် အဘခက်"

ကျွန်တော်က ပြန်ပြောတယ်။

"တရားခံပေါ်ရဲ့လား"

"ပေါ်ပါပြီး အဘ"

"အေး ..."

"အဘခက် ဘယ်ထိသွားလဲဟင်။ ပြောပါ ... အဘခက်ရဲ့"

အဘခက်က သူ့ဒဏ်ရာ သူမပြောဘဲ အမှုကိစ္စကိုသာ မေးနေတဲ့အတွက် အေးမောင်က စိတ်မရှည်တော့တဲ့ပုံစံနဲ့ မေးတယ်။

"ဒါက အရေးမကြီးပါဘူးကွာ။ ဒဏ်ရာလို့ မဆိုလောက်ပါဘူး။ ဘယ်ဘက်လက်မောင်းလေး ဟိုကောင့်ဓားကို ဖမ်းအသိမ်းမှာ ရှပ်ထိသွားတာပါ"

"ဟာ ... အဘခက်က တစ်ကိုယ်တော်စွန့်စားခန်းပဲ"

"တိုက်ပွဲဆိုတာ မြေပြင်အခြေအနေကို လေ့လာရတယ်ကွ"

"ဒါဆို ... အဘခက် ကြိုတင်လေ့လာနေတာပေါ့"

"သုံးလေးရက်လောက်ပါကွာ။ မင်းတို့ပြောတဲ့နေရာကို ငါ နက်ပိုင်း၊ နေ့ခင်းပိုင်း၊ ညနေပိုင်း နည်းနည်းလမ်းလျှောက်သလိုလို ဘာလိုလိုနဲ့ အရင်လေ့လာကြည့်တယ်"





"ညက အဘခက် ဘယ်အချိန်ကတည်းက ရောက်နေလဲ"

"မှောင်စပျိုးကတည်းက ရောက်နေတယ်ကွ။ ပထမ ကားအဝင်အထွက် သုံးခါလောက်လုပ်တယ်။ နောက်တော့ ကားတစ်စီးထွက်သွားတယ်။ အဲဒီအချိန်မှာ ငါက ခြံထောင့်သရက်ပင်ပေါ် ရောက်နေပြီ။ ဟဲ ... ဟဲ ..."

"ဟာ ... အဘခက်ကလည်း တစ်ယောက်တည်း"

"တစ်ယောက်တည်း ဘာဖြစ်လဲကွ။ ဒီကောင်တွေ တိုက်ရှေ့မှာစုပြီး အာရုံများနေတဲ့အချိန်မှာ ငါက တံတိုင်းက တွယ်တက်ပြီး သရက်ပင်ပေါ် ရောက်နေပြီ"

"ဟာ ... ဟုတ်တယ် အဘခက်။ ခြံထောင့်က သရက်ပင်က အုတ်တံတိုင်းနားမှာ ကပ်နေတာ"

"ဒါပေါ့ကွာ။ အခြေအနေကို သုံးသပ်ပြီး လက်တွေ့ ကိုယ့်မျက်စိအောက်မှာတွေ့နေတဲ့ ပစ္စည်းတွေကို အသုံးချသွားနိုင်တာ ကွန်မင်ဒိုနည်းပဲ"

ဘခက်က အေးမောင်နဲ့ ကျွန်တော့်ကို လက်ချာရိုက်နေပါသေးတယ်။

"ခြံပေါက်က နှစ်ယောက်ကို အဘခက် ဘယ်လိုဖြတ်လိုက်လဲ"

"ကားလေးပြန်ဝင်လာပြီး လူကြီးတစ်ယောက်၊ လူငယ်တစ်ယောက်၊ မိန်းကလေးတစ်ယောက် မြေအောက်ခန်းထဲကို ဆင်းသွားတယ်။ နောက် ... တိုက်ထဲက လူသုံးယောက်ထွက်လာပြီး ဟိုကြည့်ဒီကြည့်နဲ့ မြေအောက်ခန်းထဲ ဆင်းသွားကြတယ်။ အဲ ... နောက်နှစ်

ယောက်က ခြံဝကို လျှောက်လာကြတယ်။ ဒါ ... သူတို့ အင်အား အကုန်ပဲလို့ ငါတွက်လို့ရတယ်''

''ဟာ ... အဘခက်က ကွက်တိသုံးသပ်တာပဲ''

''ဒါက ပြောက်ကျားတိုက်ကွက် ပရိယာယ်လေကွာ။ သူတို့ အင်အားတွေ လျှော့နေတဲ့အချိန်မှာ တိုက်ဖို့ အကွက်ကောင်းပဲမဟုတ်လား။ ခြံဝကို လျှောက်လာတဲ့လူတစ်ယောက်က တံခါးသော့ခတ်တယ်။ အဲဒီအချိန်မှာ ငါက သစ်ပင်ပေါ်ကဆင်းပြီး စည်းရိုးအမှောင်ရိပ်ကို ကပ်နေပြီ''

''ဟာ ...''

အေးမောင် အာမေဍိတ်သံ ထွက်လာတယ်။

''သော့ခတ်တဲ့လူက တိုးတိုးလေး ကျန်တစ်ယောက်ကို လက်ရိပ်လက်ဟန်နဲ့ပြပြီး တိုက်ဘေးဘက်ကို ပြန်လှည့်ထွက်သွားတယ်။ ဒီအချိန်ဟာ အချိန်ကောင်းပဲ''

''ဟာ ...''

''အဲဒီအချိန်မှာ ငါ့စည်းရိုးအမှောင်ရိပ်က ဖြည်းဖြည်းချင်း ကပ်ပြီး ရွေ့လာတယ်။ ရန်သူနဲ့ ငါနဲ့ ဆယ်ပေလောက်ပဲ ဝေးတော့တယ်''

''ဟုတ်ကဲ့''

''ဟိုတစ်ယောက်ထွက်သွားလို့ လေးငါးဆယ်လှမ်းလည်းရောက်ရော မှောင်ရိပ်ထဲက လျှပ်တစ်ပြက်ထွက်ပြီး အနီးကလူကို နောက်က နေဝင်ပြီး လည်ပင်းကို ဘယ်လက်နဲ့သိုင်းဖက်ပြီး ညာလက်နဲ့ ဖိချလိုက်တယ်။ လျော့ကျလာတဲ့ခါးကို ဒူးနဲ့ပြင်းပြင်းလေး တိုက်ချလိုက်တော့ 'အင့်' ဆိုတဲ့ အသံနဲ့အတူ မြေပြင်ကို ခွေကျသွားတယ်ကွ။





အဲဒီအချိန်မှာ အခုနသွားနေတဲ့လူက အသံကြားသွားတော့ အပြေးလေး ပြန်လှည့်ဝင်လာတယ်။ သူ့လက်ထဲမှာ တစ်ခုခုပါလာမှန်း ငါသိတယ်။ သူ့လက်ကိုဖမ်းပြီး လည်ပင်းကို ညာတံတောင်နဲ့ ပြင်းပြင်းလေးပေး လိုက်တော့ ...''

''ဖုတ်''

''အင့်''

ဆိုပြီး ဓားက ပြုတ်ကျသွားတယ်။ လူလည်း ပက်လက်လန်လဲသွားတယ်''

''ဟာ ...''

''ငါကြည့်လိုက်တော့ နှစ်ယောက်လုံး မလှုပ်တော့ဘူး။ ငါလည်း ခုန ဓားနဲ့လာတဲ့သူဆီက သော့ကိုယူပြီး တံခါးသော့ကို ဖွင့်လိုက်တယ်။ မြေအောက်ခန်းဘက်ကို လိုက်မလို့ ခြံထဲကိုဝင်ပြီး သရက်ပင်အောက်မှာ ခိုနေတုန်း မင်းတို့ရောက်လာတာပဲ''

''ဟာ ... မလွယ်ပါလား အဘခက်ရာ။ အဘခက်က တစ်ယောက်တည်း''

အေးမောင်က စိုးရိမ်ပူပန်စွာ ပြောတယ်။

''စစ်ကူရောက်လာမယ်ဆိုတာ ငါတွက်ပြီးသားလေ ... အေးမောင်ရဲ့။ မင်းတို့ ဒီည ဒီကိုလာမှာပဲမဟုတ်လား''

''ဩော် ... အဘခက်ရယ်''

ကျွန်တော်က အဘခက်အတွက် သင်ပြင်းချမိတယ်။

''ဩော် ... မင်းတို့တတွေ ငါ့ကို ဝိုင်းလိမ်ကြတာပေါ့လေ။ ညည့်ခံပွဲသွားမယ်ဆိုပြီး ...''

အမေက ဘယ်အချိန်ကတည်းက နိုးနေမှန်းမသိ။ အခန်းထဲကနေ ထွက်လာတယ်။

"အစ်ကိုဘခက် ... ဘာဖြစ်သွားလဲ။ ဒဏ်ရာက သက်သာရဲ့လား။ သားကော ဘာဖြစ်သေးလဲ။ ဟဲ့ ... အေးမောင်ရော"

"အမေ ... ကျွန်တော် ဘာမှမဖြစ်ပါဘူး အမေ။ ပွန်းရုံပဲ့ရုံလေးပါ"

အမေ စိတ်သက်သာရာရအောင် ကျွန်တော် နောက်လှည့်ပြီး ကမန်းကတန်း ဖြေလိုက်ရတယ်။

"ဟဲ့ ... အေးမောင်။ နင်ရော ..."

"နည်းနည်းလေးပါ အဒေါ်။ ဓားလေး ရှသွားတာပါ"

"အို ..."

အမေ့အသံ ...

"ဘယ်လိုဖြစ်တာလဲကွ"

အဘခက်က မေးတယ်။

"ကျွန်တော်တို့အဖွဲ့ မြေအောက်ခန်းလေးကနေ ဆရာစောပိုင်ဦးဆောင်ပြီး ဆင်းသွားတဲ့အခါမှာ အောက်လှေကားအဆင်းလည်း ရောက်ရော အစောင့်တစ်ယောက်က ဘွားခနဲပေါ်လာတယ်။

"အင်း ..."

"ရှေ့က ဆရာစောပိုင်က ရင်ဝကို ဖိနပ်နဲ့ ဆောင့်ကန်ထည့်လိုက်တာ အဲဒီလူလည်း အမှတ်မထင်ဖြစ်သွားတဲ့အတွက် 'အင့်'ဆိုပြီး ခွေကျသွားတာ အဘ"

"အင်း ..."





"အဲဒီအချိန်မှာ အစောင့်တစ်ယောက်က ပြေးလာတယ်။ ဆရာကိုစောပိုင်နောက်က ကျွန်တော်က လှေကားကပြေးဆင်းပြီး သူ့လက်ထဲကဓားကို လှမ်းဖမ်းလိုက်တယ် အဘ။ ဒါပေမဲ့ နည်းနည်းချော်ထွက်သွားတယ်။ မမိလိုက်ဘူး"

"လုပ်တော့မယ် မင်းကတော့ ..."

အဘခက်က အပြစ်ဆိုတယ်။

"ဒါနဲ့ သူက ပြန်ထွက်သွားတယ်။ ဘယ်ဘက်လက်ကို နည်းနည်းထိသွားတယ်။ ဒါနဲ့ ကျွန်တော်က သူ့နောက်တစ်လှမ်း ရှေ့ကို လှမ်းလာတဲ့ခြေထောက်ကို ဆောင့်ကန်ပြီး နောက်တစ်ခါပြန်ထိုးလာတဲ့လက်ကို ပြန်ဖမ်းပြီး ရှေ့ကိုနည်းနည်းဆွဲပြီး ဒူးခေါင်းနဲ့ ရင်ဝကို ဆောင့်တိုက်ချလိုက်တာ 'အွန့်' လို့ အသံလေးထွက်ပြီး လဲကျသွားတယ်။ နောက်ကပါလာတဲ့ ဆရာကြီးက နှစ်ယောက်လုံးကို လက်ထိပ်ခတ်ပြီးပြီ"

"အင်း ..."

"နောက်ပြီး အခန်းပေါက်ဝကို ဝင်ကပ်ပြီး ဆရာစောပိုင်က အဖမ်းခံဖို့ ပြောနေတုန်း တံခါးမဖွင့်တာနဲ့ သော့ခလောက်ကို သေနတ်နဲ့ သုံးချက်ပစ်ဖွင့်တယ်။ စောငယ်တို့ မျက်နှာကြက်ပေါ်က ဒိုင်ဗင်ထိုးချလာတာပဲ အဘရဲ့"

"အောင်မလေးကွယ် ... မသေကောင်းမပျောက်ကောင်း။ မင်းတို့နှယ် ..."

အမေက သူ့ရင်ဘတ်ကလေးကို ဖိပြီး ပြောတယ်။

"အေး ... ကောင်းတယ် ... ကောင်းတယ် ...။ ဘာပဲ

ဖြစ်ဖြစ် ယောက်ျားဆိုတာ တိုက်ပွဲဝင်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေရမယ်ကွ''

အဘခက်က အားရပါးရပြောရင်း သူ့ရှေ့ခုံလေးပေါ်မှာ တင်ထားတဲ့ နို့ခွက်ကိုယူပြီး မော့နေပါတယ်။

ကျွန်တော်တို့အားလုံးက ထူးဆန်းနေတဲ့ အဘခက်ကို စူးစမ်းတဲ့ မျက်လုံးတွေနဲ့ ငေးကြည့်နေမိကြပါတယ်။

အရက်အစား နို့သောက်နေရတယ်လို့ . . .။

✿ ✿ ✿

## [ ၄၂ ]

❑

မနက်ဆယ်နာရီလောက်မှာ ကျွန်တော်နဲ့အေးမောင် သန်လျင်ရဲစခန်းကို ရောက်နေကြပါပြီ။

ဒေါ်အေးစန္ဒာလည်း ထမင်းလာပို့ရင်း ရောက်နေပါတယ်။

စခန်းမှူးကြီး ဦးမြပဉ်စိုးက ပြုံးပြုံးရွှင်ရွှင်မျက်နှာနဲ့ ကျွန်တော်တို့ကို ဆီးကြိုပါတယ်။

''လာ . . . ဆရာရေ၊ အဲဒါပြောတာပေါ့ဗျ။ ရဲနဲ့ပြည်သူ လက်တွဲပြီး ပူးပေါင်းဖော်ထုတ်ရင် ဘယ်ရာဇဝတ်မှုခံနိုင်မှာလဲ ဆရာရဲ့။ အမှုမှန်ပေါ်လာရမှာပေါ့။ အခုလို ပူးပေါင်းကူညီတာ ဆရာတို့ကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဟိုအဘိုးကြီးပဲ''

"အဘခက်လား။ သူက စစ်ပြန်ကြီး ဆရာရဲ့"

အေးမောင်က အဘခက်အတွက် ဂုဏ်ယူဝင့်ကြွားစွာ ပြောတယ်။

"ဩော် ... ဟုတ်လား။ အရည်အချင်းက အပြည့်ပဲဗျ"

စခန်းမှူးကြီးက ပြန်ပြောတယ်။

"ဆရာ ... အမှုအခြေအနေက ဘယ်လိုလဲ"

ကျွန်တော်က သိချင်တဲ့စိတ်နဲ့ အခြေအနေကို မေးလိုက်တယ်။

"ဟာ ... ဆရာကြီးဆိုတဲ့လူက 'လျှောက်လန်း' ဆရာရဲ့။ မြန်မာ့အမည်က ဦးမိုးကုတ်။ တကယ့်မူးယစ်ရာဇာကြီးပဲ"

"ဩော် ..."

ကျွန်တော် စခန်းပြန်ရောက်တော့ ရန်ကုန်တိုင်း မူးယစ်တပ်ဖွဲ့ကို သ ဘင်းပို့ပြီး ရန်ကုန်၊ လမ်းမတော်လမ်းမှာရှိတဲ့ သူ့အိမ်ကို ကျွန်တော်တို့ ရန်ကုန်တိုင်း မူးယစ်ရဲတပ်ဖွဲ့အကူအညီနဲ့ ဒီမနက်ပဲ သွားဝိုင်းပြီး ရှာပြီးပြီ"

"ဩော် ... ဆရာတို့လည်း အလုပ်များကုန်တာပေါ့"

"ဒီလိုပဲ လက်ဦးမှုယူရတယ် ဆရာရဲ့။ သူ့အိမ်က မူးယစ်ဆေးဝါးတွေရော၊ တရားခံ နောက်ထပ်ငါးဦးကိုပါ ဖမ်းမိတယ်ဆရာ။ ကျွန်တော် အခုပဲပြန်ရောက်တယ်"

"ဟာ ... အတော်အောင်မြင်တာပဲ"

"ဟုတ်ကဲ့ ... ဆရာတို့ကျေးဇူးပဲ"

စခန်းမှူး ဦးမြတ်စိုးက ကျေးဇူးတင်စကားပြောတယ်။

"ဩော် .. ဒါနဲ့ဆရာ၊ ကျွန်တော့်တရားခံ ဝမ်းစစ်စတီနိုင်း ဖြစ်နိုင်မလားဆရာ"





ကျွန်တော်က ကျွန်တော့်တရားခံအတွက် အရေးတကြီး မေးလိုက်ပါတယ်။

ပညာရှင်ချင်းဆိုတော့လည်း သိပါတယ်။

တရားခံတစ်ယောက်ကို ရဲက စုံစမ်းစစ်ဆေးဖို့ ဖမ်းထားရင် ရုံးတော်က သတ်မှတ်ပေးထားတဲ့၊ တစ်နည်းပြောရရင် ရီမန်ပေးထားတဲ့ ကာလအတွင်း အမှုကိုဖော်ထုတ်နိုင်အောင် စစ်ဆေးရပါတယ်။

အကယ်၍ ရီမန်ကာလအတွင်းမှာ တရားခံကို တရားစွဲတင်ဖို့ အချက်အလက်အထောက်အထား မခိုင်လုံရင် တရားခံကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ရာ့ကိုးဆယ်ခြောက်အရ လွှတ်ပေးရပါတယ်။ အဲဒီအချက် ကျွန်တော်က မေးလိုက်တယ်။

"ဟာ ... ရပါတယ် ဆရာရယ်။ ကျွန်တော်တို့ စစ်ချက်တွေယူပြီးပါပြီ။ တရားခံတွေကလည်း ဒီနေ့ဖြောင့်ချက်ပေးမယ်လို့ ပြောနေပါတယ်။ ဆရာ နာမည်ကြီးဦးမှာပေါ့။ ဟဲ ... ဟဲ ... ဟဲ ..."

စခန်းမှူးကြီးက ကျွန်တော့်ကို ရိသလိုလို၊ ကလိသလိုလိုနဲ့ ပြောပါတယ်။

ကျွန်တော်က ဝမ်းသာအားရ စခန်းအပြင်ကို ပြန်ထွက်လာပါတယ်။

စခန်းရှေ့အုတ်ခုံလေးမှာ ထိုင်နေတဲ့ စန္ဒာမိုးအမေ ဒေါ်အေးစန္ဒာရှေ့ကို အပြေးကလေးလာပြီး ...

"အဒေါ် ... ဦးလေး ဒီနေ့ပြန်လွှတ်မယ်"

"ဟယ် ... ဟုတ်လား ... စောငယ်"

ဒေါ်အေးစန္ဒာကလည်း တအံ့တသြ ပြန်ပြောပါတယ်။

"ဟုတ်တယ် အဒေါ်။ အခုမနက်ပဲ လွှတ်ပေးမှာပါ။ အိမ်မှာ စန္ဒာမိုးရှိတယ်မဟုတ်လား အဒေါ်"

"အေး ... ရှိတယ်ကွယ့်"

"သူလည်း ဝမ်းသာအောင် အကြောင်းကြားလိုက်ရင် ကောင်းမယ်ထင်တယ်။

"အေး ... အေး ... အဒေါ် ဖုန်းလှမ်းဆက်ပြောလိုက်မယ်"

တိမ်စင်သည့်လနှယ် အဒေါ့်မျက်နှာက ကြည်လင်ဝင်းပနေပါတယ်။

ကျွန်တော်က ရဲစခန်းထဲကို ပြန်ဝင်လာပြီး စခန်းမှူးကြီးရုံးခန်းထဲမှာ ကျွန်တော်နဲ့အေးမောင် စခန်းမှူးကြီးနဲ့ ဝိုင်းထိုင်ပြီး အမှုနဲ့ပတ်သက်ပြီး ဆွေးနွေးနေကြပါတယ်။

မကြာခင် ဦးလေးဦးဝေမိုးလည်း အချုပ်ခန်းထဲက ထွက်လာပြီး ရဲတပ်ကြပ်ကြီးတစ်ယောက်က စခန်းမှူးရှေ့ကို ခေါ်လာပါတယ်။

"ထိုင်ပါ ... ဦး"

စခန်းမှူးကြီးက ခွင့်ပြု၍ ဦးဝေမိုးက ကျွန်တော်တို့ ဝိုင်းထိုင်နေတဲ့ စခန်းမှူးကြီးရဲ့စားပွဲက ကုထားထိုင်အလွတ်တစ်လုံးမှာ ဝင်ထိုင်တယ်။

"ဝမ်းနည်းပါတယ် ဦးရယ်။ ကျွန်တော်တို့လည်း တာဝန်အရ အရေးယူ ဆောင်ရွက်ရတာပါ။ အခု တရားခံလည်း ပေါ်သလောက်ရှိနေပါပြီ။ ဦး စိတ်ချမ်းချမ်းသာသာ နေပါတော့"

"ဟုတ်ကဲ့"

ဦးဝေမိုးက ဖြည်းညင်းစွာ ဆိုပါတယ်။

"ကလင် ... ကလင် ... ကလင် ..."





အဲဒီအချိန်မှာ စခန်းမှူးစားပွဲပေါ်က ဖုန်းသံက မြည်လာပါတယ်။

စခန်းမှူးကြီးက ဖုန်းကိုကောက်ကိုင်လိုက်ပြီး ...

"ဟုတ်ကဲ့ ... အမိန့်ရှိပါ။ သန်လျင်စခန်းမှူးပါ"

စခန်းမှူးက မျက်မှောင်ကြုတ်ပြီး နားထောင်နေပါတယ်။

"ဘယ်နားမှာလဲ"

"....................."

"ကားလေးက ..."

"...................."

"ဟာ ..."

စခန်းမှူးက မျက်လုံးအပြူးသားနဲ့ ကျွန်တော့်ကို လှမ်းကြည့်လိုက်ပါတယ်။

"အေး ... အေး ... ငါအခုလာခဲ့မယ်"

စခန်းမှူး မျက်နှာမကောင်းပါ။

ကျွန်တော့်ကို ကြည့်လိုက်ပြီး ...

"ဆရာရေ ... အရေးကြီးတဲ့ ကိစ္စလေးရှိလို့ ကျွန်တော် သွားရဦးမယ်။ ခွင့်ပြုပါဦး ဆရာရယ်"

"ကိစ္စလေးများ ပြောလို့ရရင်"

ကျွန်တော်က ကျွန်တော့်ကိုကြည့်ကြည့်ပြီး အမူအရာပျက်နေတဲ့ စခန်းမှူးကြီးရဲ့မျက်နှာကို အကဲခတ်ပြီး ဒီမေးခွန်းကို မမေးသင့်မှန်းသိလျက်နဲ့ အရဲစွန့်ပြီး မေးလိုက်ပါတယ်။

"ဆေးရုံအပေါ်ကွေ့မှာ ခုပဲ ကားတိုက်မှုဖြစ်လို့ ဆရာ"

ကျွန်တော်ကလည်း ကျွန်တော့်အတွက် သိပ်အရေးမကြီးလှတဲ့အတွက် ပေါ့ပေါ့ပဲ အလိုက်သင့် ပြန်မေးလိုက်ပါတယ်။

"ဘယ်ကားနဲ့ဘယ်ကား တိုက်ပြန်ပြီလဲ မသိဘူးနော်။ အဲဒီဆေးရုံကွေ့က ကားတွေ အမြဲပဲတိုက်လေ့ရှိတာပဲ . . . ဆရာရယ်။ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ သန်လျင်ကားတွေ အကွေ့အတက်ဆုံရာ နေရာကြီးမဟုတ်လား"

စခန်းမှူးက သူ့ဦးထုပ်ကို ကောက်ဆောင်းရင်း ကျွန်တော့်နားကို တိုးတိုးလေး ကပ်ပြောလိုက်တာက . . .

"ဦးဝေမိုးသမီးကားလေးနဲ့ တိုက်တာဆရာ"

"ဟာ . . ."

ကျွန်တော့်မျက်လုံးထဲ မီးတွေ ပွင့်သွားသလို မိုက်ခနဲ ဖြစ်သွားပါတယ်။

"ဟာ . . . ဟ . . . ဆရာ . . . ကျွန်တော်လည်း လိုက်ခဲ့မယ်။ ကဲ . . . ကဲ . . . ဦးလည်း လိုက်ခဲ့။ ဟော့ကောင် . . . အေးမောင် . . . ။ စခန်းရှေ့မှာ အဒေါ်ပါခေါ်ခဲ့။ လာ . . . လာ . . . စခန်းမှူးကြီးကားနဲ့ တစ်ခါတည်း လိုက်သွားရအောင်"

အပြေးအလွှား ကမန်းကတန်း စခန်းမှူးကြီးကားနဲ့အတူ ကျွန်တော်တို့အုပ်စု ပါလာခဲ့ကြပါတယ်။

စခန်းမှူးကြီးကိုယ်တိုင် မောင်းနေတဲ့ ပါပလစ်ကာ ရဲကားအပြာကလည်း နှေးလိုက်တာ။ မိုင်တစ်ထောင်ကျော်လောက် မောင်းပါတော့လား။ အခင်းဖြစ်နေရာကို မြန်မြန်ရောက်ချင်လှပြီလေ။

✿ ✿ ✿

[ ၄၃ ]

❑

တွေ့ပါပြီ။

အပေါ်ဆေးရုံလမ်းကွေ့ ဘယ်ဘက် ကုန်းမြင့်မြင့်လေးပေါ်က ကုက္ကိုပင်ရိပ်လေးရဲ့အောက်မှာ လူအုပ်စုတစ်စု လှုပ်လှုပ်ရှားရှားနဲ့ ဝိုင်းအုံနေကြပါတယ်။

သန်လျင်–ကျောက်တန်း သွားတဲ့လမ်းနဲ့ သန်လျင်ဆေးရုံဘက်အခြမ်းက ဖြတ်တတ်လာတဲ့ လမ်းဆုံအလယ်လောက်မှာတော့ သန်လျင်ရေနံချက်စက်ရုံက အလုပ်သမားတွေ ကြိုပို့လုပ်နေတဲ့ လော်လီကားကြီးနဲ့ အဖြူရောင်အက်စ်အီးကားလေး တိုက်ထားလိုက်တာမှ မှန်ကွဲစတွေ ကြေမွပြန့်ကျဲပြီး ကားကြီးရဲ့နောက်ဘီးထဲကို အက်စ်အီးကားဖြူ

လေးခေါင်းက တစ်ဝက်လောက်ဝင်နေပြီ။ ကားလေးရဲ့ခေါင်းပိုင်းက တွန့်ရှုံ့နေပြီ။

စခန်းမှူးက လူအုပ်ဘေးနားမှာ ကားထိုးရပ်ပြီး ...

ကျွန်တော်တို့လူအုပ်ဆီကို အပြေးလာကြတယ်။

"စခန်းမှူးလာပြီ"

"လူနာကို ကားထဲက ဆွဲထုတ်ပြီး သယ်ချထားပါတယ်။ တစ်ဖက်ကားက ဒရိုင်ဘာကိုလည်း မိထားပါတယ်"

တာဝန်ကျ မော်တော်ယာဉ်ထိန်းရဲက စခန်းမှူးကို သတင်းပို့ပါတယ်။

လူအုပ်ကြားထဲကို ကြည့်လိုက်တော့ ...

ကုက္ကိုပင်အမြစ်ဘေးမှာ သွေးအလိမ်းလိမ်းနဲ့ ရုပ်ပျက်ဆင်းပျက် မှီပြီးထောင်ထားတဲ့ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရပါတယ်။

"သမီး ..."

"သမီး ..."

"မိုး ..."

ဦးရော၊ အဒေါ်ရော၊ ကျွန်တော်ပါ တစ်ပြိုင်တည်းလိုလို ဆို့နစ်ကြေကွဲတဲ့ အသံကြီးတွေနဲ့ အော်လိုက်ကြပါတယ်။

အဒေါ်က သူ့သမီးကို ပြေးဖက်ပြီး ငိုပါလေတော့သည်။ ဦးကလည်း သမီး ... သမီးနဲ့ မျက်ရည်တွေ ကျနေပါတယ်။

ကျွန်တော်က စန္ဒာမိုးရှေ့တည့်တည့်မှာ မတ်တတ်စုံရပ်လျက်။ အေးမောင်က ကျွန်တော့်ဘေးမှာ ...





"သမီး ... သမီး ... အဖေပြန်လွတ်လာပြီလေ။ ကြည့်ပါဦး သမီးရယ်။ သမီးကိုယ်တိုင် လာကြိုမယ်ဆို။ အဖြစ်ဆိုးလှချည်လား သမီးရယ်"

အဒေါ်အသံက ဆို့နေပါတယ်။

"အဖေလူမိုက်ကြီးကို လာကြိုရသလား သမီးရယ်။ တောက်"

ဦးက ပြောရင်း မျက်ရည်တွေ ကျနေပါတယ်။

စန္ဒာမိုးက မလှုပ်တော့ပါ။

ငြိမ်သက်နေပါပြီ။

ထာဝရအိပ်စက်ခြင်းဖြင့် အိပ်စက်နေလေပြီဆိုတာကို ကျွန်တော် နားလည်လိုက်ပါတယ်။

ကျွန်တော် စန္ဒာမိုးဘေးမှာ ဒူးထောက်ပြီး ထိုင်ချလိုက်ပါတယ်။

"မိုးရယ် ..."

"မိုးရယ် ..."

"မိုးရယ် ..."

ကျွန်တော့်နှုတ်ခမ်းက အသံတွေ ထွက်နေမယ်ထင်ပါရဲ့။ ကျွန်တော် ဘာမှမကြားတော့။ မမှတ်မိတော့ပါ။ ဘေးကလူတွေကလည်း မျက်လုံးအပြူးသားနဲ့ ဝိုင်းအုံကြည့်ချင်လည်း ကြည့်နေကြပါလိမ့်မယ်။ ကျွန်တော် ဘာမှမမြင်တော့ပါ။

ဒါပေမဲ့ ကျွန်တော့်လက်ချောင်းလေးတွေက စန္ဒာမိုးလည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးလေးထိပ်က ရွှေကြုတ်ကလေးကို အသာအယာမယူပြီး ရွှေကြုတ်ကလေးကို ဖွင့်နေမိပါတယ်။

နောက် ...

ရွှေကြုတ်ကလေးကို တယုတယဖွင့်ပြီး ရွှေကြုတ်ထဲမှာရှိတဲ့ ကံ့ကော်ပန်းအမှုန်ကလေးတွေကို ကျွန်တော့်ညာလက်ဖဝါးပေါ်မှာ လောင်းချပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိပါတယ်။

တုန်ရင်နေတဲ့လက်နဲ့ ရွှေကြုတ်ကလေးကို ပြန်ပိတ်ပြီး စန္ဒာမိုးရဲ့ရင်ခွင်ပေါ်မှာ အသာအယာ ပြန်တင်လိုက်ပါတယ်။

နောက်ပိုင်းမှာ ဘာတွေဖြစ်နေလဲ ကျွန်တော်မသိတော့ပါ။ မမြင်တော့ပါ။

✿ ✿ ✿

[ ၄၄ ]

❑

လေကလေးတိုက်လာတာ တစ်စတစ်စ ကြမ်းလာပါတယ်။

မိုးက ရှေ့က ပြေးနေပါတယ်။ ကျွန်ကော်က နောက်က အပြေးလေးလိုက်နေပါတယ်။

လေက တော်တော်ကြမ်းလာပါပြီ။ မုန်တိုင်းတိုက်ခတ်နေသည့်အတွက် မိုးရဲ့ အင်္ကျီစ၊ ထဘီစတွေက ကျွတ်ထွက်တော့မတတ် လွင့်နေပါတယ်။ နောက်ကလိုက်ရတဲ့ ကျွန်တော့်မှာလည်း ရှေ့ကိုမတိုးနိုင်လော က်အောင် ဖြစ်နေပါတယ်။ မောဟိုက်တာလည်း လွန်လို့ ...။

မိုးစက်လေးတွေ တဖြည်းဖြည်း ကျလာပါတယ်။ မိုးက ပိုပြီးပြင်းလာပါတယ်။ သဲကြီးမဲကြီးကို ရွာချနေပါတယ်။ မိုးသံလေသံတွေက တအုံးအုံးညံနေပါတယ်။

---

**စိတ်ကူးသစ်စာပေ**

မိုးကိုယ်မှာလည်း တစ်ကိုယ်လုံး စိုရွှဲလို့။

မိုးကြီးကြီးထဲမှာ မိုးက ရှေ့က သွားနေတုန်းပါပဲ။

ကျွန်တော်ကလည်း မမီနိုင်လွန်းတဲ့ မိုးကို နောက်က သဲကြီးမဲကြီး လိုက်နေတုန်းပါ။

ဟော ... နေလေးသာလာပါပြီ။ နေရှိန်က တဖြည်းဖြည်းနဲ့ မြင့်လာပါတယ်။ တဖြည်းဖြည်းနဲ့ ပူလာလိုက်တာ ကြွပ်နေအောင် ပူလာပါတယ်။

မိုးကတော့ နေပူကျဲကျဲကြီးမှာ ရှေ့ကသွားနေတုန်းပါပဲ။ နောက်ကို သုည့်တောင်မကြည့်ပါဘူး။

ကျွန်တော်က အားမလျှော့ဘဲနောက်က ကြိုးစားပမ်းစား လိုက်မြဲလိုက်နေပါတယ်။ ခြေရာပျောက်သွားမှာစိုးလို့ ရေဆာလာတာတောင် ရပ်ပြီးမသောက်မိပါဘူး။ မောလိုက်တာ ... မိုးရယ်။

လိုက်ရင်း ... လိုက်ရင်းနဲ့ လျှာလေးတောင် ထွက်လာပါပြီ။

လရောင်အောက်မှာ ရှေ့က မိုးက ရှေ့ကို ဆက်လျှောက်လှမ်းနေတုန်းပါ။

အေးမြတဲ့ လရောင်လေးနဲ့ အားမွေးပြီး ဒီတစ်ခါ အပြင်းလေးလျှောက်ပြီး လိုက်လိုက်ရင်တော့ မိုးကို မီပါတော့မယ်။ နီးနီးလေးပဲ လိုပါတော့တယ်။

လိုက်ရင်း အနီးလေးရောက်မှ မိုးရဲ့နေရာမှာ ...

အဖြူရောင်ဆွတ်ဆွတ်လေးတွေ ...

အဝါရောင်တောက်တောက်လေးတွေ ပေါ်လာတယ်။

ဘာတွေပါလိမ့် ...။

ဩော် ... ကံ့ကော်ပွင့်ဖတ်လေးတွေနဲ့ ...





ဝတ်ဆံဝါဝါလေးတွေပါလား။

တဖြည်းဖြည်းနဲ့ အဝါရောင်ဝတ်ဆံလေးတွေက ပိုမိုတောက်ပလာပါတယ်။

အဝါအလင်းတန်းကြီးဖြစ်ပြီး ...

ရွှေရောင်တွေ တဖိတ်ဖိတ်တောက်ပြီး တင့်တယ်စွာ စံပယ်နေတဲ့ ကျိုက်ခေါက်စေတီတော်ဘုရားကြီးက အထင်းသား ပေါ်လာတယ်။

"ဩော် ... ဘုရား ... ဘုရား ... ဘုရား ..."

ဂုဏ်တော်အနန္တကြီးမြတ်တော်မူသော ဘုရားထံပါးမှာ ဝတ်တွားခယ ဆုတောင်းရတော့မှာပါ။

ကျွန်တော် ပုဆစ်တုပ်လေး ထိုင်ချလိုက်ပါတယ်။

ဘုရားကို လက်အုပ်မချီမီ လက်ထဲမှာပါလာတဲ့ ကံ့ကော်ပန်းဝတ်မှုန်လေးတွေကို မြတ်မြတ်နိုးနိုး ကျွန်တော့်ပါးစပ်ထဲကို သွန်ထည့်ပြီး မျိုချလိုက်ပါတယ်။

ဘုရားကို သေသေချာချာ လက်အုပ်ချီပြီး ...

"မြတ်စွာဘုရား ဘဝသံသရာအဆက်ဆက် မိုးနဲ့ လက်တွဲမဖြုတ်ဘဲ ပေါင်းပါရစေဘုရား။ ဘုရားတပည့်တော် မိုးကို သစ္စာမပျက် တစ်သက်လုံး လွမ်းနေပါ့မယ် အရှင်ဘုရား"

သစ္စာဓိဋ္ဌာန် တိုင်တည်ပြီး ဘုရားကို ဦးချကန်တော့လိုက်ပါတယ်။

"ဟောဟဲ ... ဟောဟဲ ... လွမ်းတာလည်း လွမ်းပါကွာ။ ငါမတားပါဘူး။ အခု လမ်းလယ်ကောင်ကြီးမှာကွ။ ကားတိုက်လို့ သေသွားဦးမယ်။ ငါ နောက်က ပြေးလိုက်လာတာတောင် မမီဘူး။ မင်း

အပြေးလျှောက်လာလိုက်တာ အခု ... ဆယ့်ရှစ်ကုန်းထိပ် လမ်းလယ် တောင် ရောက်နေပြီ။ ဟောဟဲ ... ဟောဟဲ ..."

ပခုံးကို လာဖက်ပြီး အမောဖောက်သံကြီးနဲ့တူ ပြောလိုက်တဲ့ အေးမောင်ရဲ့ ကရုဏာဒေါသသံ ကြားလိုက်မှ သတိပြန်ဝင်လာသလိုလို ရှိပါတယ်။

"အေးပါကွာ ... မင်းကတော့ လွမ်းလောက်ပါတယ်။ လွမ်း သူငယ်ချင်းရယ် ... လွမ်း ... လွမ်း"

ငယ်သူငယ်ချင်း အေးမောင်က ဘေးနားကထိုင်ပြီး ငိုသံပါကြီး နဲ့ ပြောနေပါတယ်။

ဟုတ်တယ်။ မိုးကို အသက်ရှင်နေသမျှ ကာလပတ်လုံး လွမ်း နေရမယ့်သူက ကျွန်တော်ရယ်ပါ။

✿ ✿ ✿

[ ၄၅ ]

❑

အေးမောင် တရွတ်တိုက်ဆွဲခေါ်လာတာနဲ့ ကုံကော်မြိုင်ကို ပြန်ရောက်ခဲ့တယ်။ အဘခက်က ဒရင်းဘက်ပေါ်ကနေ ကျွန်တော်နဲ့ အေးမောင်ကို စိုက်ကြည့်အကဲခတ်နေတယ်။ အမေက မီးဖိုခန်းထဲမှာ ပါ။

ကျွန်တော် ကိုယ်လက်သန့်စင်ပြီး အေးမောင်က ကျွန်တော့် အခန်းထဲအထိ လိုက်ပို့တယ်။

ခုတင်ပေါ်မှာ အရုပ်ကြိုးပြတ်ပုံလဲပြီး ခေါင်းအုံး မျက်နှာကပ် ထားလိုက်တယ်။ အေးမောင် အခန်းတံခါးပြန်ပိတ်ထားပြီး အပြင်ထွက် သွားသံကြားရတယ်။

အပြင်မှာ အဘခက်ရယ်၊ အမေရယ်၊ အေးမောင်ရယ် စကား တိုးတိုးပြောသံတွေတော့ မကြားတစ်ချက် ကြားတစ်ချက်ပါ။

ကျွန်တော့်မျက်စိထဲမှာတော့ 'စန္ဒာမိုး'ပုံရိပ်တွေက ဖျောက် လို့မရ။ တည့်တည့်ကြီးကြည့်နေတယ်။ မျက်လုံးလေးထောင့်ကပ်ပြီး ကြည့်နေတယ်။ မျက်စောင်းလေးထိုးနေတယ်။

ပြုံးမဲ့မဲ့လေး၊ ရွှင်ရွှင်ပြုံးပြုံးလေး၊ မခို့တရို့ရယ်ပုံလေး၊ ဟက် ကက်ပက်ပက်ရယ်ပုံလေး၊ အလွမ်းမျက်နှာပန်းမျက်နှာလေး ကုက္ကိုပင် ခြရင်းမှာ မျက်လွှာလေးစဉ်းပြီး မှေးစက်နေတဲ့ပုံလေးတွေက မျက်လုံး ထဲကမထွက်။

"ဩော် ... မိုးရယ်"

ရင်ထဲက တောင့်တောင့်တတ။ ဘယ်လိုမ့်ညာလူး နဖူးပေါ် က်တင် အမျိုးမျိုး တွေးခေါ်မြည်တမ်းနေတာကလည်း ...

မိုး ...။

မိုးဘဝ ...။

မိုးနဲ့ ကျွန်တော့်အကြောင်း ...။

အတွေးစိတ်နဲ့ ထွေးအိပ်လို့မရပါလား ... မိုး။ အချိန်ဘယ် လာက်ကြာသွားသည်မသိ အခန်းတံခါးချက်ကလေးဖွင့်သံ ကြားလိုက် ယ်။

"ဖျပ် ... ဖျပ် ... ဖျပ် ..."

အဘခက်ခြေသံသဲ့သဲ့လေး ကြားလိုက်ရတယ်။

ကျွန်တော် ခေါင်းအုံးကို မျက်နှာအပ်လျက် အိပ်နေသည့် နေအထား။ အဘခက် ကျွန်တော့်ခုတင်ဘေးမှာ ခေါက်တုံ့ခေါက် န် လျှောက်နေတဲ့ခြေသံ။

"လူလေး ... စောငယ်"





အဘခက်လေသံက လေးနက်ပျော့ပျောင်းတည်ကြည်နေပါ တယ်။

"မင်း ဘယ်လိုခံစားနေရမယ်ဆိုတာ ငါ ကိုယ်ချင်းစာမိပါ တယ်ကွာ။ အေး ... လောကဓံတရားဆိုတာ လူရယ်လို့ဖြစ်လာရင် မင်းတစ်ယောက်တည်း တွေ့ရတာမဟုတ်ဘူး။ အကုန်လုံး တွေ့ကြုံခံ စားတတ်စမြဲပါ"

အဘခက်လေသံမှိုသာ နားစွင့်လိုက်မိပါတယ်။ နားထဲတော့ မဝင်ပါ။

"အေး ... လောကဆိုတာ လောကကြီးသုံးပါးရှိတယ်ကွ။ ဩကာသလောကရယ်၊ သတ္တလောကရယ်၊ သင်္ခါရလောကတဲ့"

သူ့အဘိဓမ္မာစကားလုံးကြီးကြီးတွေနဲ့ လာပစ်ပေါက်နေပါ တယ်။ ကျွန်တော် နားမလည်ပါ။

"ဩကာသလောကဆိုတာကတော့ ဖူးမယ်၊ ပွင့်မယ်၊ လန်း မယ်၊ ကြွေမယ်ပေါ့ကွာ။ သတ္တလောကဆိုတာက မွေးမယ်၊ အိုမယ်၊ နာမယ်၊ သေမယ်လေ"

ကျွန်တော် မကြားချင်၊ နားမဝင်ပါ။

"အေး ... သင်္ခါရလောကကတော့ ဖြစ်မယ်၊ ပျက်မယ် ဒါပဲ ရှိတယ်ကွာ။ ဒါဟာ ဓမ္မသဘောတရားပါ။ လောကအကြောင်းကို မင်း ကောင်းကောင်းမသိသေးတော့ ခံစားရမယ်ပေါ့ကွာ"

လောကအကြောင်း ... လောကအကြောင်း။ အင်း ... အဲဒါ တော့ ငါမသိသေးပါလား။ ဟုတ်ပါတယ် ... အဘခက်ရယ် ကျွန်တော် မသိသေးပါဘူး။ ရင်ထဲက ဝန်ခံမိသလို ...

"အေး ...လောကမှာ မေတ္တာဆိုတာရှိတယ်။ သစ္စာဆိုတာ ရှိတယ်။ အချစ်ဆိုတာလည်း ရှိတယ်ကွ"

ဒီအပိုင်းကို ပိုပြီး နားစွင့်လိုက်မိတယ်။

"တကယ့်မေတ္တာ၊ တကယ့်သစ္စာ၊ တကယ့်အချစ်ဟာ အားရှိပါတယ်ကွာ။ ဒါ အမှန်တရားပဲ။ အေး ...အမှန်တရားက အားရှိပါတယ်ကွာ"

"ဩော် ...အဘခက်ရယ်"

ဒီလောက်လေးနက်တဲ့ အဘိဓမ္မာတွေလည်း အဘခက်သိတာပဲလား။

"မိုးကို ကျွန်တော် တကယ်ချစ်ပါတယ်ဗျာ။ မိုးကလည်း ကျွန်တော့်ကို တကယ်ချစ်ပါတယ်ဗျာ။ နှစ်ယောက်လုံး သစ္စာဆိုရဲပါတယ်"

ရင်ထဲက ပြန်ပြောနေမိပါတယ်။

အဘခက်က လေးနက်တဲ့အသံနဲ့ ဆက်တယ်။

"ငါပြောတာတွေကို မင်း စဉ်းစားနိုင်ရင်လည်း စဉ်းစား၊ မစဉ်းစားနိုင်ရင်လည်း မစဉ်းစားနဲ့။ ဒါပဲ"

"မစဉ်းစားနိုင်ပါဘူး ...အဘခက်ရယ်။ မစဉ်းစားနိုင်ပါဘူး။ မိုးကို ကျွန်တော်ချစ်တာတစ်ခုတည်းသာ သိပါတယ်"

အဘခက်ကို ပြန်ပြောချင်ပေမဲ့ ပြန်မပြောလိုက်ရဲပါဘူး။

"ယံပိဋ္ဌံနလဗ္ဘတိတမ္ပိဒုက္ခံတဲ့။ လောကမှာ အလိုရှိတိုင်း တောင်းတတိုင်း ကြံစည်တိုင်းလည်း မရဘူးတဲ့ကွ။ အင်း ...ဒုက္ခ ...ဒုက္ခ ဒုက္ခတွေပါပဲကွာ"

လေးလေးနက်နက် သူ့ဟာသူ ရေရွတ်သလိုပြောရင်း ...

"ဖျပ် ...ဖျပ် ...ဖျပ် ..."





အခန်းဝကို ထွက်သွားသံကြားရတယ်။

"ဂျောက် ..."

ဆိုတဲ့ တံခါးပိတ်သွားတဲ့အသံကိုလည်း ကြားလိုက်တယ်။ အခန်းအပြင်ဘက်ရောက်တော့ ...

"ငြိမ်းငယ် ..."

"ရှင် ..."

"နင်လည်း ငိုမနေနဲ့။ ငိုတာ အလကားပဲ။ ငါ့ကို နို့တစ်ခွက်ပေး"

ဩော် ...အမေ မျက်ရည်ကျနေပြီ။ တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေတယ်။

မငြိမ်သက်ဘဲ ခွက်ထိုးခွက်လန် အူပြောင်းဆန်အောင် အပူမုန်တိုင်းတိုက်ခတ်နေတာက ကျွန်တော့်ရင်ထဲမှာပါ။

ချစ်ရတဲ့မိုး ဒီလိုအဖြစ်ဆိုးရတာကို ဘယ်လိုဖြေဖြေ မဖြေနိုင်သူက ကျွန်တော်ပါ။ ရင်ထဲမှာ လှိမ့်တက်လာတဲ့အပူလှိုင်းကို ခေါင်းအုံးနဲ့ဖိကပ်ပြီး အလျားမှောက်လျက်သားက ကျွန်တော်ရယ်ပါ။ ခေါင်းအုံးမှာလည်း ကျွန်တော့်မျက်ရည်နဲ့ စိုစွတ်လို့။

"စောငယ် ...စောငယ်ရေ ..."

"အဘခက်"

"ဟေ ...ဘာလဲကွ"

အိမ်ရှေ့က အေးမောင် အူယားဖားယား ကမန်းကတန်းနဲ့ အော်ပြီးခေါ်သံ။

"အဘခက် ...စောငယ်ရော။ စန္ဒာမိုး ရန်ကုန်ဆေးရုံကြီး ရောက်နေပြီတဲ့"

တံခါးကို အဘခက်ကဖွင့်လို့မပြီးခင် ကျွန်တော် တံခါးဝနား ကို ရောက်သွားပါတယ်။ အမေလည်း အလန့်တကြား ထွက်လာပါ တယ်။

"ဟေ ... ဘယ်လိုလဲ ပြောစမ်းပါဦး မြန်မြန်"

အေးမောင် အမောမပြေသေး။

"ဟောဟဲ ... ဟောဟဲ ... ငါ စန္ဒာမိုးတို့အိမ်ကို အခုတစ် ခေါက် သွားကြည့်တယ်ကွ။ စန္ဒာမိုးကို သန်လျင်ဆေးရုံကတစ်ဆင့် ရန်ကုန်ဆေးရုံကို ပို့လိုက်တယ်တဲ့"

"ဟေ ..."

"ဟင် ..."

"ဘာ ..."

ကျွန်တော်တို့မိသားစုအသံ။

"ဒါဆို စန္ဒာမိုး ... မ ... မ ... သေ ... သေ ..."

"အေးကွ ... စောငယ်ရ။ ငါ အခုသိသိချင်း ပြေးပြီး မင်း ကိုလာပြောတာ"

"အေး ... ဒါဆို ငါလိုက်သွားချင်တယ်ကွာ"

"အမေလည်းလိုက်ချင်တယ်ကွယ်။ ဘုရား ... ဘုရား ... သမီးလေး ကံကောင်းပါစေကွယ်"

အမေကပြောတယ်။

"ငါလည်းလိုက်မယ်။ အေးမောင် ... ကား အမြန်စီစဉ်လိုက်"

"ဟုတ်ကဲ့အဘခက်"

အေးမောင် အပြေးလေး ချာခနဲ လှည့်ထွက်သွားတယ်။ Taxi ကားလေးနဲ့ ကျွန်တော်တို့မိသားစု ရန်ကုန်ဆေးရုံကြီးကို အမြန်လိုက်





ခဲ့ပါတယ်။ ရန်ကုန်ဆေးရုံ အရေးပေါ်လူနာခန်းရှေ့မှာ ဒေါ်အေးစန္ဒာ၊ ဦးဝေမိုးနဲ့ အိမ်ဖော်မိန်းကလေးသုံးဦး ခေါင်းငိုက်စိုက်ချပြီး ထိုင်နေကြ တယ်။ ကျွန်တော်တို့မိသားစုရောက်သွားတော့ ည ၉ နာရီထိုးနေပါပြီ။

"ဝေမိုး ... ကလေး ဘယ်လိုနေသေးလဲ"

အဘခက်က ပြောတယ်။ သူတို့လည်း ထရပ်လိုက်ကြတယ်။ ဒေါ်အေးစန္ဒာက ...

"သတိမရသေးဘူး ... အစ်ကိုခက်ရယ်။ ဆရာဝန်တွေက တော့ လိုအပ်တာ ကုသနေပါတယ်"

"တို့ ဝင်ကြည့်လို့ရမလား"

"ရပါတယ်"

ဦးဝေမိုးက ပြောတယ်။ ကျွန်တော်တို့ လူနာထားတဲ့အခန်း ထဲကို ဝင်ခဲ့ကြတယ်။

ဖြူဖွေးနေတဲ့ ခုတင်ပေါ်မှာ အဖြူရောင်အဝတ်နဲ့ တစ်ကိုယ် လုံး လွှမ်းထားပြီးတော့ ဆေးသွင်းထားတဲ့ လက်ကလေးနှစ်ဖက်သာ ပေါ်နေပါတယ်။ စန္ဒာမိုးရဲ့မျက်နှာလေးက ခေါင်းအုံးဖြူဖြူလေးပေါ်မှာ။ နှာစ်မလေးတစ်ယောက်က စောင့်လို့။

ခေါင်းမှာလည်း ပတ်တီးတွေနဲ့ နဖူးထိစည်းထားတယ်။ နှာခေါင်းမှာလည်း အသက်ရှူပိုက်လေး တပ်ထားတယ်။

မြင်ရတဲ့မြင်ကွင်းကြောင့် ရင်တွင်းမှာ ဗလောင်ဆူနေတယ်။

မိုးရဲ့ နက်မှောင်နေတဲ့ မျက်တောင်လေးက မိုးရဲ့မျက်လုံး အိမ်တံခါးကို အပြီးပိတ်ထားတယ်။ ခေါင်းရင်းဘက် ဘီရိုလေးပေါ်မှာ တင်ထားတဲ့ နှလုံးခုန်နှုန်းပြတဲ့စက်ကလေးက နှလုံးခုန်နှုန်း အတက် အကျ အနိမ့်အမြင့်တွေနဲ့ ပြနေတယ်။

"ခုထိတော့ သတိမရသေးဘူး ငြိမ်းငယ်ရယ်"

ဒေါ်အေးစန္ဒာက ကျွန်တော့်အမေကို တိုးတိုးလေး လှမ်းပြောတယ်။ အမေက စိုးရိမ်တဲ့မျက်နှာနဲ့ ခေါင်းညိတ်ပြတယ်။

ခုတင်တစ်ဖက်ဘေးမှာက အဘခက်ရယ်၊ အမေရယ်၊ ကျွန်တော်ရယ်၊ အေးမောင်ရယ်။

တစ်ဖက်မှာက ဦးဝေမိုးရယ်၊ ဒေါ်အေးစန္ဒာရယ်၊ အိမ်ဖော်မလေးရယ် ရပ်နေကြတယ်။ မျက်နှာတွေကတော့ မကောင်းကြ။ ရုပ်အပျက်ဆုံးကတော့ ကျွန်တော့်မျက်နှာဖြစ်နေမှာပါ။

ခဏကြာတော့ အဘခက်က ဦးဝေမိုးကို လည်ပင်းဖက်ပြီး အခန်းပြင်ကိုထွက်သွားတယ်။ နောက် ဒေါ်အေးစန္ဒာရယ်၊ အမေရယ် သူတို့နောက်က အေးမောင်နဲ့ အိမ်ဖော်ကောင်မလေးရယ်၊ နာ့စ်မလေးပါ တဖြည်းဖြည်းချင်း ထွက်သွားကြတယ်။

ဒီလိုရပ်ကြည့်နေရုံနဲ့လည်း အကြောင်းထူးမလာနိုင်ဘူးလေ။ ဒီမြင်ကွင်းကိုလည်း မမြင်ရက်တာလည်း ပါလိမ့်မယ်ထင်ပါတယ်။

မိုးနဲ့ကျွန်တော် နှစ်ယောက်တည်း။

ဒီတော့မှ ကျွန်တော် ခုတင်ပေါ် မိုးရဲ့ဘေးမှာ လက်ကလေးနှစ်ဖက်ထောက်ပြီး မိုးရဲ့မျက်နှာကို တစ်ဝကြီး ဝအောင်ကြည့်နေမိတယ်။ မိုးရဲ့မျက်တောင်တံခါးလေးကတော့ ပိတ်ထားဆဲ။

"သတိရပါတော့ မိုးရယ်"

"မိုးမရှိရင် မောင့်ဘဝလည်း အဓိပ္ပာယ်မရှိတော့ပါဘူး"

"မိုးနဲ့မောင်နဲ့တည်ဆောက်မယ့် အချစ်ဗိမ္ဗာန်နန်းလည်း ပျက်စီးသွားရတော့မှာလား"

"သတိရပါတော့ မိုးရယ်"





"မိုး ..."

"မိုး ..."

"မိုး ..."

အကြိမ်ပေါင်းများစွာ ရွတ်ဆိုမြည်တမ်းနေပေမယ့် မိုးကတော့ မလှုပ်မယှက်။ ကျွန်တော့်မျက်ရည်မိုးတွေကသာ မိုးရဲ့မျက်နှာပြင်ပေါ်ကို တစ်ပေါက်ချင်း ရွာချနေမိတယ်။

အဘခက်ရဲ့ 'ယောကျ်ားဆိုတာ ဘယ်တော့မှ မျက်ရည်မကျရဘူးကွ' ဆိုတဲ့ စည်းကမ်းချက်ကို ချိုးဖျက်မှန်းမသိ ချိုးဖျက်မိသလိုဖြစ်နေပါတယ်။ ဘယ်လို ဘယ်လို မျက်ရည်တွေကျလာမှန်းမသိ။

"မိုးရယ် ... မိုးကို သိပ်ချစ်ပါတယ်"

"မောင်ပြောတာတွေ ကြားရဲ့လားမိုး"

အရူးတစ်ယောက်လို ဖြစ်နေရှာသလားပဲ။ တစ်ယောက်တည်းပြော၊ တစ်ယောက်တည်းငိုနဲ့။ အမှတ်မထင် နံရံမှာကပ်ထားတဲ့ နာရီလေးကိုလှမ်းကြည့်လိုက်တော့ ၁ နာရီထိုးနေပါပြီ။

"သတိရပါတော့မိုးရယ်။ ကံ့ကော်တွေဖူးလေသမျှ မောင် မိုးကို မွှေးမွှေးမေ့မေ့ လွမ်းနေပါ့မယ်"

"ကံ့ကော်တွေပွင့်လေတိုင်း ရင်ထဲမှာ လှိုင်းထပြီး လွမ်းနေပါ့မယ်"

"ကံ့ကော်တွေကြွေရင်တော့ ကိုယ့်ဘဝလည်း မိုးနဲ့အတူ ကြွေသလိုပါပဲ မိုးရယ်"

"ကံ့ကော်မေတ္တာလေ မိုးရဲ့"

"ကံ့ကော်သစ္စာလေ မိုးရဲ့"

"မောင် မိုးကိုသိပ်ချစ်တယ်ဆိုတာ သစ္စာပြုရဲပါတယ်"

မိုးရဲ့မျက်နှာပြင်ပေါ်မှာ စီးကျလာတဲ့မျက်ရည်တွေက ပိုမိုပြီး များလာတယ်။ အံ့ဩတုန်လှုပ်သွားတာက ကျွန်တော့်မျက်ရည်နဲ့အတူ မိုးမျက်ရည်တွေပါ ပေါင်းပြီး မိုးပါးပေါ်မှာ စီးကျနေလို့ပါပဲ။

"ဟင် . . . မိုး . . . မိုး . . ."

တိုးညင်စွာ မျက်နှာနားကပ်ပြီး အရူးအမူးခေါ်နေမိတယ်။

အမှောင်တိမ်တိုက်တွင်းက လျှပ်ရောင်ဖျန်းခနဲ လက်လိုက် သလို၊ ကမ္ဘာခြားထားတဲ့ ကန့်လန့်ကာတံခါး ဆွဲဖွင့်လိုက်သလို၊ မိုးရဲ့ မျက်တောင်လေး တဖြည်းဖြည်း လှုပ်ခတ်ရာကနေ ကံ့ကော်ပွင့်ဖတ် ကလေး လန်ကျသလို တစ်ချက်တစ်ချက် ပွင့်လာတယ်။

"ဟင် . . . မိုး . . . မိုး . . . မိုး သတိရလာပြီ။ ဟုတ်လား"

"မိုး သတိရလာပြီ"

နှုတ်ခမ်းလေးကလည်း လှုပ်စပြုလာပြီ။

"မောင်"

လို့ခေါ်သယောင်။ အသံကတော့ မထွက်။ ကျွန်တော် အားရ ဝမ်းသာဖြစ်ပြီး . . .

'ဆရာမ' လို့ အော်ခေါ်လိုက်မိတယ်။ အခန်းပြင်ကလူတွေ ကရောသောပါး ဝင်လာကြတယ်။

"သူ . . . . သူ . . . သတိရလာပြီအမေ"

"သူ . . . သတိရလာပြီ အဒေါ်"

"ဟဲ့ . . . ဟဲ့ . . . ဆရာဝန်တွေ အမြန်ပြေးခေါ်ပါဟဲ့"

အဘခက်ရဲ့အသံ။

"သမီး . . . သမီး . . ."

---

စိတ်ကူးသစ်စာပေ



ဒေါ်အေးစန္ဒာနဲ့ အမေက ငိုးသာလုံးဆို့တဲ့အသံနဲ့ အနီးတိုး ပြီး တိုးငြင်စွာ ခေါ်နေကြတယ်။ ဆရာဝန်နဲ့ ဆရာမတွေက လိုအပ် တဲ့ဆေးဝါးတွေ စီစဉ်နေကြတယ်။

"ဦးသမီးသာ ရေတိမ်နစ်ရင်တော့ ဦးတစ်သက်လုံး ယူကြုံး မရဖြစ်ရတော့မယ် . . . စောငယ်ရယ်"

ဦးဝေမိုးက အပြုံးလေးနဲ့ပြောတယ်။

"သတိပြန်ရလာတာ ဘုရားမတာပဲ အေးစန္ဒာရယ်"

အမေကဆိုရှာတယ်။

"စောငယ် . . . ဘာမှအားမငယ်နဲ့တော့ကွာ"

ဒအေးမောင်က အားပေးစကားပြောတယ်။

"မင်းကို ငါပြောတယ်မဟုတ်လား။ အမှန်တရားက အားရှိ ပါတယ်လို့"

အဘခက်က ကျွန်တော့်လက်ကိုဆုပ်ညှစ်ပြီး တိုးတိုးလေး မှတ်ချက်ပြုတယ်။

ဒေါ်အေးစန္ဒာက အဘခက်ကို မျက်စောင်းလေးတစ်ချက်ထိုး လိုက်တယ်။ သူတို့အားလုံး မျက်နှာတွေမှာတော့ မြူတိမ်ကင်းစင်တဲ့ အပြုံးတွေ တစ်ပွင့်ပြီးတစ်ပွင့် ဖူးပွင့်ဝေစီလို့လေ . . .။

ကိုမောင်စံသိန်း (ဗိုလ်ချုပ်ရွာ)